www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# တက္ကသိုလ်တင်မြင့်

## ညောင်းရွက်လေသို့

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၀၁၄၀၅၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၀၇၆၀၅၀၉

၂၀၀၇ ခုနှစ်၊ ဩဂုတ်လ၊

ပထမအကြိမ်

တန်ဖိုး - ၃၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလှစာပေ
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
*အမှတ်(၁၉)၊ (၁၉)လမ်း၊ ရန်ကုန်။*

BURMESE CLASSIC



### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com







စီစဉ်သူ
မောင်ကျော်လှိုင်
(စေတနာစာပေ)

# တက္ကသိုလ်တင်မြင့်




www.burmeseclassic.com

www.burmeseclassic.com







ပုဏ္ဏားရှိလာလျှင် ...
အဖြေရှိရမည်လား ... ၊
အဖြေထွက်ရှိလာဖို့ကတော့ ...
စက်စက်ခဲခဲ တွက်ချက်ရမည်သာ ... ၊
လူသေလာလျှင်၊
သတ်သူရှိမည်သာ၊
(၉၆)ပါးရောဂါကြောင့်လား၊
တစ်စုံတစ်ဦး၏လက်ချက်ကြောင့်လား၊
စက်စက်ခဲခဲ တွက်ချက်ရှာဖွေရမည်သာ၊
အပင်တွင် ညောင်းနေသောအရွက်ကို လေမှုတ်သွားသည်မှာ
လည်း သဘာဝအမှန်သာ၊

"တက္ကသိုလ်တင်မြင့်"
"ညောင်းရွက်လေရှိ"

www.burmeseclassic.com

www.burmeseclassic.com



## ။ ၁ ။

"ဟိုး ... ကုန်လွန်ခဲ့သော အတိတ်အချိန်ကာလတစ်ခုကပဲ ဆိုပါတော့ ..."

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဟူးနေ့ညနေ(၃)နာရီ (၃၀)မိနစ်တွင် ကျောင်းဆင်းပြီး ဆရာမလေး'ဆောင်း'သည် သူ့ကိုယ်ပိုင်ကားလေးဖြင့် အိမ်သို့ ပြန်လာသည်။

သူမ၏အိမ်ရှေ့တွင် ဧည့်သည်တစ်ဦးက ရောက်နှင့်နေသည်ကို ဆောင်းတွေ့ရသည်။

လူငယ်တစ်ဦးဖြစ်ပါ၏။ အသက်(၂၀)ခန့်ရှိအုံ့သည်။ အရပ်(၅)ပေ (၅)လက်မခန့်ရှိမည်။ ကိုယ်လုံးသွယ်ပြီး ကျစ်လစ်သန်မာပုံရသည်။ နိုင်ငံခြားဖြစ် ဂျာကင်ကြီးဝတ်ထားသည်။ ရန်ကုန်မြို့ ရာသီဥတုနှင့်ဆိုလျှင်တော့ သူ့ဂျာကင်ကြီးဝတ်ထားသည်မှာ ပူစရာ၊ အိုက်စရာ၊ ရင်ဘက်ဇစ်ကို လည်ပင်းအထိပင် ဆွဲတင်ထားသေးသည်။ ဂျင်းဘောင်းဘီဝတ်ထားသည်။

ထိုလူငယ်သည် သူစီးလာသော'ယာမာဟာ'(၂၅၀ CC)မော်တော်ဆိုင်ကယ်ကြီးကို ဒေါက်တစ်စောင်းထောက်ရပ်ထား



ပြီး မော်တော်ဆိုင်ကယ်ထိုင်ခုံတွင် တင်ပါးမှေးတင်ကာ ဆရာမဆောင်း ပြန်အလာကို စောင့်နေခြင်းဖြစ်သည်။

သူ၏ မော်တော်ဆိုင်ကယ်ကြီးမှာ ရန်ကုန်တွင် တွေ့မြင်နေကျ အလှစီး မော်တော်ဆိုင်ကယ်မျိုးမဟုတ်။ တောစီး မော်တော်ဆိုင်ကယ်ကြမ်းကြီးဖြစ်ပေသည်။ သူဆောင်းသော ဆိုင်ကယ်စီး ဖိုက်ဘာဦးထုပ်ကလည်း မျက်နှာလုံရှေ့တပ် လုံကြီးပြားကြီးနှင့်ဖြစ်သည့်တိုင်အောင် ထိုလူငယ်သည် ရှောင်နေကာမျက်မှန်တတ်ထားပေသေးသည်။

ဆောင်းက ထိုဆိုင်ကယ်နှင့်ထိုလူရွယ်ဘေးတွင် သူမ၏ ကားကိုရပ်လိုက်သည်။ ပြီး ထိုလူရွယ်ကို အကဲခတ်ကြည့်မြင်ကြည့်ရင်း ကားတံခါးဖွင့်ကာ ဆောင်းဆင်းသက်သည်။

ဆောင်းဆင်းလာမှ ထိုလူရွယ်က မတ်မတ်ရပ်လိုက်ပြီး ဆောင်းအား ရိုသေကျိုးနွံသော အမူအရာပြသည်။ ပြီး သူ၏ဂျာကင်ကြီးကို လည်ပင်းရောက်အောင် ဇစ်ကိုဆွဲချပြီး ဂျာကင်အတွင်းအိပ်ထဲသို့ လက်နှိုက်လိုက်သည်။ လက်ပြန်အထုတ်တွင် အိတ်ဝီတ်စာတစ်စောင် ပါရှိလာသည်။

"မမဆောင်း ... ကျွန်တော့်ကိုမှတ်မိမလားတော့ မပြောတတ်ဘူး ..."

"အေး ... မြင်ဘူးသလိုလို မှတ်မိသလိုလိုတော့ အရှိသား... ဒါပေမဲ့ မတိကျတော့ဘူးလို့ ဆိုရမှာဘဲ ..."

ဆောင်းသည် ဤသို့သောလူငယ်လူရွယ်ငေးများ

www.burmeseclassic.com

www.burmeseclassic.com



နှင့် ဆက်ဆံရာ၌ မရှုံ့မရဲမျိုး မဖြစ်တတ်တော့ပေ။ ဆောင်းကိုယ်တိုင် သည်ပဝန်းပဲတန်း အ.ထ.က(၁)မှ သချာင်္အထက်တန်းပြ ဆရာမတစ်ယောက် ဖြစ်သည်မှ(၄)နှစ်ရှိပြီ။ အသက်(၂၀)နှင့်အောက် ကျောင်းသူများ၊ ကျောင်းသားများနှင့် အမြဲထိတွေ့နေ၍သောကြောင့် ဤအရွယ်လေးတွေဆိုလျှင် သူမချစ်တပည့်အရွယ်လေးတွေအဖြစ်သာ မှတ်ယူသည့်အစွဲရှိနေပြီဖြစ်သောကြောင့် ပါတည်း။

"ကျွန်တော့်နာမည် လုလင်အောင်ပါ မမဆောင်း ..."

"ဩ... ဩ ... ဩ ... ဒါဆို မင်းက ကိုသူရအောင်ရဲ့ညီဖြစ်ရမှာပေါ့ ..."

"ဟုတ်ပါတယ် မမဆောင်း ..."

"ဒါဆို အခု မောင်လုလင်အောင်က ညောင်သုံးပင်ကတောင် လာခဲ့တာလား ..."

"မှုတ်ပါတယ် ခင်ဗျ ..."

"ဒါဆို ညီမလေးနှောင်းနေကောင်းရဲ့လား ... အခု မောင်လုလင်အောင် ရန်ကုန်ကိုလာခဲ့တာကရော ဘာကိစ္စနဲ့လဲ"

လုလင်အောင်က လက်ထဲမှ စာအိတ်ကို ဆောင်းအား ကမ်းပေးလိုက်ရင်း ...

"အစ်ကိုကြီး သူရအောင်က မမဆောင်းကို ဒီစာသွားပေးရမယ်ဆိုလို့ ဒီက မမဆောင်းကို လာပေးတာပါ ..."

"ညောင်သုံးပင်လိုနေရာက မောင်လုလင်ကို ဒီစာလေးပေးဖို့ထက် သက်သက် မောင်လုလင်အောင်ကို မော်တော်ဆိုင်



ကယ်နဲ့ ကိုသူရအောင်က တမင်လွှတ်လာတဲ့လားကွယ်"

"ဟုတ်ပါတယ် မမဆောင်း ... ကျွန်တော် မိုင်ငါးရာကျော် မော်တော်ဆိုင်ကယ်စီးပြီး ဒီစာကို မမဆောင်းလက်ထဲ အရောက် လာပေးတာပါ ... မမဆောင်း ..."

"ဒီစာက ဘယ်လောက်များအရေးကြီးလဲကွယ် ... ညီမလေး'နှောင်း'ကော နေကောင်းရဲ့လား ..."

လုလင်အောင်ထံမှ အဖြေစကားထွက်မလာဘဲ စာအိတ်ကိုသာ ဆောင်းအား တရိုတသေ အမူအရာနှင့် ပေးနေပေသည်။

"ကျွန်တော် ... မိုင်ငါးရာကျော်ခရီးကြမ်းကို မနားတမ်း မော်တော်ဆိုင်ကယ်စီးလာရလို့ တော်တော်လေးပင်ပန်းနေပါတယ် မမဆောင်း ... ဒီနေ့ညနဲ့ နက်ဖြန်မနက်ဆယ်နာရီအထိ သမ္မတ ဟိုတယ်မှာ ကျွန်တော်တည်းခိုနေမှာပါ ... ဒီစာဖတ်ပြီး မမဆောင်း ကျွန်တော့်ဆီကို ဖုန်းပြန်ဆက်ပေးနိုင်ပါတယ် ... သမ္မတဟိုတယ်က အင်ကွာရီကို ဆက်မေးရင် ကျွန်တော်တည်းခိုတဲ့ အခန်းအမှတ်ရော ဆက်သွယ်စကားပြောဖို့ရော ရမှာပါ ... အခု ကျွန်တော့်ကို ပြန်ခွင့်ပြုပါ ... မမဆောင်း ..."

စာအိတ်ကို ဆောင်းယူလိုက်ပြီးသည်နှင့် လုလင်အောင်သည် သူ့မော်တော်ဆိုင်ကယ် ပြန်စီးကာ ထွက်ခွာသွားရန် စက်နှိုးတော့သည်။

"နေဦးလေ ... မောင်လုလင်အောင် ... ညီမလေးနှောင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် နေထိုင်ကောင်းရဲ့လားလို့ မမဆောင်းမေး ထားတယ် မဟုတ်လား ... နောက်ပြီး ဒီနွေညစာကို မမ ဆောင်းအိမ်မှာပဲ စားသွားပါလား ... မောင်လုလင်အောင်"

"မမဆောင်းရဲ့ညီမ မမနှောင်းရဲ့အကြောင်းကို တစ်ခွန်းမှ မပြောရဘူးလို့ အစ်ကိုကြီး သူရအောင်က ကျွန်တော့်ကို တင်းတင်းကျပ်ကျပ် အမိန့်ပေးလိုက်ပါတယ် ... မမဆောင်း ကျွန်တော်မမနှောင်းနဲ့ပတ်သက်တာ တစ်ခွန်းမှ မမဆောင်း ကို မပြောနိုင်ပါလား ... "

"မင်းစကားက အဆန်းပါလား ... "

"ကျွန်တော် သွားမယ် မမဆောင်း ...

"ဒီနွေညစာအတွက် ထမင်းစားခေါ်တဲ့ မမဆောင်းကို ကျွန် တော်ကျေးဇူးတင်ပါတယ် ... အဲဒီ အစ်ကိုကြီးရဲ့စာကိုသာ မမဆောင်းဖတ်ကြည့်ပါတော့ ... ပြီး ... ကျွန်တော့်ကို သမ္မတဟိုတယ် ဖုန်းနဲ့ဆက်သွယ်နိုင်ပါတယ် ... သွားပါပြီ မမဆောင်း ... "

လုလင်အောင်သည် ဂူးခနဲတစ်ရှိန်ထိုးပင်မော်တော် ဆိုင်ကယ် မောင်းထွက်သွားသည်။

ဆောင်းသည်စာအိတ်ကိုကိုင်ကာ ကားပေါ်ပြန်တက် အိမ်ခြံထဲသို့ မောင်းဝင်ခဲ့သည်။

ကားကို ဆင်ဝင်အောက်တွင် ရပ်ထားခဲ့ပြီး အိမ်ဧည့် ခန်းဆီသို့ ဝင်လိုက်သည်။ ဆိုဖာတွင်ထိုင်လိုက်သည်။



လုလင်အောင်ပြောသောစကားတို့သည် ညီမလေး နှောင်းနှင့်ပတ်သက်ပြီး တစ်ခုခုထူးဆန်းနေသည်။ ဆောင်းတွေး ကြည့်မိသည်။

နောက်ဆုံး ဆောင်းထံသို့ ညီမလေးနှောင်းရေးပေး လိုက်သောစာသည် တောင်ကြီးစာတိုက်တံဆိပ်ဝိုင်းနှင့် ပြီးခဲ့သော တနင်္လာနေ့က ရရှိထားသည်။ နှောင်းရေးလိုက်သောစာ၏ နေ့စွဲ တပ်ထားသည်နှင့် တွက်ကြည့်လျှင် နှောင်းရေးပြီး(၁၈)ရက်ကြာပြီး မှ ဆောင်းထံသို့ ရောက်ခဲ့သော စာဖြစ်သည်။

ကိုသူရအောင်နှင့် ညီမလေးနှောင်း တရားဝင်လက် ထပ်ပြီး ညောင်သုံးပင်သို့ နှောင်းလိုက်ပါသွားပြီးနောက် မကြာခဏ ညီမလေးနှောင်းက မမဆောင်းထံ စာရေးလေ့ရှိသည်။

ယခင့် ယခင်စာများတွင် ... ညောင်သုံးပင်သည် တောင်ကြီးမှတစ်ဆင့် ဟိုပုန်း၊ မိုင်းပွန်မြို့ငယ်များကို ဖြတ်ရသေး သည်။ မိုင်းပွန်အထိ ကားလမ်းရှိသော်လည်း မိုင်းပွန်မှ ညောင်သုံး ပင်သို့(၇)မိုင်လောက်ကွာဝေးသော်လည်း ကားလမ်းမရှိ၊ နွားလှည်း နှင့်ဖြစ်စေ၊ မြင်းလှည်းနှင့်ဖြစ်စေ၊ သွားမှသာ ညောင်သုံးပင်ကို ရောက်သည်ဟု ဆိုထားသည်။ နွားလှည်း၊ မြင်းလှည်းမှာ ဝန်တင်ရန် အတွက်သာ အသုံးပြုပြီး ကျေးလက်ရွာသူရွာသား ကုန်ကူးသူများ အည် လှည်းကိုအသုံးပြုသည်။

ထားပါတော့ ထားပါတော့၊

နှောင်း၏ ထိုထိုသောစာများက ဟိုစဉ်က နှောင်း ...

www.burmeseclassic.com

www.burmeseclassic.com



ကြည်ကြည်နူးနူးနှင့် ညောင်သုံးပင်တွင်နေခဲ့စဉ်က ညောင်သုံးပင်၏ ပထဝီအနေအထားကို အာလာပသလ္လာပသဘောဖြင့် ဆောင်းထံသို့ ရေးသောစာတွင် ထည့်သွင်းရေးသားခြင်းတွေ ဖြစ်ခဲ့သည်။

ညီမလေးနှောင်းနှင့် ကိုသူရအောင်လက်ထပ်ခဲ့သည်မှာ ဆောင်း သချာအထက်တန်းပြ ဆရာမအဖြစ် အလုပ်ဝင်သည့်နှစ်တွင် ဖြစ်သည်။ ညီမလေး နှောင်းကို သူရအောင်နှင့် လက်ထပ်သည်မှာ(၄)နှစ်ရှိသွားပြီ။

ပထမ(၃)နှစ်မှာတော့ ညီမလေးနှောင်းထံမှလာသောစာတို့သည် ကြည်နူးဖွယ်ရာလေးတွေ ရေးသားပါရှိပါ၏။ ညောင်သုံးပင်သည် လမ်းပန်းဆက်သွယ်ရေး တောမကျမြို့မကျနှင့် ခက်ခဲသော နေရာလေးဖြစ်စေကာမူ အလွန်သာယာလှကြောင်းတွေ ရေးတတ်သည်။

ညောင်သုံးပင်မှ ဟိုဘက်နိုင်ငံသို့ ကူးလူးသူများစွာရှိနေသောကြောင့် ညောင်သုံးပင်တွင် နိုင်ငံခြားဖြစ်ပစ္စည်းတွေ ဈေးပေါပေါဝယ်သုံးနိုင်ကြောင်းတွေလည်း ပါရှိသည်။

သို့သော် ...

ယခု(၄)နှစ်ပိုင်းအစလောက်ကတည်းက ညီမလေးနှောင်းရေးသောစာများထဲတွင် မကျေနပ်။ မနှစ်မြို့သော လေသံတွေပါရှိလာသည်ကို ဆောင်းသတိထားမိခဲ့သည်။

အထူးသဖြင့် နှောင်းသည် ကိုသူရအောင်နှင့်ပေါင်းခဲ့သည်။ သုံးနှစ်ကျော်အတွင်း၊ သားသားလေးဖြစ်စေ၊ မီးမီးဖြစ်စေ



တစ်ဦးမှ မထွန်းကားသည့်အတွက် လင်တော်မောင် ကိုသူရအောင်က မကျေမနပ်ဖြစ်ချင်နေသည်ဟု နှောင်း၏အတွင်းအရိပ်အမြွက်တွေ ပါရှိလာသည်။

ရှို၍ပြောရလျှင် စတုတ္ထမြောက်နှစ်ထဲတွင် ညီမလေးနှောင်းတို့၏ အိမ်ထောင်ရေးအဆင်မချောလှဟု ဆိုရမည်ကား မသိ။

ယခု မောင်လုလင်အောင် စာလာပြီးပေးသွားပုံမှာလည်း တစ်မျိုးဆန်းနေသည်။

ဟို မိုင်ငါးရာကျော်အဝေးကြီးမှ ဤစာကို တမင်တကူးတက မော်တော်ဆိုင်ကယ်နှင့်လာပေးတာဟု ဆိုသည်။

ပြီး လုလင်အောင်အား အစ်ကိုသူရအောင်က ညီမလေးနှောင်းနှင့်ပတ်သက်၍ ဆောင်းအား တစ်ခွန်းမျှ မပြောရဟု တင်းကျပ်စွာ အမိန့်ပေးလိုက်သည် ဆိုခြင်းကလည်း ထူးတွေကဲအံ့ရာသော်ဖြစ်နေသည်။

ဆောင်းသည် စာအိတ်၏လိပ်စာကတ်မျက်နှာပြင်ကို ကြည့်လိုက်သည်။

'မဆောင်း'

'ရန်ကုန်'

ဟု ရေးသားသည်ကို သူရအောင်၏လက်ရေးမှန်းမြင်ရုံ ဆောင်းသိပါ၏။ ညီလုလင်အောင်ကို တိုက်ရိုက်ပေးခိုင်း ... မို့ စာအိတ်ပေါ်တွင် လိပ်စာအပြည့်အစုံမပါခြင်း ဖြစ်ပေ

www.burmeseclassic.com

www.burmeseclassic.com



ည်။ ဆောင်းသည် စာအိတ်ထိပ်ကို ညီညာစွာဆုတ်ပြီး အတွင်းမှ စာကို ထုတ်ယူလိုက်သည်။

**မဆောင်း ...**

**နောင်းကွယ်လွန်သွားပါပြီ မနေ့က ဒီဇင်ဘာ(၆) ရက်နေ့တွင် ကွယ်လွန်ခြင်းဖြစ်ပါ၏။ မဆောင်းထံ အမြန်ဆုံးအချိန်မီ သိနိုင်ရန် ညီလုလင်အောင်ကို လွှတ်လိုက်ပါသည်။**

'အမေ့'ဟု မဆောင်းအော်ဟစ်သံထွက်သွားသည်။ ညီမလေးနောင်း သေပြီတဲ့ဟုလည်း ငိုရှိုက်ရင်းအရူးလိုနှုတ်မှ တစ်တွတ်တွတ် ပြောမိသည်။

ဆောင်း၏ ပရမ်းပတာအော်သံ ပြောသံကြောင့် အခန်းထဲမှ ဒေါ်လေးသူဇာပြေးထွက်လာသည်။

"ဟဲ့ ... ဆောင်း ... ဘာရယ် ... ဘာရယ် ... နောင်းဆုံးပြီ ဟုတ်လား ... မဟုတ်နိုင်တာပဲဟယ် ... ဟဲ့ ... လုပ်ကြပါဦး ... ဟဲ့ ... ဆောင်း ... ဆောင်း ... သတိမေ့သွားပြီ ... မဖြူမြန်မြန်လာစမ်း ... မယ်အိကောဟဲ့ ... လာကြစမ်းဟယ် ... မြန်မြန် ... "

ဆောင်း၏ဘဝင်ကို ဒေါ်ဖြူက ဖိပေးထားသည်။ ဒေါ်ဖြူက ဤမှာဘက်တွင် မြန်မာဆန်စွာ သိနားလည်ထားတာလေးတွေရှိသည်။

"မသူဇာ ... သွေးဆေးကောင်းကောင်းရှိလားဟင်"

"ရှိတယ် ... ရှိတယ် ... မယ်အိသွားစမ်း ငါ့အိပ်ခန်းခေါင်း



ရင်း စားပွဲပေါ်မှာ ဦးဘဟန်သွေးဆေးပုလင်းရှိတယ် ... မြန်မြန်သွားယူစမ်း ... "

မယ်အိ ဖျတ်ခနဲ ပြေးဝင်သွားသည်။ မယ်အိ ပြန်ထွက်ယူလာသော သွေးဆေးကို ဆောင်း၏နှာသီးဖျား နှခေါင်တွင် ပွတ်ပေးသည်။ ငယ်ထိပ်ကိုယပ်ခပ်ပေးသည်။

ဒေါ်လေး သူဇာ တယ်လီဖုန်းဆီပြေးကာ ဒေါက်တာဝင်းထွတ်ထံသို့ ဖုန်းဆက်သည်။

သို့သော် ...

ဒေါက်တာဝင်းထွတ် မရောက်လာမီမှာပင် ဆောင်း သတိပြန်ရသည်။

သတိရသည်နှင့် ဆောင်းသည် တအားငိုပြန်သည်။ ဒေါ်ဖြူနှင့်မယ်အိတို့လည်း ငိုကြသည်။

နောင်းလက်မထပ်မီကဆိုလျှင် ဤ ဂူကြီးလမ်းခြ ကျယ်ကြီး၏တံခါးအုတ်တိုင်တွင် ကြေးဝါပြားကြီးပေါ်၌ စာလိုထွင်းကာ ...

"ဆောင်းနောင်းရိပ်မြို"

ဟု ဆိုင်းဘုတ်တင်ကာ ညီအစ်မနှစ်ယောက်၊ ဒေါ်လေးသူဇာ၊ ဒေါ်ဖြူ၊ မယ်အိတို့ပိုင်းတော်သားတွေနှင့် သိုက်ဝန်းပျော်ရွှင်စွာ နေထိုင်ခဲ့သည်။

ခြံကြီးထဲမှ မြက်ပင်၊ ပန်းပင်၊ သစ်ပင်ကြီးများကို မာလီကြီး ဦးဆွာမိက နံနက်လာ ညနေပြန်ဖြင့် လာလုပ်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းနှောင်းရိပ်မြုံသည် မိဘများထားခဲ့သော ဆောင်းနှင့်နှောင်း ညီအစ်မပိုင်ဖြစ်သည်။ ခြံအလယ်တွင် တိုက်အိမ် ရှိပါ[illegible] မိဘများလက်ထက်ကတော့ ခြံနှင့်တိုက်အိမ်ကို အမည်ပေးခြင်းတွေဘာတွေကို အလုပ်ပိုတွေဟု ယူဆကာ မထားရှိခဲ့။

ဖေဖေနှင့်မေမေဆုံးသွားပြီးမှ ခေတ်လူ ညီအစ်မ ဆောင်းနှင့်နှောင်းက ဆောင်းနှောင်းရိပ်မြုံဟု အမည်ပေးစေခြင်း ဖြစ်ပါ၏။

ယခုမူ ...

ညီမလေးနှောင်းသည် ဆောင်းနှောင်းရိပ်မြုံကြီးကို အပြီးအပိုင် စွန့်ခွာသွားပေပြီ။

မိနစ်(၂၀)အတွင်းမှာပင် ... ဒေါက်တာဝင်းထွတ် ရောက်လာ ရည်။

ဆောင်းကသာ ခေါ်သည်ဆိုလျှင် ဒေါက်တာဝင်းထွတ်သည် ရောက်ရာအရပ်မှ ဖြစ်သည့်နည်းနှင့် လာမည့်သူဖြစ်ပါ၏။ သူပိုင် ဒတ်ဆန်း(၁၂၀၀)ကားလေးဖြင့် ရောက်လာသည်။

ဒေါက်တာဝင်းထွတ်ရောက်ချိန်တွင် ဆောင်းသတိပြန်ရပြီး နှာသီးထိပ်နှင့် နားရွက်တွေနီပြီး မျက်ခွံမို့အောင် ငိုထားပြီးလေပြီ။

ဒေါ်လေးသူဇာကပင် ညောင်သုံးပင်တွင်ရောက်နေသော 'နှောင်း' ကွယ်လွန်သွားကြောင်းသိရသောကြောင့် ဆောင်း သိပ်စိတ်ထိခိုက်မှေသွားကြောင်း ပြောပြသည်။



ဒေါက်တာဝင်းထွတ်နှင့် ဆောင်းသိကျွမ်းကြသည်မှာ လွန်ခဲ့သောနှစ်ကမှ ဖြစ်သောကြောင့် ဆောင်း၏ညီမလေး နှောင်းကို ဓာတ်ပုံသာမြင်ဖူးပြီး နှောင်းနှင့်လူချင်းသိကျွမ်းခြင်း မရှိပေ။ ဆောင်းက အိမ်မှ အယ်(လ်)ဘန်ကို ဖွင့်ပြပြီး အမြဲသတိရနေသော ညီမလေးနှောင်းဟု ပြသောကြောင့်သာ နှောင်းဓာတ်ပုံကို ဒေါက်တာဝင်းထွတ် မြင်ဖူးခြင်း ဖြစ်သည်။

ရောက်လာသည်နှင့် ဒေါက်တာဝင်းထွတ်က ဆောင်းအားကုသမှုပိုင်း ပြုသည်။ ဆောင်း၏ရင်ဘတ်ကို နားကျပ်ထောက်သည်။ လက်ကောက်သွေးကြောကို ကိုင်တွယ်စမ်းသပ်သည်။

ဒေါက်တာဝင်းထွတ်အဖို့ ဆောင်းအားစမ်းသပ်ခြင်းသည် ထိပ်တန်းပထမ ဦးစားပေးဖြစ်ပြီး နှောင်းကွယ်လွန်ခြင်းကို သတင်းမေးမှာ ဒုတိယဆင့် ထားရှိပေသည်။

ဆောင်းသည် ရုတ်တရက် ရှော့(ခ်)ဖြစ် သတိမေ့သွားခြင်းဖြစ်သော်လည်း စိုးရိမ်စရာမရှိပေ။

"ဆောင်းရဲ့ညီမလေး နှောင်းက ဘယ်လိုရောဂါနဲ့ ဆုံးသွားတာတဲ့လဲ ဆောင်း ..."

ဆောင်းက ဦးခေါင်းခါပြပြီး မသိသေးကြောင်း ပြသလိုက်သည်။

ဒေါက်တာဝင်းထွတ် မေးလာမှပင် ကိုသူရအောင် ရေးပေးလိုက်သောစာကို ဆုံးအောင် မဖတ်ရသေးကြောင်းသတိရသည်။

www.burmeseclassic.com

www.burmeseclassic.com



"စာတောင်ဆုံးအောင် မဖတ်ရသေးပါဘူး ကိုဝင်းထွတ် ... ညီမလေးဆုံးသွားပြီဆိုတာ ပထမဆုံးဖတ်လိုက်တာနဲ့ ဆောင်းစိတ်ထိခိုက်သွားတယ် ... "

ပြောပြောဆိုဆို ဆောင်းသည် စားပွဲပေါ်မှ စာရွက်ကိုယူ၍ တစ်ဖန်ဖတ်ကြည့်ပြန်သည်။ အစကပင် ပြန်ဖတ်ပါ၏။

မဆောင်း ...

နှောင်းကွယ်လွန်သွားပါပြီ ... မနေ့က ဒီဇင်ဘာ (၁၆)အင်္ဂါနေ့၌ ကွယ်လွန်ခြင်းဖြစ်ပါ၏။

မဆောင်းထံ တယ်လီဖုန်းမဆက်တော့ဘဲ ညီ လုလင်အောင်ကို ဤစာပေးရန် စေလွှတ်လိုက်ပါသည်။

နှောင်း၏ရုပ်ကလပ်ကို မဆောင်းလာလျှင် တွေ့ရှိနိုင်ရန်အတွက်တောင်ကြီးမြို့မှ ဆရာဝန်ပင့်ပြီး(၇)ရက်အကြာထား နိုင်စေရန် ဆေးစီစဉ်ထားပါသည်။ မဆောင်း ဟဲဟိုးထိလာရန် လေယာဉ်လက်မှတ် လွယ်ပါမည်လား်ဟု စိုးရိမ်မိပါသည်။

မည်သို့ဆိုစေ မဆောင်းလာလျှင် မဆောင်းကိုကြိုရန် ဟဲဟိုးလေဆိပ်၌(၇)ရက်အထိ လူလွှတ်ထားပေးပါမည်။

ဒါမှမဟုတ် မဆောင်း ဝံ့ရဲသည်ဆိုပါက ညီလုလင်အောင်၏ မော်တော်ဆိုင်ကယ်နှင့်လိုက်လာနိုင်ပါသည်။ ညီလုလင် အောင်က မဆောင်းကို ... မှဲ့တစ်ပေါက်မစွန်းအောင် ကူညီစောင့်ရှောက်ရန် ကျွန်တော် သေချာမှာကြားလိုက်သည်။



အင်း ... နှောင်းသေဆုံးရခြင်းမှာ မဟာကန်တွင် လှေလှော်ရင်း လှေမှောက် ရေနစ်သေဆုံးသွားခြင်း ဖြစ်ပါသည်။

ခင်မင်စွာဖြင့်

သူရအောင်

စာကို ဆောင်းဖတ်ပြီးသည်နှင့် ဒေါ်လေးသူဇာကို ပေးဖတ်လိုက်သည်။ ဒေါ်လေးသူဇာ သေချာဖတ်ပြီးနောက် ဒေါက်တာဝင်းထွတ်သို့ စာကိုလက်ဆင့်ကမ်းပေးလိုက်ပြန်သည်။

"ဒေါ်လေးသူဇာတော့ မောင်သူရအောင်ရဲ့စာကို ဖတ်ရတာ တစ်မျိုးကြီးပဲလို့ ထင်မိတာပဲ ... ဘယ်လိုတစ်မျိုးကြီးမှန်းတော့ ပြန်မပြောတတ်ဘူး ... တစ်ခုခုလိုနေတဲ့ပုံစံမျိုးကြီး"

ဆောင်းသည် ငိုလျှက်သားကပင် ဒေါ်လေးသူဇာ၏ ထင်မြင်ပြောပြချက်ကို ကြားရပေသည်။

ဒေါက်တာဝင်းထွတ်က ... စာဖတ်ပြီးနောက် ဒေါ်လေးသူဇာ၏ ထင်မြင်ချက်ကို ခေါင်းညိတ်ထောက်ခံပြီး သူ၏ ထင်မြင်ချက်ကို ထပ်ဆင့်ပြောပြပြန်သည်။

"ကျွန်တော်လည်း ... အဲဒါကိုပဲစဉ်းစားနေတာ ... သူ့စာသဘောထဲမှာ အချက်နှစ်ချက်ဟာ စဉ်းစားစရာ ဖြစ်နေသလားလို့ ... "

"အေးကွယ် ... ဒေါ်လေးသူဇာ စိတ်ထဲမှာလည်း ဘာလိုလိုကြီးပဲ ... ဒါပေမဲ့ အချက်တွေအလက်တွေတော့ မပြော

www.burmeseclassic.com

www.burmeseclassic.com



တတ်ဘူး ... မောင်ဝင်းထွတ်စဉ်းစားမိတဲ့ နှစ်ချက်ကိုပဲပြော ပြစမ်းပါဦးကွယ် ... ”

“ပထမအချက်က နှောင်းဆုံးပါးသွားတဲ့အကြောင်းကို ခင် ပွန်းသည်ဖြစ်တဲ့ ကိုသူရက အခုထက်ပိုပြီးအသေးစိတ် ဖော်ရေးသင့်တယ်လို့ ကျွန်တော်ထင်တယ် ... ဘယ်နေရာ မှာဘာဖြစ်လို့ သေဆုံးသွားတယ်ဆိုတာမျိုးပေါ့လေ ... ”

“အဲဒါတော့ပါသားပဲ မောင်ဝင်းထွတ် ... နှောင်းဟာ မဟာ ရေကန်မှာ လှေလှော်ရင်း လှေမှောက်ရေနစ်သေဆုံးသွား တယ်လို့လေကွယ် ... ”

“ဟုတ်ပါတယ် ဒေါ်လေးသူဇာ ... အဲဒီ ဖော်ပြချက်ဟာ သူဇာရဲ့ နိဂုံးအပြီးသတ် အပုဒ်အနေနဲ့ ရေးလိုက်တာ ... ဒါ တောင် အဲဒီစာပုဒ်ကို ရှေ့ဆုံးက‘အင်း’ဆိုတဲ့စကားတစ်လုံး ခံပြီး ရေးလိုက်သေးတယ် ... ”

“အဲဒီတော့ ဘာပြုလဲကွယ် ... ”

“စဉ်းစားစရာက နှောင်း လှေမှောက်ရေနစ်တဲ့အချိန်မှာ နှောင်းတစ်ယောက်တည်းလား ... ဒီပြင် အဖော်ပါသေး လား ... အဖော်ပါရင် အဲဒီအဖော်ကော သေလား ... ရှင် လား ... အဲဒီအဖော်မသေရင် အဲဒီအဖော်က နှောင်းကိုကယ် ဖို့ မကြိုးစားဘူးလား ... ”

ဆောင်းသည် ဒေါက်တာဝင်းထွတ်၏တွေးဆချက် ကို စိတ်ဝင်စားတော့သည်။ အငိုရပ်ကာ ဒေါက်တာဝင်းထွတ် စဉ်း စားသလိုပင် ဆောင်းစဉ်းစားသည်။



“ဟုတ်မှ ... ”

နှောင်းသေဆုံးသွားပုံကို ဖော်ပြသော ကိုသူရ အောင်၏စာသည် ပေါ့ပျက်ပျက်ရှိနေသည်။

တစ်ဆက်တည်းမှာပင် နှောင်း၏လေးနှစ်မြောက် လာသော စာတွေထဲတွင် ကိုသူရအောင်နှင့်သူမ၏ အိမ်ထောင်ရေး သည် အဆင်မပြေကြောင်း စာလာတိုင်းပါရှိနေသည်။ နောက်ဆုံး စာ၌ဆိုလျှင် ညောင်သုံးပင်တွင်နေရသည်မှာ စိတ်ပျက်လာပြီမို့ ရန်ကုန်သို့ပြန်လာပြီး မမဆောင်းနှင့်အတူ ပြန်နေဖို့အထိပင် စိတ် ကူးကြောင်း ပါလာသေးသည်။

“ဪ ... ဒါထက် ညောင်သုံးပင်ကို ဆောင်းလိုက်သွားဖို့ စိတ်ကူးလား ... ”

“ဟာ ... လိုက်မှာပေါ့ ကိုဝင်းထွတ် ... ညီမလေးတစ် ယောက်လုံး ဆုံးသွားတာတောင် မသွားဘဲနေမှာလား”

“ဆောင်းရဲ့အဖော်အဖြစ် ကျွန်တော်လိုက်ပေးရမလား ဆောင်း ... ”

“အို ... မဟုတ်တာ ... ”

“မှန်ပါတယ် ဆောင်း ... ဒီလိုညအိပ်ညနေခရီးအဝေးကြီးကို ဆောင်းနဲ့အတူ လိုက်ရင် ဆောင်းသိက္ခာကိုထိခိုက်မယ် ... ဆောင်းကို သူများကဲ့ရဲ့မယ် ... ပတ်ဝန်းကျင်က ဆောင်း ကို အထင်သေးသွားမယ် ... အဲ ... ကျွန်တော်ကိုယ်တိုင် ကလည်း ဆေးခန်းတာဝန်တွေကို ဒီအတိုင်းထားပစ်ခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com



မယ်… ဘယ်လိုမှ ကျွန်တော် မလိုက်သင့်ပါဘူး … ဒါပေမဲ့ ဟောဒီ ကိုသူရအောင်ရဲ့စာအရ ဆောင်းမှာ အဖော်ကောင်း တစ်ယောက်တော့ ပါသွားသင့်သလားလို့ပါ … ”

ဆောင်းက ကိုဝင်းထွတ်ကို ပြန်ကြည့်သည်။

“ကိုသူရအောင်ရဲ့စာအရ ဟုတ်လား … ဆောင်းတော့ မှန်ထူနေတယ် … ဆိုပါဦး … ကိုသူရအောင်စာအရ နှောင်းမှာ ဘာလို့ အဖော်ကောင်းတစ်ယောက်လိုအပ်တယ်ဆိုတာ”

“ဟုတ်ချင်မှလည်း ဟုတ်မှာပါ … မဟုတ်ရင်တော့ ကျွန်တော်ကပဲ ဆောင်းအတွက် အစိုးရိမ်လွန်တာဖြစ်တာလား တော့ မသိဘူး … ကိုသူရအောင်ရဲ့စာထဲမှာ နှောင်းသေဆုံးသွားပုံကို အသေးစိတ် ဖော်ပြမထားပေမယ့် ညောင်သုံးပင်ကို ဆောင်းလိုက်လာဖို့တော့ အားတက်သရောခေါ်တဲ့ လေသံတွေပါနေတယ် … ကျွန်တော် ထင်တယ်လေ … နှောင်းရဲ့အလောင်းကို ဆရာဝန်အတတ်ပညာနဲ့ ဆောင်း ရောက်လာတဲ့အထိ မပုပ်မသိုးအောင် ထားရှိပါတယ်ဆိုတာရယ် … နောက်ဆုံး လေယာဉ်လက်မှတ်အခက်အခဲရှိရင် တောင် သူ့ညီရဲ့ မော်တော်ဆိုင်ကယ်နဲ့လိုက်လာပါလို့ ဆိုထားတာတွေဟာ ဆောင်းတစ်ယောက်တည်း ညောင်သုံးပင်ကို လိုက်လာပါလို့ ဆိုရာရောက်နေသလားလို့လေ”

ဒေါက်တာကိုဝင်းထွတ်၏ ထင်မြင်ချက်ကို ဆောင်းရင်ထဲမှ ကျိတ်၍ ထောက်ခံမိပါ၏။

အကြောင်းမူ



ဟိုတစ်ချိန်က ကိုသူရအောင်နှင့် ဆောင်းတို့တွင် မထင်ရှားသော အတိတ်ဇာတ်လမ်းလေးတစ်ခု ရှိခဲ့ဖူးသောကြောင့် ဖြစ်ပေသည်။

“ဟုတ်တယ် … ကိုဝင်းထွတ် … သူ့ရဲ့သဘောက အဲဒီ သဘောမျိုးသက်ဝင်တယ်လို့ ယူဆနိုင်စရာပဲ … ဒါပေမယ့် ဆောင်းအနေနဲ့ ညောင်သုံးပင်ကို မသွားဘဲမနေနိုင်ဘူး … ကိုဝင်းထွတ်ကိုခေါ်သွားဖို့ဆိုတာကလည်း မသင့်တော်ဘူး… ဒီတော့ ဒေါ်လေးသူဇာကို ခေါ်ပြီး ညောင်သုံးပင်ကို သွားမယ် … ဒေါ်လေးသူဇာက ဆောင်းရဲ့အဒေါ်ပဲ မဟုတ်လား … တူဝရီးနှစ်ယောက် သွားတာ တင့်တယ်ပါတယ်… ဒေါ်လေးသူဇာက ဆောင်းရဲ့အုပ်ထိန်းသူအဖြစ်ပေါ့ … ”

“ကောင်းပါတယ် ဆောင်း … ဒါပေမယ့် ကျွန်တော်တစ်ခု ထပ်ပြီး သတိပေးပါရစေ … ညောင်သုံးပင်ဟာ တော်တော်ကြီး ချောင်ကျတဲ့နေရာဒေသဆို … ”

“ဒါတော့ ဆောင်း ဘာသိမှာလဲ … ဆောင်းမှ တစ်ခါမှ မရောက်ဘူးတာ … ဒါပေမဲ့ ညီမလေးနှောင်းရေးခဲ့တဲ့စာတွေအရ ဆောင်းလေ့လာမိသလောက် ညောင်သုံးပင်ဟာ ဟိုပုန်းနဲ့ တောင်ကြီးရဲ့အုပ်ချုပ်မှုအောက်မှာရှိနေတယ်လို့ မှန်းဆရတာပဲ … ”

“ဟုတ်မှာပါ ဆောင်း … နှောင်းကိုယ်တိုင် လေးနှစ်ကြာအထိ နေနိုင်ခဲ့တယ်ဆိုတော့ … ညောင်သုံးပင်ဟာ ဆိုးဆိုးဝါးဝါး

www.burmeseclassic.com

www.burmeseclassic.com



ကြီးတော့ ဟုတ်ဟန်မတူပါဘူး ... အခုလက်ရှိခေတ်အခြေအနေက မှောင်ခိုသမားတွေ ဖြတ်သန်းဖြတ်လာနေရာမျိုးနဲ့ မှောင်ခိုသမားတွေ စတည်းချတဲ့နေရာဒေသမျိုးတွေက စည်ကားချမ်းသာနေတာမျိုးတွေ ရှိနေတတ်တာပဲ ... အဲနောက်တစ်ချက်က ကိုသူရအောင်ဟာ လူကောင်းလား ... လူဆိုးလားဆိုတာမျိုးကိုရော ဆောင်းသတိထားမိလား"

"ဘာကိုဆိုလိုတာလဲ ကိုဝင်းထွတ် ... ကိုသူရအောင်ဟာ လူကောင်းလား လူဆိုးလားဆိုတဲ့စကားမှာ ဘယ်ဟာတွေလုပ်နေတာက လူဆိုး ... ဘယ်ဟာတွေလုပ်နေတာက လူကောင်းလို့ သရုပ်ခွဲပြရမှာလဲ ... ကိုဝင်းထွတ်က ဘာလုပ်ရင်လူဆိုး ... ဘာလုပ်ရင် လူကောင်းလို့သတ်မှတ်သလဲ ..."

ဒေါက်တာဝင်းထွတ်သည် ဆောင်း၏ ပြန်လည်မေးမြန်းချက်ကို အစဉ်းစားရခက်သွားပါ၏။

"ဟုတ်တယ်နော် ... ကျွန်တော်မေးလိုက်ပုံက တစ်ဘက်သားအပေါ် ရင့်သီးသွားသလိုပဲ ... တကယ်တော့ ချောင့်ကျတဲ့ ညောင်သုံးပင်ကို ဆောင်းလိုက်သွားမှာ အစိုးရိမ်လွန်ပြီး ရင့်သီးတဲ့မေးခွန်းမျိုးတွေ မေးမိသွားတာပါ ... ဒါထက် ကိုသူရအောင်ဟာ အရက်သမားလားဆောင်း ..."

"သောက်တော့သောက်သားပဲ ... ထမင်းစားကာနီးတိုင်းလိုလို ... အရက်ပုလင်းဝမှာ ဂေါ်လီလုံးဆို့ကတ်ထားတဲ့



အရက်ပုလင်းက ... ဖန်ခွက်ထဲလေးကြိမ်လောက်လောင်းထည့်သောက်ပြီးမှ ထမင်းစားတတ်တာတော့ တွေ့ဖူးတာပဲ ..."

ကိုဝင်းထွတ် နားလည်ပါ၏။ ဆောင်းပြောပုံအရဆိုလျှင် ကိုသူရအောင်သည် အရက်သမားမဟုတ်၊ ပုလင်းခေါင်းစွတ်မှ ငှဲ့သောအရက်သည် တစ်ကြိမ်ငှဲ့လျှင် ပက်ချင့်တစ်ဝက်သာရှိသည်။ လေးကြိမ်ငှဲ့ခြင်းသည် ထမင်းမစားမီ အရက်(၂)ပက်သောက်ခြင်း ဖြစ်သည်။

"ဒါဆိုရင်တော့ ကိုသူရအောင်ကို အရက်သမားလို့ မခေါ်နိုင်ဘူး ... ကျန်းမာရေးအတွက် သောက်တဲ့သဘောပဲ ရှိတယ်၊ အဲ ... နောက်တစ်ချက်က ကိုသူရအောင်မှာ လောင်းကစားတွေကော ရှိသလား ဆောင်း ..."

"ဒါတော့ ဘယ်သိနိုင်မလဲ ကိုဝင်းထွတ် ... အဲ ... တစ်ခုတော့ရှိရဲ့ ... ညီမလေးနှောင်းနဲ့ ပေါင်းသင်းလာတာ လေးနှစ်ထဲ ဝင်ပြီ ... ညီမလေး နှောင်းဆီကလာတဲ့စာတွေထဲမှာ ကိုသူရ မရေးဖူးဘူး ... တကယ်လို့ သူ့ယောကျ်ားလောင်းကစားလုပ်တယ်ဆိုရင် ညီမလေးရေးတဲ့ စာထဲမှာ တစ်စွန်းတစ်စတော့ ပါလာနိုင်တာပေါ့ ... ကိုသူရအောင်ဟာ လောင်းကစားလုပ်တယ်လို့ ထင်စရာမရှိဘူးလို့ ပြောရမှာပဲ ..."

"မေးလက်စနဲ့ပဲ ဆက်မေးပါရစေ ... ကိုသူရအောင်က မိန်းမ

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စတွေ ဘာတွေမှာကော ကင်းကင်းရှင်းရှင်းရှိရဲ့လား ဆောင်း ...”

“အိုး ... အဲ့ဒီလောက်အထိ ဆောင်းသိနိုင်မတဲ့လွှား ...”

“ဟုတ်ပါတယ် ဆောင်း ... ကျွန်တော့်အနေနဲ့ မမေးအပ်တဲ့ မေးခွန်းမှန်း သိပါတယ် ... ဒါပေမယ့် အခု ဆောင်းက ညောင်သုံးပင်ကို လိုက်သွားမှာသေချာနေတယ် ... ဟို ရောက်ရင် ဆောင်းနဲ့ မတ်တော်နေတဲ့ ကိုသူရအောင်ကို ဆောင်းမလွှဲမသွေ ရင်ဆိုင်ရမှာပဲ ... ညောင်သုံးပင်ရောက်တဲ့ နေရာမှန်းလည်း သေချာနေတယ် ... ဆောင်းအဖို့ ခြသေ့်ဂူထဲ မလွှဲသာလို့ဝင်သွားရတဲ့ သမင်မလေးဖြစ်နေမလားလို့ပါ ...”

“အဲဒါဆိုရင်တော့ ကိုသူရအောင်ဟာ မိန်းမလိုက်စားသလား ဆိုတာကို ဆောင်း ဖြေနိုင်လိမ့်မယ်ထင်တယ် ...”

“ဖြေပြပါ ဆောင်း ...”

“ကိုသူရအောင်ဟာ ညီမလေးနှောင်းနဲ့ လက်မထပ်ခင်က မိန်းမရှုပ်သလား ... ဘာလားတော့မသိဘူး ... နှောင်းနဲ့ မေတ္တာရှိတာနဲ့ နှောင်းကို လက်ထပ်ယူတယ် ... သားမှတ်မှတ် ... မယားမှတ်မှတ် ပေါင်းသင်းတယ် ... နှောင်းနဲ့လက်ထပ်ပြီး ညားခဲ့တဲ့လေးနှစ်အတွင်းမှာ အခြားမိန်းမတစ်ဦးဦးနှင့် ... ရှုပ်ပွေတယ်ဆိုတာမျိုး မကြားဖူးဘူး ... အငယ်အနှောင်းထားတာမျိုးလည်း မရှိဘူးလို့ နှောင်းကိုယ်တိုင်က



ပြောတယ် ... အဲ ... ဒါပေမယ့် နှစ်ဦးပိုင်းလောက်ကစပြီး သူတို့လင်မယား မကျေမလည်ဘောက်ကဆ ဖြစ်တယ်လို့တော့ နှောင်းစာထဲမှာ ပါတယ် ...”

“သူတို့လင်မယား မကျေမလည် ကဘောက်ကဆဖြစ်ရတဲ့ အကြောင်းကကော ဆောင်း ...”

“ဒါလည်း ဖြစ်တတ်တဲ့ သဘာဝလေးတွေပါ ... ကိုသူရအောင်က အိမ်ထောင်သက်လေးရလာတော့ သားသမီးလိုချင်တယ် ... နှောင်းက သားသမီးမထွန်းကားဘူး ... အဲဒါမှာ မကျေမလည်ဖြစ်နေတာတဲ့ ...”

“သြော် ... သြော် ...”

အတန်ငယ် ငြိမ်သွားကြပါ၏။

ဆောင်းက ပြောစရာစကားမရှိသဖြင့် ငိုသည့်ဘက်သို့ ရောက်သွားပြန်သည်။

ပြီးမှ ဆောင်းက လေယာဉ်လက်မှတ် ချက်ချင်းရလိုကြောင်း မရလျှင် လုလင်အောင်၏ မော်တော်ဆိုင်ကယ်နှင့်ပင် လိုက်ရမလို ဖြစ်နေကြောင်း ဆက်ပြောပြသည်။

“ဟာ ... မော်တော်ဆိုင်ကယ်နဲ့ ဆောင်းတစ်ယောက်တည်းတော့ မိုင်ငါးရာခရီးကြီး မလိုက်ပါနဲ့ ... ကျွန်တော် အဲ့ဒီ ကိုသူရအောင်ရဲ့ နာရေးစာကို သက်ဆိုင်ရာမှာ ပြပြီး လေယာဉ်လက်မှတ် နှစ်စောင်ရအောင် ကျိုးစားပေးပါ့မယ် ...”

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဝင်းထွတ်ဆောင်ရွက်ပေးပါ၏။ သက်ဆိုင်ရာမှ အသုဘချအခါ ကိစ္စဖြစ်နေသောကြောင့် လူမှုရေးခွင့်ဖြ ချက်အရ ဆောင်းနှင့် ဒေါ်သူဇာအတွက် ဟဲဟိုးလေယာဉ်လက်မှတ် နှစ်စောင် ရရှိပေသည်။

မင်္ဂလာဒုံလေဆိပ်သို့ ဒေါက်တာဝင်းထွတ်ကပင် သူ ဆန်နီ(၁၂၀၀)ကားလေးဖြင့် လိုက်ပို့ပေးပါသည်။ ဆောင်းသည် မင်္ဂလာဒုံလေဆိပ်ရောက်ပြီးသည်အထိ အငိုမတိတ်သေးပေ။

"ရန်ကုန်ဟဲဟိုးသို့ လိုက်ပါကြမည့် ခရီးသည်များရှင့်"

ဟု အသံချဲ့စက်ဖြင့် ကြေငြာသံ ထွက်ပေါ်လာမှ ဒေါက်တာဝင်းထွတ်၏ ပခုံးကိုပုတ်ကာသတိပေးလိုက်သည်။ လေယာဉ်ရှိရာ ကွင်းထဲဆင်းရန် လိုက်ပို့ရင်း ဒေါက်တာဝင်းထွတ် က မှာကြားစရာများ မှာကြားပါ၏။

"ညောင်သုံးပင်ဟာ ကျန်းမာရေးအတွက် တောင်ကြီးက ဆရာဝန်တွေကိုအားကိုးရပုံပဲ ဆောင်း ... ဒေါ်လေးသူ ကိုကျွန်တော် ဆေးမျိုးစုံပေးလိုက်တယ် ... ဘာဖြစ်ရင်ဘ ဆေးသောက်ဆိုတာတွေ အားလုံးလည်းမှာကြားသင့်ပြ လိုက်တယ် ... နိုင်ငံခြားဆေးကောင်းတွေချည်းပဲ ..."

"ကျေးဇူးတင်ပါတယ် ကိုဝင်းထွတ် ..."

"နောက်တစ်ချက်က ညောင်သုံးပင်ရဲ့ ရာသီဥတုဟာ ဘယ် လိုမှန်းတော့ ကျွန်တော်မသိဘူး ... ကုန်းမြင့်ပိုင်းဖြစ် သေချာတာမို့ ရေကိုအရမ်းမချိုးပါနဲ့ ဆောင်း ... ချိုး



ဆိုလည်း ရေနွေးစပ်ချိုးပါ ... မဟာကန်ဆိုတာမှာ လုံးဝ ရေဆင်းမကူးပါနဲ့ ..."

လေယာဉ်ကွင်းဂိတ်ဝသို့ ရောက်ပေပြီ ကိုဝင်းထွတ် က ဆောင်းအား စိုးရိမ်စွာ မှာကြားမှုတွေသည် မပြီးသေး။

"ဒီမယ် ဆောင်း ... မဟာကန်ထဲမှာ အဆိပ်ပြင်းတဲ့သတ္တဝါ တစ်မျိုးမျိုး ရှိချင်ရှိနေမှာနော် ... ဒါ့ထက် နှောင်းဟာ ရေကူးတတ်သလားဟင် ..."

"သိပ်ကို ကူးတတ်တယ် ကိုဝင်းထွတ် ... ရန်ကုန်တက္က သိုလ်မှာနေကတည်းက ရေကူးပြိုင်ပွဲတွေမှာ ဝင်ပြိုင်တဲ့အထိ နှောင်းရေကူးတတ်တယ် ... နှောင်းကရေကူးလည်း ဝါသ နာပါတယ် ..."

"အဲဒါပဲပေါ့ ဆောင်း ... နှောင်းဟာရေကူးကျွမ်းကျင်သူ ဖြစ်ပါလျက်နဲ့ ရေနစ်သေဆုံးတယ်ဆိုတာ ရေထဲက အဆိပ် ပြင်းတဲ့အကောင်တစ်ကောင်ရဲ့ အကိုက်ခံရပြီး အဆိပ် ကြောင့် ရေမကူးနိုင်တော့ပဲ ရေနစ်သေဆုံးသွားရတာလား မှ မသိတာ ... ဒါကြောင့် မဟာကန်မှာ ဆောင်းရေမကူးပါ နဲ့လို့ မှာတာ ..."

"စိတ်ချ ကိုဝင်းထွတ် ... ဆောင်းက ... နဂိုကတည်းက ရေကြောက်ပြီးသား ..."

"ဩော် ... ဆောင်း ..."

"ပြော ... ပြော ... လေယာဉ်ဆီကို ဆောင်းသွားတော့မှာ"

"ဘာရယ်တော့မဟုတ်ပါဘူး ... တောင်တွေးမြောက်တွေးနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆက်စပ်ပြီး အတွေးတစ်ခု ကျွန်တော့် ခေါင်းထဲဝင်လာလို့ပါ ...”

“ဘာအတွေးလဲ ကိုဝင်းထွတ် ...”

“ခြော် ... ဆောင်းရဲ့ညီမလေး နှောင်းဟာ သူ့ကိုယ်သူ တမင်တကာများ သတ်သေလိုက်တာမျိုး ဖြစ်နေမလားလို့ပါ ... လှေတစ်စီးပါသွားရုံမက ရေကူးကျွမ်းကျင်တဲ့လူငယ်တစ်ယောက်ဟာ လှေမှောက်ပြီး ရေနစ်မသေနိုင်ပါဘူး ... မှောက်တဲ့လှေဟာ ရေပေါ်မှာ မှောက်လျက်ကြီး ပြန်ပေါ်နိုင်တယ် ... အဆိပ်ရှိတဲ့အကောင်ကိုက်ခံရလို့ပဲ ဖြစ်ဖြစ် ရေကူးရင်း ကြွက်တက်လို့ပဲဖြစ်ဖြစ် ရေမကူးနိုင်ဘူးထား ဦး ... မှောက်လျက်သား လှေကိုဖက်တွယ်ပြီး ထားနိုင်တယ် ...”

ဆောင်း သေချာနားထောင်နေပါ၏။ ကိုဝင်းထွတ်က ဆက်ပြောသေးသည်။

“နှောင်းတို့လင်မယားအခြေအနေဟာ မသင့်မြတ်ဘူးဆိုတော့ ... အဲဒါကို ဆက်စပ်ပြီးတွေးကြည့်ရင် နှောင်းဟာ တမင်တကာများ သူ့ကိုယ်သူ ဆူးဆိုက်(ဒ်)လုပ်ပစ်လိုက်တာများလားလို့ ...”

“အို ...”

---



။ ၂ ။

မျက်လှည့်ပြလိုက်သလား ထင်မှတ်နိုင်သည်။

ဟဲဟိုးလေဆိပ်သို့ လာကြိုနေသူမှာ လုလင်အောင်ပင်ဖြစ်နေသောကြောင့်ပါပေ။ လုလင်အောင်က လင်းရှိဗာကားနှင့် လာကြိုခြင်းဖြစ်ပါ၏။

“ကျွန်တော် မမဆောင်းက ဖုန်းပြန်ဆက်မလားလို့ ကြာသပတေး မနက်ဆယ်နာရီထိအောင် စောင့်ပါသေးတယ် ... မမဆောင်း ...”

“အဲဒီလို စောင့်စရာမလိုပါဘူး ... မမဆောင်းအိမ်ကို ဖုန်းလှမ်းဆက်လိုက်ရင် အကျိုးအကြောင်းသိရမှာပေါ့ကွာ ...”

“မမဆောင်းတို့ရဲ့ ‘ဆောင်းနှောင်းရိပ်မြုံ’ အိမ်က ဖုန်းနံပါတ်ကို ကျွန်တော် မမှတ်မိတော့လို့ပါ ...”

www.burmeseclassic.com

www.burmeseclassic.com



"အင်းပေါ့လေ ... လွှန်ခဲ့တဲ့ လေးနှစ်ကျော်ကသာ လှလင်အောင်က မမဆောင်းတို့အိမ်ကိုရောက်ဖူးခဲ့တာဆိုတာ ခုလောက်ကြာရင် ဖုန်းနံပါတ်မေ့လောက်ပြီပေါ့ ... ဒါပေမယ့် ကိုသူရအောင်ကတော့ မမဆောင်းအိမ်က ဖုန်းနံပါတ်ကို သိနေမှာပါ ... လှလင်အောင်ကို သူကဖုန်းနံပါတ်ပေးလိုက်ဖို့ ကောင်းတာပေါ့ကွာ ... "

လှလင်အောင်က ခေါင်းခါပြသည်။

လင်းရိဗာကားသည် ဟဲဟိုးလေဆိပ်မှ ထွက်ခွာလာခဲ့ပြီး တောင်ကြီးဘက်သို့ ဦးတည်မောင်းနေပါ၏။

လင်းရိဗာ၏ရှေ့ခန်း ကျယ်သော်လည်း ဒေါ်လေးသူဇာက ... သူမ၏ခန္ဓာကိုယ် ဖိုင့်ဖိုင့်ကြီးနှင့် နှစ်ယောက်ကြားအလည်မှာထိုင်ရသည်ကို စိတ်ကျဉ်းကျပ်သည်ဟု ဆိုပြီး လင်းရိဗာနောက်ခန်းတွင် လွှတ်လပ်စွာ တစ်ယောက်တည်း ကျယ်ကျယ်ဝန်းဝန်း လိုက်ပါခဲ့သည်။

လှလင့်အောင် ဆက်ပြောပြသည်။

"အစ်ကိုကြီးက ကျွန်တော့်ကို တစ်ခွန်းပဲမှာတယ် ... 'ရော့ ဒီစာကို ဆောင်းဆီအမြန်ဆုံးရောက်အောင် သွားပေးတဲ့ ... ဟိုရောက်ရင် ဆောင်းက နှောင်းအကြောင်းဘာမေးမေး မင်း တစ်ခွန်းမှ ပြန်ပြောဖို့ မလိုဘူးတဲ့ ... မင်းတာဝန်က ဖုန်းရှိတဲ့ ဟိုတယ်မှာ တစ်ညအိပ်တည်းခိုပြီး ဆောင်းက နောက်တစ်နေ့ဆယ်နာရီထိ ဖုန်းဆက်တာကို စောင့်တဲ့ ...



ဆောင်းက ဘာမှဖုန်းမဆက်ရင် မင်း ကြာသပတေးနေ့ မနက် ဆယ်နာရီမှာ ပြန်လာခဲ့တဲ့ ... တစ်လမ်းလုံး ညမအိပ်ဘဲ ညောင်သုံးပင်ကိုသာ အရောက်ပြန်ခဲ့ ... ဒါပဲ မင်းသွားတော့ဆိုပြီး လွှတ်လိုက်တာ မမဆောင်း ... "

ဆောင်းက ဘေးတိုက်လည်စောင်းအနေအထားနှင့် လှလင်အောင်ကိုကြည့်လိုက်သည်။

နှောင်းကွယ်လွန်သည့် အင်္ဂါနေ့မှ ယနေ့သောကြာနေ့အထိ မိုင်ပေါင်းတစ်သောင်း မော်တော်ဆိုင်ကယ်စီးခဲ့ပြီး ယခုသောကြာနေ့ မွန်းလွဲအထိ လင်းရိဗာကားမောင်းနေပြန်သည်။ ကျန်းမာရေးအလွန်ကောင်းပြီး ငယ်ရွယ်သူမို့သာ ဤမျှခံနိုင်ရည်ရှိခြင်း ဖြစ်သည်။ ပင်ပန်းရှာမည်ကတော့ သေချာသည်။

"ကိုသူရအောင် မင်းကို ခိုင်းပုံက စက်ရုပ်တစ်ရုပ်ကို ဓာတ်အားသွင်းပြီး ခိုင်းတဲ့ပုံစံသက်ရောက်မနေဘူးလား ... ဓာတ်အားရှိသရွေ့က လှုပ်ရှားလုပ်ဆောင်ရမယ့် သဘောလေ"

လှလင်အောင်က ပခုံးတွန့်ပြလိုက်ပါ၏။ ပြီး ရယ်လိုက်သည်။ ရယ်လိုက်သောအခါ သူ့အစ်ကိုကြီး ကိုသူရအောင်နှင့် တော်တော်တူသွားသည်ကို ဆောင်းသတိထားလိုက်မိသည်။

ဆောင်း လှလင်အောင်ကို ငေးကြည့်မိပါ၏။

"အစ်ကိုကြီးကိုယ်တိုင်က ဓာတ်အားသွင်းထားတဲ့ စက်ရုပ်လို လှုပ်ရှားလုပ်ဆောင်နေတာ ကြာမှ ကြာပြီပဲ မမဆောင်း ဒီတော့လည်း အစ်ကိုကြီးရဲ့ တစ်သွေးတစ်မိန်းမ ညီဖြစ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း အစ်ကိုကြီးအမိန့်ကို တစ်သဝေမတိမ်း လိုက်နာတဲ့ ဓာတ်အားသွင်းတဲ့ စက်ရုပ်လိုပဲ လှုပ်ရှားလုပ်ဆောင်ပြီပေါ့ ... မမဆောင်း ... အစ်ကိုကြီးက သူ့ကိုယ်တိုင် ဓာတ်အားပေးစက်ရုပ် လိုလုပ်ဆောင်တယ် ... ညီဖြစ်တဲ့ ကျွန်တော့်ကိုရော သူ့လက်အောက်မှာ လုပ်ကိုင်နေတဲ့ ဝန်ထမ်းနဲ့ အလုပ်သမားအားလုံးကိုလည်း ဓာတ်အားသွင်း စက်ရုပ်ပုံစံပဲထားတယ် ... ဒါပေမယ့် အလုပ်သမားတွေ အားလုံးရော ညီဖြစ်တဲ့ ကျွန်တော်ရော ကျေနပ်ကြတယ်လေ ... ဘာလို့လဲဆိုတော့ အစ်ကိုကြီးဟာ လိုအပ်တဲ့ကိစ္စမှန်သရွေ့ အပြည့်အဝခံစားခွင့် ဓာတ်အားတွေပေးထားတာကိုး ..."

ဆောင်းသည် သချ်ာဆရာမတစ်ဦးဖြစ်ပါ၏။ သချ်ာဆိုသည်မှာ အဖြေမထွက်မချင်း တွက်ရသည်မဟုတ်လား ..."

"ဒါဆို ညီမလေး နှောင်းရော ကိုသူရအောင်ရဲ့ ဓာတ်အားသွင်း စက်ရုပ်ဖြစ်သွားတာပေါ့ ... ဟုတ်လား ... လုလင်အောင် ..."

"ဝေးပါသေးရဲ့ မမဆောင်း ... မမနှောင်းကတောင် အစ်ကိုကြီးကို သူ့ရဲ့စက်ရုပ်ဖြစ်အောင် ဓာတ်အားသွင်းနိုင်ခဲ့တာပဲ... အရုပ်တောင်မှ ရိုးရိုးအရုပ်တောင်မဟုတ်ဘူး ... အလှုပ်အရှားမရှိစေတဲ့ အရုပ်မျိုး ... အား ... ကျွန်တော်



ပြောလိုက်မိပြီ ... မမနှောင်းနဲ့ပတ်သက်ပြီး ဘာတစ်ခွန်းမှ မပြောရဘူးလို့ အစ်ကိုကြီးမှာထားတာ ..."

ဆောင်းသည် လုလင်အောင်ထံမှ နှောင်းနှင့်ပတ်သက်ပြီး နောက်ထပ်ဘာမှသိရတော့မည်မဟုတ်ကြောင်း သဘောပေါက်ရပြန်သည်။ အခုလောက် နှောင်းအကြောင်းပြောမိသည်ကိုပင် သူ့ခမျာ မျက်စိမျက်နှာပျက်နေပေသည်။ သူ့အစ်ကိုကြီး အမိန့်ကို မနာခံရာရောက်သွားသလိုပုံစံ ဖြစ်ပါ၏။

ကိုသူရအောင်သည် နှောင်းနှင့်ပတ်သက်သော အကြောင်းအရာများကို အဘယ်ကြောင့် ဤမျှကျပ်တည်းစွာ အဖုံးတွေ ဖုံးထားချင်ဘိသနည်း။

နှောင်းအကြောင်းကို အခြားသူတစ်ပါးက ဆောင်းကိုပြောပြသည်ထက် သူကိုယ်တိုင် ဆောင်းအားပြောချင်နေ၍ပေလား။

အကယ်၍သာ ... ညောင်သုံးပင်ရောက်ပြီးနောက် ကိုသူရအောင်က ဖုံးမြဲဖိမြဲသာရှိနေပါက ဆောင်းကိုယ်တိုင် ထိုအဖုံးကိုပွင့်အောင် ဖွင့်စေမည်ဟု ဆုံးဖြတ်သည် ... ။ အချိန်ကြာချင်သလောက် ကြာသွားပါစေ ... ဒီအဖုံးကိုမပွင့် ပွင့်အောင် ဖွင့်မည်ဟုလည်း ဆောင်း ထပ်ဆင့်ဆုံးဖြတ်လိုက်ပါ၏။

"ကံပါ မောင်လုလင်အောင် မင်းရဲ့အစ်ကိုက နှောင်းနဲ့ပတ်သက်ပြီး ဒီလောက် သံမဏိစည်းကမ်းကြီးချထားမှတော့ မမဆောင်းက ဆက်မမေးတော့ပါဘူး ... ဒါပေမဲ့ မင်းအစ်

www.burmeseclassic.com

www.burmeseclassic.com



ကိုကြီး ကိုသူရအောင်အကြောင်းကိုတော့ နည်းနည်းပါးပါး မေးချင်တယ် ... ”

“မေးပါ မမဆောင်း ... အစ်ကိုကြီးအကြောင်းကတော့ ညောင်သုံးပင်သာမကဘူး တောင်ကြီးဟဲဟိုးအထိ လူတော်တော်များများက သိထားကြတာပဲ ... မမဆောင်းမေးတာကို ကျွန်တော်ဖြေမှာပါ ... ”

“ဘာကွဲ့ ... ကိုသူရအောင်အကြောင်းကို လူတော်တော်များများသိပြီးသား ဟုတ်လား ... ”

“ဒီလိုပါ မမဆောင်း အစ်ကိုကြီးအကြောင်းကို ညောင်သုံးပင် ... စည်ပင် ... တောင်ကြီး ... ဟဲဟိုးကလူတွေသိထားသလောက်တောင် မမဆောင်း မသိနိုင်ဘူး ... ဒါကြောင့် မေးပါလို့ ကျွန်တော်ဆိုလိုတာပါ ... တကယ်တော့ မမဆောင်းဟာ အစ်ကိုကြီးနဲ့က သူစိမ်းမဟုတ်လား ... ”

“ဟုတ်တယ်လေ ... ညီမလေးနှောင်းနဲ့ မင်းအစ်ကိုကြီး လက်ထပ်ပေမဲ့ မမဆောင်းနဲ့ကျတော့ အနေသိပ်ဝေးတယ် မဟုတ်လား ... ညောင်သုံးပင်နဲ့ ရန်ကုန်က အဝေးကြီးမှ တကယ့်အဝေးကြီးပဲဟာ ... ”

ပြောလို့သာပြောလိုက်ရသည် လုလင်အောင်က မမဆောင်းနဲ့ အစ်ကိုကြီးဟာ သူစိမ်းတွေမဟုတ်လားဆိုသည့်စကားကြောင့် ရင်ထဲတွင် အမျိုးအမည် မခွဲခြားတတ်သော နာကျင်မှုတစ်မျိုးကို ဆောင်းခံစားလိုက်ရပါ၏။ အပေါ်သွားဖြင့်အောက်နှုတ်ခမ်းကိုပင် ကိုက်မိလိုက်သည်။



“ဟိုး ... လွန်ခဲ့တဲ့လေးနှစ်က အစ်ကိုကြီးက ညောင်သုံးပင်မှာ စိုက်ပျိုးရေးလုပ်ငန်းအတွက် ညောင်သုံးပင်က မြေယာကိစ္စတွေ ထွန်စက်ကိစ္စတွေကြောင့် ရန်ကုန်ဆင်းလာပြီး သက်ဆိုင်ရာတွေမှာ လျှောက်လွှာတင် ညှိနှိုင်းအမိန့်ယူကိစ္စတွေကြောင့် ရန်ကုန်မှာ နှစ်လနီးပါးလောက်ကြာခဲ့တယ် ... အဲဒီတုန်းက အစ်ကိုကြီးရဲ့အဖော်အဖြစ်နဲ့ ကျွန်တော့်ကို အစ်ကိုကြီး ရန်ကုန်ကို ခေါ်လာတာ အဲဒီတုန်းက ကျွန်တော့်အသက် ဆယ့်ခြောက်နှစ်ပဲ ရှိသေးတာ ... ”

“ဟုတ်ပါတယ် ... အဲဒီတုန်းက မောင်လုလင်အောင်က လူပျိုပေါက်အရွယ်ပဲ ရှိသေးတာပဲ ... အခုမှ မမဆောင်း မျက်စိထဲ ပြန်မြင် ပြန်မှတ်မိတယ် ... ”

“အဲဒီတုန်းက တောင်ကြီး အ.ထ.ကမှာ ကျွန်တော် ဆယ်တန်းဖြေပြီးလို့ ကျောင်းပိတ်ထားတုန်း အစ်ကိုကြီးက မင်းရန်ကုန်ကိုငါနဲ့လိုက်ခဲ့ဆိုလို့ လိုက်လာခဲ့တာပဲ မမဆောင်း ... ရန်ကုန်မှာ အစ်ကိုကြီးနှစ်လကြာတယ် ... နောက်ပြီး အစ်ကိုကြီးရယ် ... မမနှောင်းရယ် ... ကျွန်တော်ရယ် တောင်ကြီးပြန်လာလို့ မကြာခင်မှာ အစ်ကိုကြီးက ပန်းသီးခြံကြီးစိုက်မယ်ဆိုပြီး ညောင်သုံးပင်ကိုပြောင်းခဲ့ကြပြန်တယ် ... အဲဒီကတည်းက မမဆောင်းနဲ့ အစ်ကိုကြီး

www.burmeseclassic.com

www.burmeseclassic.com



သူရအောင်တို့ ဘယ်မှာ အဆက်အသွယ်ရှိတော့လို့လဲ ... ညောင်သုံးပင်ဟာ ... ချောင်ကျတဲ့ကုန်းမြင့်နေရာ တစ်ခုလေ... ဒီလေးနှစ်အတွင်းမှာ မမဆောင်းကလည်း ညောင်သုံးပင်ကို တစ်ခါမှ မလာဖူးဘူး ... အစ်ကိုကြီးကလည်း ရန်ကုန်ကို ပြန်ပြီး တစ်ခေါက်မှ မဆင်းလေတော့ မမဆောင်းနဲ့ အစ်ကိုကြီးဟာ သူစိမ်းပြင်ပြင်ဖြစ်သွားတာကို ကျွန်တော်ရည်ညွှန်းပြောပြတာပါ မမဆောင်း ... "

"မှန်တယ် ... ကိုသူရအောင်နဲ့ မမဆောင်းဟာ နှောင်းနဲ့ ပတ်သက်ပြီး မရီးနဲ့မတ်တော်စပ်ပေမဲ့ နေ့တိုင်ဆက်ဆံပုံကတော့ တကယ့်သူစိမ်းလိုပါပဲ ... ကဲ ... ဒါဆို အများကသိထားပေမဲ့ မမဆောင်းမသိတာမျိုးကိုပဲ မေးပါ့မယ် ... မမဆောင်းနဲ့ ကိုသူရအောင်စပြီး သိတုန်းက ကိုသူရအောင်ဟာ တောင်ကြီးမှာနေတယ် ... ငွေကြေးချမ်းသာတယ် ... ပျဉ်းမနားရေဆင်းတက္ကသိုလ်က ဘွဲ့ရထားပြီးဖြစ်တယ် ... အဲဒီတုန်းက ရန်ကုန်ကို အလုပ်ကိစ္စနဲ့ဆင်းလာတယ်ဆိုတာလောက်ပဲ မမဆောင်း သိထားခဲ့တယ် ... အဲဒီတုန်းကပဲ နှောင်းကို ချစ်ခင်စုံမက်တယ်ဆိုပြီး လက်ထပ်ခဲ့တယ် ... လက်ထပ်ခဲ့ပြီးတဲ့နောက် တောင်ကြီးမှာမနေဘဲ ညောင်သုံးပင်လို့ခေါ်တဲ့နေရာကို ဘာလို့ပြောင်းသွားတာလဲတဲ့ကွယ်"

"ဟုတ်ကဲ့ ကျွန်တော်အပြည့်အစုံ ဖြေပါ့မယ် မမဆောင်း... အစ်ကိုကြီးဟာ အသက်နှစ်ဆယ့်နှစ်နှစ်မှာ စိုက်ပျိုးရေး



တက္ကသိုလ်က ဘွဲ့ရခဲ့တယ် ... တကယ်တော့ အစ်ကိုကြီး ဆယ်တန်းအောင်စဉ်က လေးဘာသာဂုဏ်ထူးနဲ့ အောင်ခဲ့တယ် ... ဆရာဝန်လိုင်း၊ အင်ဂျင်နီယာလိုင်းကိုရနိုင်တယ်... ဒါပေမဲ့ အစ်ကိုကြီးက စိုက်ပျိုးရေးကိုပဲ ဝါသနာပါလို့ စိုက်ပျိုးရေးတက္ကသိုလ်ကိုပဲ တက်ခဲ့တယ် ... အစ်ကိုကြီးရဲ့ တကယ့်ဆန္ဒက ရှမ်းပြည်နယ်ရဲ့ မြေလပ်နေရာတွေမှာ မြေအမျိုးအစားအလိုက် သီးပင်၊ စားပင်တွေဖြစ်လာစေချင်တယ် ... ဒါပေမဲ့ အဲဒီတုန်းက ဖေဖေက အစ်ကိုကြီးရဲ့ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ဖို့ခွင့်မပြုဘူး ... ဖေဖေရဲ့လုပ်ငန်းတွေမှာပဲ ဝင်လုပ်ပေးရမယ်ဆိုလို့ အစ်ကိုကြီးဟာ မလွန်ဆန်ရဲပဲ ဖေဖေလုပ်ငန်းတွေမှာ ဝင်လုပ်ပေးခဲ့ရတယ် မမဆောင်း"

"အဲဒီ ဖေဖေရဲ့လုပ်ငန်းတွေက ဘာလုပ်ငန်းတွေလဲ ... မောင်လုလင်အောင် ... "

"ကုန်သည်လုပ်ငန်းတွေက ဘာလုပ်ငန်းတွေလဲ မောင်လုလင်အောင် ... "

"ကုန်သည်လုပ်ငန်း ပွဲရုံလုပ်ငန်းလေ ... တောင်ကြီးမှာ ကမ္ဘောဇပွဲရုံကြီးတောင်ထားတယ် ... ဖေဖေ အဓိကလုပ်ငန်းက သနပ်ဖက်နဲ့ လက်ဖက်လုပ်ငန်းပါ ... တောင်ကြီးဝန်းကျင် ကျေးလက်တွေမှာ ဖေဖေရဲ့ သနပ်ဖက်ခြံကြီးတွေ လက်ဖက်စိုက်ခင်းတွေအများကြီး ရှိတယ် ... အိမ်ရှေ့မှာမော်တော်ကားကြီး သုံးစီးကို ပိုင်ထားပြီး ခြံနဲ့စိုက်ခင်းက ထွက်

www.burmeseclassic.com

www.burmeseclassic.com



ကုန်တွေရော တခြားမြို့တွေစိုက်ခင်းတွေကထွက်တဲ့ ကုန်တွေရော ဝယ်ပြီး ပွဲရုံမှာ သိုလှောင်ထားတယ် ... ဖောက်သည်တွေဆီကို ကားကြီးတွေနဲ့ပို့ပေးတယ် ... ”

“တကယ့်လုပ်ငန်းကြီးတွေပဲ နော် ... ”

“ဒါကြောင့် ဖေဖေက အသက်ကြီးလာပြီ လုပ်ငန်းတွေမှာ မနိုင်တော့လို့ အစ်ကိုကြီးကို သူ့လုပ်ငန်းထဲ ဆွဲသွင်းကာ”

“မောင်လုလင်အောင်ရဲ့ မေမေကရော ... ”

“ရှိပါတယ် ... ဒါပေမဲ့ လူ့ဘဝမှာ မဟုတ်တော့ဘူး မမဆောင်း ... ”

“ဘာကွဲ ... လူ့ဘဝမှာ မဟုတ်တော့ဘူးဆိုတဲ့စကားက”

လုလင်အောင် ရယ်ပြန်သည်။ ရယ်လေသောအခါ သူ့အစ်ကို ကိုသူရအောင်နှင့် တူသွားပြန်သဖြင့် ဆောင်းက ငေးကြည့်မိပြန်သည်။

“ဒီလိုပါ မမဆောင်း မေမေက ငယ်စဉ်ကတော့ ဖေဖေရဲ့ လုပ်ငန်းတွေမှာ ဒိုးတူဘောင်ဘက် ဦးတစ်ထမ်း ပဲ့တစ်ရွက် မေမေလုပ်ခဲ့ပါတယ် ... အသက်လေးနည်းနည်းရလာတော့ မေမေက တရားဓမ္မအကြောင်းကို လိုက်စားတယ် ... သိပ် အာသီသပြင်းထန်လာတယ် ... အစ်ကိုကြီး စိုက်ပျိုးရေး တက္ကသိုလ်က ဘွဲ့ရပြီး ဖေဖေ့လုပ်ငန်းထဲရောက်လာတာနဲ့ မေမေက တစ်ခါတည်း ကတုံးတုံးပြီး သီလရှင်ဘဝကို ကူးပြောင်းတယ် ... စစ်ကိုင်းချောင်မှာ ကိုယ်ပိုင်ဇရပ်နဲ့ သွားနေ



လိုက်တော့တာပါပဲ ... ဒါကြောင့် မေ့မေဟာ လူ့ဘဝမှာ မဟုတ်တော့ဘူးလို့ ကျွန်တော်ပြောလိုက်တာပါ ... ”

“သြော် ... သြော် ... ”

“မေမေက တကယ် သဲ့ယောဇဉ်ပြတ်တယ် ... မမဆောင်း ဖေဖေ့ကိုရော သားနှစ်ယောက်လုံးကိုရောလေ ... ”

“တောင်ကြီးကို ပြန်ကြွမလာဘူးလား ... ”

“ကြွမလာဘူး မမဆောင်းရေ့ ... ”

“တစ်နှစ်ကို နှစ်ကြိမ်လောက် အစ်ကိုကြီးနဲ့ ကျွန်တော်ရော ဖေဖေရော မေမေသီလရှင်ရှိရာ စစ်ကိုင်းကို သွားတွေ့တယ် ... ဒါတောင် ဆီ၊ ဆန်၊ ငရုတ်၊ ကြက်သွန်စတာတွေကို လှူတာ လက်ခံပေမဲ့ ငွေကြေးတော့ တစ်ပြားမှ အလှူလက်မခံဘူး ... အဲ ... ဖေဖေဆုံးတုန်းကတော့ လှမ်းအကြောင်းကြားလို့ မေမေသီလရှင်တစ်ခေါက် တောင်ကြီးကို ကြွလာတယ် ... ဖေဖေ့အလောင်းကို ကမ္မဋ္ဌာန်းရှုသလို ကြည့်တယ် ... မျက်ရည်တစ်စက်မကျစေဘူး ... ကျွန်တော်တို့ ညီအစ်ကို ငိုတာကိုတောင် မငိုနဲ့တဲ့ ... ငိုခြင်းဟာစိတ်ရဲ့ အပင်ပန်းဆုံးပဲတဲ့ ... ဒါဟာ အနိစ္စပဲတဲ့ ... သက်ရှိသက်မဲ့ သတ္တဝါအားလုံး တည်မြဲတာ ဘယ်မှာရှိလို့လဲတဲ့ ... ဇာတိ၊ ဇရာ၊ ဗျာဓိမရဏတဲ့ ပဋိသန္ဓေတည်ကစပြီး မွေးဖွားပြီးနောက် စက္ကန့်တိုင်း၊ မိနစ်တိုင်း၊ လတိုင်း၊ နှစ်တိုင်း၊ တရွေ့ရွေ့ မရဏပန်းတိုင်ကို သွားနေကြတာဘဲ ... လူသူငါ

www.burmeseclassic.com



တစ်နေ့ကျရင် သေရမှာဘဲတဲ့ ... ဘုရားရှင်ကိုယ်တော်မြတ် ကိုယ်တိုင်တောင်မှ အနိစ္စကို မလွန်ဆန်နိုင်ဘဲ ပရိနိဗ္ဗာန် စံတော်မူရသေးတာပဲတဲ့ ... အမ်မာလေး တရားတွေပြပြီး ဖေဖေအလောင်း အသုဘချပြီးတဲ့နေ့မှာပဲ မေမေသီလရှင် စစ်ကိုင်းကိုပြန်ကြွသွားတာပဲ ... "

လုလင်အောင် အနိစ္စကိစ္စတွေ အရှည်ကြီးပြောလေမှ ဆောင်း၏ အာရုံသည် ကွယ်လွန်သွားရှာသည့် ညီမလေးနှောင်းဆီသို့ ရောက်သွားပြန်သည်။ မျက်ရည်ကျရပြန်သည်။ ငိုရပြန်သည်။

သို့သော် ဆောင်းသည် ငိုထားလွန်းသဖြင့် ယခု သိမ့်သိမ့်ခါအောင် မငိုနိုင်တော့ပြီ။

ဆောင်းစိတ်ထဲတွင် ညီမလေးနှောင်း မည်သို့မည်ပုံ မည်သို့သောအကြောင်းနှင့် သေရသည်ကိုသာ သိချင်စိတ်ပြင်းထန်ကာ အာရုံစိုက်လာသည်။

သို့ကြောင့်လည်း ... ယခုကပင်စတင်ပြီး လုလင်အောင် ထံတွင် စုံစမ်းမှုများပြုလုပ်လာခြင်း ဖြစ်ပါ၏။

"အေးကွယ် ... သေတဲ့လူလည်း သေပြီးပဲ ကိုသူရအောင် ညောင်သုံးပင်ကို ပြောင်းတဲ့အကြောင်းပဲ ဆက်ပြောပါ"

"ဖေဖေဆုံးပြီး ခြောက်လအကြာမှာပဲ အစ်ကိုကြီးက ကမ္ဘောဇပွဲရုံကြီးကိုရောင်းပစ်လိုက်တယ် ... ခြံတွေနဲ့ စိုက်ခင်းတွေကိုတော့ မရောင်းဘူး ... သူက စိုက်ပျိုးရေးဝါ



သနာကြီးသူမဟုတ်လား ... ခြံတွေနဲ့စိုက်ခင်းတွေကို အစ်ကိုကြီးကိုယ်တိုင် ဦးစီးလုပ်တယ် ... "

"ဒီလိုနဲ့ ရှမ်းပြည်နယ်ဘက်က မြေလွတ်တွေကို လေ့လာရင်း ညောင်သုံးပင်က မြေကို အစ်ကိုကြီးမျက်စိ ကျသွားတယ်... သူ့ရဲ့စိုက်ပျိုးရေးပညာမျက်စိနဲ့ကြည့်ပြီး ညောင်သုံးပင်က မြေဟာ နိုင်ငံခြားပန်းသီးမျိုးစိုက်ရင် ရနိုင်တယ်လို့ ယူဆတယ် ... ညောင်သုံးပင်ရဲ့ ရာသီဥတု ... ကုန်းမြင့် အနေအထား၊ ပင်လယ်ပြင်နဲ့ အကွာအဝေးအချက်အလက်တွေ ဟာ ပန်းသီးစိုက်နိုင်လောက်တယ်လို့ ယူဆရုံမက ဒီထက် သေချာအောင် ဩစတြေးလျကို ကိုယ့်ငွေနဲ့ကိုယ်သွားပြီး လေ့လာခွင့်လျှောက်ထားတယ် ... "

"နေပါဦးကွဲ့ မင်းအစ်ကိုကြီးဟာ ပန်းသီးစိုက်ဖို့ တစ်ခုစာည်းနဲ့ ဒီလောက်နိုင်ငံခြားသွားလေ့လာရသတဲ့လား ... ကိုယ့်စရိတ်နဲ့ကိုယ် နိုင်ငံခြားပညာသွားသင်ရတာ နည်းနည်းနောနော ကုန်ကျတာမှ မဟုတ်တာ ... "

"အကြောင်းရှိပါတယ် ... မမဆောင်း ... ဖေဖေဟာ လူကြီးရောဂါနဲ့ အိပ်ရာပေါ်မှာ ဗုန်းဗုန်းလဲခဲ့တဲ့အကြောင်းပါပဲ... သွေးတိုးရောဂါ၊ နှလုံးရောဂါကြောင့် လေဖြတ်ပြီး ဗုန်းဗုန်း လဲသွားတာ ... ဒီတော့ လူမမာရဲ့ထုံးစံအတိုင်း ဟိုဟာစားချင် ဒီဟာစားချင်နဲ့ နိုင်ငံခြားပန်းသီးကိုစားချင်တယ်ပေါ့ ... မတ်လ၊ ဧပြီလမျိုးမှာ မြန်မာပြည်မှာ နိုင်ငံခြားပန်းသီး

www.burmeseclassic.com



ဘယ်မှာလွယ်လွယ်ရမလဲ ... အစ်ကိုကြီးက ဖေဖေစားချင်တယ်ဆိုလို့ မန္တလေးဆင်းဝယ်စေတယ် ... မရဘူး ... နောက်ဆုံး ဟဲပ်ဟိုးကနေ လေယာဉ်လက်မှတ်အသွားအပြန်ယူပြီး ရန်ကုန်မှာ ဆင်းဝယ်ခိုင်းတယ် ... ”

“ရခဲ့လား မောင်လုလင်အောင် ... ”

“ရတယ် မမဆောင်း ... ရန်ကုန်မှာ တရုတ်စီးပွားရေးသမားတွေ အကွက်မြင်မှုနဲ့ အအေးခတ်လှန်ကဲအောင် ပေးပြီး မွေးထားတဲ့ နိုင်ငံခြားပန်းသီးရခဲ့ပါတယ် ... တစ်လုံးကို ငါးဆယ်ပေးရတယ် ... တစ်ပြားမှ မလျှော့ဘူး ... ဖေဖေ့အတွက် ပန်းသီးအလုံးငါးဆယ် ဝယ်လာတယ် ... အဲဒါ ရန်ကုန်မှာရှိသလောက် ရသလောက် ကျုံးဝယ်လာတာပဲ”

“ဒါဆို လေယာဉ်ခတွေ ဘာတွေညာတွေနဲ့ဆို ပန်းသီးတစ်လုံး တစ်ရာလောက်ကုန်ကျမှာပေါ့ ... ”

“ကုန်ချင်သလောက်ကုန်ပလေ့စေဆိုတဲ့ စိတ်ဆန္ဒနဲ့ အစ်ကိုကြီးလုပ်တာပဲ မမဆောင်း ... ဒါပေမဲ့ ဖေဖေဟာ နိုင်ငံခြားပန်းသီးကို တစ်ကိုက်တောင်စားမသွားရရှာပါဘူး ဗျာ”

လုလင်အောင်သည် ခြောက်ကပ်သော ရယ်သံနှင့် ရယ်လိုက်သေးသည်။

“ရန်ကုန်ကိုအဝယ်လွှတ်လိုက်တဲ့လူက ပန်းသီးတော့ ရပြီးဟဲပ်ဟိုးကို လေယာဉ်ထွက်တဲ့ရက်ပတ်ကို စောင့်ရဦးမှာလားလို့ ဖုန်းနဲ့လှမ်းမေးတယ် ... အစ်ကိုကြီးက မစောင့်နဲ့ ကား



စီစဉ်လာခိုင်းတာပါ ... ဒါပေမဲ့ အဲဒီ ပန်းသီးဝယ်တဲ့လူ မရောက်ခင် နာရီဝက်လောက်မှာပဲ ဖေဖေ ဆုံးသွားတယ်လေ ... ”

“ဖြစ်မှဖြစ်ရလေကွယ် ... တကယ်စိတ်မကောင်းစရာပဲ”

“တရားကျစရာပေါ့ မမဆောင်း ... ကျွန်တော်ကြားဖူးတယ် ရာဇသင်္ကြန်အမှတ်ကြီးဟာ ကြံစုပ်တာ အရင်းဘက်ကစပြီး စုပ်တာကို မင်းကြီးက မြင်ပြီး အမြင်မတော်လို့ မေးတဲ့အခါ မှန်လှပါ လူဆိုတာ ကွေးသောလက်မဆန့်မီ ဆန့်သောလက်မကွေးမီ သေနိုင်ပါတယ် ... ဒါကြောင့် ကြံစုပ်ရင်းသေသွားတောင် ချိုမြတဲ့အရင်းပိုင်းစုပ်ရင်း သေချင်သေပါစေဘုရားလို့ ပြန်လျှောက်ထားသတဲ့ ... ”

“အဟမ်း ငါ့မောင်က ဘယ်ဆိုးလို့လဲ ... ”

“ကျွန်တော် ... စကားကြီးစကားကျယ်တွေ ပြောနေတာ မဟုတ်ပါဘူး မမဆောင်း ... တကယ် တရားကျစရာကောင်းလို့ ပြောနေတာပါ ... အဲဒီကစပြီး အစ်ကိုကြီးမှာ ပန်းသီးရောဂါထတော့တာပဲ မမဆောင်း ... ဒီလောက်အဝယ်ရခက်တဲ့ ပန်းသီးကို မြန်မာပြည်မှာ ဘာလို့မစိုက်နိုင်ရမှာလဲ ... အဲဒီနိုင်ငံခြားပန်းသီးစိုက်လို့ ကိုက်ညီရရှိနိုင်တဲ့ မြေ၊ ရေ၊ လေ၊ နေကစပြီး အဲဒီရာသီဥတုမျိုးရှိတဲ့နေရာကို ရှမ်းပြည်နယ်မှာ အနှံ့လိုက်ရှာကြည့်တော့ ညောင်ဆိုးပင်အရပ်ကို သွားတွေ့တယ် ... အဲဒီက မြေကို ထုတ်ယူပြီး

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြား ဩစတြေးလျကိုသွားပြီး ပန်းသီးစိုက်ပညာသင်တော့တာပဲ မမဆောင်း ...”

“ဒါဆို မင်းအစ်ကိုကြီး ကိုသူရအောင်ဟာ သူလုပ်ချင်တာဆို မရမနေဖြစ်အောင်လုပ်တဲ့ စိတ်မျိုးပေါ့နော် ...”

“အဲဒါတော့ မပြောနဲ့တော့ မမဆောင်း ... အစ်ကိုကြီးက သူ့စိတ်ထဲလုပ်သင့်တယ်လို့ ဆုံးဖြတ်ပြီးရင် တုံးတိုက်တိုက် ကျားကိုက်ကိုက်လုပ်တယ် ...”

ဆောင်းက ဦးခေါင်းညိတ်လိုက်ပါ၏။

“ကံအားလျော်စွာပဲဆိုပါတော့ ... အစ်ကိုကြီး ဩစတြေးလျက ပန်းသီးမျိုးတွေယူလာပြီး စနစ်တကျ ညောင်သုံးပင်မှာ စိုက်လိုက်တာ အောင်မြင်တယ်ဆိုပါတော့ ...”

“နှောင်းကလည်း ညောင်သုံးပင်မှာလိုက်နေတယ်နော် ... တောင်ကြီးအိမ်မှာနေရင်လည်း အဖြစ်သားနဲ့ ... တောင်ကြီးအိမ်မှာသာနေရင် ညီမလေး နှောင်း အခုလိုသေသွားစရာမရှိဘူးပေါ့ ...”

“မှန်ပါတယ် မမဆောင်း ... အစ်ကိုကြီးကိုယ်တိုင်က မမနှောင်းကို ညောင်သုံးပင်မှာလိုက်မနေနဲ့လို့ တောင်းပန်သေးတယ် ... စနေ တနင်္ဂနွေနှစ်ရက် အစ်ကိုကြီး တောင်ကြီးကို ပြန်လာခဲ့ပါမယ်လို့ ...”

“ဘာလဲ ... ညောင်သုံးပင်မှာ လိုက်နေရင် နှောင်းသေမှာကို ကိုသူရအောင်က ကြိုတင်သိနေလို့လား ...”



“ဗျာ ...”

လုလင်အောင်သည် ... ဆောင်းပြောလိုက်သောစကားကို ... ဘယ်လို အဓိပ္ပာယ် ကောက်ရမည်မှန်း မသိသောအာမေဍိတ်သံတွက်သွားပါ၏။

“ဆက်ပြောပါ မောင်လုလင်အောင် ဘာဖြစ်လို့ ကိုသူရအောင်က နှောင်းကို ညောင်သုံးပင်မှာ မနေစေချင်တာတဲ့လဲ ...”

“ညောင်သုံးပင်ဟာ အတွင်းကျ ... ချောင်ကျတယ်ဆိုပေမဲ့ နေတဲ့လူတွေက လူပေါင်းစုံတယ် မမဆောင်း ... မှောင်ခိုဒိုင်အုပ်တွေ ကယ်ရီအထမ်းသမားတွေ ခြေရှုပ်စတည်းချတဲ့နေရာဖြစ်နေတယ် ... ဒီလူတန်းစားမျိုးတွေရဲ့ အကြောင်း မမဆောင်းလည်း ကြားဖူးမှာပါ ... မိုက်တိမိုက်ကန်း ဒုစရိုက်သမားတွေလေ ... တရားဝင်မဟုတ်တဲ့ သေနတ်ပုန်းတွေကိုင်ပြီး တောလမ်းခရီးမှာ တစ်ယောက်ကိုတစ်ယောက် ဗိုလ်ကျနေသူတွေ ... မကောင်းမှုလုပ်တဲ့လူတွေ”

“အံပါ့ကွယ် ... ဒီလိုလူတွေကြားမှာ နှောင်းက လိုက်နေရတယ်လို့ ...”

“ဟုတ်ပါတယ် မမဆောင်း ... ဒီလူကြားတွေထဲမှာပဲ ကိုယ့်ဘဝကို တန်ဘိုးမထားတဲ့ အမျိုးသမီးပျက်တွေလည်း ရှိနေကြတယ် ... သူတို့နဲ့ မမနှောင်းနဲ့ တခြားစီ ... ဘယ်လိုမှ မနှိုင်းယှဉ်အပ်ဘူး ... ဒါကြောင့် အစ်ကိုကြီးက မမနှောင်း

www.burmeseclassic.com

www.burmeseclassic.com



ကို တောင်ကြီးမှာပဲ နေစေချင်တာ … ဒါပေမဲ့ မမနှောင်းက အစ်ကိုကြီးပြောလို့မှ မရတာ … အစ်ကိုကြီးက မမနှောင်း လိုက်မယ်ဆိုတာကို ခေါ်သွားပြီး အရေးရှိလာရင် သူကိုယ်တိုင် ရှေ့က ကာကွယ်ပေးမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ချရတာ … အစ်ကိုကြီးမှာ သေနတ်သုံးလက်ရှိတယ် … တပည့်တွေလည်းရှိတယ် … အဲဒီက ဒုစရိုက်သမားတွေဟာ အစ်ကိုကြီးနဲ့ဆို ဘုတ်ရှိသေ ကျိုးရှိသေသဘောနဲ့ နေနေကြတာ … ”

“နေပါဦး ညောင်သုံးပင်မှာ အစိုးရအုပ်ချုပ်ရေး ကင်းကွာနေလို့ ဒီလို မှောင်ခိုသမားတွေ ဒုစရိုက်သမား သေနတ်ပုန်းတွေကိုင်ပြီး ကြီးထွားနေကြတာလား … ”

“အစ်ကိုကြီးကိုင်တဲ့ သေနတ်တွေကတော့ လိုင်စင်နဲ့ ကိုင်တဲ့ သေနတ်တွေပါ … ညောင်သုံးပင်ဟာ အစိုးရအုပ်ချုပ်ရေး အောက်မှာလည်း ရှိနေတာပါ … တောင်ကြီးမိုင်းပွန်ရဲ့ အုပ်ချုပ်ရေးထဲမှာပါ … ဒါပေမဲ့ ညောင်သုံးပင်ဟာ သွားရေးလာရေးခက်ခဲတဲ့ ကုန်းမြင့်ပေါ်မှာတည်ရှိနေတဲ့ ရွာတစ်ရွာ အဆင့်မှာပါ … ဒီတော့လည်း ညောင်သုံးပင်လို့ ရွာတစ်ရွာမှာ ရဲစခန်းချထားဖို့ မလိုဘဲ မကြာခဏ တိုက်ကင်းတွေ ဝင်ရောက်ပြီး လုံခြုံရေးပေးထားတဲ့နေရာပါ … ဒီတော့လည်း မမဆောင်းတို့ ရန်ကုန်က ပလက်ဖောင်းပေါ်မှာ ဖယောင်းပုဆိုးခင်း ဈေးရောင်းတဲ့ ဈေးသည်တွေလိုပေါ့



စည်ပင်က စစ်ဆေးရေးတွေလာရင် ဖယောင်းပုဆိုးနဲ့ပစ္စည်းတွေထုတ်ပြီး လွတ်ရာသွားရော … အဲဒီလူတွေ ပြန်သွားမှ ဖယောင်းပုဆိုး ပလက်ဖောင်းမှာ ပြန်ခင်းရောင်းကြသလိုပဲလေ … ညောင်သုံးပင်ကို … တိုက်ကင်းဝင်လာတာနဲ့ ဒုစရိုက်မှောင်ခိုသမားတွေ တိမ်းရှောင်ထွက်ပြေးတယ် … ကြောင်လည်းသွားရော ကြွက်ပြန်လာတဲ့ပုံစံမျိုးပေါ့ … ”

“အင်းလေ … ဒါနဲ့တောင် ညီမလေးနှောင်းက ဘာလို့ ညောင်သုံးပင်မှာ … လိုက်နေချင်ရတာလဲ မောင်လုလင်အောင် … ”

“အဲဒါတော့ ကျွန်တော် မသိပါဘူး မမဆောင်း … ”

“မမဆောင်း ထင်တာကတော့ … ညီမလေး နှောင်းက သူ့ယောက်ျား ကိုသူရအောင်ကို သိပ်ချစ်တယ် … ညောင်သုံးပင်မှာ မိန်းမတွေကလည်း အများကြီးရှိနေတော့ ကိုယ့်ယောက်ျားကို စိတ်မချလို့ လိုက်နေတာ ဖြစ်မှာပေါ့ … ”

“အဲဒါလဲ ကျွန်တော်မသိဘူးပဲ မမဆောင်း … ”

နှောင်းနှင့်ပတ်သက်လာလျှင် လုလင်အောင်သည် ယုန်ပညာရှိ နှာစေးသည့်ပုံစံမျိုးသာ ဖြေတော့သည်။ အကယ်၍သာ နှောင်းအနေနှင့် ကိုသူရအောင်ကို သိပ်ချစ်သောကြောင့် ညောင်သုံးပင်တွင် လိုက်နေရိုးမှန်ခဲ့လျှင် …

“ဟာ … ဟုတ်တာပေါ့ မမဆောင်း … အစ်ကိုကြီးကို စိတ်

www.burmeseclassic.com

www.burmeseclassic.com



မချလို့ မမနှောင်းက အစ်ကိုကြီးကို သိပ်ချစ်လို့ လိုက်နေတာပေါ့ ... ”

ဟု အလွယ်တကူဖြေပေမည်။

ဆောင်း ထပ်ဆင့် စဉ်းစားကြည့်သည်။

လုလင်အောင်ကို ... အကဲခတ်ပြီး လုလင်အောင်ကိုယ်တိုင်က နှောင်း၏အကြောင်းအချို့ကို သိထားသည်များ ရှိရမည်။ သူကိုယ်တိုင် နှောင်းကို မကျေနပ်ခဲ့သောကြောင့် မကျေနပ်သော အရိပ်အယောင်စကားများဆိုခြင်းပေလား။ ယင်းအချက်ကိုလည်း ဆောင်း စူးစမ်းရမည်သာ။

--- ---



# ၃

သေဆုံးသည့်နေ့မှ ယနေ့ဆောင်းရောက်လာသည့်နေ့အထိ နှောင်း၏အလောင်းမှာ(၄)ရက်ရှိသွားပြီ။

နှောင်း၏အလောင်းမှာ ပကတိလှပနေဆဲဖြစ်ပါ၏။ သေသွားသည်နှင့်မတူဘဲ အင်္ဂလိပ်ပုံပြင်ထဲက အကြာကြီးအိပ်ပျော်နေသော မင်းသမီးလေးကဲ့သို့ လှပချောမောနေသည်။

ဆောင်းသည် ညီမအလောင်းကို တစ်ခုအားကြီးဖက်ကာ တစ်အားကြီး ငိုပေတော့သည်။ ဒေါ်လေးသူဇာလည်း ငိုပြန်ပါ၏။

“နှောင်းရယ် ... တံဆိုးလိုက်တာ ... ”

“ညီမလေးရယ် ဆွေမရှိ မျိုးမရှိတဲ့ ဒီနေရာမျိုးမှာမှ အသေဆိုးနဲ့လာသေရလို့ မမဆောင်း မချိဘူး နှောင်း ...”

www.burmeseclassic.com

www.burmeseclassic.com



ဆောင်း၏ နှုတ်မှလည်း မခံချိမခံသာ ပြောနေမိသည်။

ကိုသူရအောင်သည် နှောင်း၏ အလောင်းဘေးတွင် ငူငူငေါင်ငေါင် ထိုင်နေပြီး ဆောင်းငိုနေသည်ကို ငေးကြည့်နေပေသည်။

ကိုသူရအောင်ကို မြင်ရသည်မှာ မျက်နှာတော့ မကောင်းလှ၊ သို့သော် ယောကျ်ားရင့်မကြီးလားတော့မသိ။ နှောင်း သေဆုံးခြင်းအတွက် ဆောင်းတို့ရောက်လာချိန်တွင် ငိုယိုခြင်းမရှိပေ။

ဆောင်းသည် တစ်နာရီခန့် အားရပါးရ အူလှိုက် အသဲလှိုက်ငိုပြီး တဖြေးဖြေးအရှိန်ရှော့လာသည်။

ဆောင်း၏ ဦးနှောက်ထဲတွင် ဒေါက်တာဝင်းထွတ်၏ ထင်မြင်ချက်စကားတွေ ထင်ဟတ်လာသည်။ ထို့ကြောင့် ငိုခြင်းကို ရပ်လိုက်စေကာ ကိုသူရအောင်အား ရဲရဲတင်းတင်းမျက်နှာထားတင်းတင်းနှင့် ရင်ဆိုင်ကြည့်လိုက်သည်။

"ဒီမှာ ကိုသူရအောင် နှောင်းကိုယ်ပေါ်မှာအုပ်ထားတာတွေ ဖယ်ပြီး နှောင်း၏ကိုယ်ကို ကျွန်မကြည့်ချင်တယ် ..."

"အဲဒါ မကောင်းဘူးထင်တယ် ..."

"ကျွန်မ ကြည့်ချင်တယ် ..."

မျက်နှာထားတင်းတင်း လေသံတင်းတင်းနှင့်ပြော လာသော ဆောင်းကို သူရအောင်က ကြည့်၍ သက်ပြင်းချရင်း မနီးမဝေးရှိ ပုဂ္ဂိုလ်တစ်ဦးထံသို့ လှမ်းပြောလိုက်သည်။



"ကဲ ... ဒေါက်တာ စောဒီ ဟောဒီက မဆောင်းက သူ့ညီမ မနှောင်းရဲ့ ကိုယ်ခန္ဓာကို ကြည့်ချင်တယ် ... အုပ်ထားတာတွေ ဖယ်ပေးပါတဲ့ ..."

ဒေါက်တာ စောဒီဆိုသူမှာ အသက်သုံးဆယ်ကျော် ရှိခဲ့သည်။ အသားဖြူပြီး မေးရိုးလေးထောင့်ကျသည်။ ရှပ်အဖြူ က်တိုဝတ်ထားပြီး နက်ကတိုင်အနက် တက်ထရက်(စ်)ဘောင်းဘီအနက် ဝတ်ဆင်ထားသည်။ လည်ပင်းမှ ရင်ဘတ်သို့ နားကျပ်တွဲ ဆောင်းချိတ်ထားသည်။

"မနှောင်းရဲ့အစ်မ မဆောင်းတဲ့လား ..."

"အဲ ... ကျွန်တော် မိတ်ဆက်ပေးဖို့ သတိမေ့သွားတယ် ... ဟုတ်ပါတယ် ဒေါက်တာ စောဒီ အဲဒါ ရန်ကုန်အထက်တန်းကျောင်းက အထက်တန်းပြဆရာမ မဆောင်းပါ ... ဒါက ဒေါက်တာ စောဒီပါ မဆောင်း ..."

ဒေါက်တာ စောဒီက မိတ်ဆက်ပေးမှုကို အလေး အနက်သဘောထားသည့် သဘောပြသပြီး ဦးခေါင်းညိတ်ပြရင်း တစ်ဆက်တည်း ပြောပြသည်။

"ကျုပ် အကြံပြုချင်တာကတော့ အလောင်းရဲ့ခန္ဓာကိုယ်ကို ဖွင့်မကြည့်ရင် ကောင်းပါတယ်လို့ပဲ မစ်(စ်)ဆောင်း"

"ဘာလို့ မကြည့်ရင်ကောင်းတယ်လို့ ဒေါက်တာပြောတာလဲ ဒေါက်တာ ..."

"မကြည့်သင့်တော့လို့ပါ ..."

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ကြည့်ချင်တယ် ဒေါက်တာ ..."

"အိုကေ ကြည့်ရဲရင်ကြည့်လို့ရပါတယ် ... ဒီအခန်းထဲမှာရှိတဲ့ လူတွေ မစ္စတာသူရအောင်ရယ် ... မစ္စဆောင်းရယ်ကလွဲပြီး အားလုံးအပြင်ထွက်ပေးရပါမယ် ... မစ္စက်(ခ်)သူရအောင် နှောင်းရဲ့အလောင်းကို ကျွန်တော် ခွဲစိတ်ထားပါတယ် ... ခွဲစိတ်ပြီး အင်တာနယ်အော်ဂင်တွေကို ကျွန်တော် စစ်ဆေးထားတာပါ ... ဒါပေမဲ့ ပြန်ချုပ်ထားပါတယ် ... နောက်တစ်ချက်က အလောင်းကို ရက်ကြာကြာခံအောင် လုပ်ပေးပါလို့ မစ္စတာ သူရအောင်က ပြောလို့ အလောင်းရဲ့ ပေါင်တစ်ဖက်က သွေးပြန်ကြောကို ဖြတ်ပြီး ဆေးသွင်းထားပါတယ် ... အဲဒါတွေကို မစ္စဆောင်းတွေ့ရင် စိတ်မထိန်းနိုင်ဘဲ ရှော့(ခ်) ဖြစ်မှာစိုးရပါတယ် ... တခြားသူများအလောင်းကို ကြည့်ရဲပေမဲ့ ကိုယ့်သွေးသားအရင်းခေါက်ခေါက်ကို ဒီလိုပုံစံနဲ့တွေ့ရင် ကာယကံရှင် စိတ်ထိခိုက်တတ်လို့ပါ ... ဒါ ကြိုတင်ပြီး သတိပေးပြောပြတာပါ ... ကြည့်ချင်သပဆို ညီသည်တွေကို အပြင်ထွက်ခိုင်းလိုက်ပါ ... မစ္စတာ သူရအောင် ..."

"အို ... နှောင်းရယ် ... ညီမလေးရယ် ..."

ဆောင်းထပ်ငိုပြန်သည်။ ငိုလျက်ကပင် သူရအောင်အား ဆောင်းကလှမ်းပြောပါ၏။

"ညီ့သည်တွေကို မနှင်ပါနဲ့ ကိုသူရအောင် ကျွန်မ အလောင်းကိုယ်ခန္ဓာကိုယ် မကြည့်ရက်တော့ပါဘူး"



ဆောင်း တွေးလည်းတွေးမိသည်။

ညီမလေး နှောင်း၏ကိုယ်ခန္ဓာတစ်ခုလုံးအား ငါးစာ မွှန်း ခွဲစိတ်ထားပြီးမှ ဆောင်းက ကြည့်တော့ကော ဘာလို့သေရသည်ဆိုသည့်ဒဏ်ရာ ဒဏ်ချက်ကို ဆောင်း ရှာဖွေတတ်မည်တဲ့လား ... မသင်္ကာစရာကို ဆောင်းဘာလို့တွေးနိုင်ပါတော့မည်လဲ ... ထို့ကြောင့် မကြည့်တော့ပါဟု ပြောလိုက်ပေတော့သည်။

အားလုံး ငိုနေမြဲ ကျားနေမြဲရှိသွားပါ၏။

"ကျွန်မ တစ်ခုတော့ မေးချင်ပါသေးတယ် ဒေါက်တာ"

"ရက်(စ်)မေးပါ ..."

"ညီမလေး နှောင်းဟာ ရေနစ်လို့သေရတာ အမှန်ပဲလား ဒေါက်တာ ..."

"အို ... ရက်(စ်)ရှူးဝါး ... ဒီအလောင်းဟာ ရေနစ်လို့သေရတာ ..."

"မဖြစ်နိုင်ဘူး ... မဖြစ်နိုင်ဘူး ဒေါက်တာ ... နှောင်းဟာ ရေကူးသိပ်ကျွမ်းကျင်တယ် ... ဘယ်လောက် ရေကူးကျွမ်းကျင်တင်ဆိုတာ ကိုသူရအောင်ကိုယ်တိုင် အသိဆုံးပါ ... နှောင်းဟာ ရေနစ်လို့သေတာမဖြစ်နိုင်ပါဘူး ဒေါက်တာ"

သူရအောင်သည် ဆောင်း၏စကားကြောင့် စိတ်မသက်မသာ ဦးခေါင်းငုံ့ထားလိုက်ပါ၏။

ဒေါက်တာ စောဒီက နှောင်း၏စကားများကြောင့် မျက်နှာထားတင်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"မစ္စဆောင်း ပြောလိုက်တဲ့စကားဟာ ကျုပ်ရဲ့ပရော်ဖက်ရှင်နယ်ဆရာဝန် ဂုဏ်သိက္ခာထိခိုက်နေပြီပဲ ... လောကကြီးမှာ လူတစ်ယောက်သေတာကို မှန်မှန်မပြော နိုင်တဲ့ဆရာဝန်ဆိုလောက် ... ရှက်စရာကောင်းတာ ရှိဦးမတဲ့လား မစ္စဆောင်း ... ကျုပ် ဒီအလောင်းကို ခွဲစိတ်ချိန်မှာ သူမရဲ့ဟတ်(ခ်)ဘင်း မစ္စတာ သူရအောင်ကိုယ်တိုင်ရော ဒီကျေးရွာက လူကြီးပုဂ္ဂိုလ်တွေရောရှိတယ် ... ကျုပ်ခွဲစိတ်ရတာ တလည်း မစ္စတာ သူရအောင်ရဲ့ တောင်းပန်ချက်အရ ခွဲစိတ်ပြီး စစ်ဆေးရတာပါ ... အလောင်းရဲ့အဆုတ်ထဲမှာ ရေတွေအပြည့်ရှိရုံမကဘူး အဆုတ်ထဲဝင်နေတဲ့ ရေထဲမှာ ရေအောက်မှာပေါက်နေတဲ့ မှော်ပင် မှော်ဖက်တွေပါ တွေ့တာကို အရပ်လူကြီးပုဂ္ဂိုလ်တွေနဲ့ မစ္စတာ သူရအောင်ကိုပါ ကျုပ်ပြသေးတယ် ... ဒါဆို ဒီအလောင်းဟာ ရေနစ်သေတာ မဟုတ်ရင် ဘာလို့သေမှာလဲ ... ကျုပ်အများကြီး ဝမ်းနည်းပါတယ် မစ္စဆောင်း ..."

ဆောင်းသည် ယဉ်ကျေးမှုအရ ဒေါက်တာ စောဒီ၏ ဆေးပညာအတတ်ရှင်အား စော်ကားရာရောက်သွားပြီဟု ချက်ချင်း သဘောပေါက်သွားပါ၏။

ထိုစဉ်မှာပင် ညောင်သုံးပင်၏ ဒေသလူကြီး ပုဂ္ဂိုလ်တွေဖြစ်သော ဦးဘကျူးနှင့် ဦးစံလင်းကလည်း ဝင်ရောက်ပြောလာသည်။



"ဟုတ်ပါတယ် မိန်းကလေး မိန်းကလေးရဲ့ညီမ နှောင်းကို ဦးကြီးတို့လူကြီးတွေရှေ့မှာပဲ ဒေါက်တာ စောဒီက ခွဲစိတ်တာပါ ... နှောင်းဟာ ရေနစ်သေဆုံးတာ အမှန်ပါ ..."

ဆောင်း မျက်လွှာချကာ ဒေါက်တာစောဒီအား တောင်းပန်းစကားဆိုပေတော့သည်။

"ကျွန်မ မှားသွားပါတယ် ဒေါက်တာ ... ကျွန်မစိတ်တွေ မွန်ထူနေလို့ပါ ... နောက်ပြီး ညီမလေးဟာ ရေနစ်ပြီး မသေနိုင်ဘူးထင်လို့ပါ ... သူ့ရဲ့ ရေကူးကျွမ်းကျင်မှုကြောင့် ပြောမိတာပါ ... ကျွန်မရဲ့ ပြောမှားဆိုမှားကို ခွင့်လွှတ်ပါ ဒေါက်တာ ..."

"ဟဲ့ ... ကျုပ် မျက်စိအောက်မှာပဲ တံငါသည်ရေနစ်သေတာ ငပွေး ... မြွေကိုက်လို့သေသွားတယ်လေ ... ဒီကောင် ငပွေးဟာ မြွေမှာ အရမ်းကျွမ်းကျင်တဲ့ ကောင်လေဗျာ"

ဟု ဦးဘကျူးကလည်း ဝင်ပြောသည်။

ဒေါက်တာစောဒီက ဆက်ပြီးပြောပါ၏။

"ကျုပ်ခွင့်လွှတ်ပါတယ် မစ္စဆောင်း ... ဒါပေမဲ့ သဘောပေါက်အောင်တော့ ထပ်ပြောမယ် ... ရေကူးကျွမ်းကျင်ရုံနဲ့ ရေနစ်မသေဘူးလို့တော့ မပြောနိုင်ဘူး ... ရေကူးရင်း လေဖြတ်နိုင်တယ် ... ဦးနှောက်သွေးကြောပြတ်နိုင်တယ် ... နှလုံးရပ်သွားနိုင်တယ် ... ဒါတွေဟာ အချိန်မရွေး နေရာမရွေးမှာ ရုတ်တရက်ဖြစ်တတ်တာတွေချည်းပဲ ... ရေကူးရင်း အဲဒါတစ်ခုခုဖြစ်ရင် ရေနစ်သေနိုင်တယ် ..."

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို နှောင်းမှာ ရေကူးရင်း အဲဒီလိုဖြစ်သွားတဲ့ လက္ခဏာ ဒေါက်တာ တွေ့လားဟင် ..."

"ညောင်သုံးပင်လိုနေရာမှာ အဲဒီလောက်အထိ ဒိုင်ယာကနောစစ် စူးစမ်းရှာဖွေဖို့ မဖြစ်နိုင်ပါဘူး ... တကယ့်ဆေးရုံကြီးတွေမှာသာ ကိရိယာစုံနဲ့ရော ကျုပ်ထက် ပညာအများ ပိုတတ်တဲ့ သမားတော်တွေရောသာ စစ်ဆေးနိုင်ပါမယ် မစ္စဆောင်း ..."

ဆောင်း ဘာစောဒကမှ မတက်နိုင်ပါဦးတော့မည်နည်း။ ဒေါက်တာစောဒီ၏ ပြောပြချက်ရော ကျေးရွာလူကြီး ဦးစံလင်းနှင့် ဦးဘကျူးပြောပြချက်အရရော ဆောင်းလက်ခံရမည်သာ။

မည်သို့ဖြစ်စေ ... ဆောင်းစိတ်ထဲတွင် ညီမလေး နှောင်း သေဆုံးရခြင်းမှာ သာမန်ထက် ပိုရှုပ်ထွေးသောအကြောင်း တစ်ခုခုရှိကို ရှိရမည်ဟုသာ စွဲလမ်းနေပါ၏။

ဒေါက်တာ စောဒီနှင့်ကျေးရွာလူကြီးတွေ၏ ပြောပြချက်ကို မယုံကြည်၍မဟုတ် သူတို့က အမြင်အတိုင်းပြောပြခြင်းသာ ဖြစ်သည်။

သို့သော် ...

ပျို့မြစ်နုနယ်လှပသော ဇနီးမယား နှောင်းသေဆုံးခြင်း ဖြစ်ပါလျှက် ကိုသူရအောင် မတုန်မလှုပ်နှင့် ခံစားချက်မပြင်းထန်ပုံ ...

နှောင်းနှင့် ပတ်သက်သမျှ ညီလုလင်အောင်အား သံသယဖြစ်ရပါ၏။



ပြီး ညောင်သုံးပင်သည် ကိုသူရအောင်၏ လုပ်ငန်းအရဖြစ်စေ ငွေကြေးတတ်နိုင်ခြင်းကြောင့်ဖြစ်စေ ကိုအောင်သူရ၏ ဩဇာတိက္ကမ လွှမ်းမိုးသောနေရာ ဖြစ်နေသည်။

ဒီတော့ ဘာမဆို ကိုသူရအောင်ဘက်ကသာ ဒီကလူတွေက ရပ်တည်ပေးမည်သာ။ ယခု ရောက်လာသည့် ဆောင်းဘက်မှ အဘယ်ညောင်သုံးပင် သူသည် ရပ်တည်ပေးပေမည်နည်း။ ကျီးကန်းများအလည်သို့ ရောက်လာသော ဆောင်းအဖို့ အား အားနှင့် ကျီးကန်းသံကိုသာ ကြားရမည်။

"ကဲ ... မစ္စတာ သူရအောင် ကျုပ်ဆရာဝန်တာဝန်ပြီးပြီလေ ... ယခုက မစ္စဆောင်းရောက်လာတဲ့အထိ ကျုပ်နေပေးပါ ... သူ့ညီမ အလောင်းကိုတွေ့ပြီး ဆောင်းတစ်ခုခုဖြစ်သွားရင် ဒေါက်တာ အဆင်သင့်ရှိနေစေချင်လို့ပါဆိုတာ အခု မစ္စဆောင်းဘာမှ မဖြစ်နိုင်တော့ဘူး ... ကျုပ်ကို တောင်ကြီးပြန်ပို့ပေးပါတော့ ... မစ္စသူရအောင်ကို ကျုပ်ခင်မင်စိတ်နဲ့ ဒီလောက်သည်းသည်းခံလုပ်ဆောင်ပေးနေတာ ... ကျုပ်တောင်ကြီးကို ပြန်သင့်ပြီး မစ္စတာသူရအောင် ..."

သူရအောင်က ဆောင်းကိုလှမ်းအကြည့်တွင် ဆောင်းကလည်း သူရအောင်ကိုကြည့်နေခိုက်နှင့် ကြုံပြီး မျက်လုံးခြင်းဆုံမိကြသည်။

"မဆောင်း နေကောင်းရဲ့လား ... ဒေါက်တာစောဒီကို

www.burmeseclassic.com

www.burmeseclassic.com



မြန်စေတော့မလား … မဆောင်းကိုယ့်ကိုယ်ကို စိတ်ချရဲ့လား … ”

“ရပါတယ် ကျွန်မမှာ ဒေါက်တာကိုဝင်းထွတ်ပေးလိုက်တဲ့ ဆေးတွေလည်း အများကြီးပါပါတယ် … ”

ဆောင်းက တိုတိုပြတ်ပြတ်ပင် ပြောသည်။ ဆောင်း၏ တင်းမာနေသော မျက်နှာကို သူရအောင် ကောင်းကောင်း အကဲခတ်မိပါ၏။

“ဒါဆို ဒေါက်တာ ညောင်သုံးပင်က ဟိုပုန်းအထိ လာခဲ့တဲ့အတိုင်း မော်တော်ဆိုင်ကယ်နောက်က စီးပြီးသွားပါ … လမ်းဆုံမှာ ကျွန်တော်ညီ လုလင်အောင် လင်းရိဗာကား စောင့်နေစေမယ် … လုလင်အောင်က ဒေါက်တာကို တောင်ကြီးအထိ လိုက်ပို့ကာ ကျသင့်ငွေအားလုံးကိုရှေ ရှင်းမှာပါ … ”

ဒေါက်တာ စောဒီ ဆေးအိတ်ဆွဲ နှုတ်ဆက်ပြန်သွားပေတော့သည်။

“ငါတို့လည်း ပြန်မယ်ဟေ့ မောင်သူရအောင် … ”

ဦးဘကျူးနှင့် … ဦးစံလင်းလည်း ထိုင်ရာမှထကာ သူရအောင်ထံ ခွင့်ပန်နှုတ်ဆက်သည်။

“ဟုတ်ကဲ့ … ”

“နက်ဖြန်စနေ သန်ဘက်ခါတနင်္ဂနွေ နှစ်ရက်ခံပြီး တနင်္လာနေ့မှာ ဆွမ်းသွတ်ရမယ် မဟုတ်လား … ”



“ဟုတ်ပါတယ် … ”

“တို့တတ်နိုင်တဲ့အကူအညီကို အချိန်မရွေးတောင်းခံပါ”

“ဟုတ်ကဲ့ … ”

ဆောင်းသည် ယခင်က အလွန်သွက်လက်သော ကိုသူရအောင်၏ ယခု မထုံတက်တေး အေးတိအေးစက်ကြီး ပုံစံကို ကြည့်နေမိသည်။ လုလင်အောင်ပြောသော စကားတချို့ကိုလည်း နားထဲပြန်ကြားယောင်မိသည်။

“အစ်ကိုကြီးဟာ အရုပ်မှ သံပတ်ပေး ဓာတ်အားပေးအရုပ်မျိုးတောင် မဟုတ်တော့ဘူး … အလှုပ်အရှားမရှိတော့ဘဲ အလှပြသက်သက်အရုပ်မျိုး … ”

သို့သော် …

ကိုသူရအောင်သည် အလှုပ်အရှားမရှိသော အလှပြသက်သက်အရုပ်တစ်ရုပ် မဟုတ်မှန်း ညပိုင်းတွင် ဆောင်း ကောင်းကောင်းကြီး တွေ့မြင်ရတော့သည်။

ညနေ(၆)နာရီသာသာတွင် လုလင်အောင် မော်တော်ဆိုင်ကယ်ဖြင့် ပြန်ရောက်လာသည်။ လင်းရိဗာကားမှာ ညောင်သုံးပင်သို့ ယူလာ၍မရပေ။

ဒေါ်အဲလစ်နှင့် နန်းကြာဖြူက ညနေစာ ထမင်းပွဲ ပြင်နေသည်။

ဒေါ်အဲလစ်သည် အသက်(၄၀)ခန့်ရှိသည်။ နန်းကြာ

www.burmeseclassic.com

www.burmeseclassic.com



ဖြူကြ အဆောက်(၁၈) (၁၉)လောက်သာရှိသည်။ ကရင်အမျိုးသမီး တွေဝရီးဖြစ်ကြပါ၏။

ဒေါက်တာ စောဒီ အရပ်လူကြီး ဦးစံလင်း၊ ဦးဘကျူးနှင့်တကွ ဧည့်သည်တွေ ပြန်သွားကြသည်မို့ အသုဘအိမ်တွင် လက်ရင်းလူတွေလောက်သာ ရှိနေပါလေ၏။ ထိုလူတွေကလည်း အသုဘကိစ္စနှင့် မီးဖိုထဲတွင် တချို့ ခြံထဲတွင်တချို့ အလုပ်ကိုယ်စီ ရှိနေကြသည်။

ဒေါက်တာ စောဒီနှင့် လာရောက်သတင်းမေး ဧည့်သည်များ ရှင်းသွားသည်နှင့် သူရအောင်သည် သူ့အိပ်ခန်းထဲဝင်သွားသည်။ ပြန်မထွက်လာပေ။ လူရှင်းချိန်တွင် ဆောင်းနှင့်နှစ်ယောက်တည်း မျက်နှာချင်းဆိုင်မနေလိုသောကြောင့် အိပ်ခန်းထဲဝင်သွားသည်ပဲ ဖြစ်သည်။

လုလင်အောင် ပြန်ရောက်လာလေမှ ...

"မမဆောင်းနဲ့ ဒေါ်လေးသူဇာ စိတ်ပန်းလူပန်း ခရီးပန်းဖြစ်နေကြပြီနော် ... အဲဒီတော့ မမဆောင်းတို့မလာခင်ကတည်းက အစ်ကိုကြီးက ကျွန်တော့်ကို မှာထားတယ်"

"ဘာမှာထားတာလဲ ... "

"ဒီအိမ်ကြီးမှာ အစ်ကိုကြီးနဲ့ မမနှောင်းနေခဲ့တယ် ... ဒေါ် အဲလစ်နဲ့ နန်းကြာဖြူက နောက်ဘက်အခန်းမှာ တွေဝရီးနေကြတယ် ... ခြံကြီးထဲမှာ မီးဖိုမပါတဲ့ ပျဉ်ထောင်အိမ်လုံးချင်းလေးတွေလည်း ဆောက်ထားတယ် ... အစ်ကိုကြီး



လုပ်ငန်းက ဧည့်သည်တွေညအိပ်လာရင် တည်းခိုနေထိုင်ဖို့ ဆိုပါတော့ ... ကျွန်တော်ကလည်း ဒီအိမ်ကြီးပေါ်မှာ မလွတ်လပ်ဘူးထင်လို့ ခြံကြီးထဲက လုံးချင်းအိမ်တစ်လုံးမှာ သွားနေတယ် ... "

"မမဆောင်း သဘောပေါက်တယ် ... လုလင်အောင်ဆိုလိုချင်တာ မမဆောင်းလည်း ဒီအိမ်ကြီးပေါ်မှာ မနေနဲ့ အဲခြံကြီးထဲက လုံးချင်းအိမ်မှာ ညအိပ်သွားနေပါလို့ပဲ မဟုတ်လား ... "

"ဟာ အဲဒီလိုမဟုတ်ဘူး မမဆောင်း ... အစ်ကိုကြီးထင်နေတာက မမဆောင်းရောက်လာရင် တစ်ယောက်တည်းရောက်လိမ့်မယ်လို့ ထင်ထားတာ ... ဒေါ်လေးသူဇာပါလာမယ်လို့ ထင်မထားဘူး ... အဲဒီကတည်းက မမဆောင်းရောက်လာရင် အစ်ကိုကြီးက မမဆောင်းကို ဒီအိမ်ကြီးပေါ်မှာ နေစေမယ် ... အစ်ကိုကြီးက ခြံထဲက အိမ်လေးမှာ သွားနေ ညအိပ်မယ်လို့ အခု ဒေါ်လေးသူဇာပါ ပါလာတော့ မမဆောင်း ဆန္ဒဘယ်လိုရှိမလဲမသိဘူးလေ ... နောက်ပြီး အစ်ကိုကြီး ထင်ထားတာက မမနှောင်းအသုဘကိစ္စပြီးရင် မမဆောင်းပြန်သွားမယ်လို့ ထင်နေတာ ... "

"ဒါဆိုရင်တော့ မင်းအစ်ကိုကြီးကိုပြောပေးပါ လုလင်အောင် မမဆောင်း ချက်ချင်းမပြန်သေးဘူး ... တော်တော်ရက်

www.burmeseclassic.com

www.burmeseclassic.com



ကြာအောင် နေဦးမှာ ... ဒီတော့ ခြံထဲက အိမ်တစ်လုံးမှာ ဒေါ်လေးသူဇာနဲ့ မမဆောင်းနေဖို့ စီစဉ်ပေးပါလို့ ...”

“ရတယ် မမဆောင်း ... ညောင်သုံးပင်မှာ မမဆောင်းကြိုက်သလောက် ကြာကြာနေလေ အစ်ကိုကြီးက သဘောကျလေဖြစ်မှာပါ ...”

“ဘာကွဲ့ မင်းစကားက ...”

“ဩော် ... မမဆောင်း ညောင်သုံးပင်မှာ ကြာကြာနေလေ... မမဆောင်းရဲ့ညီမ မမနှောင်း ညောင်သုံးပင်မှာနေခဲ့ပုံတွေကို ပိုသိလာလေဖြစ်မှာပဲ ... ဒါကြောင့် မမဆောင်း ကြာကြာနေလေ ပိုကောင်းလေလို့ အစ်ကိုကြီးက ပြောတာပါ မမဆောင်း ...”

“မင်းပြောပုံက တစ်မျိုးကြီးပါလား လုလင်အောင် ... နှောင်း ညောင်သုံးပင်မှာနေခဲ့ပုံတွေက ဘယ်လိုများ ဖြစ်နေလို့လဲကွယ် ...”

လုလင်အောင် ဘာမျှပြန်မဖြေမီ ဒေါ်အဲလစ်ထွက်လာပြီး ညစာထမင်းပွဲ အသင့်ပြင်ပြီးကြောင်း ပြောပေသည်။

“ကဲ ... မမဆောင်း ထမင်းစားကြစို့ ညောင်သုံးပင်မှာ ဘာမဆို ပူပူနွေးနွေးစားမှ ကြာရင် အအေးဒဏ်ကြောင့် ထမင်းတွေဟင်းတွေ အေးစက်ကုန်ရော ... ကဲ ... လာ ... မမဆောင်း ကျွန်တော်တော့ ဗိုက်ဆာနေပြီ ...”

ပြောပြောဆိုဆို ... လုလင်အောင် ထသွားသည်။



နှောင်းအကြောင်း ပြန်မပြောမီ ဒေါ်အဲလစ် ထမင်းစားလာခေါ်သည်က လုလင်အောင်တွက် ထွက်ပေါက်တစ်ခုဖြစ်သွားပေသည်။

ဆောင်းတွင် ထမင်းစားချင်စိတ်မရှိ သို့သော် ဒေါ်လေးသူဇာက သူများအရပ်တွင် အစားအသောက်ပျက်ပြီး နေထိုင်မကောင်းဖြစ်ပါက ကိုယ်ရောက်လာရကျိုးမနပ်သည့်အပြင် ကိုယ့်ရည်မှန်းချက်တွေ ပျက်စီးသွားမည်။ ဝင်သလောက်စားပါဟု တိုက်တွန်းသတိပေးထားချက်အရ ထမင်းစားခန်းသို့ လာခဲ့ပါ၏။

ထမင်းဝိုင်းတွင် ဒေါ်လေးသူဇာ ဆောင်းနှင့်လုလင်အောင် သုံးဦးသာ စားကြသည်။

ဒေါ်အဲလစ်နှင့် နန်းကြာဖြူက ဘေးတွင်အသင့်ရပ်နေကြသည်။ အိပ်ကြီးရှင်တို့ ထမင်းစားလျှင် ဤသို့ ဘေးက ရပ်နေရမည်ဟု အမိန့်ပေးထားဟန်တူသည်။ ကိုသူရအောင်ကတော့ ဒီလိုအမိန့်မျိုး ပေးအုံမထင်၊ နှောင်းသာလျှင် အိမ်ရှင်မဗို့ အမိန့်ပေးထားသည်ပဲ ဖြစ်ခြိမ့်မည်။

နှောင်းအပျိုဘဝကလည်း ဤပုံစံလုပ်ခဲ့သည်။ အိမ်တွင်ကော်ဖီဝိုင်းဖြစ်စေ၊ ထမင်းဝိုင်းဖြစ်စေ၊ ဒေါ်ဖြူနှင့်မယ်အိက ဘေးမှရပ်နေရသည်။

ဆားပန်းကန်လေး လက်တစ်လှမ်းဝေးသည်ကိုပင် တဲ့ မယ်အိ ငါ့ကို ဆားပန်းကန်ယူပေးစမ်းဟုလည်းကောင်း၊ ဒေါ်ဖြူရေ ရေခဲသေတ္တာထဲက ရေပုလင်း တစ်ပုလင်းလောက်ဟုလည်းကောင်း ဒေါ်ဖြူနှင့်မယ်အိကို ဒီလိုခိုင်းတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းကတော့ ဒီလိုမဟုတ် ဒေါ်ဖြူနှင့် မယ်အိ သူတို့ဘာသာနေကြပစေ၊ ခိုင်းစရာရှိမှ ခေါ်ခိုင်းသည်။

နန်းကြာဖြူသည် ပထမ မီးဖိုဘက်သို့ မျက်နှာမူရပ်နေရာမှ … မသိမသာ ဆောင်းနှင့်မျက်နှာချင်းဆိုင် ထိုင်နေသော လုလင်အောင်၏ နောက်ကျောဘက်သို့ ကူးပြောင်းကာ ရပ်လိုက်သည်ကို ဆောင်း သတိထားလိုက်မိသည်။

ဘာကြောင့်မှန်းတော့မသိ။ ပထမတော့ နန်းကြာဖြူသည် ရွယ်တူဆိုက်တူ လုလင်အောင်၏ အနီးသို့ကပ်ချင်၍ ပေလားဟု ထင်မိသည်။

ဖြစ်တတ်သည်မှာ အိမ်ရှင် လူပျိုသိုးနှင့် အိမ်ဖော်မလေးတွေ မှားယွင်းတတ်သလိုများကြောင့်ပေလားဟု တွေးကြည့်မိသည်။

သို့သော် … နန်းကြာဖြူသည် လုလင်အောင်၏ နောက်ကျောဘက်တွင် ရပ်ရင်း မျက်နှာချင်းဆိုင်မှ ဆောင်းကိုသာ ငေးငေးလေး ကြည့်နေမိသည်ကိုလည်း ဆောင်းအကဲခတ်မိသည်။ နန်းကြာဖြူသည် ဆောင်းကိုစိတ်ဝင်စားနေမှန်း ဆောင်းရိပ်မိလိုက်သည်။ အဘယ်ကြောင့်နည်း အကြောင်းရှိရပေမည်။

ဆောင်းကလည်း နန်းကြာဖြူအား ပြန်လည်စိတ်ဝင်စားလိုက်ခြင်းဖြင့် အကျိုးတစ်ခုခု သက်ရောက်နိုင်သည်သာ အကောင်းဆုံးဖြစ်လိုက်သည်။

ဒေါ်အဲလက်(စ်) လက်ရာဖြစ်သော ဟင်းတွေမှာ



ကောင်းပေသည်။ ကြက်သားဟင်း၊ ဝက်သားဟင်း အကောင်းစားတွေချက်ကျွေးသည်။ ဆောင်းခံတွင်းအလိုက်ဆုံးမှာ ဒေါ်အဲလစ်၏ မုန့်ညင်းဟင်းချိုဖြစ်ပေသည်။ ကြက်ခေါင်း၊ ကြက်တောင်ပံ၊ ကြက်လည်ချောင်းရိုးများကို စားလို့ရအောင် နူးနပ်ပြီး ဟင်းချိုအရသာမှာ အထူးကောင်းမွန်နေပါ၏။

ထမင်းစားပြီးသည်နှင့် ဆောင်းပြန်ထွက်လာကာ နှောင်း၏အလောင်းဘေားတွင် ထိုင်လိုက်သည်။ ဒေါ်လေးသူဇာကတော့ ထွက်မလာသေး၊ ဒေါ်အဲလစ် နန်းကြာဖြူတို့နှင့် ဒေါ်လေးသူဇာ အဖွဲ့ကျနေပုံရသည်။

လုလင်အောင်သည် ထမင်းစားပြီးသည်နှင့် သူ၏ အစ်ကိုကြီးကိုသူရအောင်၏ အိပ်ခန်းသို့ လှစ်ခနဲဝင်သွားသည်ကို မျက်စိလျင်သော ဆောင်းက မြင်လိုက်သည်။ ဆောင်းနှင့် ပတ်သက်သော အကြောင်းအရာတွေ သူ၏အစ်ကိုကြီးအား သွားပြောပြသည်ပဲ ဖြစ်သည်။

နာရီဝက်ခန့် ကြာပြီးနောက် လုလင်အောင် ပြန်ထွက်လာသည်။

ဆောင်းနှင့်မလှမ်းမကမ်းနေရာတွင် လုလင်အောင် ဝင်ထိုင်ပါ၏။

"အစ်ကိုကြီးက ပြောတယ် မမဆောင်း … မမဆောင်းနဲ့ ဒေါ်လေးသူဇာ ဒီအိမ်ကြီးပေါ်က မမနှောင်းအခန်းမှာ နေပါ အိပ်ပါတဲ့ … မမနှောင်းရဲ့ခုတင်မှာ မမဆောင်းအိပ်ပြီး ဒေါ်

www.burmeseclassic.com

www.burmeseclassic.com



လေးသူဇာအတွက် တစ်ယောက်အိပ်ခုတင်တစ်လုံး ထပ်ချပေးဖို့ စီစဉ်ပါတဲ့ ...”

“ဘာကွဲ့ ... လုလင်အောင် နှောင်းရဲ့အိပ်ခန်းဟုတ်လား ... နှောင်းရဲ့အိပ်ခန်းဆိုတာကို သူရအောင်ရဲ့အိပ်ခန်းပဲ မဟုတ်ဘူးလား ... သူတို့က လင်မယားပဲဟာ ...”

လုလင်အောင်က ခေါင်းခါပြသည်။

“ဟိုအရင်တုန်းကတော့ ဟုတ်ပါတယ် ... အခု အစ်ကိုကြီးအိပ်ခန်းဟာ မမနှောင်းနဲ့ အစ်ကိုကြီးအတူအိပ်တဲ့ လင်မယားအိပ်ခန်းပဲ ... ခေါင်းရင်းခန်းလေ ... ခြေရင်းခန်းမှာ ဒေါ်အဲလစ်နဲ့ နန်းကြာဖြူ တူဝရီးအိပ်ကြတယ် ... နောက်တော့ ဘာလို့မှန်းမသိတော့ဘူး ... မမနှောင်းက ဒေါ်အဲလစ်နဲ့ နန်းကြာဖြူကို မီးဖိုဘက်ဆီက အိပ်ခန်းအပိုမှာ ပြောင်းအိပ်စေပြီး ဒေါ်အဲလစ်တို့ရဲ့ ခြေရင်းခန်းကို မမနှောင်း ယူလိုက်တယ် ... ပြောင်းယူလိုက်တာမှ မမနှောင်းရဲ့ သုံးနေကျ မှန်တင်ခုံတွေ ... အဝတ်ဗီရိုတွေ ... စာကြည့်စားပွဲတွေ ... အိုဗျာ ... မမနှောင်း ပစ္စည်းမှန်သမျှ ပြောင်းရွှေ့ယူလိုက်တယ် ... နဂိုအခန်းမှာ အစ်ကိုကြီးရဲ့ ဗီရို ... စာကြည့်စားပွဲလောက်ပဲ ထားခဲ့တယ် ...”

ဆောင်း မြန်မြန်စဉ်းစားမိသည်။ ဒီနှစ်ထဲ ညီမလေးနှောင်းထံမှ လာသော စာများထဲတွင် လင်မယား အဆင်မပြေ



ကြောင်းပါရှိသည်။ သို့သော် လင်မယားအခန်းခွဲအိပ်သည်အထိတော့ နှောင်းစာထဲတွင် ဖော်ပြခြင်းမရှိပေ။

ဆက်စပ်ပြီး ဆောင်းတွေးမိသည်မှာ လင်မယား အဆင်မပြေပါက နှောင်းသည် ရန်ကုန်ကုက္ကိုင်းအိမ်သို့ ပြန်လာသင့်သည်။ ကုက္ကိုင်းအိမ်နှင့်ခြံသည် နှောင်းတစ်ဝက်ပိုင်ဆိုင်ခွင့်ရှိသော အိမ်ပင် မဟုတ်လား ... ညီအစ်မ အမွေခွဲကြသည်မှ မဟုတ်သေး။

“မေးပါရစေ လုလင်အောင် ... သူတို့လင်မယား အခန်းခွဲအိပ်တာ ဘယ်လောက်ကြာသွားပြီလဲကွယ် ...”

လုလင်အောင် ပခုံးတွန့်ပြလိုက်သည်။

“မသိဘူး မမဆောင်း ... ပြီးခဲ့တဲ့ ဆမ်းမားဟော့လီးဒေး နွေကျောင်းရက်ရှည်ပိတ်လို့ ကျွန်တော် ညောင်သုံးပင်ကို ပြန်လာတုန်းက သူတို့လင်မယား အခန်းမခွဲသေးဘူး ... အတူတူ အိပ်ကြတယ် ... အဲ ... ကျွန်တော် မန္တလေးကျောင်းပြန်သွားပြီး အောက်တိုဘာ သီတင်းကျွတ်ကျောင်းပိတ်လို့ ပြန်လာတော့ လင်မယား အခန်းခွဲအိပ်တာကို တွေ့ရတာပဲ ...”

လုလင်အောင်သည် မန္တလေးတက္ကသိုလ် ဘောဂဗေဒ အဓိကဖြင့် တက်ရောက်နေဆဲ ဖြစ်သည်။ ယခုနှစ်ကျမှ လုလင်အောင် ဖိုင်နယ်တန်းဖြေရမည် ဖြစ်ပေသည်။

ဒါဆိုလျှင် နွေကျောင်းပိတ်ရက်နှင့် ဒီနှစ် သီတင်း

www.burmeseclassic.com

www.burmeseclassic.com



ကျွတ် ကျောင်းပိတ်ရက်ကြားကာလ တစ်ခုခုတွင် လင်မယားခွဲ အိပ်သည်ဟု အကြမ်းဖျဉ်း တွက်ယူနိုင်ပေသည်။

"သူတို့လင်မယား အခန်းခွဲအိပ်ကြတဲ့အထဲ ဘာတွေများ မကျေမလည်တွေ ဖြစ်ကြလို့လဲ ..."

"မပြောတတ်ဘူး မမဆောင်း ... ကျွန်တော်က ညီအရင်း ဆိုပေမဲ့ အစ်ကိုကြီးထက် ရှစ်နှစ်ကိုးနှစ်ငယ်တယ် ... ကျွန် တော်နဲ့အစ်ကိုကြီးကြားမှာ ဖေဖေနဲ့မေမေက သမီးနှစ် ယောက် မွေးသေးတယ်တဲ့ ... နို့စို့အရွယ်တွေမှာပဲ ဆုံးသွား ကြတာတဲ့ ... ဒါကြောင့် ကျွန်တော်အငယ်ဆုံးသားနဲ့ အကြီး ဆုံးအစ်ကိုကြီးဟာ အသက် ဒါလောက်ကွာတာ ..."

"ဪ ... ဪ ..."

ဆောင်းက ဖြစ်နိုင်တာပဲဟု ခေါင်းညိတ်ပြသည်။ လုလင်အောင်က ဆက်ပြောသည်။

"မှန်တဲ့အတိုင်းပြောရရင် အစ်ကိုကြီးဟာ ညီအစ်ကိုဆိုပေ မဲ့ ဖအေလို မအေလို အားကိုးရတယ် ... ပြီးတော့ မိဘလို ရော အစ်ကိုကြီးလိုရော ကျွန်တော်ကြောက်တယ် ... ရို သေတယ် ... ချစ်တယ် ... အဲဒီတော့ အစ်ကိုကြီးရဲ့အိမ် ထောင်ရေးကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော် ဘာမှ မမေးရဲ ဘူး ..."

"ထားပါတော့ မင်းအစ်ကိုကြီးကို မမေးရဲရင် မင်းမမနှောင်း ကိုတော့ မေးရဲရမှာပေါ့ကွာ ... မင်းနဲ့ ညီမလေးနှောင်းဟာ



သိပ်ပြီး အသက်ကွာကြတာမှ မဟုတ်တာ ... ကွာလှရင် လေးနှစ်ပေါ့ နှောင်းက အခုမှ အသက်အစိတ်လောက်ရှိ တာ ..."

"ဟာ ... မမနှောင်းကိုလည်း ကျွန်တော် မမေးရဲပါဘူးဗျာ"

"ဘာလို့ ..."

"မမနှောင်းက မမဆောင်းလိုမှ မဟုတ်တာ ..."

"ဟေ ..."

"ဟုတ်တယ် မမဆောင်း ... မမနှောင်းဟာ မမဆောင်းရဲ့ ညီမအရင်းဆိုပေမဲ့ မမဆောင်းနဲ့ မတူတဲ့အချက်တွေအများ ကြီးရှိတယ် ... မမဆောင်းက အရာရာမှာ သိမ်မွေ့တယ်"

"ဟေး ... ဟေး ... လုလင်အောင် ..."

"ကျွန်တော်ပြောတာကို မမဆောင်း ဟန့်တာလားဟင်"

"ဟန့်တားတာ မဟုတ်ပါဘူး ... တစ်လျှောက်လုံး မမ နှောင်းနဲ့ပတ်သက်ပြီး ကျွန်တော်ဘာမှ မပြောဘူးဆိုပြီး နှုတ်ပိတ်နေခဲ့ရာက အခုတော့ မင်းက နှောင်းအကြောင်း ပြောနေသလားလို့ ..."

"ဘာလဲ အခုမှ မင်းအစ်ကိုကြီးက နှောင်းရဲ့အကြောင်းပြော ချင်ပြောတော့လို့ ပြောလိုက်မှ ပြောနေတာလားလို့ပါ"

"အဲဒီလို မဟုတ်ပါဘူး မမဆောင်း ... ခုနက အစ်ကိုကြီး အခန်းကို ကျွန်တော်ဝင်ခဲ့ပါတယ် ... အစ်ကိုကြီးက ပြော ပြတယ် ... မမဆောင်းဟာ ရန်ကုန်ကလာကတည်းက

www.burmeseclassic.com

www.burmeseclassic.com



မမနှောင်းသေဆုံးတဲ့အပေါ်မှာ သံသယတွေရှိပုံရတယ်တဲ့ နှောင်းရေနစ်သေဆုံးတာကို ဒေါက်တာ စောဒီနဲ့အရပ်လူကြီးတွေပြောပြတာကိုတောင် လက်ခံယုံကြည်ပုံမရဘူးတဲ့... အဲဒီတော့ မမဆောင်း ညောင်သုံးပင်မှာနေချင်သလောက်နေပြီး စုံစမ်းချင်သလောက်စုံစမ်းပါစေတဲ့ ... နှောင်းနဲ့ပတ်သက်ပြီး အဆိုးအကောင်းတို့ ညီအစ်ကိုက ဘာမှ မပြောနဲ့တဲ့ ... မမဆောင်းဘာသာ စုံစမ်းချင်သလို စုံစမ်း သိချင်သလိုသိပါစေတဲ့ ... ဒီအိမ်ကြီးပေါ်မှာပဲ မမဆောင်းရဲ့ ဒေါ်လေးသူဇာရယ် ဒေါ်အဲလစ်နဲ့ နန်းကြာဖြူရယ်နေပါစေတဲ့ ... အစ်ကိုကြီးက ခြံထဲက အိမ်ပိုလေးတစ်ခုမှာ သွားနေမယ်တဲ့ ... အဲဒါတွေပြောတာ ... ”

“ဩ ... ဩ ... မင်းအစ်ကိုကြီးက မမဆောင်းအပေါ်မှာ အင်မတန်သဘောကြီးကြောင်းတွေ လိုက်လျောကြောင်းတွေပြလိုက်တာပေါ့ ဟုတ်လား ... ”

“အဲဒီလိုမပြောပါနဲ့ မမဆောင်း ... အစ်ကိုကြီးက မမဆောင်း အပေါ်မှာ အမြင်သန့်ပါတယ် ... မမဆောင်းဟာ သချာသမားတဲ့ ပုစ္ဆာရဲ့အဖြေမှန်ကို အမြဲရှာနေတဲ့ နှောင်းရဲ့ အဖြေမှန်တွေဟာ သူတွက်ရင်း ထွက်လာမှာပါတဲ့ ... ”

ပြောရင်း လုလင်အောင်သည် ဆောင်းကို ငေးကြည့်နေမိသည်။

အကြောင်းမူ လုလင်အောင်က နစ်ဘက်စကားကို



ကြားနေရသူ ဖြစ်သည်။ အစ်ကိုကြီးက မမဆောင်းအပေါ် အကောင်းပြောသော်လည်း မမဆောင်းက အစ်ကိုကြီးအပေါ် အကောင်းမပြောသည်ကို နှစ်ဘက်နားတွင် ကြားနေရသောကြောင့် ဖြစ်ပါ၏။

တိုအခိုက်မှာပင် ...

မမျှော်လင့်သောကိစ္စတစ်ရပ်သည် ဖြုန်းခနဲဖြစ်ပေါ်လာတော့သည်။

ဖွင့်ထားသော တံခါးဝတွင် ... လူသုံးယောက်လာရောက်ပြီး ရပ်လိုက်ခြင်းဖြစ်ပါ၏။

လုလင်အောင်နှင့် ဆောင်း စကားပြောနေခိုက်မို့ ထိုလူသုံးယောက် လာရောက်သည်ကို သတိမထားမိလိုက်ကြပေ။

“ဝေး ... လုလင်အောင် ... ”

“ဟာ ... တကယ့်လူတွေပဲ မမဆောင်း ... ”

ဟု လုလင်အောင်က ဆောင်းအား ကြားရုံလောက် အသံနှင့် ပြောပြီးမှ ထိုလူသုံးယောက်ဘက်သို့ လှည့်ကာ အူယားအားယား လှမ်းနှုတ်ဆက်လိုက်သည်။

“ဩ ... ကိုဒီပ ... ကိုဝဏ္ဏနဲ့ ကိုစိုင်းခက်တို့ပါလား ... ဘယ်က လှည့်လာကြတာလဲ ... ”

“ဟ ... ညောင်သုံးပင်က သေးသေးလေးပဲကွာ ... ဘယ်က လှည့်လာစရာရှိမှာလဲ ... မင်းတို့အိမ်ကိုပဲလာတာပေါ့ ... ငါတို့ သတင်းကြားတယ်လေကွာ ... နှောင်းရဲ့အစ်မ

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းဆိုတာ ရောက်လာပြီတဲ့ ... အဲဒီတော့ မင်းက နှောင်းရဲ့အစ်မ ဆောင်းနဲ့ ဘို့ကို မိတ်ဆက်ပေးလေ ... တို့များက နှောင်းရဲ့မိတ်ဆွေတွေဖြစ်ခဲ့လေတော့ ဆောင်းလည်း ရောက်တုန်းရောက်ခိုက် တို့များနဲ့မိတ်ဆွေဖြစ်သင့်တာပေါ့ လုလင်အောင် ... "

"ဩော် ... ဟုတ်ကဲ့ပါ ... ဟောဒါ မမဆောင်းပါပဲ ... ဟောဒီဂျာကင်မီးခိုးရောင်နဲ့အစ်ကိုက ကိုဒီပတဲ့ ... စပို့ရှပ်အနီနဲ့က ကိုဝဏ္ဏတဲ့ ... ရှမ်းဘောင်းဘီအနက်ဝတ်ထားတာက ကိုစိုင်းခက်တဲ့ ... "

ဆောင်းသည် သုံးယောက်စလုံးကို ဝေ့ဝိုက်သိမ်းကျုံး ကြည့်လိုက်သည်။ သူမ၏မျက်နှာတွင် ပြုံးခြင်း ရယ်ခြင်းမရှိပါပေ။

လူလူချင်းအကဲခတ်ကြည့်သော အကြည့်ဖြင့်သာ တည်တည်ခန့်ခန့် ကြည့်ခြင်းမျိုး ဖြစ်ပါ၏။

ဘာပဲ ဖြစ်ဖြစ် လုလင်အောင်သည် နှောင်း၏မတ်တော်နေသည့်ပြင် ရန်ကုန်မှာတုန်းကရော ညောင်သုံးပင်ရောက်မှရော ဆက်ဆံနေရသူမို့ ရင်းနှီးသင့်သလောက် ရင်းနှီးနေပေပြီ။

ထို့ကြောင့် ထိုလူသုံးယောက်အပေါ်တွင် လုလင်အောင်က အောက်ကျနောက်ကျခံ ဆက်ဆံသည်ကြောင့် နှောင်းစိတ်ထဲတွင် သူတို့က ဘာကောင်တွေမို့နည်းဟု မကျေမနပ် ရင်ထဲတွင် ဖြစ်ပေါ်နေပါ၏။



ဆောင်းသည် ထိုလူသုံးယောက်၏ အချိုးကို မနှစ်သက်သဖြင့် ထိုင်ရာမှထရပ်လိုက်သည်။

"ဟုတ်ကဲ့ ... လုလင်အောင် မိတ်ဆက်ပေးချက်အရ ကိုဒီပကိုရော ထုံးစံအတိုင်းတွေ့ရတာ ကျွန်မဝမ်းသာပါတယ် ... ဒါပေမဲ့ ကျွန်မသိပါရစေ ကိုဒီပ ... ကိုဝဏ္ဏ၊ ကိုစိုင်းခက်တို့ သုံးယောက်ဟာ နိုင်ငံတော်ကပေးအပ်တဲ့ ဘယ်လိုတာဝန်တစ်ခုခုမှာ ထမ်းဆောင်နေပါသလဲ ... ကျွန်မကတော့ နိုင်ငံတော် အစိုးရရဲ့ ပညာရေးဌာနက အထက်တန်းကျောင်းမှာ သင်္ချာပြအထက်တန်းပြ ဆရာမတာဝန်ထမ်းဆောင်နေပါတယ် ... "

သုံးယောက်စလုံး ဆောင်း၏ တည်ကြည်ရဲရင့်ပြတ်သားသော အသံ၊ တည်ကြည်ပြတ်သားသော မျက်နှာနှင့် အချက်ကျကျပြန်မေးလိုက်သော မေးခွန်းအတွက် တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ မြူးပြူးပြဲပြဲ ဖြစ်သွားသည်။

ဒီပဆိုသူက ဆောင်းရှေ့သို့ တိုးလာသည်။ ဆောင်းက နောက်သို့တစ်လှမ်းမဆုတ်ပဲရပ်မြဲရပ်နေသည်။

ဆောင်း၏အရပ်ကပင် ငါးပေလေးလက်မရှိသဖြင့် ဒီပအား မော့ကြည့်စရာမလို။

"ဟဲ ... ဟဲ ... လူတွေဟာကိုယ့်အသက်မွေးဝမ်းကျောင်းအတွက် ကိုယ်သန်ရာအလုပ်တစ်ခုတော့ လုပ်ကြရတာပဲ ... ဆောင်းက အစိုးရပညာရေးဌာနကျောင်းမှာ အထက်တန်း

www.burmeseclassic.com

www.burmeseclassic.com



ဖြ သချ်ာဆရာမတာဝန်ထမ်းဆောင်သလိုပဲ ကျုပ်တို့ သုံ
ယောက်ကလည်း အစိုးရတာပ်တွေလာတဲ့အခါ ဖွက်ပြေး
တိမ်းရှောင်ပုန်းအောင်းတဲ့တာဝန်ကို ထမ်းဆောင်နေကြ
တွေပါ ... ဟုတ်ဘူးလားကွာ ဝဏ္ဏ ... ”

“ဟာ သိပ်ဟုတ်တာပေါ့ ဒီပ အလုပ်ဆိုတာ ကိုယ်သန်ရာ
ကိုယ်ကျွမ်းကျင်ရာ လုပ်ကြတာပဲ စိုင်းခက် ... ”

စိုင်းခက် ဆိုသူက ဒီပနှင့် ဝဏ္ဏ နှောက်တောင်
တောက်ပြောင်တောင်တောင်ပြောပြီး အလှည့်ကျ မိမိကိုမေးလာ
သည်ကို အေးဆေးစွာပင် ပြန်ပြောလိုက်သည်။

“မင်းတို့ပြောနေတာတွေကို ငါစိတ်မဝင်စားဘူး ... ဒီပ
ဝဏ္ဏ ... ငါအခုစိတ်ဝင်စားနေတာက ... ”

စိုင်းခက်က စကားကို တစ်ထောက်နားလိုက်သည်
စိုင်းခက်စကားမြေဇာသံသည် ရှမ်းသံဝဲသည်။ အသားရောင်ဖြူဝင်း
သည်။ ခန္ဓာကိုယ်အနေအထားရော အရုပ်အမောင်းရော သူတို့သုံး
ဦးတွင် စိုင်းခက်က ကြည့်အကောင်းဆုံးဖြစ်နေသည်။ ပြီး ဒီပနှင့်
ဝဏ္ဏက သွေးပူပူသွေးဆူဆူ ပြောတတ်ဆိုတတ် လုပ်တတ်ကိုင်
တတ်ပုံရသော်လည်း စိုင်းခက်က သွေးအေးသူ ပုံစံမျိုးရှိသည်။ လည်
ကတုံးရှပ်ဖြူအင်္ကျီဝတ်ထားပြီး အပေါ်မှ ပင်နီတိုက်ပုံကြမ်းဝတ်ထား
အောက်တွင် ရှမ်းဘောင်းဘီအနက်ဖားဖားကြီး ဝတ်ထားသည်။

“ဆိုပါဦး စိုင်းခက် မောင်ရင်ကဘာတွေ စိတ်ဝင်စားနေလဲ
တာ ... ”



“ရာသီဥတုအကြောင်းပါ ဒီပရာ ... ”

“ဝေး ... ဘယ်လိုလဲစိုင်းခက် တို့များဒီအိမ်လာကြတုန်းက
နွေဥင်းရဲ့အစ်မ ဆောင်းနဲ့မိတ်ဆွေဖွဲ့မယ် ... နောက်ပြီး
တို့များ ဖဲရိုက်ကြမယ်ဆိုတဲ့ အစီအစဉ်နဲ့လာခဲ့ကြတာပါ ...
အခုချက်ချင်းမောင်ရင်က ဘယ်လိုဘယ်လို ဘယ့်နှယ်ကွာ
ရာသီဥတု အကြောင်းစိတ်ဝင်စားသွားတာလဲ ... ”

“ဒီလိုလေကွာ နွေရာသီဟာ ပူလောင်တယ် ... အပေါ်နေ
ကပူ အောက်မြေကြီးကပူနဲ့ နေရတိုင်ရတာ မကောင်းဘူး...
မိုးဆိုတဲ့ရာသီဥတုကျတော့လည်း စိုစွတ်လွန်းတယ် ... မိုး
သီးမိုးပေါက်တွေထဲမှာ သွားရလာရ မကောင်းဘူး ... လမ်း
တွေလည်း ဖွက်ထူတယ် ... အဲ ... အဲ ဆောင်းရာသီဥတု
ကျတော့လည်း အင်မတန် ချစ်စရာကောင်းတယ် ... မပူ
လောင်ခြင်းမရှိဘူး ... စိုစွတ်ခြင်းမရှိဘူး ... ”

“အဲဒီတော့ ဘာဖြစ်လဲ စိုင်းခက် ... ”

“ဆောင်းကို ငါအနှစ်သက်ဆုံး သဘောအကျဆုံးလို့ ပြောချင်
တာ ... ”

“ဟား ... ဟား ... ဟား ... ”

ဒီပနှင့်ဝဏ္ဏသည် လေအေးအေးနှင့် ကဗျာဆန်ဆန်
ပြောလိုက်သည်ကို သဘောကျစွာ ဟားတိုက်ရယ်မောကြသည်။

“ဟုတ်တယ်စိုင်းခက် ငါလည်း ဆောင်းကိုအကြိုက်ဆုံးပဲ...
အချစ်ဆုံးပဲ ... ”

www.burmeseclassic.com

www.burmeseclassic.com



"မြန်း ..."

ဆောင်း၏လက်ဝါးသည် မြန်လှပါ၏။ ဒီပသည် ... ရိုက်ခံလိုက်ရသည်ကို အံ့သြသွားသည်။ ပြီးနောက် ဒေါသပါ... သည်။

"အံမာ ... ကြည့်စမ်း ... ငါ့ကိုပါးရိုက်တယ် ... ကဲကွာ ... ရိုက်ဦး ..."

ဆောင်း၏လက်ကို ဒီပက ဖမ်းဆွဲဆုပ်ကိုင်ပြီး... နောက်လှန်လိမ်ချိုးလိုက်သည်။

"အား ... အမေ့ ..."

ဆောင်းမှာ ကိုယ်တစ်ပတ် လည်သွားသည်။ ... ကျင်စွာ အမေ့တမိသည်။

ဆောင်း၏ကျောပြင်အား ဒီပက သူ့ရင်ခွင်ထဲရော... အောင် ဆွဲကပ်လိုက်သည်။

"ဒီပရေ ... အဲဒါ မိန်းမသားကွနော် ... မင်းလက်လွန်... မင်း အဆိုးဖြစ်သွားမယ် ..."

စိုင်းခက်က မတုန်မလှုပ်ရပ်နေရာမှ ဒီပ၏ အပြုအ... ကို လှမ်းသတိပေးလိုက်သည်။

"အစ်ကိုကြီး ..."

လုလင်အောင်က သူ၏အစ်ကိုကြီး သူရအောင်... အော်ခေါ်လိုက်သည်။

ဒီပက စိုင်းခက် သတိပေးစကားပြောသော်လည်... ဆောင်းကို မလွှတ်ဘဲ စိုင်းခက်ကို ပြန်လည်ချေပစကားပြောပါ...



"မင်း အမြင်ဘဲ စိုင်းခက် ... သူက ငါ့ကိုပါးချတယ်လေ"

"ချမှာပေါ့ ဒီပ ... မင်းက ဆောင်းကို ကြိုက်တယ် ... ချစ်တယ်လို့ ပြောတာကိုး ..."

"ဟ ... မင်းလည်း အဲဒီလိုပဲပြောတာပဲမဟုတ်လား စိုင်းခက် ... မင်းပြောတဲ့နောက်ကို ငါက လိုက်ပြောတာ ... မင်းကိုတော့ပါးမချဘဲ ငါ့ကိုတော့ ချတယ်လေ ..."

စိုင်းခက်က ပခုံးတွန့်ပြပါ၏။ ဝဏ္ဏကတော့ ဒီပနှင့် စိုင်းခက်ကြားတွင် ပွဲကြည့်ပရိသတ်အနေနှင့် ကြည့်နေသည်။

စိုင်းခက်က လေအေးနှင့် ပြန်ပြောသည်။

"တကယ်တော့ မင်းကတော်းပဲ ... ဒီပ မင်းဟာ မြန်မာ တစ်ယောက်ဖြစ်နေပြီး ရှမ်းဖြစ်တဲ့ ငါ့လောက်တောင် မြန်မာစာမှာမကျွမ်းဘူး မှတ်ထား ... ဒီပ ငါကဆောင်းကို နှစ်သက်တယ် ... သဘောကျတယ်လို့ အင်မတန်ယဉ်ကျေးတဲ့ စကားကိုဆိုတာ တစ်ဖက်သားအဖို့ စိတ်ဆိုးစရာမှ မဟုတ်တာ ... ငါပြောတဲ့အထဲမှာ ရိုးသားမှုပါတယ် ... မင်း စာမှမတတ်တဲ့ကောင်ဘဲ ... မင်းစကားက ဆောင်းကို ကြိုက်တယ် ... ချစ်တယ်လို့ပြောတာ ရိုးသားမှုမပါတော့ ဘူးလေကွာ ... ဘောင်ကျော်သွားပြီ ... ဒီပ ..."

"ဟား ... ဟား ... ဒီကောင် ပြည်မသားဆိုပြီး မြန်မာစကား ကျွမ်းကျွမ်းကျင်ကျင်မတတ်တော့ ပါးရိုက်ခံရတာ နည်းတောင် နည်းသေး ..."

www.burmeseclassic.com

www.burmeseclassic.com



"အိုကွာ ... ဘာပဲဖြစ်ဖြစ် ငါ့ပါးကိုရိုက်တဲ့အတွက် တန်
တန်ကြေးတော့ ပြန်ယူရမှာပဲ ..."

ဒီပသည် ရှိုင်းလွန်းလှပါ၏။ လက်လိမ်ချိုး
သဖြင့် နောက်ကျောကပ်ရှိနေသော ဆောင်း၏ပခုံးကိုကျော်
ဆောင်း၏ပါးကို နမ်းရန်ကြိုးစားတော့သည်။

ဆောင်းက လိမ်ခံထားရသောလက်ကို အနာခံ
ရုတ်ရှောင်တိမ်းရတော့သည်။

"ဆောင်းကိုလွှတ်လိုက်ပါ ... ကိုဒီပ ..."

ပြောလိုက်သူမှာ သူရအောင်ဖြစ်ပါလေတော့သည်
အိပ်ခန်းတံခါးဝတွင် မားမားကြီးရပ်နေသည်။ သူ၏လက်နှစ်
သည် အောက်သို့ တွဲလောင်းချထားသော်လည်း ညာလက်ထဲတွ
ဗန္ဓတိုသေနတ် ကိုင်ထားသည်။

"အား ... ကိုသူရအောင်ရှိနေပါလား ... ကျုပ်ဟာ ခင်ဗျာ
ထုံးစံအတိုင်း မန်းသီးခြံတွေကို သွားနေတယ်မှတ်တာ
ဒါဆို အဝေးပဲ ခင်ဗျားရှိနေတော့ ကျုပ်တို့လေးယော
ဖြစ်သွားပြီ ... ရှီးချစိုလေ ... (ရှီးဆိုသည်မှာ တစ်ချပ်မှော
ဖဲကစားနည်းဖြစ်ပါ၏။) အခုတော့ ခဏလေးနော် ... ပြေ
စာရင်းတစ်ခု ရှင်းလိုက်ဦးမယ် ..."

ဒီပက ဆောင်းကိုမလွှတ်ပဲ ပါးကိုနမ်းဖို့ ဆက်ကြိုး
စားနေသည်။

"ကျွန်တော် ... ဒုတိယအကြိမ် ထပ်ပြောတယ် ကိုဒီပ
ဆောင်းကိုလွှတ်လိုက်ပါ ..."



ကိုဒီပမှာ ဆက်ပြီး ပါးကိုနမ်းနိုင်ဖို့ကိုသာ ကြိုးစား
နေသည်။

" ဒိုင်း ... "

သူရအောင်က ... လက်ကိုမသိမသာလေး မြှောက်
ဆန့်ကာ ပြောင်းအောက်စိုက်ပုံစံဖြင့် ဒိုင်းခနဲ ပစ်လိုက်သည်။

ပစ်မှတ်သည် ဒီပ၏ ခြေနှစ်ဘက်ကြား ကြမ်းပြင်ကို
ထွင်းဖောက်သွားမှပသည်။

ဟေး ... ဟု အော်ရင်း ဒီပ အထိတ်တလန့်နှင့်
နောက်သို့ ခုန်ထွက်လိုက်သည်။ ပြီး ဆောင်းကို ဘေးသို့တွန်းထုတ်
လိုက်သည်။

"ဩ ... ဩ ... ခင်ဗျားက နောင်းသေသွားပြီးတဲ့နောက်
ဆောင်းအတွက် သတ္တိတွေသိပ်ကောင်းနေပါလား ကိုသူရ
အောင် ..."

"ဟုတ်တယ် ကိုဒီပ ... နောင်းရှိစဉ်တုန်းက ကျုပ်က သတ္တိ
တွေသိပ်နည်းလို့ ကျုပ် သိပ်ညံ့လို့ မဟုတ်ဘူး ... အရာရာ
မှာ နောင်းနဲ့ အတိုက်အခံဆန့်ကျင်ဘက် မဖြစ်စေချင်လို့
ကျုပ်သည်းခံခဲ့တာ ... မျက်နှာလွှဲခဲ့တာ ..."

"ဒါဆို အခုတော့ ခင်ဗျားက ကျုပ်တို့ကို ယှဉ်ပြိုင်ပြီပေါ့
ဟုတ်လား ... ဟဲ ... ဟဲ ..."

ဒီပသည် တဟဲဟဲရယ်ရင်း မသိမသာ သူ၏လက်က
ဓါးမိုးရှောင် ဂျာကင်အောက်သို့ ရွေ့လျားရင်း ဝတ္ထုနှင့် စိုင်းအောက်ဆီသို့
စကားဖောင်ဖောင်ကျဲ ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်နေပြီကော ဝဏ္ဏနဲ့ စိုင်းခက်ရေ့ ... ဟိုလွန်ခဲ့
အပတ်တုန်းက သချိုင်းဇရပ်မှာနေတဲ့ အရူး မောင်ပွက ဝို
ဗေဒင်ဟောခဲ့သေးတယ်ကွ ... ဆရာဒီပ ကုသိုလ်ကံနိမ့်
တယ်တဲ့ ... အောက်လက်ငယ်သား တစ်ဦးဦးက ဒီလထဲ
ပဲ ဆရာ ဒီပကို တော်လှန်လိမ့်မယ်တဲ့လေ ... ဟဲ ... ဟဲ
ဟဲ ... အခုတော့ တွေ့ရဲ့လား ... ငါတို့ကို အမြဲတမ်း
မွေး ပူဇော်ပသနေတဲ့ ဟောဒီဂုဏ်သရေရှိ ကိုသူရအောင်
သေနတ်စွမ်းပြတာပါ ခံရပြီလေကွာ ..."

"အသေးအဖွဲ့ပါ ဒီပရာ ..."

ဝဏ္ဏကဝင်၍ ပြောပေးလိုက်သည်။

ထိုစဉ်မှာပင် ဒီပ၏ ရွေ့လျားသောလက်သည်
ကင်အောက်ရောက်သွားပြီး ခါးကြားထိုးထားသော သေနတ်
ဆွဲထုတ်ရန် အားပြုလိုက်သည်နှင့် စိုင်းခက်က လှမ်းကြဲလိုက်
သည်။

"ဟေ့ကောင် ဒီပ ... မင်းသေနတ်မထုတ်နဲ့ ... အခြေအ
က သူ့က ဦးနေတယ် ... ဟေ့ကောင် ဒီပ ..."

• ဖြစ်ပျက်လိုက်မှုသည် မြန်ဆန်လွန်းပါ၏။

ဒီပက မလျှော့ပေ။ သူ့ခါးကြားမှ သေနတ်ကို
ထုတ်လိုက်သည်နှင့် ဆွဲပစ်နည်းကို သုံးလိုက်သည်။

"ဒိုင်း ..."

"ဒိုင်း ..."



ချာလပတ်ရမ်း ဖင်ထိုင်ကျသွားသူမှာ ဒီပပင်ဖြစ်
သွားတော့သည်။ သူ့လက်မှ သေနတ်လည်း လွတ်ကျသွားသည်။

ဝဏ္ဏက လွတ်ကျသွားသည့် ဒီပ၏ သေနတ်ကို
ကောက်ယူမည်ပြုသည်ကို ခါးကိုင်းလိုက်သည်။

စိုင်းခက်က ဝဏ္ဏကို လှမ်းဆွဲထားလိုက်ရင်းပြော
သည်။

"မလုပ်နဲ့ဝဏ္ဏ ... ရန်သူကို အထင်မသေးနဲ့ သေနတ်ကို
အသင့်ထုတ်ပြီးသား ... ချောင်းတင်ပြီးသား သေနတ်သမား
ကို ကိုယ်က သေနတ်ထုတ် မောင်းဆွဲပြီးမှ ယှဉ်ပြိုင်ရမဲ့
အခြေအနေမျိုးမှာ ဘယ်တော့မှ မယှဉ်ပြိုင်နဲ့ ဒီပ ခံသွားရ
တာ မင်းမြင်တယ် မဟုတ်လား ... နောက်ပြီး ကိုသူရ
အောင်ဟာ ... ငါတို့ထင်ထားသလို မဟုတ်ဘူး ... သေနတ်
ပစ်မှာ တော်တော်ကျွမ်းကျင်တယ် ... ပထမတစ်ချက်မှာ
ဒီပရဲ့ ရပ်နေတဲ့ ခြေဖဝါးနှစ်ခုကြားသို့ သတိပေးအနေနဲ့
ပစ်ပြလိုက်ကတည်းက ကိုသူရအောင် သေနတ်မှာ ကျွမ်း
ကျင်မှန်း ဒီပရိပ်မိဖို့ကောင်းတယ် ... ဒုတိယပစ်လိုက်တာ
ကြည့်ဦး ... ဒီပရဲ့သေနတ်ကိုင်လက်ကို ပစ်တာ ..."

"အိုကွာ ... သေချင်သေသွားပါစေ ... ဒါမျိုးမှာ ငါအလျှော့
မပေးချင်ဘူး စိုင်းခက် ... ဘယ့်နှယ်ကွာ တစ်သက်လုံး
ကိုယ်မွေးတဲ့မျောက်က ကိုယ့်ကိုပြန်ခြောက်တာ ..."

"ဒါဆိုလည်း မင်းထပ်ယှဉ်လေကွာ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း မင်းထပ်ယှဉ်လေ၀ဏ္ဏ ... ကိုသူရအောင်က မင်းကို သေလောက်တဲ့နေရာကိုတော့ ပစ်မှာမဟုတ်ဘူး... ဒီပလိုပဲ ခြေတို့လက်မောင်းတို့ ပစ်မှာ သေချာတယ် ... ဘာပဲပြောပြော ... အခုအခြေအနေမှာ သူ့ဘက်က တရားဥပဒေက ရပ်တည်နေတယ် ... သေနတ်ချင်းယှဉ်ပစ်လို့ သူ့မှာ ဘာအပြစ်မှ မရနိုင်ဘူး ... ငါတို့ကောင်တွေက ဒုစရိုက်ကောင်တွေမဟုတ်လား ၀ဏ္ဏ ... "

၀ဏ္ဏတို့တရားချပြောရင်း စိုင်းခက်သည် ရှေ့သို့ တိုးလာသည်။

"ဒီမှာ ကိုသူရအောင် ဒီပရဲ့ သေနတ်ကို ကျုပ်ကောက်မယ်... ကျုပ် အမှားအယွင်းရှိရင် ခင်ဗျားက ပစ်လိုက်ပေါ့... ခင်ဗျား လက်ဖြောင့်တဲ့လူပဲ ... "

သူရအောင် ဘာမှမပြော

သူတို့သုံးယောက်လုပ်သမျှကိုသာ ... မျက်တောင်မခတ် ကြည့်နေသည်။

စိုင်းခက်သည် ကြမ်းပေါ်မှ ဒီပသေနတ်ကို ကောက်ယူပြီး ခြောက်လုံးပြူးသေနတ်ဖြစ်ပါ၏။ ကျည်ဆန်ဆုံလည်ကို ဖွင့်ကာ ကျည်ဆန်တွေ ကြမ်းပြင်ပေါ်သို့ ချပစ်လိုက်သည်။

ထို့နောက် ဒီပကို တွဲခေါ်သည်။ ၀ဏ္ဏကလည်း အခြားတစ်ဘက်မှ တွဲသည်။

ဒီပက အတွဲခံခေါ်ယူခဲ့ရသည့်ကြားကပင်



"မင်း ထမင်း၀အောင်စားထား သူရအောင် ... "

ဟု ကြိမ်းမောင်းလိုက်သွားပါ၏။

သူရအောင် သူတို့ထွက်သွားပြီး စိတ်ချရမှ သူ့အခန်းသို့ပြန်၀င်သွားသည်။ ဘယ်သူ့ကိုမှ စကားတစ်ခွန်း မပြော။

ဆောင်းက သူရအောင်ပြန်၀င်သွားသည်ကို ငေးကြည့်ကျန်ခဲ့သည်။

"အင်း ... အစ်ကိုကြီးက မြွေပွေးကို ကလိထိုးလိုက်ပြီ ... နောက်ပိုင်း အန္တရာယ်မသေးဘူး ... မဓဆောင်း ... "

ဆောင်းက ဘာမှမပြော ...

သို့သော် ကိုသူရအောင်သည် လုလင်အောင်ပြောသို့ သက်မဲ့အလှပြ အရုပ်တစ်ရုပ်မဟုတ်မှန်းတော့ မြင်တွေ့ရသည်။

---

www.burmeseclassic.com

www.burmeseclassic.com



# ၆

စနေနေ့တွင် နှောင်း၏အလောင်း မြေမြှုပ်သင်္ဂြိုဟ်မှုပြုသည်။

ကိုသူရအောင်က ကျေးရွာလူကြီးများထံ ခွင့်ပြုချက်တောင်းခံပြီး နှောင်း၏အလောင်း ညောင်သုံးပင်သချိုင်းတွင် မချာဲ အိမ်ကြီးကြီးထဲက သူ စိတ်ကြိုက်ရွေးချယ်ထားသော နေရာတွင် မြေမြှုပ်အုတ်ဂူတည်ဆောက်သည်။

နှောင်းကို ... ဂူသွင်းရန် စိတ်ကြိုက်ရွေးချယ်သော နေရာမှာ ခရမ်းရောင်ပွင့်သော ချယ်ရီပင်သုံးပင်၏ ဗိုခနောက်ဆိုင် အလယ်တွင် ဖြစ်ပါ၏။

"မမနှောင်းက အဲဒီ ချယ်ရီသုံးပင်ကို သိပ်နှစ်သက်တာ မမဆောင်း ... ခရမ်းရောင်ချယ်ရီတွေ ဖြိုင်ဖြိုင်ပွင့်ပြီဆိုရင် ...



အဲဒီ ချယ်ရီပင်တွေအောက်မှာပဲ မမနှောင်း နေတယ် ... ဒေါ်အဲလစ်နဲ့ နန်းကြာဖြူက အချိန်ကိုက်ပြီး ... ကော်ဖီမုန့်တို့ နံနက်စာ ထမင်းတို့ မမနှောင်းဆီကို ပို့ပေးရတယ်"

"ကိုသူရအောင်ကကော ... နှောင်းနဲ့အတူတူ ချယ်ရီပင်အောက်မှာ နေ့စဉ်အစ်နေကုန် နေပေးသတဲ့လား ... "

"နေပေးပါတယ် မမဆောင်း ... ဒါပေမဲ့ တစ်ခါတလေမှာတော့ ပန်းသီးခြံတွေမှာ အလုပ်သိပ်များတဲ့အခါ အစ်ကိုကြီးကိုယ်တိုင် မသွားရင်မဖြစ်တဲ့ နေ့မျိုးကျတော့ ... အစ်ကိုကြီးက နေမပေးနိုင်ဘူးပေါ့ ... အဲဒီအခါမျိုးကျရင် မမနှောင်းက အင်္ကိုကြီးကို ဂျီတိုက်တော့တာပဲ ... "

"နှောင်းက ဘယ်လိုဂျီတိုက်တာလဲ ... "

"အစ်ကိုကြီး ... ပန်းသီးခြံက မပြန်လာမချင်း မမနှောင်းက ချယ်ရီပင်တွေအောက်မှာပဲ နေလိုက်တယ် ... အစ်ကိုကြီး ပြန်လာပြီး ပြန်ချော့ခေါ်ရတယ် ... တစ်ခါတလေ အလုပ်တွေသိပ်များလို့ ညဉ့်နက်သန်းခေါင်မှ ပြန်လာရင် မမနှောင်းက ... ညဉ့်နက်သန်းခေါင်ထိ ချယ်ရီပင်တွေအောက်မှာပဲ နေလိုက်တယ် ... "

"ညဉ့်နက်သန်းခေါင်ထိ နှောင်းက တစ်ယောက်တည်း ... ချယ်ရီပင်တွေအောက်မှာ နေရဲသတဲ့လားကွယ် ... မမဆောင်း သိသလောက်တော့ ... နှောင်းဟာ လူလူချင်း ဘယ်သူ့ကိုမှ မကြောက်တတ်ပေမဲ့ တစ္ဆေသရဲတော့ ... ကြောက်တတ်မှန်း မမဆောင်း သိတယ် ... "

www.burmeseclassic.com

www.burmeseclassic.com



လုလင်အောင်က ပခုံးတွန့်ပြပြန်ပါ၏။

လုလင်အောက် ပခုံးတွန့်ပြပုံမှာ သူ့အသက်အရွယ်လေးနှင့်သူ ကြည့်၍ကောင်းပါ၏။ ဒီလိုချာတိတ်လေးတွေသည် အမေရိကန်နိုင်ငံခြား ရုပ်ရှင်တွေကို အကြည့်များပြီး ယင်းရုပ်ရှင်ထဲက ဇာတ်ဆောင်တွေ ပခုံးတွန့်ခြင်းကို အတုယူကာ အကျင့်ပါနေသည်ပဲ ဖြစ်မည်။

ပခုံးတွန့်ခြင်း အဓိပ္ပာယ်ကို ဆောင်းက ယူဆသည်မှာ ပြဿနာတစ်ခုကို ရှင်းမပြနိုင်သောအခါ ဘာတတ်နိုင်မှာလဲဟု အဓိပ္ပာယ်ထွက်ရောက်သည်ဟု ယူဆသည်။

ယခု နှောင်းက ညဉ့်နက်သန်းခေါင်အထိ နေသည်ဆိုခြင်းကို လုလင်အောင် ပခုံးတွန့်ပြသော်လည်း ဆောင်းက မယုံပါလေ။

ဆောင်းသည် မျက်စိကို စုံပိတ်ထားလိုက်ပါ၏။ ညီမလေးနှောင်းနှင့် ပတ်သက်သောစကားတိုင်းသည် ... ဆောင်း၏ သံသယစိတ်ကို ပို၍ ကြီးထွားစေပါ၏။

ထိုနေ့က အသုဘချသည်ဟုပဲ ဆိုကြပါစို့။

လပအဖိုးတန် စေ့ယ်ရှယ်မှာယူသည့် အခေါင်းတွင် နှောင်း၏အလောင်းကို သွင်းကာ ညောင်သုံးပင်မှ လူတွေချည်းထမ်းသည်။ ဦးဆောင်ပြီးထမ်းသူမှာ ကိုသူရအောင် ဖြစ်ပါ၏။

အသုဘချရာတွင် ညောင်သုံးပင်မှ လူနှစ်ရာခန့် လာရောက်ကြသည်။



အိမ်ကြီးခြံကြီး၏ အရှေ့ဘက် ကိုက်နှစ်ရာခန့်အကွာ ညောင်ရိုးသုံးပင်အောက်သို့ လူတွေ စီတန်းပြီး လိုက်လာကြသည်။ ညောင်ရိုးသုံးပင်အောက်မှာပင် သံဃာအပါး (၁၀)ပါးက သရဏဂုံတင်ပေးသည်။ တရားနာကြသည်။ အုတ်ဖြင့်ရံထားသော မြေကျင်းထဲသို့ နှောင်း၏အခေါင်းကို ချကြသည်။

ဆောင်း တအားကြီး ငိုချပြန်သည်။

သေဆုံးသူအပေါ်၌ သံယောဇဉ် အချစ်ကြီးမားကြသူများသည်

ပထမ သေဆုံးစတွင် တစ်ကြိမ်

အလောင်း ဂြိုဟ်သော တစ်ကြိမ်

ဤနှစ်ကြိမ်တွင် အလူးအလဲ ငိုကြွေးလေ့ရှိကြသည်။

သူရအောင်လည်း မေးရိုးကြီးတွေ ထောင်ထလာအောင် အံကြိတ်ထားသည့်ကြားကပင် သူ့မျက်ဝန်းအိမ်မှ မျက်ရည်တွေ ပေါက်ပေါက်စီးကျလာသည်ကို တွေ့ရပါ၏။

အသုဘချသဂြိုဟ်ရာတွင် ထူးထူးဆန်းဆန်း ဒီပ၊ ဝဏ္ဏနှင့် စိုင်းခက်တို့လည်း လာကြပေသည်။

ဒီပသည် လက်တွင် ပတ်တီးစီးထားပြီး ဒဏ်ရာရသက်ကို လည်ပင်းမှ စလွယ်သိုင်းထားသည်။

အလောင်းမြေချရာတွင် အသုဘပို့လာသူများသည် မြေတစ်ဆုပ်စီ အခေါင်းပေါ်သို့ ချကြသည်။ ဒီပ၊ ဝဏ္ဏနှင့် စိုင်းခက်တို့လည်း မြေတစ်ဆုပ်စီ ချကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြေမှုန်ပြီးနောက် ပန်းရံဆရာများက အုတ်ဂူတည်ဆောက်ချိန်ဝယ် အသုဘပို့ ဧည့်သည်များ အလျိုလျို ပြန်ကြလေပြီ။

ဒီပ၊ ဝဏ္ဏနှင့် စိုင်းခက်သည် ဆောင်းအနီးသို့ လာကြသည်။

ဒီပက ဆောင်းကို တောင်းပန်စကား ပြောသည်။

"ဆောင်းကို … မနေ့က ကျွန်တော်ရဲ့ ရိုင်းပျတဲ့ အပြုအမူတွေအတွက် တောင်းပန်ပါတယ် … မနေ့က ကျွန်တော်တို့ သောက်တာများသွားလို့ပါ … နောက်တစ်ချက်က နှောင်း အသက်ရှင်စဉ်ကဆိုရင် ကျွန်တော်တို့နဲ့ သိပ်ခင်ကြပါတယ် … နှောင်းနဲ့ ပြောမနာဆိုမနာ ခင်မင်ကြတာပါ။ အဲဒီလို နှောင်းနဲ့ ခင်မင်ပြီးသားမို့ … နှောင်းရဲ့အစ်မ ဆောင်းကိုလည်း မိတ်ဆက်ပေးပြီးတဲ့နောက် … ကျွန်တော့်ရဲ့ အပြောအဆိုတွေ လွန်သွားတာပါ … ဆောင်းက ကျွန်တော့်ကို ပါးရိုက်လိုက်တော့ ရုတ်တရက် ဒေါသစိတ်မွန်သွားပါတယ် … ဆောင်းကို ချုပ်ကိုင်ပြီး တန်ပြန်ကလဲ့စားချေမှုမျိုး ပြုမိပါတယ် … ဒါပေမဲ့ အဲဒီပွဲမှာ ကျွန်တော်ပဲ ခံသွားရတာပါ … အိမ်ပြန်ရောက်တော့ စိုင်းခက်က ကျွန်တော် သိပ်လွန်ကြောင်း ရှင်းပြတော့ … ကျွန်တော် သဘောပေါက်နားလည်သွားပါတယ် … စိတ်ထဲမှာ ကျေအေးသွားပါတယ် … ဒါကြောင့် အခု ကျွန်တော် ဆောင်းကို တောင်းပန်ပါတယ် … "



ဒီပက ကြက်တူရွေး စကားသင့် တတွတ်တွတ် ပြောနေခြင်းမျိုး ဖြစ်သည်။ ငိုနေသော ဆောင်းအေးတွင် သူပြောချင်တာတွေ ပြောနေခြင်း ဖြစ်ပါ၏။

"အေးဗျာ … ကိုသူရအောင်ကိုလည်း ဆောင်းကပဲ ပြန်ပြောပေးပါ … ကျွန်တော် ဘယ်လိုမှ အာဃာတ မထားပါဘူးလို့ ဒါပေမဲ့ ကျွန်တော် အံ့သြသွားတာ တစ်ခုတော့ ရှိတယ် … နှောင်းနဲ့ ကျွန်တော်တို့ အရောတဝင်နေတတ်တာကို … ကိုသူရအောင်ဟာ မလိုလားခဲ့ပါဘူး … ဒါပေမဲ့ ကျွန်တော်တို့ကို ရန်လည်း မလုပ်ဘူး … ဘာမှလည်း ကောင်းသည်ဆိုးသည် မပြောဘူး … "

"အဲ … အခု ဆောင်းနဲ့ ပတ်သက်တဲ့ကိစ္စကျတော့ … ကိုသူရအောင်ဟာ ကျွန်တော့်ကို သေနတ်နဲ့ ပစ်တဲ့အထိ အာခံလာတာကိုပဲ … ကျွန်တော်တို့ အံ့သြမိတယ် … "

"ဒါကျတော့ … မမဆောင်းနဲ့ မမနှောင်းက မတူကြဘူးလေဗျာ ကိုဒီပ … "

ဆောင်း အနီးတွင် ဆောင်း တစ်ခုခုဖြစ်မှာစိုး၍ အစ်ကိုကြီးသူရအောင်က ထိုင်စောင့်ခိုင်းသဖြင့် ထိုင်စောင့်နေသော လုလင်အောင်က ဝင်၍ ပြောလာခြင်းဖြစ်ပါ၏။

"ဆိုပါဦးကွ … နှောင်းနဲ့ ဆောင်းက ဘယ်လိုမတူကြတာလဲ လုလင်အောင် … "

"မမနှောင်းက အစ်ကိုကြီး စကားကို နားထောင်တာမှ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တာ … ဒီထက် ရှင်းရှင်းပြောရရင် … မမနှောင်း ကိုဒီပတို့ အုပ်စုကို လိုက်လိုက်လျှောလျှော ရှိတယ်လေ … ဒီတော့ … အစ်ကိုကြီးက ဝင်စွက်ဖက်ဖို့ ခက်နေခဲ့တာ ပြီး … မနေ့က ကိုဒီပရဲ့ အပြုအမူဟာ မမဆောင်းကို အနိုင် ကျင့်ရာ ရောက်နေတယ် … ဒါကြောင့် အစ်ကိုကြီးက ကြား ဝင်လိုက်တာပါ ကိုဒီပ … ”

“ဟဲ … ဟဲ … မဆိုးဘူး … ငါ့ညီ လုလင်အောင် မဆိုး ကွ … ဒါကြောင့် မင်းကို မန္တလေးတက္ကသိုလ်က တစ်နှ ကျောင်းထုတ်လိုက်တာမျိုး ခံရတာ ဖြစ်မယ် … ”

“ဘာဗျ … ကျောင်းတစ်နှစ် အထုတ်ခံရတာ မဟုတ်ဘူး ကျွန်တော်က အစ်ကိုကြီးရဲ့ ပန်းသီးခြံတွေ … လက်ဖ စိုက်ခင်းတွေ မနိုင်မနင်း ဖြစ်နေလို့ … ကျောင်းက တစ်နှ ခွင့်ယူပြီး အစ်ကိုကြီးအလုပ်တွေ လာပြီးကူညီနေတာ …”

“ဒါတော့ ပြောတတ်ဘူးလေကွာ … ငါတို့ မန္တလေး တစ်ဆင့် ကြားတာကတော့ … ကျောင်းသူ အမျိုးသမီး တစ်ယောက်ကို ဓွတ်အတင်း မင်းလိုက်တာ အမျိုးသမီး လေးက မကျေနပ်လို့ ပါမောက္ခချုပ်ကို တိုင်လို့ … မင်း တစ်နှစ် အောက်လိုက်တာလို့ ကြားတာပဲ … ဟဲ … ဟဲ

“အို … ခွင်ဗျားတို့ ကြားချင်တာ ကြားနေတာ … ”

ဟု ပြောပြီး လုလင်အောင်သည် ဒီပတို့ လူသိုက် အား မဆက်ဆံလိုသည့်အလား ထိုနေရာမှ ထသွားတော့သည်။



ဒီပ၊ ဝဏ္ဏနှင့် စိုင်းခက်သည် ဆောင်းကို နှုတ်ဆက်ပြီးနောက် ကိုသူရအောင်ကို နှုတ်ဆက်ရန် လှမ်းကြည့်ကြသည်။

ကိုသူရအောင်က ဒီပတို့ လူသိုက်ကို ကျောပေးထားပြီး ပန်းရုံတွေနှင့် အလုပ်ရှုပ်နေသည်ကို တွေ့ရသည်။ သူ့ညီ … လုလင်အောင်ကလည်း သူ့အစ်ကိုကြီးဘေးတွင်ထိုင်ကာ စကားတွေ ပြောနေသည်ကိုလည်း တွေ့ရသည်။ လုလင်အောင်သည် ဒီပတို့အကြောင်း သူ့အစ်ကိုကြီးအား ပြန်လည်တိုင်ပြောနေခြင်း ဖြစ်ပုံ ရသည်။

ဒီပတို့လူသိုက် ပြန်သွားကြသည်။

တဖြည်းဖြည်းနှင့် ခြံကြီးထဲဝယ် ပန်းရုံအုတ်ဂူ ဆောက်သမားများ၊ သူရအောင်၏ အမှာခံ တပည့်ရင်းများနှင့် အိမ်သူအိမ်သားတွေသာ ကျန်ရှိခဲ့တော့သည်။

ယခုအချိန်ထိ ကိုသူရအောင်နှင့် ဆောင်းသည် ဟက်ဟက်ပက်ပက် စကားမပြောကြသေး၊ မပြောလျှင် မဖြစ်သော စကားမျိုးလောက်သာ ပြောကြသည်။ များသောအားဖြင့် ပြောလိုသော စကားကို လုလင်အောင်မှတစ်ဆင့် ပြောကြသည်သာ ဖြစ်ပါ၏။

နှောင်း၏အုတ်ဂူသွင်းချိန် ဒီဇင်ဘာလထဲဝယ်ချယ်ရီတွေ ပွင့်ချိန်ပေလား၊ မပွင့်ချိန်ပေလားတော့ ဆောင်း မသိ၊ ရန်ကုန်သူ ဆောင်းသည် ချယ်ရီပင် ချယ်ရီပန်းနှင့် ကင်းဝေးသည်။ ချယ်ရီအကြောင်း ဆောင်း မသိ။

www.burmeseclassic.com

www.burmeseclassic.com



သို့တစေ နှောင်းချစ်သော ချယ်ရီတွေသည် နှောင်း မြေချရှိန်တွင် သုံးပင်စလုံး အရွက်ပင် မရှိအောင် ခရမ်းရောင်ချယ်ရီ ပန်းတွေ ဝေဝေဆာဆာ ပွင့်နေကြသည်။ အုတ်ဂူကို ခရမ်းရောင် မျက်နှာကျက် မိုးထားသလိုပင် ရှိနေပါ၏။

မွန်းလွဲ (၁)နာရီက အသုဘချသည်။ ညနေ(၅)နာရီ အထိ အုတ်ဂူမပြီးသေး။ သူရအောင်က နှောင်း၏ အုတ်ဂူကို သူ ကိုယ်တိုင် စိတ်ကြိုက် ပန်းရံဆရာများကို အနုစိတ် ခိုင်းနေပေသည်။

သူရအောင် တစ်ကိုယ်လုံး ချွေးများ စိုရွှဲပြီး ရှပ်အင်္ကျီ သားက သူ၏ရင်ဘတ်ကြီးနှင့် ကျောပြင်တွင် ချွေးများဖြင့် ကပ်နေ သည်။ ချည်ချောလုံချည်ကို ဒူးဆစ်ဖုံးရုံ တိုတိုဝတ်ထားသည်။

ညနေ(၅)နာရီ ထိုးပြီးနောက် သူရအောင်က အနီး တွင် ထိုင်နေသော ဆောင်းအား ပြောလိုက်သည်။

"မဆောင်း ... အိမ်ကြီးပေါ် ပြန်သင့်ပြီထင်တယ် ... ညောင် သုံးပင်ရဲ့ ညနေပိုင်းဟာ တစ်ခါတလေ အအေးလွန်ကဲတတ် တယ် ... ဒီဒေသမှာ နေနေကျလူတွေအတွက် ... အကြောင်း မဟုတ်ပေမဲ့ ... မဆောင်းက ခုမှ ရောက်လာသူဆိုတော့ ရာသီဥတု အပြောင်းအလဲဒဏ်ကြောင့် ဖျားနိုင်တယ် ... နေမကောင်းဖြစ်နိုင်တယ် ... မဆောင်း နားလည်း နားသင့် ပြီ ..."

ဆောင်းက ကိုသူရအောင်ကို မော့ကြည့်သည်။ ဟုတ်လည်း ဟုတ်နေသည်။ ညောင်သုံးပင်၏ ညနေစောင်းသည်



တော်တော်အေးမြနေပေပြီ။ ပြီး ... ဆောင်းမှာ ငိုထားရသည် ကြောင့် ပင်ပန်းနေပြီ၊ တစ်ချိန်လုံး ထိုင်နေသဖြင့် ညောင်းလည်း ညောင်းပေပြီ။

ထို့ကြောင့် အိပ်ရာတွင် ခြေဆန့်လက်ဆန့်နှင့် အနား ယူ လဲလျောင်းနေချင်ပြီ။

ဆောင်း ထိုင်ရာမှ ထရပ်လိုက်သည်။

သူရအောင်အား သွားတော့မယ်ဟု နှုတ်ဆက်ချင် စိတ် ဖြစ်ပေါ်မိသည်။

သို့တစေ နှုတ်မှ ဖွင့်ပြောခြင်းမပြုမိပေ။

"လာ ... သွားစို့ ... ဒေါ်လေးသူဇာ ... နက်ဖြန်မိုးလင်းမှ နှောင်း လဲလျောင်းရာ အုတ်ဂူလေးကို လာကြည့်ကြတာ ပေါ့ ..."

နှောင်းသည် သူရအောင်ကိုလည်းကောင်း၊ နှောင်း ၏ မပြီးသေးသော အုတ်ဂူလေးကိုလည်းကောင်း ကျောခိုင်းကာ ထိုနေရာမှ ထွက်ခွာလာခဲ့တော့သည်။

---- ♣ ----

www.burmeseclassic.com

www.burmeseclassic.com



## ။ ၅ ။

ရေပင်မချိုးနိုင်တော့ အအေးဓာတ်က လွန်ကဲ
သည်။

နန်းကြာဖြူ စီစဉ်ပေးသော ရေနွေးစပ် ရေနှင့်ပ
ခြေလက်တစ်ကိုယ်လုံး သန့်စင်ကာ အိပ်ရာထက်တွင် ငွမ်းကာ
စောင်ကြီးခြုံပြီး လဲလျောင်းတော့သည်။

လူပင်ပန်းသော်လည်း အိပ်ချင်စိတ် မရှိပေ။ ညီ
လေး နှောင်းအကြောင်းကိုသာ ဦးခေါင်းတွင် ပလုံစီအောင် တွေး
မိသည်။

ပထမဦးစွာ ကိုသူရအောင်ကို မျက်စိထဲ မြင်ယောင်
လာမိသည်။

ချက်ချင်း ဦးနှောက်ထဲမှလည်းကောင်း၊ စိတ်အစ
ထဲမှလည်းကောင်း ကိုသူရအောင်ကို မောင်းထုတ်ပစ်လိုက်သည်



ထို့နောက် ညောင်သုံးပင်သို့ မိမိ ရောက်ရှိလာသော
သောကြာနေ့မှ ယနေ့ စနေနေ့ညနေစောင်းအထိ ညောင်သုံးပင်၌
မိမိ အမှတ်သညာထားမိသူများကို ရေတွက်ကြည့်သည်။

'ဒေါက်တာစောဒီ'

ဒေါက်တာစောဒီသည် နှောင်း ခန္ဓာကိုယ်တစ်ခုလုံး
ကို ခွဲစိတ်စစ်ဆေးသူ ဖြစ်သည်။ ပြီး ... နှောင်းသည် ရေနစ်ပြီး
အဆုတ်ထဲ ရေတွေ အပြည့်အလျှံဝင်ကာ အသက်ရှူလမ်းကြောင်း
ပိတ်ဆို့၍ နှောင်း သေဆုံးသည်ဟု ဆိုသည်။

ဒေါက်တာစောဒီတွင် ... ထိုအချက်ထက် ပိုမိုပြီး
သိသော အခြားအချက်အလက်များ ရှိပါသေးသလား။

ဆောင်းအနေနှင့် ဒေါက်တာစောဒီကို နှစ်ယောက်
ချင်း တွေ့ဆုံဖို့ ကြိုးစားသင့်သည်ဟု ရင်ထဲတွင် မှတ်ချက်ပြုလိုက်
ပါ၏။

'ဦးစံလင်းနှင့် ဦးဘကျူး'

သူတို့နှစ်ဦးက ညောင်သုံးပင်၏ ရွာမိရွာဖ ကျေးရွာ
လူကြီးနှစ်ဦး ဖြစ်သည်။ ကျေးရွာလူကြီး ဆိုစေကာမူ ကိုသူရအောင်
ညောင်သုံးပင် ရောက်လာပြီး ပန်းသီးခြံအလုပ်တွင် အလုပ်သမား
ကြီးတွေ ဖြစ်နေသည်။ ကျေးရွာလူကြီး နှစ်ဦးရှေ့မှောက်တွင် နှောင်း
၏ အလောင်းကို ခွဲစိတ်စစ်ဆေးပါသည် ဆိုစေကာမူ ဒေါက်တာ
စောဒီ ပြောသမျှ 'အေး ... ဟုတ်သားပဲ' ဟု ခေါင်းညိတ်သူများ
သာ ဖြစ်ပေမည်။

www.burmeseclassic.com

www.burmeseclassic.com



ကျေးရွာလူကြီးနှစ်ဦး ရှေ့မှောက်တွင် ခွဲစိတ်သည် ဆိုသည့် သက်သေထူပြီချက်သာလျှင် ဖြစ်နိုင်လောက်သည်။

မည်သို့ဖြစ်စေ ... လိုအပ်လာပါက ဆောင်းသည် ဦးစံလင်းနှင့် ဦးဘကျူးကို တွေ့ဆုံရမည်ဟု မှတ်ချက်ချပြန်သည်။

**"ဒေါ်အဲလစ်နှင့် နန်းကြာဖြူ"**

ဒေါ်အဲလစ်ကို ဆောင်း ဘယ်လိုမှ မှန်းဆ၍မရသေး။ သူမသည် ခရစ်ယာန်ဘာသာဝင် အမျိုးသမီးကြီး ဖြစ်သည်။ စကား အလွန်နည်းပြီး အလုပ် အလွန်လုပ်သည်။ ဒေါ်လေးသူဇာနှင့် သက် တူရွယ်တူလောက် ရှိသောကြောင့် ဒေါ်လေးသူဇာက စကားပြော ဖော်အဖြစ် မီးဖိုထဲအထိ လိုက်၍စကားပြောသည်။ သို့သော် ... ဒေါ်လေးသူဇာ ညည်းညည်းညူညူ ပြောသံထွက်လာသည်။

"ဟင်း ... မအဲလစ်က လက်နှစ်ဖက် ခြေနှစ်ဖက်သာ အဆက်မပြတ် လှုပ်ရှားပြီး အလုပ်လုပ်တာ ... ပါးစပ်က တော့ မလှုပ်ဘူးဟဲ့ ဆောင်း ... စိတ်ပျက်စရာကြီး ... သူနဲ့ စကားပြောရတာ အရုပ်ကြီးနဲ့ စကားပြောရတာ ကျနေတာ ပဲ ... 'ဦးခေါင်းညိတ်တယ် ... ဦးခေါင်းခါတယ် ... အဲ ဟူ၍ ..."

နန်းကြာဖြူကိုတော့ ဆောင်း အတော်အတန် စိတ် ဝင်စားမိသည်။ ဒေါ်အဲလစ်၏ တူမအရင်းဖြစ်ပြီး သူမ၏ မျက်နှာ ပေါက်လေးမှာ ကရင်အမျိုးသမီးတစ်ဦး၏ အလှမျိုးရှိသည်။ ဖြူဝင်း စိုပြေသော အသားရောင်ရှိပြီး ပါးစုံလေးတွေ နီနေသည်။ မျက်နှာ



ချက်လုံးလှသည်။ အသက်(၁၈)နှစ်ရွယ်မို့ အပျိုရည်အပျိုသွေးလေး တွေ တက်ကြွနေသည်။ အဖြူရောင်အင်္ကျီ လက်ရှည်ပွပွကြီးကို ဝတ်လေ့ရှိသည့်ကြားကပင် စို့စို့ပို့ပို့ မို့ဝန်းသော ရင်အစုံကို ပုံရိပ်ပေါ် စေသည်။ သို့သော် ခြေသလုံး တုတ်ခိုင်သည်၊ ခါးတုတ်သည်။ လှပ သော မိန်းမငယ်လေးဟု ပြောသည်ထက် ချစ်စဖွယ် မိန်းမငယ် လေးဟုဆိုလျှင် မမှား။

အထူးသဖြင့် ... နန်းကြာဖြူကို ဆောင်း စိတ်ဝင် စားမိသည်မှာ ကောင်မလေးသည် ဆောင်းကို အမြဲတစေ ကြည့်နေ တတ်သည်။ ထိတ်ထိတ်လန့်လန့် ကြည့်ခြင်းမျိုး ဖြစ်ပါ၏။

အဘယ်ကြောင့် နန်းကြာဖြူသည် ဆောင်းအား ထိတ်တနိုးအကြည့်၊ ထိတ်လန့်သောအကြည့်နှင့် ကြည့်ပေသနည်း။ သူမလေး၏ အကြည့်တွင် အဓိပ္ပာယ်တစ်ခုတော့ ဆောင်နေသည် ဟု သချာဆရာမ ဆောင်းက 'ဒီအရွယ်တပည့်တွေကို ကိုင်တွယ်နေ ကျမို့ အကဲခတ်မိသည်။

သို့သော် ... ယခု လတ်တလော အခြေအနေတွင် နန်းကြာဖြူ၏ ပုစ္ဆာကို ဆောင်း မတွက်သေး။

ဆောင်းတွင် နှောင်းနှင့် ပတ်သက်သော ပုစ္ဆာတွေ က အများကြီး ရှိနေသည်။

**"ဒီပ၊ ဝဏ္ဏ၊ စိုင်းခက်"**

သူတို့သုံးယောက်သည် နှောင်းနှင့် ခင်မင်ခဲ့သူများ ဟု ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့မည်ပုံ ခင်မင်ခြင်းမျိုးနည်း … ၊ နှောင်းတစ်ယောက် ကိုသူရအောင်နှင့် လက်ထပ်ပြီးလေမှ အနေအထိုင်မည်သို့ရှိမှန်းတော့ ဆောင်း မသိ၊ အပျိုတုန်းကတော့ နှောင်းသည် ဘွိုင်းဖရင့် ယောကျ်ားလေးမိတ်ဆွေ ထားတတ်သည့်အကျင့်ရှိသည်။

နှောင်းသည် ဆိုရှယ်ကျပေသည်။ ယောကျ်ားလေးတွေနှင့် ဟေးလားဝါးလား နေခြင်းမျိုးကို နှောင်း နှစ်သက်သည်။ တက္ကသိုလ်ကျောင်းသူဘဝတွင် ရည်းစား ထည်လဲထားသည်။ ရည်းစားတစ်ယောက်နှင့် ကွဲသွားသဖြင့် နှောင်း ဝမ်းနည်းလိမ့်မည် မထင်နှင့် မကြာမီ နောက်တစ်ယောက်နှင့် နှောင်း တွဲသည်။

ဤသည်တို့မှာ … တက္ကသိုလ်ကျောင်းသူ့ဘဝက ရည်းစား အပျော်ထားခြင်းမျိုးသာ ဖြစ်ကြောင်း ဆောင်း နားလည်သည်။

နှောင်းတွင်ရှိသော အကျင့်ကောင်းတစ်ခုမှာ ချစ်သူအမျိုးမျိုးထားခဲ့သော်လည်း အပေါ်ယံသာ အထိခံသည်၊ မိမိဘဝ နစ်မွန်းပြီး မိမိကိုယ်ကို အရှက်တကွဲ အကျိုးနည်း ဖြစ်လာမည်အထိမူ နှောင်းက အမိကထိန်းသိမ်းသည်။

ဤမျှအထိ ဆောင်းသည် ချစ်ညီမနှောင်းအကြောင်းကို သိထားပါ၏။ ဒါကလည်း အပျိုစင် ကျောင်းသူဘဝက စိတ်၏ သာယာမှုလေးများကို လွတ်လပ်သူတစ်ဦးဘဝဖြင့် ပြုမူခြင်းသာ ဖြစ်သည်။



ကာ့မစိုင်ယောကျ်ားရပြီး … အိမ်ထောင်ရှင်ဘဝ ...က်ပြီးလေမှတော့ နှောင်းသည် ဤသို့ နိမ့်ကျသည့် အပြုအမူမျိုး ...တန်ရာဟု ဆောင်း ထင်မိသည်။

ဒီကြားတည်းကပင် ကိုဒီပနှင့် ကိုသူရအောင်တို့ ...နှုတ်ပစ်ပွဲ၌ ပြောခဲ့သောစကားကို ဆောင်း ပြန်တွေးကြည့်...ည်။

ကိုဒီပက နှောင်း သေဆုံးသွားပြီးမှ ဆောင်းအတွက် ...ရအောင်သည် သတ္တိတွေ သိပ်ကောင်းနေပါလားဟု စွပ်စွဲ...ဆိုလိုက်သည်ကို …

“ဟုတ်တယ် ကိုဒီပ … နှောင်းနဲ့တုန်းကလည်း ကျုပ် သတ္တိညံ့လို့ မဟုတ်ဘူး … အရာရာမှာ နှောင်းနဲ့ အတိုက်အခံမဖြစ်ချင်လို့ ကျုပ် သည်းခံခဲ့တာ … မျက်နှာလွှဲခဲ့တာ …”

ဟု ကိုသူရအောင်က ပြန်လည်ချေပစကား ဆိုလေ...ည်။ ကိုသူရအောင်၏ စကားအရ နှောင်းနှင့် ကိုဒီပ ဆက်ဆံခဲ့ပုံ...သို့နည်း။ ကိုဒီပအား နှောင်း ဆက်ဆံပုံကို ကိုသူရအောင်သည် ...ယောကျ်ားတစ်ဦးအနေနှင့် မနှစ်သက်ကြောင်းတော့ ထင်ရှား...ည်။

သို့တစေ ပြောလိုက်လျှင် နှောင်းနှင့် လင်မယား...ိုက်အခံ ဖြစ်ရသည်မို့ မပြောဘဲ ရှောင်နေလိုက်သည်ဟု ...ယ်သက်ရောက်နေသည်။

ကိုဒီပ၊ ကိုဝဏ္ဏနှင့် ကိုစိုင်းခက်တို့သည် ...

www.burmeseclassic.com

www.burmeseclassic.com



ကို ဗဟိုပြုပြီး မကောင်းမှုတွေဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေသော လူမိုက်သုံးယောက်ဖြစ်သည်ကတော့ သူတို့ကိုယ်တိုင်ပင် သူတို့ဟာသူတို့ ဝန်ခံကြသည်။

ကိုသူရအောင်နှင့် သည် ဉောင်သုံးပင်တစ်ဝိုက်ရှိ သူ၏ ပန်းသီးခြံများကို သူတို့သုံးဦး အနှောင့်အယှက်ပေးမည် စိုးရိမ်ကာကွယ်သည့်အနေနှင့် လိုက်လျောအညံ့ခံ ဆက်ဆံနေရသည့် သဘော ရှိသည်။

ဒီအတွက်ချည်း သက်သက်လည်း မဟုတ်တန်ရာ နှောင်း သေဆုံးသွားပြီးနောက် ဤလူမိုက်သုံးယောက်သည် ပန်းသီးခြံကို အနှောင့်အယှက်ပေးမည်ဆိုလည်း ပေးနိုင်သည်။

နှောင်း သေသွားပြီးနောက် ဆောင်းကို ထိပါးလာသော ကိုဒီပအား ကိုသူရအောင်သည် ရဲဝံ့ပြတ်သားစွာပင် သေနတ်နှင့် ပစ်လိုက်သည်။

စနိုးချောလေး နှောင်း သေပြီးမှတော့ ဖြစ်ချင်ရာဖြစ် ပန်းသီးခြံတွေ ခင်းတို့ ဖျက်ဆီးနှောင့်ယှက်ချင်လည်း ဖျက်ဆီးကြပေတော့ဟု သဘောပိုက်ကာ သူတို့သုံးဦးအား ရင်ဆိုင်လိုက်ခြင်း ပေလား။

သူတို့သုံးဦးထဲမှ ကိုစိုင်းခက်ဆိုသူနှင့် ဆောင်း ဆက်ဆံကြည့်လျှင် နှောင်းနှင့် ပတ်သက်သော သတင်းထူးလေးများ ရလေမလားဟု စဉ်းစားမြန်သည်။

အကြောင်းမူ သူတို့သုံးဦးတွင် ကိုဒီပနှင့် ကိုဝဏ္ဏ



ကတော့ တုံးတိုက်တိုက် ကျားကိုက်ကိုက် မိုက်ရူးရဲအသွင်ရှိသော်လည်း ကိုစိုင်းခက်က အကျိုးအကြောင်း ဆက်နွယ်မှုကို စဉ်းစားဝေဖန်ပြီးမှ အလုပ်လုပ်တတ်ပုံရှိသည်။ သူတို့သည် နှောင်းနှင့် ပတ်သက်သော အကြောင်းအချက်များကို တော်တော်သိထားကြပုံရသည်ဟုလည်း ဆောင်း ယုံကြည်သည်။

ဥပမာ ယနေ့ နှောင်း အသုဘချရာတွင် ရောက်ရှိလာသော ကိုဒီပသည် စကားပြောဆိုရင်းကပင် လုလင်အောင်သည် မန္တလေးတက္ကသိုလ်မှ တစ်နှစ် အထုတ်ခံရသည်ဟု ဆိုလိုက်သည်။ လုလင်အောင်က သူ့အစ်ကိုကြီး ပန်းသီးခြံအလုပ်အတွက် ကျောင်းမှ တစ်နှစ်ခွင့်ယူလာသည့်သဘော ပြန်ပြောသည်။

မည်သို့ဆိုစေ လုလင်အောင်သည် ယခုလောလောဆယ် မန္တလေးတက္ကသိုလ် ဖွင့်နေပါလျက် ပြန်မသွားသည်ကတော့ သေချာနေသည်။

ယင်းအချက်ကို ကိုဒီပက ထုတ်ဖော်မပြောပါက ဆောင်း မသိနိုင်။ ဒီဇင်ဘာကျောင်းပိတ်သဖြင့် လုလင်အောင် ပြန်လာသည်ဟုသာ ယုံကြည်မိမည်။

ဤသို့သော ဆောင်း မသိသော အချက်လေးများကို ယင်းလူမိုက်ကြီး သုံးဦးထံမှ နှောင်းနှင့်ပတ်သက်သော အကြောင်းအချက်လေးတွေ စုံစမ်းသိရှိရနိုင်လေမလား ဆိုသည့် အခွင့်အရေးကို မျှော်ကိုးမိသည်။

"ကိုသူရအောင်နှင့် လုလင်အောင်"

www.burmeseclassic.com

www.burmeseclassic.com



နှောင်းအပေါ် ... မကျေနပ်သော သူများထဲတွင် ကိုသူရအောင်နှင့် လုလင်အောင် ညီအစ်ကို့ကိုလည်း ဆောင်း ထည့်တွက်ထားသည်။

ကိုသူရအောင်အနေနှင့် နှောင်းကို ဘာအကြောင်းကြောင့် မကျေနပ်ဖြစ်ရလေသနည်း။

ဒါဆိုလျှင် ဆောင်းအဖို့ ဟို လွန်ခဲ့သည့် အတိတ်လေးနှစ်ကာလက ဖြစ်ရပ်တချို့ကို ပြန်ဖော်စဉ်းစားရပေမည်။

အတိတ်လေးနှစ်ကာလက ဆောင်းသည် အသက် (၂၄)နှစ် အထက်တန်းပြ ဆရာမအဖြစ် ခန့်အပ်ခြင်း ခံရသောနှစ်။

နှောင်းအသက်က (၂၁)နှစ်ပင် မပြည့်တတ်သေး၊ (၂၀ နှစ်နှင့် ၄ လ)မို့သာ (၂၁)နှစ်ထဲ ဝင်ပြီဟု ပြောရသည်။ ထိုနှစ်မှာပင် ပထဝီအဓိကဖြင့် နှောင်း ဖိုင်နယ်ဖြေသည်။

ရန်ကုန်မြို့ ကုက္ကိုင်းလမ်းပေါ်ရှိ 'ဆောင်းနှောင်းရိပ်မြုံ' လေးဝယ် မိဘများ ထားခဲ့သော အမွေအနှစ်ဖြင့် အေးချမ်းစွာ ညီအစ်မနေစဉ်မှာပင် ...

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့မှ စိုက်ပျိုးတက္ကသိုလ် ဘီအက်(စ်)စီ စိုက်ပျိုးရေးဘွဲ့ရပြီးသူ အသက် (၂၆)နှစ်ရွယ် လူချောလူထွားတစ်ဦး ဖြစ်သည့် 'သူရအောင်' ဆိုသည့် လုလင်ကြီးတစ်ဦးသည် ကြုံကြုံကြိုက်ကြိုက် ရောက်ရှိလာပေတော့သည်။

မှတ်မှတ်ရရကြီးဆိုလျှင် ထိုနေ့က သောကြာနေ့ဖြစ်ပါ၏။



ဝန်းဘဲတန်း အထက(၁)မှ အထက်တန်းအင်္ဂလိပ်...ပြ ဆရာမကြီး ဒေါ်ချိုချိုသည် တစ်ကျောင်းလုံးရှိ ဆရာမတွေ...စနေနေ့ည သူမ၏ ကျောက်မြောင်း သင်္ဂဟလမ်းနေအိမ်တွင်...ရားကိုးဆူပွဲသို့ ကြွရောက်ပါရန် ဖိတ်ကြားပေသည်။

ထိုပွဲသို့ မလာရောက် ပျက်ကွက်သော ဆရာမသည်...နက်ဖြန်နေ့ ကျောင်းဖွင့်သည်နှင့် ဆရာမအားလုံးအား ဒန်ပေါက်...ကျွေးရမည်ဟုလည်း ဖိတ်ကြားချက် နောက်ဆက်တွဲ ပါရှိလိုက်သေး...သည်။ အဓိကမှာ မပျက်မကွက် လာစေလိုသောသဘောပင်။

တစ်ကျောင်းလုံးရှိ ဆရာမအားလုံးသာ ဒန်ပေါက်...ကျွေးရပါက မသက်မသာ ဘတ်ဂျက်ထိခိုက်မည်စိုး၍လည်းကောင်း၊...မှုရေးအရ မသွားလျှင် မကောင်းသောကြောင့်လည်းကောင်း...ဆရာမလေး ဆောင်းသည် ဘုရားကိုးဆူပွဲသို့ တက်ရောက်ခဲ့...ပါ၏။

ဘုရားကိုးဆူပွဲသို့ ညီမလေး နှောင်းအား လိုက်ပါရန်...ခေါ်သေးသည်။ နှောင်းက ငြင်းဆန်သည်။ ဤပွဲသည် မမဆောင်း...၏ ဆရာမတွေသီးသန့်မို့ မလိုက်လိုဟု ဆိုပေသည်။

ဆောင်းသည် သင့်ရုံမှ ဝတ်စားဖီးလိမ်းပြီး နှောင်း...အား အိမ်မှ ကားလေးဖြင့် လိုက်ပို့စေသည်။ ထိုနေ့ညဦးပိုင်းတွင်...ဆောင်းက ကားသုံးစရာရှိသဖြင့် မမဆောင်းကို ဘုရားကိုးဆူပွဲမှ...ကြိုဖို့ ည(၉)နာရီတွင် လာကြိုမည်ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ည(၇)နာရီခန့် ဆောင်း ရောက်သွားချိန်တွင် ဘုရားကိုးဆူပွဲလာ ဧည့်ပရိသတ်မှာ စားပွဲတိုင်းလိုလို ပြည့်နေပြီဖြစ်သည်။

ဆရာမဒေါ်ချိုချို၏ အိမ်မှာ ခြံဝန်းကျယ်သည်၊ အိမ်ပေါ်တွင် ဘုရားကိုးဆူဆရာ ခင်းကျင်းထားသော ဘုရားများကို တက်ရောက်ဖူးမြော်ကန်တော့ပြီး အကျွေးအမွေး ဧည့်ခံမှုကို ခြံထဲတွင် လေးယောက်ဝိုင်းစားပွဲတွေခင်းပြီး ဧည့်ခံသည်။

"ဟော ... ကြည့် ... ဆောင်းက နောက်ကျတယ် ..."

"ဆောင်း စောစောလာရင် တစ်ယောက်တည်း ကြောင်စီစီ ဖြစ်နေမှာစိုးလို့ပါ မမချို ..."

"အယ် ... မဟုတ်တာ ... နောက်ဆို သေချာမှတ်ထား။ ရန်ကုန်ပရိသတ်က အစားကျွေးဖို့ ဖိတ်ထားရင် ... ဖိတ်တဲ့အချိန်ထက် စောပြီးတောင် လာကြသေး ... နောက်ကျရင် ဟင်းထဲ ရေနွေးရောထားတာကိုပဲ စားရမှာ စိုးရိမ်ကြတယ်လေ ..."

ဆရာမဒေါ်ချိုချိုက ဟာသပြောရင်း အိမ်ပေါ်ထပ် ဘုရားဖူး ဘုရားကန်တော့ လိုက်ပို့သည်။ ပြီး ... ခြံထဲပြန်ဆင်းကာ

"လာ ... လာ ... ဆောင်း ... ဆရာမတွေဝိုင်းကတော့ သူ့လူနဲ့သူ ပြည့်နေပြီ ... ဟောဒီ သူရအောင်တို့ ညီအစ်ကိုဝိုင်းမှာ ခဏထိုင်နော် ... တအောင့်နေ လူစဲသွားမှ ဝိုင်းပြောင်းတာပေါ့ ... ကဲ ... ငါ့တူ သူရအောင်ကို ငါတို့ကျောင်းက ဆရာမချောလေး ဆောင်းနဲ့ မိတ်ဆက်ပေးမယ် ... ဒီမယ်



သူရအောင် ... ဟောဒါ အန်တီချိုတို့ကျောင်းက မကြာသေးခင်ကမှ ခန့်လိုက်တဲ့ သင်္ချာပြဆရာမလေး ဆောင်းတဲ့ ... ဆောင်းရေ ... ဟောဒါ ... မမချိုရဲ့ မောင်ဝမ်းကွဲ ... တောင်ကြီးက သူရအောင်တဲ့ ... သူ့ဘေးက သူ့ညီ ... လုလင်အောင် ... သူရအောင်က စိုက်ပျိုးရေး ဘီအက်စ်စီ ဘွဲ့ရပြီးပြီ ... အငယ်ကောင်ကတော့ ဒီနှစ် ဆယ်တန်းဖြေထားတာ အောင်တယ် ... မန္တလေးတက္ကသိုလ်မှာ ဆက်တက်မှာ ... သူရအောင်က ဩစတြေးလျက ပြန်လာတာ မကြာသေးဘူး ... ပန်းသီးခြံစိုက်ဖို့ သွားသင်တာ ... အခု ရန်ကုန်ဆင်းပြီး ပန်းသီးခြံတွေစိုက်ဖို့ ... သက်ဆိုင်ရာဌာနတွေမှာ ခွင့်ပြုချက် လာလျှောက်တာ ..."

သူရအောင်သည် ဆရာမကြီး အန်တီချို စတင်မိတ်ဆက်ပေးကတည်းက ထိုင်ရာမှ ထရပ်နေသည်။ မိတ်ဆက်ခံရသော ဆောင်းအား လေးစားမှု ပြသသည့် သဘောပါပေ။

မိတ်ဆက်ပေးရာတွင် ဆရာမဒေါ်ချိုချိုသည် သူ့တူ သူရအောင်၏ ဂုဏ်ပုဒ်တွေကို တစ်သီကြီး ပြောပြခြင်းမှာ အဓိပ္ပါယ်တစ်ခုခုကို ဆောင်နေသလား၊ ဟုပင် ဆောင်း တွေးလိုက်မိသေးသည်။

"တွေ့ရတာ ဝမ်းသာပါတယ် ..."

ဟု နှစ်ဦးနှစ်ဖက် ဆိုကြပြီးနောက် စားပွဲတွင် ပြန်ထိုင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ … ဆောင်း … နည်းနည်းစိမ်းတဲ့ ဧည့်သည်တွေကို သွားပြီး လေပန်းဦးမယ် … အကျိုးနဲ့ … ကျိုက်လတ် ကိုတင်မုန့်ဟင်းခါး အချိန်နှစ်ဆယ် လောက်မှလောက်ပါ့ မလား၊ပဲ … လာတဲ့ဧည့်သည်တွေက အလှစား မဟုတ်ဘူး အဝစားတွေ … "

ဟု တဖျစ်ဖျစ် ပြောပြီး ဆရာမကြီးဒေါ်ချိုချို ထွက် သွားသည်။

အလှူရှင်တိုင်း ဤပုံဤနှယ် ဖြစ်တတ်ပါ၏။ ဖိတ် ထားသော ဧည့်သည်တွေ လာမှလာကြပါ့မလားဟု ပထမ စိုးရိမ် သည်။ ဖိတ်သမျှ ဧည့်သည်တွေ အားလုံးလာကြပြန်တော့လည်း လောက်မှ လောက်ပါ့မလားဟု ကြောင့်ကြစိတ် ဖြစ်ရပါ၏။

ဆရာမဒေါ်ချိုချို ပျာယာခတ်နေသည်ကို ကြည့်ပြီး သူရအောင်သည် ဆောင်းဘက်သို့ လှည့်ကြည့်လိုက်သည်။

မျက်လုံးခြင်း ဆုံမိကြပါ၏။

မျက်လုံးခြင်း အဆုံတွင် နှစ်ယောက်စလုံး ရင်ခုန် သွားကြပေသည်။

"အန်တီချိုကတော့ … ဘယ်တော့ကြည့်ကြည့် ဒီပုံစံပဲ … တောင်ကြီး အထကမှာလည်း အန်တီချို လာသင်ဖူးတယ် လေ … "

"ကိုသူရအောင်က … ဆရာမ မမချိုရဲ့ တပည့်ကျောင်းသား ဖြစ်ခဲ့ဖူးသေးလို့လား … အခေါ် တော်တယ်ဆို … "



"အခေါ်တော်တာတော့ ဟုတ်ပါတယ် မဆောင်း … ဒါပေမဲ့ အန်တီချို တောင်ကြီးလာတုန်းက ကျွန်တော်က ပျဉ်းမနား စိုက်ပျိုးရေးတက္ကသိုလ်မှာ တက်နေပြီ … အဲဒီတုန်းက ဖေဖေနဲ့မေမေ ရှိသေးတယ် … အန်တီချိုက ဖေဖေရဲ့ ညီမ တစ်ဝမ်းကွဲပါ … ကျွန်တော်နဲ့ဆို တူဝရီးနှစ်ဝမ်းကွဲပေါ့ … "

ဆောင်းတို့ စားပွဲသို့ မုန့်ဟင်းခါးပွဲတွေ လာချသည်။ ကိုသူရအောင်သည် ဆောင်းကို ဂရုတစိုက် ရှိလွန်းပါ၏။ ယခု လတ် တလောအားဖြင့် တစ်ယောက်ကို တစ်ယောက် ဘာစကား ဆက် ပြောရမှန်း မသိသောကြောင့် မုန့်ဟင်းခါးပွဲ လာချသည်ကိုပင် ကျေးဇူးတင်ရပေသည်။

အစားဘက်သို့ ကူးပြောင်းပြန်တော့လည်း … ကိုသူရအောင်က ဆောင်းကို ပို၍ ဂရုတစိုက် ရှိလွန်းပြန်သည်။ ဧကနဦးကတည်းက စားပွဲအလယ်တွင် မုန့်ဖတ်ပန်းကန်၊ ငရုတ် သီးမှုန့် ပဲကြော်ချေပြီးသား ပန်းကန်နှင့် ဟင်းချိုသောက် ပန်းကန် စောက်ကြီးအလွတ် ချထားပြီးသား ဖြစ်သည်။

မုန့်ပန်းကန်များ လာချချိန်ဝယ် မုန့်ဖတ်များသာ ပါရှိပြီး ဟင်းရည်ကို လိုသလို ကြိုက်သလို ခပ်ထည့်ရန်၊ ပဲကြော်နှင့် ငရုတ်သီးကိုလည်း လိုသလို ကြိုက်သလို ထည့်သုံးဆောင်ရန် ဖြစ် သည်။

"ဆရာမ … ပဲကြော်ထည့်ဦးလေ … "

www.burmeseclassic.com

www.burmeseclassic.com



သူရအောင်ကပင် ဆောင်း ပန်းကန်သို့ ထည့်ပေး သည်။

"ဆရာမ ... သံပရာလေး ညှစ်စားပါလား ... အအီပြေတာ ပေါ့ ..."

သူရအောင် လောကွတ်လုပ်သည်။

သူရအောင်၏ သဘောမှာ ညီအစ်ကိုနှစ်ယောက် ကြားတွင် စားသောက်ရမည်ကို ရှက်အမ်းအမ်းလေး ဆောင်း ဖြစ် နေသောကြောင့် ရဲတင်းလာအောင် ဖော်ရွေမှုလေး ပေးသည် သဘော ဖြစ်ပါ၏။

ဘာပဲပြောပြော ဆောင်းကိုယ်တိုင်ပင် ထိုည ဘုရားကိုးဆူပွဲတွင် ဆုံခဲ့သော ကိုသူရအောင်အား နှစ်သက်မိခဲ့သည်

အင်း ... တိုတိုပဲ ဆိုကြပါစို့။

အတိတ်က မလှပသော ဇာတ်လမ်းတစ်ပုဒ် ဟိမဝန္တာရှိုးမွမ်းခန်း ထုတ်နေတော့ကော ဘာထူးတော့မည်နည်း

ဇာတ်လမ်းက ကွက်ကျော်ရိုက်ဇာတ်လမ်း အလို ဖြစ်သွားသည်။

ကျော်တော့ လှေသူကြီး ညားတော့ လှေထိုးသ ဇာတ်လမ်း ဖြစ်သွားပါလေ၏။

ထိုဘုရားကိုးဆူပွဲအပြီး နောက်တွင် ကိုသူရအော က ဆရာမဆောင်းတို့ အိမ်သို့ လာလည်ပါရစေဟု ပဏာမ ပြု သည်။



ဆောင်းကလည်း ကိုသူရအောင် လာလိုက လာပါ ဟု ဖိတ်ခေါ်ခဲ့သည်။

ကိုသူရအောင်သည် သူ၏ လင့်ရှိဗာကား တာယာ မွန်းသည်အထိ ဆောင်းတို့အိမ်သို့ ဝင်ထွက်ခဲ့သည်။

ဆောင်းက အိမ်အဝင်အထွက် လက်ခံကတည်းက တွက်ချက်ပြီးသား ဖြစ်သည်။

ကိုသူရအောင်လို လူသည် အမျိုးသမီး အပျိုစင် တစ်ဦးအတွက် အသည်းနှလုံးထဲက စိမ့်ယိုထွက်လာသော မေတ္တာ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဘဝ အိမ်ထောင်ဘက် ကြင်ဖော် တစ်ဦးအဖြစ် လက်ခံသင့်သော အရည်အသွေး အားလုံးပြည့်ဝသည် မှာ သေချာသည်။

ဥပမိရုပ် ချောသည်၊ ကိုယ်ခန္ဓာ တည်ဆောက်ပုံမှာ အရပ်အမောင်းကအစ လက်တံ ခြေတံ အကျတွေသည် ယောကျာ်း ပီသရုံမက အားကိုးချင်လောက်အောင် ကျန်းမာသန်စွမ်းသည်။ စိုက်ပျိုးရေးတက္ကသိုလ်မှ ဘွဲ့ရပြီးသားဖြစ်သည်။ လက်ရှိ ကိုယ်ပိုင် ခြံလုပ်ငန်းတွေ စိုက်ခင်းလုပ်ငန်းတွေဖြင့် ကြွယ်ဝရုံမက ရည်မှန်း ချက်ကြီးမားစွာဖြင့် နိုင်ငံခြားသွားရောက်ကာ စိုက်ပျိုးရေးနှင့် ပတ် သက်ပြီး လက်တွေ့လေ့လာသင်ကြားကာ ဒီပလိုမာဘွဲ့ ထပ်ဆင့် ယူခဲ့သေးသည်။ ယခုလည်း နိုင်ငံခြားမျိုးတွေနှင့် နိုင်ငံခြားပန်းသီး ခြံကြီးများ စိုက်ရန် ကြိုးစားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ထက်မှာမူ ... ကိုသူရအောင်သည် အေးအေးတည်ငြိမ်ပြီး အရာရာတွင် လျှော့ကြီးစိတ်ထားသူ ဖြစ်သည်။

သို့တစေ ...

ဆောင်းထံသို့ အလည်အပတ် ကားတာယာပွန်းအောင် လာလည်သော ကိုသူရအောင်နှင့် အတွေ့အဆုံများသူမှာ ညီမလေး နှောင်း ဖြစ်သည်။

ဆောင်း၏မိတ်ဆွေ ကိုသူရအောင်သည် နှောင်း၏မိတ်ဆွေလည်း ဖြစ်သွားပေသည်။

ဆောင်းက တည်ငြိမ်သည်။

နှောင်းက သွက်လက်သည်။

ဆောင်းက အစိုးရ အထက်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်သော အလုပ်များချိန်ဝယ် နှောင်းက ဗိုင်နယ်ကျောင်းသူလေးတစ်ဦးမို့ ကျောင်းကလပ်(စ်) တက်ချိန်နည်းပါးသည်။ အားလပ်ချိန် များသည်။

ပြီး ... နှောင်းသည် ဆောင်းကဲ့သို့ပင် ချောမောလှပပြီး ကျော့ရှင်းသော ခန္ဓာကိုယ်အချိုးအစားရှိသည်။

အသက်ငယ်သောဂုဏ်က ပိုလိုက်သေးသည်။

ဤမှာပင် ဆောင်းထံသို့ လာသော ကိုသူရအောင်သည် ဆောင်းနှင့် အတွေ့နည်းပြီး နှောင်းနှင့် အတွေ့များသည်။

အတူတွဲပြီး ရစ်ရှင်ကြည့်သည်။

အင်းလျားကန်ဟိုတယ်၊ သမ္မတဟိုတယ်၊ ကရဝိတ်ဟိုတယ်တို့တွင် အပျော်တမ်း နံနက်စာတွေ အကြိမ်ကြိမ် စားဖြစ်ကြသည်။



ဆောင်းနှောင်းရိပ်မြို့တွင် ဖေဖေမဆုံးမီကတည်းက ဖေဖေ ဝါသနာပါသော မြန်မာစစ်တုရင်ခုံ ကျန်ခဲ့သည်။ ဖေဖေ တီးခေါက်သော ဝါးပတ္တလားကြီးလည်း ကျန်ခဲ့သည်။

နှောင်းက ဖေဖေ့အချစ်တော် သမီးငယ်လေး။

သမီးကြီးဆောင်းက အေးတိအေးစက် နေတတ်သလောက် အငယ်မလေး နှောင်းက ဖေဖေနှင့် အဖွဲ့ကျသည်။

ဖေဖေနှင့်ပြိုင်ပြီး မြန်မာစစ်တုရင် နှောင်း ထိုးနိုင်သည်။

ဖေဖေ ခေါက်သော ဝါးပတ္တလားကြီးကို ဖေဖေ သင်ပေးသောကြောင့် နှောင်း တီးခေါက်နိုင်သည်။

ဆောင်းက မြန်မာစစ်တုရင် မထိုးတတ်။

ဆောင်းက ဝါးပတ္တလား မတီးတတ်။

ကိုသူရအောင်က မြန်မာစစ်တုရင် ထိုးတတ်သည်။ စန္ဒယားသမားမို့ ဝါးပတ္တလားတွင် စမ်းတဝါးဝါး ခေါက်နိုင်သည်။ မြန်မာ့ရိုးရာ ဂီတကိုလည်း ကိုသူရအောင်က မြတ်နိုးသည်။

တွေ့ကြပြီပေါ့။

တစ်လလောက်ပင် ကြာအံ့ထင်သည်။

နှောင်းသည် ရှက်ကိုးရှက်ကန်း မျက်နှာလေးနှင့် သူမ၏မမ ဆောင်းကို ဖွင့်ပြောတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"မမဆောင်းရေ ... နှောင်းနဲ့ ကိုသူရအောင် လက်မထပ်ရင် မဖြစ်တော့တဲ့ အခြေအနေ ရောက်သွားပြီ ... "

"ဟယ် ... ဘာလို့ ... "

ဆောင်း ရင်မှာ ဒိတ်ခနဲ ခုန်ရသည်။ လက်ထဲတွင် ကိုင်ထားသော ကြွေပန်းကန်ပြား လွတ်ကျကွဲသွားသည်။

နှမြောတသသော ခံစားမှုတစ်မျိုး ဆောင်း ခံစားလိုက်ရသည်။

"မနေ့ကပဲ ... နှောင်းနဲ့ ကိုသူရအောင် အနေအထိုင် လွန်ကဲသွားမိတယ် မမဆောင်း ... ဟိုအရင်တုန်းက အတွဲတွေနဲ့လည်း နှောင်း တွဲခဲ့တာပါပဲ ... ဒါပေမဲ့ နှောင်း ဘယ်တော့မှ အနေအထိုင် မလွန်ကဲစေခဲ့ဘူး ... ဒါကြောင့်လည်း အရင်အတွဲတွေကို ခွာချင်တဲ့အချိန် ခွာပစ်လိုက်တာချည်းပဲ ... အဲ ... နောက်ပြီး ... နှောင်း ရင်ထဲမှာ နဂိုကတည်းက ဆုံးဖြတ်ချက် တစ်ခုရှိခဲ့တယ် ... မင်္ဂလာဦးညမှာသာ နှောင်းရဲ့ အပျိုဘဝကို စွန့်လွှတ်မယ်လို့လေ ... အဓိပ္ပာယ်ကတော့ တရားဝင်လက်ထပ်တဲ့ ယောကျ်ားနဲ့ကျမှ နှောင်း အပျိုဘဝကို စွန့်လွှတ်မယ်ပေါ့ ... ဒါကြောင့် ကိုသူရအောင်ကို နှောင်းကပဲ ပြောလိုက်တယ် ... တရားဝင် လက်ထပ်ကြစို့တော့လို့ပဲ မမဆောင်း ... "

ဟင်းခနဲ ... နှောင်း မသိအောင် ဆောင်း သက်ပြင်းတစ်လုံး ချမိသည်။ ပြီး ... နှောင်းကို တစ်ခွန်း ပြန်မေးလိုက်သည်။



"ကိုသူရအောင်ကကော့ ဘာပြောလဲ ... "

"သူက ... လူတော်လူကောင်း တစ်ယောက်ပဲ မမဆောင်း။ သူ့အဖြေက ဟုတ်တယ် ... ဒီလိုအခြေအနေ ရောက်ပြီးမှတော့ လက်ထပ်လိုက်တာဟာ အလျော်ကန်ဆုံးပဲတဲ့ ... "

ဆောင်းသည် သူတို့နှစ်ဦး ဖြစ်စဉ်ကို မဝေဖန်လိုတော့။ ပစ္စည်းတစ်ခုကို ဈေးဆစ်ပြီးမှတော့ ရောင်းသူက ရောင်းပါ့မည်ဟုလည်း ဆိုမှတော့ ထိုပစ္စည်းကို ဝယ်လိုက်ရုံသာ ရှိတော့သည်။

ညီမလေးနှောင်းနှင့် ကိုသူရအောင်သည် ထိုသို့သော ပုံစံဖြင့် အရောင်းအဝယ် ဖြစ်မြောက်သွားခြင်းပေလား မသိတော့၊ မပြောတတ်တော့။

ဒီတော့လည်း ကိုယ့်ညီမလေး နှောင်းကိုပင် တိုးတိုးတိုးတိုး ကျိတ်ကျိတ် မေးမြန်းမိတော့သည်။

"ဟဲ့ ... နှောင်း ... ညီမလေးတို့ လက်ထပ်ကြတာတော့ ဟုတ်ပါပြီ ... နှောင်းကရော သူ့ကို တကယ်ချစ်ရဲ့လား ... သူကရော ... ညီမလေးကို တကယ် နှလုံးသားနဲ့ ချစ်ရဲ့လား ... "

နှောင်းက ခတ်ပေါ့ပေါ့ပင် ဖြေသည်။

"အဲဒါတော့ နှောင်း မသိဘူး မမဆောင်း ... ဟိုအရင် တွဲခဲ့တဲ့ လူတွေတုန်းကလည်း နှောင်း စိတ်ထဲမှာ ချစ်မိသလားဆိုပြီး လက်ခံလိုက်တာချည်းပဲ ... နောက် တွဲရင်းတွဲရင်းနဲ့

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကုန်လာရော ... ယောကျ်ားတွေမှာ အနီးကပ် တွဲကြည့်မှ စိတ်ကုန်စရာတွေ အများကြီးပါ မမဆောင်းရာ ... မမဆောင်းကတော့ ဘယ်ယောကျ်ားနဲ့မှ မတွဲဘူးတော့ သိမှာမဟုတ်ပါဘူး ... ”

“ဟိုအရင် အတွဲတွေကို ထားလိုက်ပါတော့ ... အခု ... ကိုသူရအောင်နဲ့ကျတော့ နှောင်း ရင်ထဲက သူ့ကို တကယ် ချစ်တယ်မဟုတ်လား ... ”

“မပြောတတ်ဘူး ... ”

“ဘာကွဲ့ ... နှောင်း ... ”

“သူက ... လူကြီးသိပ်ဆန်တာပဲ ... နှောင်းထက်လည်း အသက်အများကြီး ပိုကြီးတယ် ... ”

“အလွန်ဆုံး ပိုကြီးမှ ခြောက်နှစ်လောက်သာပါကွယ် ... ”

“ခြောက်နှစ်လောက် ပိုကြီးတာ နည်းတာမှ မဟုတ်တာ၊ သက်တူရွယ်တူလိုတော့ ... အနေအထိုင် အပြုအမူ အတွေး အခေါ်ကစပြီး ဘယ်တူနိုင်ပါ့မလဲ မမဆောင်း ... အင်းပါ လေ ... ဘာပဲဖြစ်ဖြစ် ... နှောင်း ကိုသူရအောင်နဲ့ လက်ထပ် တော့မှာပါ ... ”

“ကိုသူရအောင်ကတော့ ... နှောင်းကို ရင်ထဲ နှလုံးထဲက တကယ်ချစ်ရှာမှာပါ ... ညီမလေး နှောင်းက အရာရာမှာ ချစ်ဖို့ သိပ်ကောင်းနေတာပဲဟာ ... ”

“အဲဒါလည်း မပြောတတ်ဘူး မမဆောင်း ... နဂိုတည်းက



လူကြီးဆန်ဆန် နေတတ်တဲ့ လူမို့လားမသိဘူး ... သူ့ရင်ထဲမှာ ဘယ်လိုရှိမှန်း နှောင်း မသိနိုင်ဘူး ... ဒါမှမဟုတ်လည်း ဆောက်ဖြစ်မှတော့ ကျောင်းဒကာ သဘော အမည်ခံလိုက်တာမျိုးနဲ့ ... လက်ထပ်မယ်လို့ ပြောတာလားမှ မသိတာ”

ဤပုံစံမျိုးနှင့်ပင် နှောင်းနှင့် ကိုသူရအောင်တို့ တရားဝင် လက်ထပ်လိုက်ကြသည်။ အစကတည်းက ချစ်ရည်လူး နှစ်ကိုယ်မျှ ပုံစံမဝင်ခဲ့။ တစ်နည်းပြောရလျှင် အနေအထိုင် လွန်ကဲ သွားမှုကြောင့် အသီးသီး သိက္ခာဆည်သဘောမျိုး လက်ထပ်ခြင်း ဖြစ်ပေမည်။

ဆက်၍ စဉ်းစားလျှင် နှောင်းသည် လက်ထပ်ပြီး နောက် ညောင်သုံးပင်၌လည်း အပျိုတုန်းကလို ဒီပတို့၊ ဝဏ္ဏတို့နှင့် နေသည်၊ တွဲသည်မျိုး ရှိလေသလားမသိ။

လူကြီးဆန်သော ကိုသူရအောင် ဆုံးမစကားကို နှောင်း လက်မခံသဖြင့် ... နှောင်းကို ကြိုက်သလိုနေ ပုံစံမျိုး ကိုသူရအောင်က လွှတ်ပေးထားရလေသလား။

ဒါဆို ... နှောင်းကို မနှစ်သက်သူများထဲတွင် ကိုသူရအောင်လည်း တစ်ဦးအပါအဝင်။

လုလင်အောင်ကလည်း နှောင်းကို မနှစ်သက်သူ မှန်း သူ့စကားများအရ သိနိုင်သည်။ သူ့အစ်ကိုကြီးအား သိပ်ချစ်၊ သိပ်ကြောက်ပုံရသော လုလင်အောင်သည် နှောင်းကို အရာရာ အလျှော့ပေးထားရသော သူ၏အစ်ကိုကြီး ကိုသူရအောင်ဘက်မှ

www.burmeseclassic.com

www.burmeseclassic.com



နေပြီး နှောင်းအပေါ်တွင် အမုန်းပွားစိတ်၊ မလိုလားစိတ်လေးများ ဖြစ်ပေါ်နိုင်ပေသည်။

ယခု ဆောင်း စဉ်းစားမိသမျှ ညောင်သုံးပင်မှ လူတွေသည်၊ ဒါမှမဟုတ် သူတို့ထဲမှ တစ်ယောက်ယောက် ဖြစ်စေ နှစ်ယောက်ယောက်ဖြစ်စေ၊ သုံးယောက်ယောက်ဖြစ်စေ စသည့် လူတွေသည် နှောင်း ရေနစ်သေဆုံးရခြင်းနှင့် ပတ်သက်၍ တစ်ခုခုတော့ သိနေကြပေမည်ဟု ဆောင်း စဉ်းစားမိသည်။ ဆောင်း ထင်မှတ်မိသည်။

ဘယ်သူတွေ ဘာပြောပြော ...

နှောင်းတစ်ယောက် ရေနစ်သေဆုံးခြင်းသည် မှန်သည်ပဲ ထားတောင် စိတ်ထဲမှာတော့ နှောင်း ရေနစ်သေဆုံးခြင်း၌ မရိုးသားမှု တစ်ခုခုတော့ ရှိကိုရှိရမည်ဟု ဆုံးဖြတ်ပါ၏။



## ၆

ယနေ့ တနင်္လာနေ့တွင် နှောင်းအတွက် ရက်လည်ဆွမ်း ကျွေးသည်။

နှောင်း အသက်(၂၄)နှစ်မို့ သံဃာအပါး (၂၄)ပါး၊ အပြင် ဘုရားတစ်ပါးထည့်၍ အားလုံး (၂၅)ပါး ပင့်ဖိတ်သည်။

နံနက်(၅)နာရီ အရုဏ်ဆွမ်း ဖြစ်ပါ၏။

သံဃာများက နှောင်းအတွက် ရွတ်ဖတ်သရဇ္ဈာယ်သင့်သမျှ အားလုံး ရွတ်ဖတ်ပြီး နှောင်းကို အမျှပေးဝေစေသည်။

ကိုသူရအောင်က ... အမျှပေးဝေမှုကို ခင်ပွန်းယောကျ်ားမို့ တိုင်တည်စေသည်။

"နှောင်းရေ ... အမျှ ..."

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယအကြိမ် အမှုပေးဝေသော အသံသည် တုန်ရီနစ်ဝင်သွားသည်။

ဆောင်းသည် ဣန္ဒြေမဆည်နိုင်အောင် ငိုပြန်တော့သည်။

ကိုသူရအောင်သည် နှောင်း သေဆုံးခြင်းအတွက် ငိုယိုခြင်းမရှိဟု ရောဇာစက ဆောင်း ထင်ခဲ့သည်။

သို့သော် ...

နှောင်း အလောင်းအသုဘချ ....၊ မြေမြှုပ်ရာတွင် ကိုသူရအောင် မျက်ရည်တွေ ပေါက်ပေါက်ကျခဲ့သည်ကို တွေ့ရသည်။

ယခု အမှုပေးဝေရာတွင် အမှုပေးဝေသံ တုန်ရီနစ်ဝင်သွားပြီး ကိုသူရအောင် ဖွတ် ခေါင်းကြီးငုံ့ထားသည်ကို ဆောင်း သတိထားမိပြန်သည်။ သူ၏မျက်ရည်တို့သည် ရေစက်ခွက်သို့ ကျဆင်းပြီး မျက်ရည်နှင့် ရေစက်ချသလို ဖြစ်သွားပေသည်။

ရက်လည်ဆွမ်းကျွေးရာတွင် ကိုသူရအောင်သည် ကြက်၊ ဝက်၊ ဆိတ်၊ ငါး၊ ဘာလချောင်ကြော်၊ သရက်သီးသနပ်၊ ပဲပင်ပေါက် ပဲပြားကြော်၊ မြူစွမ်ဟင်းချို စသည့် ဟင်းမယ် မျိုးစုံလှပါ၏။

အနှမြောမရှိ ကုန်ချင်သလောက်ကုန်ပုံစံဖြစ်သည်။

ညောင်သုံးပင်မှ လူတွေသည် နံနက်(၉)နာရီ (၁၀)နာရီတွင် နံနက်စာ ထမင်းစားကျင်းရှိကြသည်။



ထို့ကြောင့် ညနေ့ပရိသတ်အတွက် ခြံကျယ်ကြီးထဲရှိ နှောင်းအုတ်ဂူနှင့် မနီးမဝေးနေရာတွင် နှီးသားဖျာများ အစေ့ခင်းထား ထိုင်စားပွဲတွေ ငါးယောက်တစ်ဝိုင်းဖြင့် စေ့အောင် ချပေးထားသည်။ ဝါးတိုင်တွေဖြင့် တာရပတ်ကြီးများ မိုးပေးထားသည်။

တောသဘာဝအရ အလှူစားမဟုတ်၊ အဝစား အလှူပယ် ဖြစ်စေရသည်။

ဘုန်းကြီးတွေ ပြန်ကြွသွားပြီ။ လူတွေ ရုတ်ရုတ်သဲသဲ စားသောက်သည့်နေရာမှ ဆောင်းသည် ဖဲကြိုးကာ နှောင်း၏ အုတ်ဂူလေးဆီသို့ တစ်ယောက်တည်း ထွက်လာခဲ့သည်။

ထွက်ခွာခဲ့စဉ်က ရည်ရွယ်ချက် မရှိသော်လည်း နှောင်း ရာသက်ပန် အိပ်စက်နားနေရာ ချယ်ရီသုံးပင်အောက် ဗဟိုရှိ အုတ်ဂူသစ်လေးဆီသို့ ရောက်လာသည်။

မနေ့က တနင်္ဂနွေနေ့တွင် ညောင်သုံးပင်၏ ရာသီဥတု ဆိုးဆိုးဝါးဝါး အေးမြပြီး နှင်းတွေ ပိတ်ဖုံးကျနေသောကြောင့် နှောင်း၏ အုတ်ဂူလေးဆီသို့ လာရန် ဆန္ဒရှိသော်လည်း ရာသီဥတု ဆိုးဝါးနေခြင်းကြောင့် မလာဖြစ်ခဲ့။

ဒီနေ့တော့ ညောင်သုံးပင်ရာသီဥတုသည် နေခြည်လေးပင် ပွင့်နေပေသည်။

ခရမ်းရောင် ချယ်ရီသုံးပင်သည် အကိုင်းတွေ ယှက်နွယ်ပြီး အားနှင့်မာန်နှင့် ခရမ်းရောင်ချယ်ရီပန်းများ ပွင့်ချင်တိုင်းပွင့်နေကြသည်။ မနေ့က ရာသီဥတုကြောင့် ခရမ်းရောင်ချယ်ရီပွင့်

www.burmeseclassic.com

www.burmeseclassic.com



တွေ ပိုမိုအားကောင်းမောင်းကောင်း ပွင့်ကြလေသလား မပြော
တတ်။

နှောင်း၏ အုတ်ဂူသစ်လေးပေါ်တွင် ခရမ်းပွင့်တွေ
အုပ်မိုးလျက် ရှိနေပါ၏။

အုတ်ဂူသစ်လေးကို အဝါမပုပ်တပုပ်ရောင် ပလပ်
စတင့်ပိန့် သုတ်ချယ်ထားသည်။ ပလတ်စတစ်ပိန့်မှို အခြောက်မြန်
ပြီး ဆေးရောင်များ နေခြည်အောက်တွင် တောက်ပနေသည်။

အုတ်ဂူ၏ ဘေးဘက် တစ်ဘက်စီတွင် လှပပိုင်းစက်
သော ထွင်စာလုံးများတွင် အနီရောင်စာတန်း သုံးကြောင်း ထင်းခနဲ
တွေ့မြင်ရပါ၏။

'နှောင်း'

အသက်(၂၄)နှစ်

"အမြင့်ဆုံးဘုံသို့ ရောက်ပါစေ"

ဆောင်းသည် ... နီတျာရဲ စာတန်းလေးတွေကို
တစ်လုံးခြင်း အသံထွက်ပြီး ဖတ်လိုက်ပေသည်။

ကိုသူရအောင်သည် သေဆုံးသွားသော ဇနီး နှောင်း
အကြိုက်ကို အတတ်နိုင်ဆုံး လုပ်ဆောင်ထားပေသည်။

အကြောင်းမှု ...

နှောင်း ... အသက်ရှင်စဉ်က သူမ အလွန်နှစ်သက်



သော အရောင်မှာ အဝါနှင့်အနီဖြစ်မှန်း ဆောင်း သေချာသိထား
သည်။

နှောင်း ကြိုက်သော 'အဝါရောင်' ဆိုရာ၌လည်း
ဆနွင်းလို ဝါသော အဝါမျိုး၊ လိမ္မော်သီးလို ဝါသောအဝါမျိုးကို
နှောင်း မကြိုက်၊ အဝါရောင်၏ သဘာဝမှာ လွင်သောသတ္တိရှိသည်၊
ဤသို့ လွင်သောအဝါရောင်တွင် မှိုင်းသွားသည့် အဝါကိုမှ နှောင်းက
နှစ်သက်သည်။

နှောင်း ကြိုက်သော အဝါရောင်ဆိုသည်မှာ လွင်လွင်
လေးလည်း ပါရှိရမည်၊ မှိုင်းမှိုင်းလေးလည်း ပါရှိရမည်။ အနီးကပ်
ဆုံး ပြောရလျှင် နှောင်း ကြိုက်သောအဝါရောင်မှာ ပီတောက်ပန်း
အဝါမျိုးဟု ဆိုရပေမည်လားမသိ။

ယခု အုတ်ဂူတွင် သုတ်ထားသော အရောင်မှာ
နှောင်း နှစ်သက်သော အဝါရောင်မျိုးကို မရရအောင် ဆေးစပ်ပြီး
ပလတ်စတစ်ပိန့် ကိုသူရအောင်က ချယ်သုတ်ထားစေခြင်း ဖြစ်နေ
ပါ၏။

အနီရောင်ကျပြန်တော့ နှောင်းသည် မှိုင်းသောအနီ
ကို မနှစ်သက်၊ စတော်ဘယ်ရီသီး အနီမျိုး နှောင်း မကြိုက်၊ သွေး
လို အပုပ်ရောင်စွယ်သော အနီမျိုးကိုလည်း နှောင်း မကြိုက်။

နှောင်း ကြိုက်သော အနီမှာ စာတိုက်ပုံးလို နီရဲရဲ
ကိုမှ နှောင်း ကြိုက်သည်။

ကိုသူရအောင်သည် စာတန်းများကို နှောင်း ကြိုက်
သော နီရဲရဲဖြင့် ဖော်ထုတ်ထားပေးပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ထက်မှာမှ ...

သေဆုံးသူ၏ အမည်၊ သေဆုံးသူ၏ အသက်တို့ ကမ္ပည်းတင်သည်မှာ လူတိုင်းလုပ်နေကျ ပုံစံပင် ဖြစ်ပါ၏။

'နှောင်း'
အသက် (၂၄) နှစ်

ဆိုသည်မှာ လူတကာတို့ လုပ်လေ့ရှိသော ပုံစံသာ ဖြစ်ပါ၏။ ထိုပုံစံက မပါလျှင် မဖြစ်သောပုံစံလည်း ဖြစ်နေသည်။

"အမြင့်ဆုံးဘုံသို့ ရောက်ပါစေ"

ဟု ရေးဆိုခြင်းကျတော့ သက်ဆိုင်ရာ အသုဘရှင်၏ ထားရှိသော သဘောထားနှင့် ဆန္ဒကို ဖော်ပြခြင်းဖြစ်လာသည်။

များသောအားဖြင့် "ကောင်းရာသုဂတိ လားစေသော်" ရေးထိုးကြသည်။ ဒါကျတော့ လုပ်ရိုးလုပ်စဉ် သဘောမျိုးသာ သက်ဝင်သည်။ အသုဘရှင်၏ တကယ့်ဆန္ဒသဘောထား မပေါ်လွင်လှပေ။

ကိုသူရအောင်ကတော့ သူ့ဇနီး နှောင်းအား ကောင်းရာသုဂတိ ဘုံများမှာပင် အမြင့်ဆုံးဘုံကို ရောက်သွားစေလိုသော သဘောထားဆန္ဒ ပေါ်လွင်နေပေသည်။ လိုက်လျောစွာ ပေါ်လွင်နေပါ၏။

ပြီး ... အုတ်ဂူဘေးနှစ်ဘက်စလုံးတွင် ထိုးထားသည်။



ယေဘုယျအားဖြင့်တော့ အုတ်ဂူ၏ တစ်ဘက်တည်း၌သာ ထိုးကြသည် မဟုတ်လော။

ဆောင်းသည် အုတ်ဂူကို ပတ်ပတ်လည် လျှောက်ကြည့်ပြီး ခေါင်းရင်းဘက်ထိပ်ကို သူမ၏ လက်ဝါးဖြင့် အုပ်ကိုင်လိုက်သည်။

နှောင်း အသက်ရှင်စဉ်က နှောင်း တစ်ခုခု စိတ်အကျပ်အတည်း တွေ့ပြီဆိုလျှင် ဦးခေါင်းကို လက်ဝါးဖြင့် အုပ်ကိုင်ထား နှစ်သိမ့်ခြင်း ပြုပေးသော အကျင့်ရှိခဲ့ပါလေ၏။

ယခု လူအများခြံထဲတွင် စားသောက်သောနေရာနှင့် အုတ်ဂူနေရာမှ မနီးမဝေးဆိုသည့်တိုင်အောင် ကိုက်နှစ်ရာခန့် ကွာဝေးသည်။

နှောင်း၏ အုတ်ဂူနေရာလေးတွင် ပကတိ တိတ်ဆိတ်နေပေသည်။

သို့တစေ ... ဆောင်း မကြောက်။

ညီမလေးနှောင်းနှင့် ဆောင်း၏ ကွာခြားချက်တစ်ခုမှာ ငယ်စဉ်ကတည်းက ဆောင်းက တစ္ဆေသရဲမကြောက်တတ်။

နှောင်းကတော့ ငယ်ငယ်လေးတည်းက သရဲကြောက်တတ်သည်။

ဒါကြောင့်လည်း လုလင်အောင်က နှောင်းသည် အခေါ်တစ်ရံ သူ့အစ်ကိုကြီးနှင့် စိတ်ကောက်ပြီး ချယ်ရီသုံးပင်အောက်တွင် ညဦးနက်သန်းခေါင် နေတတ်သည်ဟု ပြောပြသည်ကို ဆောင်း လက်မခံချင်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန် ကုက္ကိုင်းလမ်းက ဆောင်းနှောင်းရိပ်မြ
အိမ်မှာပင် နှောင်းသည် တစ်ယောက်တည်းမနေရဲ၊ လူလူချင်း လုံးဝ
မကြောက်သော်လည်း သရဲကိုတော့ နှောင်း ကြောက်သည်။

စိတ်ကောက်သောညများတွင် နှောင်းသည် ချယ်ရီ
သုံးပင်အောက်၌ နေသည်ဆိုပါကလည်း နှောင်းတွင် အဖော်
တစ်ယောက် ရှိလေမည်သာ။

ဆောင်း စဉ်းစားကြည့်သည်၊ ထိုအခါမျိုးတွင် နှောင်း
သည် မည်သူကို အဖော်ခေါ်ထားလေမည်နည်း။

ဒေါ်အဲလစ်ကို ဖြစ်စေ၊ နန်းကြာဖြူကို ဖြစ်စေ သို့
မဟုတ် နှစ်ယောက်လုံးကိုဖြစ်စေ နှောင်း အဖော်ခေါ်ထားခြိမ့်မည်။

ကိုသူရအောင် ပြန်လာသည်ကို လှမ်းတွေ့မြင်မှ
အဖော်ခေါ်ထားသူကို ပြန်လွှတ်လိုက်ခြင်းမျိုး ဖြစ်နိုင်သည်။ ပြီးမှ
သူတစ်ယောက်တည်း ညဥ့်နက်သန်းခေါင် စိတ်ကောက်နေသည့်
ပုံစံ ပြပေမည်။

ဒါမျိုးက လင်မယား ညှသည့်အပိုင်းတွင် ဖြစ်နိုင်စရာ
ရှိနေပါ၏။

ဆောင်း ဖျတ်ခနဲ စဉ်းစားပြန်မိသည်မှာ နန်းကြာဖြူ
ကောင်မလေးသည် ဆောင်းကို အမြဲ စူးစိုက်ကြည့်ခြင်းမှာ ဤကဲ့သို့
သော နှောင်း ဖြစ်ခဲ့သည့် အဖြစ်အပျက်လေးများကို ပြောပြချင်၍
လားမသိ။

ဆောင်းသည် နောက်ပိုင်း၌ အခွင့်သလို နန်းကြာဖြူ



ကို မေးသင့်သောအချိန်တွင် မေးကြည့်မည်ဟု ရင်ထဲတွင် မှတ်သား
ထားလိုက်သည်။

ဆက်ပြီး ဆောင်းသည် အုတ်ဂူ၏ ဝန်းကျင်ကို လှေ
လာရင်း လျှောက်ကြည့်သည်။ အုတ်ဂူ၏ မြောက်ဘက် ကိုက်(၂၀)
လောက်တွင် ရေအိုင်လေးတစ်အိုင်ကို လှမ်းမြင်သည်။

ဘာရယ်မဟုတ် ... ရေအိုင်လေးဆီသို့ ဆောင်း
လျှောက်ခဲ့သည်။ ယင်းနေရာတစ်ဝိုက်တွင် မြေအပေါ်ကြွေသည်
ကျောက်ဆန်သဖြင့် မာကျောပြီး ဗွက်မရှိ။

ရေအိုင်လေးသည် ရှိလှပါမှ ပေနှစ်ဆယ်ခန့် ဒိုင်ယာ
မီတာဝန်း ရှိမည်။ ဒယ်အိုးသဏ္ဌာန် ဝန်းဝိုင်းပြီး အလယ်ခွက်ပုံစံပင်။

ဆောင်းသည် ရေအိုင်ကမ်းစပ်လေးတွင် ထိုင်ချ
လိုက်သည်။ ခြေနှစ်ဖက် ရေထဲချကာ ထဘီနား ဆွဲတင်သည်၊ ကမ်း
စပ်ရေမှာ မနက်လှပေ၊ ခြေမျက်စေ့အထက်သာသာတွင် ရေအိုင်
မြေကို နင်းမိသည်။

ဒါဆိုလျှင် ဤရေအိုင်လေး၏ အလယ်ပိုင်း ဒယ်အိုး
သဏ္ဌာန်ရှိသည်မို့ နက်လှပါမှ လူ၏ပေါင်လည်ခန့်သာ နက်မည်ဟု
ခန့်မှန်းနိုင်သည်။

ဆောင်းက ခြေဖဝါးနှစ်ဖက်ချ လွှပ်ခါသဖြင့် ရေမှာ
အနည်ထ နောက်ကျိသွားသည်။ သို့သော် တစ်ခဏအတွင်း အနယ်
တွေ ပြန်ထိုင်သွားသည်။

ထိုစဉ်မှာပင် နေရောင်ခြည်သည် မြင့်တက်လာကာ

www.burmeseclassic.com

www.burmeseclassic.com



ဆောင်း ထိုင်နေသည့်နေရာ ရေအိုင်လေးသို့ နေခြည်ဖြာကျလာသည်နှင့် ရေအိုင်ထဲမှ လက်ခနဲ အရောင်တစ်ခု ရောင်ပြန်ဟပ်သည်ကို ဆောင်း တွေ့မြင်လိုက်သည်။

ဆောင်းက ရေထဲမှ ရောင်ပြန်ဟပ်သောနေရာသို့ လက်နှိုက်ပြီး ရှာကြည့်လိုက်ရာ တစ်စုံတစ်ခု ကိုင်မိပြီး မြှောက်တင်ကြည့်လိုက်သည်။

"ဟယ် ... ရွှေဆွဲကြိုးလေး ..."

ဆောင်းသည် နေခြည်ရောင်ဖြင့် ဆွဲကြိုးလေးကို သေချာကြည့်သည်။

ဆွဲကြိုးလေးတွင် လော့ကက်သီးလေး ပါရှိသည်။ လော့ကက်ပုံစံမှာ ရွှေစက်ဝိုင်းထဲတွင် ဇီးကွက်တစ်ကောင် နားနေသည့်ပုံ ဖြစ်သည်။ ပန်းတိမ်ဆရာ၏ လက်ရာမြှောက်မှုကြောင့် ဇီးကွက်ရုပ်လေးမှာ ပီပြင်လှသည်။ ဇီးကွက်မျက်ပြူးဆိုသည့်အတိုင်း ဇီးကွက်၏ မျက်လုံးနှစ်လုံးမှာ ရွှေးစေ့ယယ်ယယ်ခန့်ရှိသော အလွန်အရည်အသွေးကောင်းသော ပတ္တမြားလေးနှစ်လုံး ဖြစ်ပါလေ၏။

"ဟဲ ... ဟဲ ... ဟဲ ..."

ဆောင်းက ဆွဲကြိုးနှင့် ဇီးကွက်ရုပ်ပါ လော့ကက်သီးကို သေချာအာရုံစိုက် ငေးကြည့်နေစဉ် သူ၏နောက်ကျောဘက်မှ အမျိုးသားတစ်ဦး၏ တဟဲဟဲရယ်သံ ထွက်ပေါ်လာသောကြောင့် ချက်ချင်း လှည့်ကြည့်လိုက်သည်။

"သြော် ... ကိုစိုင်းခက် ..."



"မှန်ပါတယ် ဆောင်း ... ကျွန်တော် စိုင်းခက်ဆိုတဲ့ သတ္တဝါတစ်ကောင်ပါ ..."

"ရှင် ... ရှင် ဘာလို့ ဒီနေရာ ရောက်လာတာလဲ ... ရှင့်အဖော်တွေလည်း မပါဘူး ..."

စိုင်းခက်သည် သူ့ပင်ကိုယ်ဟန်အတိုင်း အေးဆေးသည်၊ တည်ငြိမ်သည်၊ စကားတစ်ခွန်းပြောတိုင်း ကျိုးကြောင်းဆက်နွှယ်ကို တင်စားပြောတတ်သည်။

"နောင်းရဲ့ ရက်လည်ဆွမ်းကျွေးတော့လည်း ... ကျွန်တော့်မှာ လာရမဲ့ ဝတ္တရားရှိတယ်ပေါ့ဗျာ ... ကျွန်တော်က နောင်းရဲ့ အပေါင်းအသင်းတစ်ယောက် ဖြစ်ခဲ့တာပဲဟာ ..."

"ဒါဆို ... ကိုစိုင်းခက်ရဲ့ အဖော်တွေကော ..."

"ပါလာကြပါတယ် ဆောင်း ... သူတို့က အသားစားသတ္တဝါနှစ်ကောင်လေ ... ဒီနှစ်ကောင် ခေါင်းမဖော်နိုင်အောင် ဆွမ်းကျွေးပွဲက ကြက်သား ... ဝက်သား ... ဆိတ်သား ငါးဟင်းတွေ ကုန်းတုတ်ပြီး ကျန်ခဲ့ကြတယ် ..."

"နို ... ကိုစိုင်းခက်ကရော ..."

"ကျွန်တော်က ... အခုတလော သက်သတ်လွတ်စားနေတယ် ... လူတွေမှာ သိပ်အကုသိုလ်ကြီးမားတဲ့အခါ ကိုယ့်စိတ်သန်ရာ အဆုံးအဖြတ်နဲ့ပေါ့လေ ... ဖိစီးမှုတွေနည်းသွားအောင် ကျွန်တော်က သက်သတ်လွတ်စားတာပါ ... ဒါ

www.burmeseclassic.com



ကြောင့် သူတို့စားနေတဲ့အချိန်မှာ ... နောင်းရဲ့အုတ်ဂူ
ကြည့်ချင်တာကြောင့်ရော ... အပျင်းပြေ သဘောနဲ့ရော
ဒီဘက်ကို လျှောက်လာတာ ... "

ဆောင်းသည် ထိုင်ရာမှ ထရပ်လိုက်သည်။ ချ
ထားသောဖိနပ်ကို စွပ်လိုက်သည်။

"ကျွန်မ ပြန်တော့မယ် ... "

"ဘယ်ဖြစ်မလဲ ... ကျွန်တော့်ကို ဝေစုပေးဦးလေ ... "

"ဘာဝေစုလဲ ... "

"ဆောင်း ... ရေအိုင်ထဲက ရွှေဆွဲကြိုးတစ်ကုံး ကောက်
ထားတာပဲ ... ကျွန်တော် မြင်ထားတယ်လေ ... ကာ
တန်ကြေးအရ ကျွန်တော့်ကို ထက်ဝက်ဝေစုပေးရမှာပေ

"အို ... ဘာဆိုင်လဲ ... "

"ဒီလိုလေ ... ဆောင်းအနေနဲ့ ပစ္စည်းရှင်ကိုရှာပြီး ပြန်ပေး
မယ်ဆိုရင်တော့ ... ကျွန်တော် ဝေစုမယူသင့်ဘူး ... ဒီဆွဲ
ကြိုးကို ဆောင်းက အပိုင်စီးမယ်ဆိုရင်တော့ ကျွန်တော့်ကို
ဝေစုထက်ဝက်ပေး ... ဒါမှမဟုတ် ဆွဲကြိုး ကျွန်တော့်ကို
ပေး ... ကျွန်တော်က ဝေစုထက်ဝက် ဆောင်းကို ပြန်ပေး
မယ် ... "

"မဟုတ်တာ ... ဒီဆွဲကြိုးက ... "

ဆောင်း ဆုံးအောင် မပြောလိုက်ရသေးမီ အခြား
တစ်ယောက်၏ ပြောသံဝင်လာပေသည်။



"ဘာတွေများ ထက်ဝက်ဝေစုတွေအကြောင်း ပြောနေကြ
တာလဲ ... "

ကိုသူရအောင်နှင့် လုလင်အောင် ညီအစ်ကို ဖြစ်ကြ
သည်။

ကိုစိုင်းခက်သည် ညီအစ်ကိုနှစ်ယောက်ကို မြင်သည်
နှင့် မျက်နှာပျက်သွားသည်။

"အခုတလော ... ခင်ဗျားတစ်ယောက် သိပ်အကင်းပါးနေပါ
လား၊ ကိုသူရအောင် ... ကျုပ် ဒီဘက်ထွက်လာတာနဲ့
ဆောင်းနဲ့ တွေ့တော့မယ်ဆိုပြီး ... ခင်ဗျားတို့ ညီအစ်ကို
လိုက်လာကြတာ မဟုတ်လား ... ကဲ ... ဒါဆိုလည်း ဝေစု
လေး စုခွဲကြပေါ့ဗျာ ... "

"ဘာဝေစုလဲ ... "

"ရေအိုင်ထဲက ရွှေဆွဲကြိုးတစ်ကုံး ဆောင်း ကောက်ရထား
တာ ... ကျုပ်မြင်ထားတယ်လေ ... အဲဒါ ကျုပ်က တစ်ဝက်
ဝေစုတောင်းနေတာ ... "

ဆောင်းက စိုင်းခက်၏ စကားအဆုံးတွင် ဆွဲကြိုး
ကို အကုန်လိုက်မြှောက်ပြီး သူရအောင်ကို ပြလိုက်သည်။

"ဟာ ... အဲဒါ နောင်းရဲ့ဆွဲကြိုး ... "

"ဟုတ်ပါတယ် ကိုသူရအောင် ... ဒါဟာ နောင်းရဲ့ ဆွဲကြိုး
အစစ်အမှန်ပါ ... ဆွဲကြိုးအလေးချိန် ငါးမူးသား အသားကောင်
ဆောက်ဖြတ်ပုံစံ ... လော့ကက်စီးကွက်က ရွှေတစ်မတ်

www.burmeseclassic.com

www.burmeseclassic.com



သား ... အားလုံး သုံးမတ်သားရှိတယ် ... မမေ မသေခ
ကတည်းက ညီအစ်မနှစ်ယောက် တစ်ကုံးစီ ဆင်တူလုပ်ပေ
ထားတာ ..."

ဆောင်းက သူမလည်တွင် ဆွဲထားသော ဆွဲကြိုး
ဖြုတ်ယူပြသလိုက်သည်။ ဆောင်း အကျင့်ကိုက ဆွဲကြိုးဆွဲလ
လေ့ ကက်သီးပိုင်း တွဲလောင်းကို အကျီအောက် ရင်ဘတ်တွင်း
ထည့်ထားလေ့ရှိသဖြင့် ရုတ်တရက် လော့ကက်သီးကို ဘေးလူမမြ
တာ။

ဆွဲထုတ်ပြလိုက်သော ဆွဲကြိုးမှာ ရေအိုင်ထဲ
ရသော ဆွဲကြိုးနှင့် ထပ်တူထပ်မျှ တူညီနေသည်ကို တွေ့မြင်ကြ
သည်။

"ကဲ ... သေချာကြည့်ကြ ... မကျေနပ်သေးရင် ... နီး
ပန်းတိမ်ဖိုမှာဖြစ်ဖြစ် ... ရွှေဆိုင်မှာဖြစ်ဖြစ် သွားပြ စစ်ဆေ
အလေးချိန်ရော ... ဘာရော ... ညာရော နှစ်ကုံးဟာ ထ
တူထပ်မျှပဲ ..."

စိုင်းခက် မပြောသာတော့ပေ။

"ဟဲ ... ဟဲ ... ဟဲ ကျုပ်အတွက် နီးဟုတ်(ဝ်)ပေါ့ဗျာ
ကိုယ့်ပစ္စည်း ကိုယ်ပြန်ကောက်ရတော့လည်း ကျုပ်အတွ
ဝေစုဘယ်ရသင့်တော့မလဲ ... ကဲ ... အားလုံးပဲ ... က
သွားပါဦးမယ် ..."

စိုင်းခက် ထွက်သွားပြီး တော်တော်လေး ကြာသ



အထိ စကားမပြောဖြစ်ကြပေ။ အတန်ငယ်ကြာမှ လုလင်အောင်က
စတင်ပြောလိုက်သည်။

"မမဆောင်း ... ချယ်ရီသုံးပင်ဘက် ထွက်သွားတာကို ...
ကျွန်တော် မြင်တယ် ... ဒီနောက် သိပ်မကြာခင် ကိုစိုင်းခက်
ဒီဘက်ကို လျှောက်သွားတာ ... ကျွန်တော် မြင်ပြန်ရော
အဲဒါ ... အစ်ကိုကြီးကို ပြောပြတော့ ... အစ်ကိုကြီးက
မမဆောင်းအတွက် စိတ်ပူပြီး ချက်ချင်းလိုက်လာတာ ...
ကျွန်တော်က အစ်ကိုကြီးကို စိတ်ပူလွန်းမှာမို့ ထပ်လိုက်လာ
တာ ..."

"ကျေးဇူးတင်ပါတယ် လုလင်အောင် ... ဒါပေမဲ့ ကိုစိုင်းခက်
ဟာ ... မမဆောင်းနောက်ကို လိုက်လာဟန်တော့ မတူ
ဘူး ... ဘာလို့လဲဆိုတော့ ... သူ တစ်စိုက်မတ်မတ် လာ
တာကိုက နှောင်းရဲ့အုတ်ဂူဆီကို လာတာ ... ဒီရောက်မှ
မမဆောင်း ရေအိုင်ဘေးမှာ ထိုင်နေတာကို သူ မြင်သွား
တာ ..."

"အဲဒီလိုလည်း ဖြစ်နိုင်ပါတယ် မမဆောင်း ..."

"အံ့ဩစရာပဲနော် ... သွေးမတော် သားမစပ် ကိုစိုင်းခက်
က နှောင်းရဲ့အုတ်ဂူကို သူတစ်ယောက်တည်း လာကြည့်
ချင်ပါလိမ့် ..."

လုလင်အောင် ပခုံးတွန့်ပြပြန်သည်။

သူရအောင်က ဆက်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"မဆောင်း ... ဒီနေရာမှာ ဆက်နေဦးမယ်ဆိုရင် ... ညီလေး လုလင်အောင်ကို အဖော်ခေါ်ထားလိုက်ပါ ... "

"ကျွန်မ ... ဒီနေရာမှာ ဆက်နေချင်ပါသေးတယ် ... တကယ်လို့ ကိုသူရအောင်က ကျွန်မကို အဖော်အဖြစ် နေပေးပြီး လုလင်အောင်ကို ပြန်လွှတ်လိုက်ရင်ကော ရမလားဟင်"

"ရပါတယ် မဆောင်း ... မဆောင်း ဆန္ဒအတိုင်း ကျွန်တော် နေပေးလို့ ရပါတယ် ... ကျွန်တော် နေပေးခြင်းကြောင့် မဆောင်းမှာ စိတ်ဆင်းရဲစရာ မဖြစ်ဘူးဆိုရင်ရယ် ... နောက်ပြီး ... မဆောင်းရဲ့ ဂုဏ်သိက္ခာ မထိခိုက်ဘူးဆိုရင်ပေါ့လေ"

သူရအောင် စကားအဆုံးတွင် အစ်ကို့အပေါ်တွင် အလွန်အလိုက်သိတတ်သော လုလင်အောင်သည် မည်သူ့ကိုမှ နှုတ်မဆက်ဘဲ ချာခနဲ လှည့်ထွက်သွားပါလေ၏။

ထွက်သွားသော လုလင်အောင် တော်တော်ဝေးဝေးရောက်မှ ဆောင်းက သူရအောင်ကို ပြောသည်။

"လုလင်အောင်က ... ကိုသူရအောင်ကိုတော့ တကယ့်ကို ချစ်ကြောက်ရှိသေပဲနော် ... "

"ညီလေးမှာ အားကိုးစရာ ... မြတ်နိုးစရာ မိဘမှ မရှိတော့တာပဲ မဆောင်း ... ဖေဖေက ဆုံးသွားတယ် ... မေမေက သံယောဇဉ်ပြတ် ... သူတော်စင်ဘဝကို ကူးသွားတယ် ဆိုတော့ ... ညီလေးက ကျွန်တော့်ကို အစ်ကိုလိုရော ... အဖေ



လိုရော ... အမေလိုရော အားကိုးခင်မင်စိတ် စုပုံရှိလာရတဲ့ သဘောပါ ... "

"ညီအစ်ကို ဆိုပေမဲ့ ... အသက်ချင်း သိပ်ကွာတယ်နော်"

"ဟုတ်တယ် မဆောင်း ... ညီလေးနဲ့ ကျွန်တော်ရဲ့ မွေးချင်းထဲမှာ ကျွန်တော်က အကြီးဆုံး ... ညီလေးက အငယ်ဆုံးပါ ... ကြားမှာ နှစ်ယောက်ရှိသေးတယ် ... မြတ်မြတ်အောင်နဲ့ လတ်လတ်အောင်ဆိုတဲ့ မိန်းကလေးနှစ်ယောက်ပဲ ... မြတ်မြတ်အောင်က ... သုံးနှစ်သမီးအရွယ်မှာ ဆုံးသွားတယ် ... မြတ်မြတ်အောင် ဆုံးပြီး တစ်နှစ်အကြာမှာ လတ်လတ်အောင်ကို မွေးပြန်တယ် ... သူလည်း သက်ဆိုးမရှည်ဘူး ... အသက်နှစ်နှစ်ရွယ်မှာပဲ ဆုံးပြန်ရော ... အဲဒီနောက်မှာ ညီလေးလုလင်အောင်ကို မွေးတာ ... ဒါကြောင့် ကျွန်တော် အကြီးဆုံးနဲ့ ... ညီလေး အငယ်ဆုံးဟာ အသက်ကိုးနှစ်လောက် ကွာသွားတာ ... "

"တော်သေးတာပေါ့နော် ... လုလင်အောင်ကျတော့ သက်ဆိုးရှည်လို့ ... "

"ကုသိုလ်ကံပေါ့ မဆောင်း ... လူတစ်ယောက် အသက်ရှည်တယ် ... အသက်တိုတယ်ဆိုတာ ကံအကြောင်းတရားပဲဟာ ... "

"ဟုတ်ပါ့မလား ကိုသူရအောင် ... ကုသိုလ်ကံကြောင့် သက်ဆိုးရှည်တယ်ဆိုတာမျိုးက ... ကိုးဆယ့်ခြောက်ပါး

www.burmeseclassic.com

www.burmeseclassic.com



ရောဂါဝေဒနာကြောင့် သေသွားရတာမျိုးတွေကိုသာ ဆိုလိုသလားလို့ပါ … ဥပမာ အသက်ရှစ်ဆယ် … ကိုးဆယ် … တစ်ရာထိ ရှည်တယ် … အဲ … ဇရာဆိုတဲ့ အိုမင်းလာခြင်းကြောင့် ကံကုန်သက်ခမ်း နေသွားရတဲ့ ဘိုးဘိုးဘွားဘွားတွေကျတော့ … ကုသိုလ်ကံအကြောင်းတရားလို့ ဆိုနိုင်တာပေါ့ … အဲ … ကိုသူရအောင်ရဲ့ ကြားကမွေးတဲ့ … မြတ်မြတ်အောင်နဲ့ လတ်လတ်အောင်တို့ ဆုံးကြတာကကော ဘာရောဂါနဲ့လဲ ဟင် … ”

“ညီမလေးနှစ်ယောက်ဟာ … ကလေးသူငယ်နာရောဂါနဲ့ ဆုံးသွားကြတာလို့ မေမေ ပြောတာပဲ … ကျွန်တော်ကတော့ ဘယ်မှတ်မိတော့မှာလဲ မဆောင်း … ”

“အဲဒါပဲပေါ့ ကိုသူရအောင် … ကလေးသူငယ်နာဟာလည်း ကိုးဆယ့်ခြောက်ပါးရောဂါထဲမှာ အပါအဝင်ပဲ … အဲဒါမျိုးတွေကတော့ … ဘဝကုသိုလ်ကံတရားပေါ် ပုံချလို့ ရတာပေါ့ … ဒါပေမဲ့ ညီမလေး နှောင်း ရေနစ်သေတာမျိုးကျတော့ … ဘဝကုသိုလ်ကံတရားလို့ ဆိုနိုင်ပါ့မလား … ကိုသူရအောင် … ”

“မဆောင်းရဲ့စကားတွေက ဝေ့ကုန်ပြီ … ကျွန်တော် ဘယ်လို သဘောပေါက်ရမယ်မှန်း မသိတော့ဘူး မဆောင်း … ”

“ရှင်းပါတယ် ကိုသူရအောင် … နှောင်းဟာ … သေဆုံးသွားတဲ့ အသက်နှစ်ဆယ့်လေးနှစ်ထိ ကျန်းမာသန်စွမ်းတဲ့



မိန်းကလေး … ပျိုမြစ်နုရွယ်တဲ့ မိန်းကလေးပါ … ကိုးဆယ့်ခြောက်ပါးရောဂါ တစ်ခုခု ဖိစီးလို့ သေရတာ မဟုတ်ပါဘူး၊ နှောင်းမှာ ကြမ္မာဆိုးတစ်ခုခု ကပ်ငြိလို့ သေရတာပါ … ”

“ကြမ္မာဆိုး … ဟုတ်လား … ”

“ဟုတ်တယ် … နှောင်းမှာ ကြမ္မာဆိုးတစ်ခုခုဝင်လို့ သေရတာ … ”

“ဝမ်းနည်းပါတယ် မဆောင်း … မဆောင်းပြောတာတွေဟာ … ကျွန်တော့်အဖို့ ဘာဆိုဘာမှန်းမသိအောင် ဖြစ်သွားတယ် … ကျွန်တော် ပြောနိုင်တာကတော့ နှောင်းဟာ မဆုံးခင် လေးငါးလလောက်က … ကျွန်တော့်ကို ခွာထုတ်တယ် … အိပ်ခန်းခွဲအိပ်တယ် … အဲဒါကို ကျွန်တော်က ကန့်ကွက်တယ် … အဲဒီလို မနေဖို့ တောင်းပန်တယ် … ဒါပေမဲ့ မရဘူး … သူ ကြိုက်သလို မနေရရင် ကွာရှင်းပါလို့ အရေးဆိုလာတယ် … ”

“နှောင်းက ကြိုက်သလို မနေရရင် … ဟုတ်လား … သူ ကြိုက်သလို ဆိုတာက ဘာလဲတဲ့ရှင် … ”

“ပန်းသီးခြံတွေ အားလုံး … လက်ဖက်စိုက်ခင်းတွေ အားလုံး ရောင်းပစ်ရမယ်တဲ့ … နောက်ပြီး တောင်ကြီးမှာ သွားနေကြမယ်တဲ့ … ညောင်သုံးပင်မှာ သူ ဆက်မနေချင်တော့ဘူးတဲ့ … ”

“ဩော် … ဩော် … ”

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ပြောပြပါတယ် ... ပန်းသီးခြံကို ဝယ်တဲ့လူ သိပ်ရှားတယ် ... ကျွန်တော်သာ ထိရောက်တဲ့အတတ်ပညာနဲ့စိုက်လို့ ဖြစ်ထွန်းတာ ... တခြားလူဆိုရင် စိုက်ပျိုးရ သိပ်ခက်မှာမို့ ဝယ်ရဲတဲ့သူ ရှိမှာမဟုတ်ဘူး ... နောက်ပြီး ကျွန်တော်ကိုယ်တိုင် ပန်းသီးခြံတွေကို သံယောဇဉ်ကြီးပါတယ် ... မရောင်းပါရစေနဲ့ ... လက်ဖက်စိုက်ခင်းတွေကို ရောင်းချင်ရောင်းပါလို့ ... နှောင်း တောင်ကြီးမှာ သွားနေချင် သွားနေပါ ... ကျွန်တော် တစ်ပတ်တစ်ခါ လာပါ့မယ်လို့လည်း ပြောပါတယ် မဆောင်း ... "

"ဒါကို ... နှောင်းက လက်မခံဘူးပေါ့ ... ဟုတ်လား ... "

"ဟုတ်တယ် မဆောင်း ... နှောင်းက သိပ်စိတ်ကြီးတယ်၊ မရဘူး ... ပန်းသီးခြံတွေကို ရောင်း ... တောင်ကြီးမှာ လင်မယား အတူနေတာကို မလုပ်နိုင်ရင် သူနဲ့ ကွာရှင်းပါတဲ့ ... ကျွန်တော် စဉ်းစားဖို့ ခြောက်လအချိန်ပေးမယ်ဆိုပြီး သူ့ဟာသူ အခန်းခွဲနေလိုက်တော့တာပဲ မဆောင်း ... သူ့အနားကို ... ကျွန်တော့်ကို လုံးဝအကပ်မခံတော့ဘူး"

"အဲဒီအကြောင်း သက်သက်ချည်း ... ဟုတ်ရဲ့လား ... ကိုသူရအောင် ... ဒီနှစ်ထဲမှာ ကျွန်မဆီကို ရေးလိုက်တဲ့ နှောင်းရဲ့ စာတစ်စောင်ထဲမှာ ... ကိုသူရအောင်က သားသမီးလိုချင်တယ် ... ပေါင်းသင်းလာတာ သုံးနှစ်ရှိလာတာ



တောင် သန္ဓေသားမရလို့ ... ကိုသူရအောင်က နှောင်းကို ကျိတ်ကိုက်တယ်ဆို ... "

"အဲဒါက မိုင်နာ အသေးအဖွဲတစ်ခုပါ ... မှန်တာ ပြောရရင် ကျွန်တော့်အနေနဲ့ နှောင်းနဲ့ သားသမီးလိုချင်တာတော့ အမှန်ပဲ ... ဒါပေမဲ့ မရတာတော့ ဘာတတ်နိုင်မှာလဲ ... အဲ ... ကလေးဆန်ဆန်ပြောရရင် တစ်ခါတလေ လင်မယား စကားနိုင်လုပြောတဲ့အခါ ... သားသားလေးဖြစ်ဖြစ် ... မီးမီးလေးဖြစ်ဖြစ် နှောင်းက မွေးမပေးကောင်းလားဆိုပြီး ... အနိုင်အထက်မျိုးတော့ ကျွန်တော် ပြောမိတာမျိုးပါ ... ဒါကို ကျွန်တော် အလေးအနက်ကြီး မထားခဲ့ပါဘူး ... ဘာဖြစ်လို့လဲဆိုတော့ လင်မယားမှာ သားသမီးမရတာ ... ဇနီးမယားကိုချည်း အပြစ်ဖို့လို့ မရဘူးဆိုတာ ... ကျွန်တော် နားလည်ပါတယ် ... တကယ်တမ်း နှစ်ဦးသဘောတူ သားသမီး တကယ်လိုချင်ပြီဆိုရင် ... လင်ရောမယားရော စနစ်တကျ တတ်ကျွမ်းတဲ့ ဆရာဝန်ဆီမှာ ပြသရမယ် ... သားသမီးရအောင် ဆရာဝန်ရဲ့ ညွှန်ကြားချက်တွေ လိုက်နာရမယ် ... အဲဒီလောက်ကြီး အလေးအနက် မထားတာမို့ အဲဒါတွေ ကျွန်တော် မလုပ်ခဲ့ပါဘူး မဆောင်း ... "

ဆောင်းသည် တွေတွေငေးငေးလေး ဖြစ်သွားပြီး စဉ်းစားရပေတော့သည်။

ပထမက နှောင်းအား သန္ဓေသား မပေးနိုင်သူမို့

www.burmeseclassic.com

www.burmeseclassic.com



လင်မယား မသင့်မတင့် ဖြစ်ကြသည်ဟု ဆောင်း အမိကထင်ခဲ့သည်။

ယခုမူ ဆောင်း ထင်သလို မဟုတ်ပြန်ပြီ။

ကိုသူရအောင် အမိက ပြောသည်မှာ နှောင်းက ပန်းသီးခြံတွေရောင်း၊ ညောင်သုံးပင်က ပြောင်း၊ တောင်ကြီးမှာ သွားနေမယ်ဆိုသည်က အမိက ဖြစ်လာသည်။

ကိုသူရအောင်က ပန်းသီးခြံတွေကို မရောင်းရက်၊ မရောင်းနိုင်သည်ကြောင့် လင်မယား မသင့်တင့်ဟု ဆိုလာသည်။

ဆောင်းက ထိုအချက်အလက်တွေကို စဉ်းစားပြီးမှ မေးခွန်းတစ်ခု ထုတ်လိုက်သည်။

"ကိုသူရအောင်ရဲ့ ပန်းသီးခြံတွေ အခြေအနေကကော ..."

"အား ... သိပ်ကို အောင်မြင်နေပါတယ် မဆောင်း ... တပင်တပန်း သိအိုရီအရရော ... လက်တွေ့ရော ... ဩစတြေလျက သင်ယူလာတဲ့ အတတ်ပညာရော ... ယူလာတဲ့မျိုးတွေရော ... ကျွန်တော်ကိုယ်တိုင် ညောင်သုံးပင် မြေတွေကို ကျကျနနရွေးပြီး စိုက်ခဲ့တဲ့ ... ပန်းသီးပင်တွေ အရမ်းအောင်မြင်တယ် ... စိုက်ပျိုးချိန်က စပြီး ခုချိန်မှာဆိုရင် နှောင်းသာ သားသမီးမရတာ ... ပန်းသီးပင်တွေကတော့ မွှင့်ရာကမှုး ... ဖူးရာက သီးလာလိုက်ကြတာ တကယ့်အားရစရာကြီးပါ မဆောင်း ... ကျွန်တော် တကယ် အားရတယ် ..."



"ဒီမယ် မဆောင်း ... ကိုယ်မြှတ်နိုးတဲ့ အပင်တွေစိုက် ... အဲဒီအပင်က အသီးသီးလာတာဟာ ... ကိုယ်ချစ်တဲ့ ဇနီးမှာ သားသားလေးဖြစ်ဖြစ် ... မီးမီးလေးဖြစ်ဖြစ် သန္ဓေတည်ရာက မွေးလာတာကို မြင်ရသလို ကြည်နူးရတယ် ... ဝမ်းသာရတယ် ... ပီတိဖြစ်ရပါတယ်ပေါ့ဗျာ ... ပန်းသီးခြံမှာ ပန်းသီးတွေက သီးနေပြီလေ ... ဒီတော့ ကျွန်တော် ရောင်းရက်နိုင်မလား ... ဒါနဲ့အလားတူပဲ ကျွန်တော်မြတ်နိုးချစ်ခင်လို့ လက်ထပ်ယူထားတဲ့ နှောင်းကို ... ကျွန်တော်က ကွာရှင်းနိုင်မှာတဲ့လား ... ဒါကြောင့် နှောင်း စိတ်ပြေတဲ့အထိ ကျွန်တော် စောင့်မယ် ... ကွာတော့ ကွာရှင်းမပေးဘူးဆိုပြီး ... ကျွန်တော် နေခဲ့တာပါ မဆောင်း ..."

"ကွာရှင်းနိုင်မှာတဲ့လား ... ကျွန်တော် ကွာရှင်းမပေးနိုင်ဘူး"

ဟု ကိုသူရအောင်၏ ပြောစကားများကို ဆောင်း အလေးအနက်ထားရပြန်သည်။

နှောင်းနှင့် ကိုသူရအောင်တို့ လက်ထပ်ဖြစ်ကြသည်အထိ တစ်ဦးကိုတစ်ဦး မေတ္တာဖော်ပြချက်မှာ အလေးအနက်မရှိလှဘဲ ရှောင်သာသည့် ကြောင်လိမ်ကြား မင်းနဲ့ငါနဲ့သား ပုံသဏ္ဍာန် ဖြစ်ခဲ့သည်ဟု ဆောင်း ထင်ခဲ့မိသည်။

"ခုမှတော့ ရှင်းရှင်းပဲ မေးပါရစေ ကိုသူရအောင် ... ခေါ်ခြောက်ရေနွေး မေးခွန်းမျိုး ဖြစ်ချင်လည်း ဖြစ်မယ်ပေါ့လေ"

"မေးပါ မဆောင်း ..."

www.burmeseclassic.com

www.burmeseclassic.com



"နှောင်းနဲ့ ကိုသူရအောင်တို့ လက်ထပ်စဉ်က လက်ထပ်လိုက်ကြပုံဟာ … ညားကြလေသတည်းဆိုတဲ့ ဇာတ်ပေါင်းခန်းရောက်ရင် ပြီးရောဆိုတဲ့ သဘောမျိုး လက်ထပ်လိုက်ကြတာလို့ ကျွန်မ ထင်ခဲ့တယ် … "

"အဲဒါ မမှားပါဘူး … ကျွန်တော်ရော … နှောင်းရော သိက္ခာစောင့်စည်းကြတဲ့ အနေနဲ့ လက်ထပ်လိုက်ကြတာပါ … "

"အင်းလေ … အဲဒီလို လက်ထပ်လိုက်ကြတာ ဖြစ်လျက်နဲ့ နှောင်းက ကွာရှင်းမယ်ဆိုတာကို … ကိုသူရအောင်က မကွာရှင်းရက်နိုင်ဘူးဆိုတဲ့ စကားဟာ … နှောင်း သေသွားမှ ပြောတဲ့စကားမျိုးများ ဖြစ်နေသလားလို့ပါ … "

နှစ်ဦးသား ရေအိုင်ဆီမှ အုတ်ဂူသို့ လျှောက်လာရင်း ပြောကြခြင်း ဖြစ်သည်။ ဆောင်း၏ စကားအဆုံးတွင် နှောင်း၏ အုတ်ဂူဆီသို့ ရောက်လာကြပြီ။

သူရအောင်က သက်ပြင်းတစ်လုံး မြှင့်ချလိုက်သည်။ ပြီး … နှောင်း၏ အုတ်ဂူသစ်ကလေးကို ကျောမှီကာ ခြေပစ်လက်ပစ် ထိုင်ချလိုက်ရင်း ပြန်ပြောလိုက်ပါ၏။

"မဆောင်းဟာ … နှောင်းနဲ့ ပတ်သက်ပြီး ပြောလိုက်တဲ့ စကားအခွန်းတိုင်းမှာ ကျွန်တော့်အပေါ်မှာ သံသယတစ်ခုခု ရှိနေတဲ့ စကားမျိုးချည်းပဲနော် … "

"ရှင်းရှင်းပြောရရင် ဟုတ်တယ်လို့ပဲ ကျွန်မ ဝန်ခံတယ် … ကိုသူရအောင်နဲ့ နှောင်း လက်ထပ်ပွဲကြီးဟာ အနှစ်မပါတဲ့ လက်ထပ်ပွဲကြီးပဲ … "



သူရအောင်သည် ခြေဆန့်ခြေဆင်း ထိုင်နေရာမှ ဆင်ပျဉ်ခွေသို့ ပြင်ထိုင်လိုက်သည်။ ခါးကို မတ်မတ်ထောင်လိုက်သည်။ ပြီး … ဆောင်းမျက်နှာကို စူးစူးစိုက်စိုက် ကြည့်သည်။

"ကျွန်တော် မေးပါရစေ … ပထမမေးခွန်းအနေနဲ့ မဆောင်း ချစ်သူ ထားဖူးသလား … ဒုတိယမေးခွန်းအနေနဲ့ မဆောင်း လင်ယူဖူးသလား … "

"အို … "

"ကျွန်တော်ရဲ့ မေးခွန်းတွေ ရိုင်းသွားရင် ခွင့်လွှတ်ပါ မဆောင်း … ကျွန်တော်က စကားအဖြစ် မေးလိုက်တဲ့ မေးခွန်းနှစ်ခုပါ … နှောင်း ပြောပြလို့ မဆောင်းရဲ့အကြောင်း ကျွန်တော် သိသမျှတော့ မဆောင်းဟာ … ခုချိန်ထိ ချစ်သူလို့ သတ်သတ်မှတ်မှတ် တစ်ဦးမှ မထားခဲ့ဖူးသေးဘူး … လင်ယူဖို့ဆိုတာကတော့ ဝေလာဝေးကြီးမှန်း ကျွန်တော် ကိုယ်တိုင် သိတယ် … ဒါပေမဲ့ မဆောင်း ပြောလိုက်တဲ့ စကားဟာ … နှလုံးသားမေတ္တာနဲ့ လက်မထပ်သေးခင် အကြာကြီးချစ်ပြီးမှ လက်ထပ်လိုက်ကြတဲ့ အိမ်ထောင်သာလျှင် စစ်မှန်တဲ့ နှလုံးသားမေတ္တာရှိကြတာလိုလို ပြောနေတယ် … "

ဆောင်း … ငြိမ်သက်စွာ နားထောင်နေမိသည်။ အကြောင်းမူ ယခု ကိုသူရအောင် ပြောနေပုံမှာ အမူအရာဟန်ပန်ရော၊ ပြောနေသည့်အသံရော၊ ပြောနေသည့်အကြောင်းအချက်မှာ

www.burmeseclassic.com

www.burmeseclassic.com



ရော စိတ်အားထက်သန်စွာ ရှိနေမှန်း သိသာလှန်းနေသောကြောင့်ပါပေ။

"ယေဘုယျအားဖြင့် ... ချစ်သူနှစ်ဦး ချစ်ကြ ... အိမ်ထောင်တစ်ခု ဆောက်တည်ဖို့ အခြေမခိုင်သေးတာမို့ အခြေအနေကို စောင့်ကြ ... ကြိုးစားကြနဲ့ ... အခြေလေး ခိုင်မာလာကြမှ လက်ထပ်ကြ ... အဲဒီလိုဟာမျိုးကိုမှ အချစ်စစ် အချစ်မှန်လို့ မဆောင်း ဆိုလိုတာလား' ... "

ဆောင်း မဖြေတတ်ပါလေ။ မိမိ လက်ရှိအခြေကပင် ဘာမှန်းမသိသောကြောင့် ဖြစ်ပါ၏။ မိမိတွင် မိဘထားခဲ့သော အမွေအနှစ်တွေ ရှိသည်။ ပြီး ... ဘွဲ့ရပြီး အလုပ်လက်ရှိဖြစ်နေပါ၏။ မိမိအား ချဉ်းကပ်နေသော ဒေါက်တာဝင်းထွတ်ကလည်း မိဘချမ်းသာရုံမက သူကိုယ်တိုင် ဆရာဝန်တစ်ယောက်ဖြစ်နေသဖြင့် မိမိနှင့် ဒေါက်တာဝင်းထွတ် လက်ထပ်ပါက အခြေအနေ ခိုင်မာပြီးသား ဖြစ်နေသည်။

သို့စဉ်ပါလျက် ... မိမိသည် ဒေါက်တာဝင်းထွတ်ကို ယနေ့ထိ မတုံ့ပြန်သေးရုံမက လက်ထပ်ဖို့ လုံးဝမစဉ်းစားသေး။

အဓိကအကြောင်းမှာ ... မိမိ ရင်ထဲနှလုံးထဲက ဒေါက်တာဝင်းထွတ်ကို ချစ်၍မရသေးသောကြောင့် အဓိက ဖြစ်နေသည်။

"ဒီမယ် မဆောင်း ... နှောင်းကို ကျွန်တော် လက်ထပ်ခဲ့က ချစ်သလား ... မချစ်ဘူးလား ဆိုတာကို မဝေခွဲနိုင်ခဲ့



ဘူး ... ဒါပေမဲ့ နှောင်းကို လက်ထပ်ပြီးတဲ့နောက် ... မကြာခင်မှာပဲ နှောင်းကို ကျွန်တော့်ရင်ထဲက ချစ်လာတယ် ... "

"သြော် ... သြော် ... "

"အဲဒီ ... သြော် ... သြော် ... ကြီးဟာ မယုံမကြည်နဲ့ သရော်တာမျိုး မဖြစ်စေချင်ဘူး မဆောင်း ... ဒါကြောင့် ခုန ကျွန်တော် မဆောင်းကို မေးတဲ့မေးခွန်းမှာ မဆောင်း ချစ်သူထားဖူးလား ... လင်ယူဘူးလားလို့ ရင့်ရင့်သီးသီး မေးလိုက်တာပါ ... "

ဆောင်း ငြိမ်၍ နားထောင်နေသည်။

"တကယ်တမ်းကျတော့ ... ရင်ထဲက အချစ်ဆိုတာဟာ ဘယ်လိုဖြစ်ပေါ်လာတယ်ဆိုတာကို ... မချစ်ဘူးသူတွေ ဘယ်လိုမှ မသိနိုင်ပါဘူး မဆောင်း ... အဲ ... ချစ်ကြတယ်၊ ချစ်ပြီးတဲ့နောက် ညားကြတယ် ဆိုတာကတော့ အကောင်းဆုံးပေါ့ ... အစစ်မှန်ဆုံးပေါ့ ... ဒါပေမဲ့ မချစ်ကြဘဲ ညားကြတဲ့ အိမ်ထောင်တွေ ရှိကြသားပဲ ... မြစ်ကြီးနားက လူကတစ်ခါမှ မမြင်ဘူးတဲ့ မြိတ်ကလူကို မိဘတွေ ပေးစားလို့ ယူလိုက်ကြတာမျိုးမှာ ... သားသမီးတွေ ဒါဇင်လောက် မွေးကြပြီး အိုအောင်မင်းအောင် ပေါင်းသင်းသွားကြတာမျိုးလည်း ရှိတာပဲ ... ' "

"ကိုသူရအောင် ... ဘာကို အဓိက ဆိုလိုချင်နေတာလဲ"

"အဓိက ဆိုလိုချင်တာ ... နှောင်းကို လက်မထပ်ခင်က

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ချစ်တယ် မချစ်ဘူးဆိုတာ မဝေခွဲနိုင်ခဲ့ဘူး ... လက်ထပ်ပြီးတဲ့နောက်ပိုင်းကျတော့ ... ကျွန်တော့်ရင်ထဲ နှလုံးထဲက ချစ်သွားမိတယ် ... တကယ်တော့ ကျွန်တော်နဲ့ ပထမ စတွေ့ခဲ့တာဟာ ... ဆရာမဒေါ်ချိုချိုရဲ့ ဘုရားကိုးဆူပွဲမှာ မဆောင်းနဲ့ စတွေ့ခဲ့တာပါ ... အဲဒီလိုတွေ့ပြီး ... မဆောင်းရဲ့အိမ်ကို ကျွန်တော် အဝင်အထွက်တွေများရင်း နှောင်းနဲ့ ထပ်ဆင့်တွေ့ကြတာပါ ... ”

“အဲဒါတွေ မလိုတော့ဘူးလေ ... ဘေးချိတ်ထားလိုက်ပါ ကိုသူရအောင် ... ”

“ဟုတ်ကဲ့ ... အဲဒါတွေ ဘေးချိတ်ထားခဲ့တာ ကြာပါပြီ မဆောင်း ... ကျွန်တော် အခု ဆိုလိုနေတာက နှောင်း အပေါ် ကျွန်တော်ရဲ့ မေတ္တာသက်ဝင်သွားတာ ကြီးမားကြောင်း ပြောချင်လို့ ဘေးချိတ်ထားတာတွေကို ထည့်နှိုင်းယှဉ်ပြောနေတာပါ ... ကျွန်တော် ဆက်ပြောပါရစေ ... ကျွန်တော်က နှောင်း အပေါ်မှာ အဲဒီလို ပြောင်းလဲပြီး အချစ်စစ်ဘက်ကို ကူးခဲ့ပေမဲ့ ... နှောင်းက ကျွန်တော့် အပေါ်ကို မပြောင်းလဲခဲ့ပါဘူး မဆောင်း ... သေသွားတဲ့ အထိ မပြောင်းလဲတာပါ ... ”

“ဘယ်လို မပြောင်းလဲတာလဲ ... ”

“ကျွန်တော့်အပေါ် သေသည်အထိ တုံ့ပြန်မေတ္တာ မထားခဲ့ပါဘူး ... ဒါကြောင့် ကျွန်တော်က သားသားလေးဖြစ်ဖြစ်



မီးမီးလေးဖြစ်ဖြစ် လိုချင်တာပါ ... သားသမီး ရလာရင် သားသမီးကို ချစ်လာရာက ... ကလေးအဖေအပေါ်မှာ လည်း တုံ့ပြန်မေတ္တာ သက်ဝင်လာလေမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ပါ ... ”

“ဟုတ်ပါ့မလား ... နှောင်းက ကိုသူရအောင်ကို လက်ထပ်ပြီးတဲ့နောက် ... တုံ့ပြန်မချစ်ဘူးဆိုတာ ဟုတ်နိုင်ပါ့မလား ကိုသူရအောင် ... ဒီမယ် ကိုသူရအောင် ... နှောင်းဟာ ကျောင်းသူဘဝကတည်းက အတွဲတွေ ထားခဲ့တယ် ... ဒါပေမဲ့ သူ့အပျိုဘဝကို ပျက်ပြားတဲ့အထိ ဘယ်အတွဲကိုမှ မလိုက်လျောခဲ့ ... သိက္ခာကိုလည်း စောင့်ထိန်းခဲ့တယ် ... ဒါပေမဲ့ ကိုသူရအောင်နဲ့ကျတော့ လက်ထပ်တဲ့ အခြေအနေ အထိ ရောက်သွားခဲ့တာပဲ ... ”

သူရအောင်က ငြိမ်ပြီး နားထောင်သောအလှည့် ရောက်သွားသည်။ ဆောင်းက ဆက်တိုက်ပြောသောကြောင့် ဖြစ်ပါ၏။

“နောက်တစ်ချက်က ... နှောင်းဟာ ရန်ကုန်မှာ အနေကြာပြီး ရန်ကုန်ကိုသာ ခင်တွယ်တဲ့မိန်းကလေးပါ ... ထားပါတော့ ... တခြားမြို့ကြီးပြကြီးမှာဆိုလည်း နှောင်း နေတတ်မှာလို့ ... အဲဒီလို စိတ်ရှိတဲ့ နှောင်းဟာ ... အသွားအလာ ခက်ခဲ ... လူနေမှု နိမ့် ... ပေါင်းသင်းဆက်ဆံရေးမကောင်း ပျော်ရွှင်စရာ ဘာမှမရှိတဲ့ ညောင်သုံးပင်လို နေရာမှာ သုံး

www.burmeseclassic.com



လေးနှစ် လင်နဲ့အတူ လိုက်နေတဲ့ သဘောထားကို အလေးအနက် ထားကြည့်ပါ ကိုသူရအောင် ... လင့်တစ်မျက်နှာ တစ်ရွာသဘောနဲ့ နေရှာဟာပါ ... နှောင်းက တကယ်ပဲ ကိုသူရအောင်ကို မချစ်ဘူး ... မခင်ဘူး ဆိုရင် လွယ်လွယ်လေးရယ်ပါ ... ရန်ကုန်က ဆောင်းနှောင်းဧဟာကို ပြန်လာရုံပဲပေါ့ ... တွယ်တာစရာ သားသမီးလည်း ရသေးတာမှ မဟုတ်တာ ... အဲဒါတွေ အလေးအနက် စဉ်းစားရင် ... နှောင်းဟာ ကိုသူရအောင်ကို ရင်ထဲက ချစ်နေကြောင်း ထင်ရှားသိသာလောက်ပါတယ် ... "

"အဲဒီအချက်တွေကိုလည်း ကျွန်တော် ထည့်သွင်းစဉ်းစားခဲ့ပါတယ် ... အဲဒါတွေ ထည့်စဉ်းစားလေ ... နှောင်းကို ပိုပြီး ကျွန်တော် ချစ်လေလည်း ဖြစ်ခဲ့တာပဲ ... "

"အင်းဗျာ ... ပြောရရင်တော့ နှောင်းဟာ တစ်မျိုးပဲလို့ ပြောရမှာပဲ ... ကျွန်တော့်ကို တုံ့ပြန်ချစ်ပါတယ်ဆိုရင်တောင် ... သူ့ရင်ထဲမှာပဲ ကြိတ်ပြီး ချစ်တာမျိုး ဖြစ်နေမလားဘဲ ... ကျွန်တော့်ကို ဆက်ဆံတဲ့ ဗဟိဒ္ဓအသွင်နဲ့ အပြုအမူတွေကတော့ ... ကျွန်တော့်ကို မနှစ်မြို့ မလိုလားတာတွေပဲ ပြနေတယ် မဆောင်း ... "

"ကျွန်မ အမြင်ပြောမယ် ... နှောင်းက ကလေးဆန်ဆန် နေတတ်တယ် ... ကိုသူရအောင်က လူကြီးဆန်တယ် ... နှောင်းအနေနဲ့ စီးပွားရေးကို အဓိကမထားဘဲ ... လင်နဲ့



မယား ပျော်ပျော်လေး နေချင်တယ် ... ကိုသူရအောင်ဟာ ပန်းသီးခြံတွေမှာ အာရုံပေးထားတာက သိပ်များတယ် ... လင်ရယ် မယားရယ် ကျီကျီစယ်စယ် နေတာမျိုးတွေ မရှိဘူး ... ကိုသူရအောင် ရင်ထဲက ချစ်ပေမဲ့ ... ပြင်ပအပြုအမူတွေက နှောင်းကို လျစ်လျူရှုထားတဲ့သဘော သက်ဝင်သွားတယ် ... ဒါကြောင့် တောင်ကြီးကို ပြောင်းနေရင်နေ မနေရှင် ကွာရှင်းလို့ ကြွေးကြော်လာတာ ဖြစ်မှာပါ ... ကိုယ်လင် ကိုယ်မယား လွတ်လွတ်လပ်လပ် အတူနေချင်တဲ့ သဘော ဖြစ်မှာပါ ... "

သူရအောင် ထိုင်ရာမှ ထလိုက်သည်။ ဆောင်း ပြောချက်များကို လက်ခံသည့် သဏ္ဌာန်လည်း ရှိပါ၏။

"မဆောင်း ပြောတာတွေ ဟုတ်ပါတယ် ... ဒါကြောင့်လည်း နှောင်းက ကိုဒီပ ... ကိုဝဏ္ဏတို့နဲ့ ပျော်သလို ပေါးလား ဝါးလား နေတာကို ... နှောင်း ပျော်ရင်ပြီးရောဆိုပြီး ကျွန်တော် မကန့်ကွက်ခဲ့ပါဘူး ... နှောင်း ပုံစံကိုက ကလေးလို ပျော်ပျော်ပါးပါး နေတတ်တဲ့ ဝါသနာ ရှိနေတာကိုး ... "

"နှောင်း ... ပေါးလားဝါးလား အဲဒီလူဆိုးအဖွဲ့နဲ့ နေတာကိုတော့ ... ကိုသူရအောင် ရင်ထဲမှာ နှောင်းကို သံသယစိတ် မဝင်ဘူးလား ... "

ဆောင်းသည် တမင်ပင် ထိုမေးခွန်းကို မေးလိုက်ခြင်း ဖြစ်ပါ၏။ ဆောင်း စိတ်ထဲတွင် ကိုသူရအောင်က လက်ထပ်

www.burmeseclassic.com

www.burmeseclassic.com



ပြီး နောက်မှ နှောင်းကို ချစ်လာသည်ဆိုသည့် စကားကို မယုံ
နှောင်း ကိုဒီမတို့၊ ကိုဝဏ္ဏတို့နှင့် အရောတဝင် နေသည်ကို လ
ယောကျ်ားတစ်ယောက်အနေနှင့် မကျေမနပ် ဖြစ်နိုင်သည်။

သို့သော် ... ပန်းသီးခြံကို လူဆိုးအဖွဲ့က အနှော
အယှက်ပေးမည်ကို စိုးရိမ်ပြီး နှောင်း အဲရောတဝင်နေခြင်းကို
လိုက်မညှိဘာသာ နေခြင်းမျိုး ဖြစ်နိုင်သည်။ သို့သော် ... ဤ
အတွက် လင်မယား ကျိတ်၍စကားများရင်းက ကိုသူရအောင်သ
နှောင်းကို လက်လွှန်သွားခြင်းမျိုးကော မဖြစ်နိုင်ပေဘူးလား။ တိ
တဆိတ် လက်လွှန်ပြီးမှ နှောင်း အလောင်းကို မဟာရေကန်
ပစ်ချခြင်းများ ဖြစ်လေမလား။

ပြီးမှ ... သူလူဖြစ်သော ဒေါက်တာစောဒီ၊ အ
လူကြီး ဦးစံလင်းနှင့် ဦးဘကျူးကို ရေနစ်သေပါသည်ဟု ပြော
ခြင်းလား။

"စိုးရိမ်တာကလွဲပြီး ... သံသယမဝင်ပါဘူး မဆောင်း
ဘာလို့လဲဆိုတော့ နှောင်းဟာ အပျိုဘဝကတည်းက
သူ့ကိုယ်သူ စောင့်စည်းတတ်မှန်း ကျွန်တော် သိသားပဲ
အိမ်ထောင်သည် ဖြစ်လာတော့ ... ဗုဒ္ဓဘာသာ
တစ်ယောက်အနေနဲ့ ပိုပြီး စောင့်ထိန်းဦးမှာပါ ... ကဲ
သွားကြစို့ မဆောင်း ... ဒီမှာ နှစ်ယောက်တည်း အ
ကြီးနေရင် ... ပတ်ဝန်းကျင်က တစ်မျိုးထင်ကြမယ်



ကျွန်တော့်အတွက် အကြောင်းမဟုတ်ပါဘူး ... မဆောင်း အတွက်ပါ ... "

နှစ်ယောက်သား ယှဉ်တွဲ ပြန်လျှောက်လာခဲ့ကြသည်။

"အဲဒီ ... အုတ်ဂူနားက ရေအိုင်လေးကို ... ဒီကလူတွေက မဟာကန်လို့ ခေါ်ကြတာလား ... "

"မဟုတ်တာ ... ဒီအိုင်လေးက မြေနိမ့်ခွက်နေလို့ မိုးတွင်းကရေတွေ ကျန်နေတဲ့ အိုင်လေးပဲ ... မိုးတွင်းမှာဆိုရင်တော့ အိုင်မှာ ရေအပြည့်အလျှံပေါ့ ... မိုးကုန်သွားတော့ တဖြည်းဖြည်း ရေခမ်းလာတယ် ... တခြားကို စီးသွားနိုင်တဲ့ အပေါက်မရှိလို့ အိုင်ဖြစ်နေတာမျိုးပါ ... တပေါင်းတန်ခူးမှာတော့ ဒီအိုင်လေးထဲ ရေခမ်းသွားရော ... "

"မဟာကန် ဆိုတာကရော ... "

"ဟာ ... မဟာကန်က အကြီးကြီး ... ပေသုံးရာပတ်လည်လောက်ရှိမယ် ... ညောင်သုံးပင်ရဲ့ အရှေ့ဘက် တစ်မိုင်လောက်ဝေးတဲ့နေရာမှာပါ ... ကုန်းမြင့်ဒေသမှာမို့ ဒီရေကန်ကိုပဲ ကန်အကြီးကြီးလို့ ယူဆပြီး 'မဟာကန်'လို့ ခေါ်ကြတာနဲ့ တူပါရဲ့ ... "

"ကျွန်မ တစ်ခုမေးချင်သေးတယ် ... ကျွန်မ မေးသမျှတွေဟာ သံသယတွေနဲ့ချည်းပါလားလို့တော့ ထင်စရာပဲ ... "

"မေးချင်တာ မေးပါ မဆောင်း ... "

www.burmeseclassic.com

www.burmeseclassic.com



"နှောင်းဟာ … ရေနစ်သေတယ်လို့ ဒေါက်တာဓာဒီက ပြောတာတော့ ဟုတ်ပါပြီ … ရေနစ်သေတဲ့ လူတိုင်းဟာ ပြန်ပေါ်လာရင် ရုပ်ပျက်ဆင်းပျက် ဖြစ်စမြဲ မဟုတ်လား။ ဒါပေမဲ့ … နှောင်းကတော့ နဂိုရုပ်အတိုင်း အလောင်းရှိနေတယ်လေ … "

"နှောင်း ရေနစ်ပေမဲ့ ရေထဲမှာ အကြာကြီးမှ မနေတာ … နှောင်း ရေနစ်ပြီး သိပ်မကြာခင်မှာပဲ ဦးကြာဟုန်က ရေမှာ မှောက်လျက်ကြီးပေါ်နေတဲ့လှေကို တွေ့တယ် … မဟာကန်ရေက ကြည်လည်း ကြည်တယ် … သိပ်လည်း မနက်ဘူး … အလွန်ဆုံးနက်မှ ဝါးတစ်ရိုက်လောက်ပဲနက်တာ"

"ဝါးတစ်ရိုက်ဆိုတာ ဘယ်လောက်လဲ ကိုသူရအောင် … "

"ပေလေးငါးဆယ် အလွန်ဆုံးပေါ့ … ဒီတော့ လှေမှောက်ကြီးကိုတွေ့တော့ … ဦးကြာဟုန်က ရေအနက်ထဲ ငုံ့ကြည့်တယ် … ရေအောက်မှာ ရှိနေတဲ့ နှောင်းရဲ့ အလောင်းကို တွေ့တယ် … ဦးကြာဟုန်ကပဲ ရေငုတ်ပြီး နှောင်းအလောင်းကို ယူတယ် … လှေပေါ်တင်တယ် … ကမ်းစပ်ကို လှော်လာပြီး လှေနဲ့အလောင်းကို ထားခဲ့တယ် … ကျွန်တော့်ဆီ ချက်ချင်းပြေးလာ အကြောင်းကြားတယ်လေ … ညောင်သုံးပင်မှာ နှောင်းဟာ ကျွန်တော့်ဇနီးမှန်း လူတိုင်းသိနေကြတာပဲ … "



"ဒါဆို … ဦးကြာဟုန်ဆိုတဲ့ လူက နှောင်းရဲ့အလောင်းကို ပထမဆုံး တွေ့တဲ့သူပေါ့ … ဟုတ်လား … "

"ဦးကြာဟုန်သည် ညပိုင်းမှာ လှေတစ်စီးနဲ့ ငါးမျှားတယ်၊ ကွန်ပစ်တယ် … သက်ကြီးလူကြီးတစ်ယောက်ပါ … မဟာကန်ထဲက ငါးတွေကို သူတစ်ယောက်ပဲ တံငါလုပ်ပြီး ဖမ်းနေတာ … ဦးကြာဟုန် ဖမ်းမိတဲ့ ငါးတွေကို ညောင်သုံးပင်က လူတွေက မစားဘူး … မစားကောင်းဘူးဆိုတဲ့ အယူအစွဲကြောင့်ပဲ … ဦးကြာဟုန်က ငါးတွေကို ဟိုပုန်း … တောင်ကြီးမှာ သွားရောင်းတယ် … ညောင်သုံးပင်မှာ တံငါဆိုလို့ ဦးကြာဟုန် တစ်ယောက်တည်းရှိတယ် … "

"ဦးကြာဟုန်က … ညကြီးမင်းကြီးမှာ နှောင်းရဲ့ ရေအောက်က အလောင်းကို ဘယ်လိုတွေ့သတဲ့လဲ … "

"လှေမှောက်ကြီးကိုတွေ့တော့ သူ့စိတ်ထဲ မသင်္ကာတာမို့ သူဆောင်နေကျ ငါးထောင့်ထိုး ဓာတ်တောင်နဲ့ ရေအောက်ကို ထိုးကြည့်ရင်း ရှာဖွေတွေ့တာတဲ့ … "

"ဓာတ်တောင် … ဟုတ်လား … "

"ဓာတ်တောင်ဆိုတာ … ဒီဒေသကလူတွေ ခေါ်တဲ့အခေါ်ပါ … ဓာတ်တောင်ဆိုတာ လက်နှိပ်ဓာတ်မီးပါ … ဓာတ်ခဲငါးခဲ ထည့်ထားတဲ့ လက်နှိပ်ဓာတ်မီးဟာ … စလိုက်ထိုးသလို လင်းအားကောင်းတယ် မဆောင်း … ဒီဘက်မှာ နယ်စပ်မို့ ဓာတ်ခဲဈေးပေါတယ် … ဒါကြောင့် လက်နှိပ်

www.burmeseclassic.com

www.burmeseclassic.com



မ်ာတ်မီးကို ဖောဖောသီသီ သုံးကြတယ် ... နောက်တ
ချက်က ဒီဇင်ဘာလိုလမျိုးမှာ မဟာကန်ရဲ့ရေဟာ မှန်သား
လို ကြည်လင်နေတာမို့ ... နှောင်းရဲ့အလောင်းကို အလွယ်
တွေ့နိုင်တာ ... ဒါကြောင့် ရေနစ်သေဆုံးတဲ့ အလောင်း
ဟာ မပုပ်ခင် မပွခင် ချက်ချင်းလိုလို ဆယ်ယူနိုင်တာ
ဘယ်လိုမှ ရုပ်မပျက်တာပါ မဆောင်း ... ”

“ဒေါက်တာစောဒီက တောင်ကြီးမှာ နေတာပါနော် ... ည
တွင်းချင်း သွားခေါ်တာလား ကိုသူရအောင် ... ဒေါက်တာ
စောဒီလည်း ညတွင်းချင်း လိုက်လာသလား ... ဒါဆိုရင်
တော့ ... ဒေါက်တာစောဒီအပေါ်မှာ ကိုသူရအောင်
တော်တော်မီးသေတာပဲ ... ”

ဟု ဆောင်းက ကိုသူရအောင်အား ပြောလိုက်
သည်။ သို့သော် မိမိ၏သံသယဖြစ်မှု သိပ်ကြီးထွားကြောင်း
လွင်သွားမည်စိုးပြီး မပြောမိအောင် နှုတ်က ချုပ်တီးထားလိုက်
သည်။

“နေပါဦး ... နှောင်းက ညကြီးမင်းကြီးမှာ တစ်ယော
တည်း ရွာနဲ့ ကစ်မိုင်လောက်ဝေးတဲ့ ... မဟာကန်ကို သွား
ရဲသတဲ့လား ... ”

“နှောင်းဟာ ... မော်တော်ဆိုင်ကယ် စီးတတ်ပြီးတဲ့နောင်
ဒီကနေ ရှစ်မိုင်လောက်ဝေးတဲ့ ... ဟိုပုန်းကို တစ်ယော



တည်း မောင်းသွားပြီး ခေါက်ဆွဲကြော်ဝယ်စားတာမျိုးတွေ
တောင် ရှိခဲ့ပါတယ် မဆောင်း ... ”

“ဩော် ... နှောင်းက ညောင်သုံးပင်ရောက်မှ မော်တော်
ဆိုင်ကယ် စီးတတ်သွားသတဲ့လား ... ကိုသူရအောင်ဟာ
နှောင်းကို မော်တော်ဆိုင်ကယ်စီး သင်ပေးတာလား ... ”

“ကျွန်တော် သင်မပေးပါဘူး ... တမင် သင်မပေးတာပါ။
ပထမတော့ ဒီပတို့ ဝဏ္ဏတို့နဲ့ သင်တယ်လေ ... ဒီအတော
အတွင်းမှာပဲ ညီလေးလုလင်အောင် ကျောင်းတစ်နှစ်နားပြီး
ပြန်ရောက်လာတော့ ... လုလင်အောင်နဲ့ နှောင်း ဆက်ပြီး
သင်တာ ... ကျင်ကျင်လည်လည် စီးတတ်သွားတဲ့အခြေ
အနေ ရောက်သွားတာပဲ ... အဲဒါတွေအားလုံး ကျွန်တော်
မသိအောင် ခိုးလုပ်ကြတာ ... နှောင်းကိုယ်တိုင်က နဂို
တည်းက ကားမောင်းတတ်ပြီးသား ... စက်ဘီးစီးတတ်ပြီး
သားဆိုတော့ လွယ်လွယ်နဲ့ တတ်သွားတာ ထင်တာပါပဲ
မဆောင်း ... ”

“ဒါဆို ... ကိုသူရအောင် ဆိုလိုတာက နှောင်းဟာ ညကြီး
မင်းကြီး ... မော်တော်ဆိုင်ကယ်စီးပြီး မဟာကန်ကို သွား
တယ် ... ကန်မှာ လှေလှော်ရင်း လှေမှောက် ရေနစ်သေ
ဆုံးသွားတာလို့ ဆိုတာပေါ့နော် ... ”

“ဟုတ်ပါတယ် ... နှောင်း စီးနေကျ ဟွန်ဒါစကူတာ မိန်းမ
စီး မော်တော်ဆိုင်ကယ်ကို ... မဟာကန် ကမ်းပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ရပ်ထားတာ တွေ့ရတယ် … နှောင်း စီးမနေတဲ့ စလစ်ပါဖိနပ်လည်း … မော်တော်ဆိုင်ကယ်ဘေးမှာပဲ တွေ့ရပါတယ် မဆောင်း … နှောင်း ဝတ်သွားတဲ့ အင်္ကျီနဲ့ထဘီလည်း မော်တော်ဆိုင်ကယ်ပေါ်မှာ တင်ထားတယ် … နှောင်းက ဘရာစီယာနဲ့ အောက်ခံနိုင်လွန်ပင်ကီဘောင်းဘီနဲ့ ရေကူးတဲ့ ပုံပဲ … ”

“ထပ်ဆင့်မေးပါရစေ … စဉ်းစားကြည့်တာပါ … နှောင်းဟာ မဟာကန်မှာ ရေကူးမယ်ဆိုပြီး သွားတာဆိုရင် … ဘရာစီယာနဲ့ ပင်ကီဘောင်းဘီနဲ့ ဘယ်ကူးမလဲ … ရေကူးဝတ်စုံ ယူသွားမှာပေါ့ … ”

သူရအောင် အဲဒီလောက်ကြီးအထိ မဖြေတတ်သောကြောင့် ဆောင်းကိုသာ နားမလည်သောအကြည့်မျိုးဖြင့် ကြည့်နေမိပါလေ၏။

“မဆောင်း … ဘာတွေကို ဆိုလိုချင်နေတာလဲဟင် … ကျွန်တော်ကတော့ နှောင်းအကြောင်းကို ပြောပြရာမှာ တကယ့်အဖြစ်မှန်တွေကိုချည်း ပြောနေတာပါ … အဲ … မဆောင်း ကောက်ကာငင်ကာ မေးလိုက်တာမျိုးကျတော့ ကျွန်တော် ဘယ်လိုပြန်ဖြေရမယ်မှန်း … မသိ … မသိ … ဖြစ်သွားတယ် … ”

“ရှင်းပါတယ် ကိုသူရအောင် … နှောင်းဟာ အပျိုဘဝကျောင်းသူဘဝတည်းက ရေကူးဝါသနာပါတယ် … ဒါ



ကြောင့် နှောင်းမှာ ရေကူးဝတ်စုံအမျိုးမျိုး ဒုနဲ့ဒေး အများကြီးရှိတယ် … ဒီမယ် ကိုသူရအောင် … ”

“ပြောပါ မဆောင်း … ကျွန်တော် နားထောင်နေပါတယ်”

“အခုပုံက … နှောင်းဟာ ရေကူးဝတ်စုံ ယူမသွားဘဲ မဟာကန်ကို ညကြီးမင်းကြီး သွားတယ် … ဟိုရောက်တော့ ထဘီအင်္ကျီချွတ်ပြီး ဘရာစီယာနဲ့ ပင်ကီဘောင်းဘီလေးနဲ့ လှေလှော်သတဲ့လား … လှေလှော်ရင်း လှေမှောက်သတဲ့လား … လှေမှောက်တာနဲ့ နှောင်းက ရေနစ်သေရောတဲ့လား ကိုသူရအောင် … ”

သူရအောင်သည် မျက်လုံးပုတ်ခတ်ဖြင့် ဆောင်းကို ပြန်ငေးကြည့်သည်မှလွဲပြီး ဘာဖြေရမှန်းမသိပေ။ သူ၏ မည်းနက်အိုကောင်းသော ဆံပင်များထဲသို့ လက်ငါးချောင်း ထိုးသွင်းကာ ခေါင်းကုတ်နေမိသည်။

“ကျွန်တော် မဖြေတတ်တော့ဘူး မဆောင်း … တစ်ခုပဲ ပြောနိုင်တယ် … နှောင်းနဲ့ ပတ်သက်ပြီး … ကျွန်တော် မဆောင်းကို ပြောခဲ့သမျှတွေဟာ အမှန်တွေချည်းပါပဲ ဆိုတာပဲ မဆောင်း … ”

လျှောက်လာခဲ့ကြရင်း ညှဲ့ပရိသတ် ထမင်းကျွေးနေရာသို့ ရောက်လာကြသည်။ ညှဲ့သည် အနည်းငယ်လောက်သာ ရှိနိုင် စားသောက်နေသည်ကို တွေ့ရသည်။

“ဒီ ရက်လည်ဆွမ်းကျွေးပွဲကို တက်ပါသည်ကြီး ဦးကြွေဟုန်

www.burmeseclassic.com

www.burmeseclassic.com



မလာဘူးလားဟင် ... တကယ်ဆို နှောင်း အလောင်းကို ရေငုပ်ယူဆောင်တဲ့ ဦးကြာဟုန် ... ဒီဆွမ်းကျွေးပွဲကို လာသင့်တာပေါ့ ... ကိုသူရအောင်က ဦးကြာဟုန်ကို မဖိတ်ဘူးလားဟင် ..."

"ဒီအရပ်ဒေသမှာ ဘယ်အသုဘမှ ရည်လည်ဆွမ်းကျွေးကို ဖိတ်ကြားတာမျိုး ထုံးစံမရှိဘူး မဆောင်း ... ကိုယ့်အသိစိတ်နဲ့ ကိုယ်လာကြတာချည်းပဲ ... ဦးကြာဟုန် လာတာကို ကျွန်တော် စောစောက တွေ့သားပဲ ..."

"ဒါဆို ... ဦးကြာဟုန်ကို ကျွန်မ တွေ့ချင်တယ် ... သူ ရှိသေးလားဟင် ..."

"ကျွန်တော် ကြည့်ခိုင်းပေးမယ် ..."

သူရအောင်သည် ညီ လုလင်အောင်အား လှမ်းခေါ်လိုက်သည်။ ပြီး ... ခြံထဲတွင် ဦးကြာဟုန်ကိုရှာပြီး ခေါ်လာခဲ့ရန် ပြောလိုက်သည်။

လုလင်အောင်က ခေါင်းခါပြသည်။

"ဦးကြာဟုန် ပြန်သွားတာ နာရီဝက်လောက် ရှိသွားပြီ အစ်ကိုကြီး ... ကျွန်တော့်ကိုတောင် နှုတ်ဆက်သွားသေးတယ် ... မိုက်ကားအောင် စားထားလို့ တရေးတမော ပြန်ပြီး နပ်လိုက်ဦးမယ်လို့တောင် ဟာသလုပ်သွားတယ် ..."

"အေး ... မင်း မမဆောင်းက ဦးကြာဟုန်နဲ့ တွေ့ချင်တယ် စကားပြောချင်တယ်တဲ့ ... အဲဒါ ... မင်း စီစဉ်ပေးမလား ညီလေး ..."



"ခုချက်ချင်းတော့ မလွယ်တော့ဘူးထင်တယ် အစ်ကိုကြီး၊ တစ်နေရာရာမှာ သွားအိပ်နေပြီ ထင်တယ် ... သူက အိုးအိမ် အတည်တကျမှ မရှိတာ ... ဘုန်းကြီးကျောင်း ဇရပ်မှာနေပြီး ... သွားချင်ရာသွား အိပ်ချင်ရာမှာ အိပ်တတ်တဲ့သူပဲ ဟာ ..."

"ရတယ် လုလင်အောင် ... နက်ဖြန် နေသာမိုးသာကျမှ ရှာကြည့်ပေါ့ ..."

ဆောင်းသည် အိမ်ပေါ်သို့ ပြန်တက်ခဲ့သည်။ အိပ်ခန်းသို့ ဝင်ခဲ့ကာ နွမ်းနွမ်းနယ်နယ်လေး ရှိနေသည်မို့ အိပ်ရာထက်တွင် လဲလျောင်းလိုက်သည်။

လဲလျောင်းရင်း နှောင်း၏ မိမိဆွဲကြိုးနှင့် နှောင်း၏ ဆွဲကြိုးကို ယှဉ်ကြည့်မိသည်။ နှောင်းက ဇီးကွက်မျက်လုံးကို ပတ္တမြားထည့်ထားသော်လည်း မိမိ၏ဆွဲကြိုး မျက်လုံးမှာ မဟူရာ အနက်လေးတွေ ထည့်ထားသည်။

"ဟင် ... ကြည့်စမ်း ..."

နှောင်း၏ဆွဲကြိုးလေးမှာ ခလုတ်ပြုတ်ပြီး ရေထဲကျခြင်းမျိုးမဟုတ်။ ဆွဲကြိုး၏ အလယ်တစ်နေရာက ပြတ်ထွက်နေခြင်းကို တွေ့ရသည်ကိုတွေ့ပြီး အံ့သြသွားသည်။

ဒါဆို ... မတော်တဆ ခလုတ်မှပြုတ်ခြင်းမဟုတ်။ တစ်ခုခုနှင့် ငြိပြီး ပြတ်သွားခြင်းလား ... ၊ ဒါမှမဟုတ် တစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က အတင်းဆွဲဖြုတ်လိုက်ခြင်းပေလား ...။ မေမေကိုယ်တိုင် ဖန်းတီးမ်တွင် အော်ဒါမှာလုပ်သော ဆွဲကြိုးမို့ ခိုင်ခန့်မှု ရှိသည်မှာ သိပ်သေချာသည်။

တစ်ခုခုနှင့် ငြိသည်ဆိုလျှင် လည်ပင်းတွင် တင်းသွားမည်မို့ မည်သူမဆို ကိုယ့်အားကို လျှော့လိုက်ပြီး အပြတ်မခံဖွယ်ရှိသည်။

တစ်ဦးတစ်ယောက်က အတင်းဆွဲဖြုတ်သည်ဆိုလျှင်တော့ ဆွဲကြိုးမှာ ပြတ်ရုံသာရှိသည်။

နှောင်းသည် အကြောင်းတစ်ခုခုကြောင့် စိတ်လိုက်မာန်ပါ ဆွဲကြိုးကို သို့ဟာသူ အတင်းဆွဲဖြုတ်ပြီး ရေအိုင်ထဲသို့ လွှင့်ပစ်ခြင်းပေလား။

မပြောတတ်ပါလေတော့။

ဆောင်းသည် ... နှောင်း၏ ဆွဲကြိုးပြတ်လေးကို အိပ်ရာဘေးရှိ စာကြည့်စားပွဲပေါ် တင်ထားလိုက်သည်။

ဒီနောက် ... စိတ်မောလူမောဖြင့် မှေးခနဲ အိပ်ပျော်သွားပါလေ၏။

---- ♣ ----



**၇**

ဆောင်း အိပ်ရာမှ တစ်ပတ်ကျော့ ပြန်နိုးလာချိန်မှာ ...တော်ကြီးပင် နေမွန်းလွဲကျော်သွားပေပြီ။

ဒေါ်လေးသူဇာလည်း ဟိုဘက် တစ်ယောက်အိပ် ...တင်ထက်တွင် အိပ်မောကျနေသည်ကို ဆောင်း တွေ့ရပေသည်။

နှောင်း၏ ရက်လည်ဆွမ်းကျွေးတွင် ဒေါ်လေးသူဇာ ... ကမကထလုပ်ပြီး စီစဉ်လုပ်ဆောင်သည်မို့ တော်တော်ပင်ပန်း ...ပုံရသည်။

ဒေါ်လေးသူဇာ၏ အကျင့်နှင့် ဝါသနာကိုကပင် လူ ... သိုက်မြိုက်စွာဖြင့် ဝိုင်းဖွဲ့ပြုလုပ်ရသော အလုပ်ကို နှစ်သက် ...ည်။

ထို့ကြောင့်လည်း ညောင်သုံးပင်အိမ်သို့ ရောက် ...ည်းက ဆောင်းအနားသို့ပင် ဒေါ်လေးသူဇာ မကပ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုသူရအောင် ကိုယ်တိုင်က ဆောင်းအား ဘာသိ ဘာသာနေသော်လည်း ဒေါ်လေးသူဇာကိုတော့ နှောင်း၏အဒေါ် အဖြစ် လူကြီးအရာထားကာ ညောင်သုံးပင်အိမ်ကြီးတွင် ဒေါ်အဲလစ် နန်းကြာဖြူ တို့ကိုလည်းကောင်း၊ အခြား အလုပ်သမားအားလုံး အားလည်းကောင်း ဒေါ်လေးသူဇာ စီမံခန့်ခွဲ အမိန့်ပေးသည့်အတိုင်း လုပ်ဆောင်ပေးရမည်ဟု အမိန့်ထုတ်ထားသောကြောင့် အားလုံးမှာ ဒေါ်လေးသူဇာ၏ သြဇာခံဖြင့် လုပ်ဆောင်ပေးကြသည်။

ဒါကိုပင် ဒေါ်လေးသူဇာက အကျေနပ်ကြီး ကျေနပ် နေပါ၏။

ဒေါ်လေးသူဇာကို ပေါတောတော အပျိုကြီးမဟု ခေါ်ဆိုလျှင် ရနိုင်ကောင်းသည်။ ဤအသက်အရွယ် ငါးဆယ်နီးသို့ ရောက်လာသည့်တိုင်အောင် တစ်ခါမျှ မတစ်ခါဘူးသော အပျိုကြီး စစ်စစ်ဖြစ်ပါ၏။

ထိုသို့သော အပျိုကြီး လူပျိုကြီးများသည် ခန္ဓာအား အရလည်းကောင်း၊ စိတ္တဇေဒအရလည်းကောင်း သာမန်နှင့်မတူသ တစ်မျိုးကြီး ဖြစ်နေတတ်ပေသည်။

ယခုလည်း နှောင်း၏ ရက်လည်ဆွမ်းကျွေးကိစ္စတွင် ကိုသူရအောင်က ငွေတွေပုံပြီး ဒေါ်လေးသူဇာကို ပေးအပ်ကာ အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးပါ။ ကြိုက်သလို ငွေကိုသုံးပါ ကိစ္စတွေပြီးမှ ငွေစာရင်းရှင်းပါ။ ငွေလိုအပ်ရင် ထပ်ပြောပါ



အာဏာကုန်လွှဲထားသဖြင့် ဒေါ်လေးသူဇာသည် အလှူရှင်ကြီး အဖြစ် ဖတ်ဖတ်မောအောင် လုပ်ကိုင်ဆောင်ရွက်ပေသည်။

ထို့ကြောင့်လည်း အသုဘရက်လည်ဆွမ်းကျွေးပြီးမှ ခြောက်နန်လက်ပန်းကျ အားရပါးရ ဒေါ်လေးသူဇာ ဝင်အိပ်ခြင်း ဖြစ် ပေမည်။

အချိန်မည်မျှ ရှိသွားပြီလဲဟု သိချင်သောကြောင့် ဆောင်းသည် အိပ်ရာထဲမှပင် ဘေးတွင်ရှိ စာရေးစားပွဲမှ စားပွဲတင် နာရီကို လှမ်းကြည့်သည်။

ညနေ (၃)နာရီနှင့် (၂၀)မိနစ်ပင် ရှိသွားလေပြီ ကော။

စားပွဲပေါ်တွင် အသင့်ထားရှိသော ရေဖန်ချိုင့်နှင့် ဖန်ခွက်ယူကာ ဆောင်း ရေအဝသောက်လိုက်သည်။ ဖန်ချိုင့်နှင့် ဖန်ခွက် စားပွဲပေါ် ပြန်၍ အထားတွင် ...

"ဟယ် ..."

ဟု ဆောင်း အာမေဍိတ် လိုက်မိသည်။

အကြောင်းမူ မအိပ်မီက ယင်းစာရေးစားပွဲပေါ်တွင် တင်ထားလိုက်သော နှောင်း၏ ဆွဲကြိုးပြတ်လေး ယခုမူ ထားသည့် နေရာတွင် မရှိတော့ပြီ။

ဆောင်း ခုတင်မှ ချက်ချင်းဆင်းကာ မတော်တဆ ကြမ်းပြင်သို့ ဆွဲကြိုးပြတ်လေး ကျလေသလားဟု ရှာကြည့်သည် မတွေ့။

www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒြဲစရာပင်။

နှောင်း၏ ဆွဲကြိုးပြတ်လေး ဘယ်ရောက်သွားလေသနည်း။ ဆောင်း မှတ်မှတ်ရရ စားပွဲပေါ် တင်ထားခြင်းဖြစ်သည်။

အဲ ... တစ်ခုတော့ ရှိသည်။ ဆောင်းက အိပ်ရာထဲ အရင်ရောက် အရင်အိပ်သည်။ ဒေါ်လေးသူဇာက ဆောင်း အိပ်သွားလေမှ အိပ်ခန်းထဲ ဝင်လာရာ၌ စားပွဲပေါ်တွင် ရွှေဆွဲကြိုးကို တင်ထားသည်ကို တွေ့သဖြင့် ကောက်ယူသိမ်းဆည်းထားခြင်း ဖြစ်နိုင်ပါ၏။

ဒေါ်လေးသူဇာ နိုးမှပင် မေးတော့မည်ဟု ဆုံးဖြတ်ကာ ဆောင်း ရေချိုးခန်းသို့ ဝင်ခဲ့သည်။

မှန်းလွဲပိုင်းတွင် အတော်အတန်လေး အအေးဓာတ်ဝင်နေပြီဖြစ်သော်လည်း ဆောင်းတွင် အိပ်ထားသဖြင့် ကိုယ်ငွေ့ရှိန်တက်နေသည်ကြောင့်ရော ... နွမ်းနယ်ထားသည်ကြောင့်ရော ဆောင်း ရေချိုးနိုင်ပေသည်။

ရေချိုးပြီးနောက် နှောင်း၏ မှန်တင်ခုံတစ်ဝိုက်တွင် သနပ်ခါးတုံးနှင့် ကျောက်ပျဉ်ကို ရှာသည်။

လုံးဝ မရှိပါလေ။

နှောင်းက သနပ်ခါး မကြိုက်မှန်း ဆောင်း ပြန်လည်သတိရသည်။

ဆောင်းနှောင်းရိပ်မြုံတွင် ညီအစ်မ အတူနေစဉ်



ကတည်းက နှောင်းသည် တစ်ခါတစ်ရံ စိတ်လိုလက်ရ ရှိလေမှ ... မယ်အိကို သနပ်ခါးသွေးခိုင်းကာ လိမ်းကျံတတ်သည်။

များသောအားဖြင့်တော့ နှောင်းသည် မိတ်ကပ်နှင့် ပေါင်ဒါသာလျှင် စုံစုံမင်မင် ရှိတတ်ပေသည်။

ဆောင်းကတော့ ... သနပ်ခါးသမား၊ သနပ်ခါးတုံး စစ်စစ်ဆိုလျှင် အရှည်ခြောက်လက်မခန့် အတုံး လက်ညှိုးလက်မ အဝန်းအဝိုင်းလောက်ရှိ သနပ်ခါးတုံးကိုပင် တစ်တုံး လေးငါးဆယ် ပေးဝယ်လိမ်းသည်။

ယခု ညောင်သုံးပင်အိမ်တွင် သနပ်ခါးကျောက်ပျဉ် မရှိ။

ကိစ္စမရှိ ... ။

ဆောင်းတွင် ဟာစ်စလင်စနီးဘူးနှင့် သွေးပြီးသား သနပ်ခါး နှစ်ဘူးပင် ပါလာသည်။ ထိုဘူးထဲမှ သနပ်ခါးကို ကလော်ပြီး ရေနှင့်နှော၍ကာ လိမ်းကျံသည်။ လိမ်းသည်မှ မျက်နှာတစ်ခုလုံး လက်နှစ်ဖက်လုံး ခြေသလုံးမှ ခြေဖမိုးနှစ်ဖက်စလုံးကို လိမ်းကျံခြင်း ဖြစ်သည်။

ခြေဆုံးခေါင်းဆုံး လိမ်းသည်ဆိုပါတော့။

ဆံပင်ကို နောက်တွဲတစ်ပတ်လျှို ထုံးပြီး မြင်းမြီးလို ရှာကျ အဖျားပိုင်းကို အကျီဝတ်ပြီး ရှေ့ရင်ခွင်တွင် ပခုံးကျော်၍ ထားလိုက်သည်။

အကျီမှာ တစ်ပတ်ရစ် ရင်ဖုံးလက်ရှည် အကျီအဖြူ

www.burmeseclassic.com

www.burmeseclassic.com



နှင့် ထဘီနှင့် မီးခိုးရောင် လေယာဉ်မောင်သားကို ဝတ်ဆင်ပြီး အပြင်သို့ ထွက်လာခဲ့သည်။

ဧည့်ခန်းထဲတွင် ထိုင်ပြီး နှောင်း၏ အယ်(လ်)ဘမ် ဓာတ်ပုံများကို ကြည့်မည်ဟု စိတ်ကူးထွက်လာခြင်း ဖြစ်ပါ၏။

"ဪ ... မဆောင်း ..."

"ဪ ..."

ဧည့်ခန်းထဲတွင် ကိုသူရအောင် ရှိနေသည်။ နားနား နေနေ ထိုင်နေခြင်းမျိုးမဟုတ်။ ကိုသူရအောင်သည် နှင်းခံ မိုးခံ နိုင်လွန်အပြာရင့် ဂျာကင်ကို ဝတ်ထားသည်။ ထိုဂျာကင်တွင် လို အပ်ပါက ဆောင်းရန် ဦးထုပ်ခေါင်းစွပ်ပါရှိသည်။ ဂျင်းဘောင်းဘီ အပြာကိုလည်း ဝတ်ထားပြီး ခြေမျက်စိအုပ် တောစီး အဝတ်ဖိနပ် ကို စီးထားသည်။

ပုံသဏ္ဌာန်မှာ ကိုသူရအောင် ခရီးသွားမည့်ဆဲဆဲ တစ်ခုခု ဧည့်ခန်းတွင် ရှာဖွေနေသည့်ပုံစံ ဖြစ်ပါ၏။

မဆောင်း ဧည့်ခန်းထဲဝင်လာသည်ကို တွေ့သည် နှင့် အပြန်အလှန် နှုတ်ဆက်သည့်သဘော သက်ဝင်ပါ၏။

"မဆောင်း နိုးလာပြီလား ... မဆောင်း အိပ်နေတယ်လို့ နန်းကြာဖြူက ပြောလို့ပါ ..."

"ဟုတ်ကဲ့ ... ကျွန်မ အိပ်ပျော်သွားတယ် ..."

"အိပ်သင့်တာပေါ့ မဆောင်း ... စိတ်ရောလူရော ပင်ပန်း လှပြီပဲ ..."



"အခု ... ကိုသူရအောင် ဘယ်သွားမလို့လဲ ..."

"ပန်းသီးခြံတွေဆီ သွားမလို့ပါ ..."

"ဒီနေ့မှ နှောင်းဆုံးတာ ရက်လည်တာပါနော် ..."

ဆောင်း၏ စကားကြောင့် သူရအောင်သည် မနေ ဘတ်မထိုင်တတ်ပုံစံ ဖြစ်သွားကာ ဆောင်းကို ငေးကြည့်မိသည်။ ပြီး ... သက်ပြင်းတစ်လုံး ချမိသည်။

"ကျွန်တော် လောဘဇောတိုက်နေတဲ့သဘော မဟုတ်ပါ ဘူး မဆောင်း ... ပန်းသီးတွေ စိုက်ထားတာ လေးနှစ်ထဲ ရောက်လာပါပြီ ... အခုမှစပြီး သီးမယ်ကြံကာရှိသေးတယ် ပန်းသီးတစ်လုံးမှ ရောင်းရသေးတာ မဟုတ်ပါဘူး ... နှောင်း ဆုံးတဲ့နေ့ကစပြီး ပန်းသီးခြံကို ... ကျွန်တော် တစ်ခေါက်မှ မသွားခဲ့ပါဘူး ... အခုလည်း ဦးဘကျူးက လူလွှတ်ပြီး ကျွန်တော့်ဆီကို အကြောင်းကြားလို့ပါ ... ကိုဒီပနဲ့ ကိုဝဏ္ဏဟာ ပန်းသီးခြံတွေ တစ်ဝိုက်မှာ ရစ်သီ ရစ်သီ လုပ်နေတယ်တဲ့ ... ပန်းသီးခြံတွေကို သူတို့ ဖျက်ဆီး မှာ စိုးရတယ် မဆောင်း ... ဟိုနေ့က ကျွန်တော်က ကိုဒီပ ကို သေနတ်နဲ့ ပစ်ထားခဲ့တယ် မဟုတ်လား ... ဒါကြောင့် နှောင်းဆုံးတာ ဒီနေ့မှ တစ်ပတ်ပဲ ရှိသေးပေမဲ့ ... ကျွန်တော် မသွားရင် မဖြစ်လို့ သွားရမှာပါ ..."

ဆောင်းသည် ... ကိုသူရအောင် ပြောသည်ကို အားတောင်ရင်း ဖြန်းဆို စိတ်ကူးတစ်ခု ရလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝန်းသီးခြံတွင် အလုပ်သမားလူကြီး သို့မဟုတ် ရှိ
ကွက်လူကြီး ဦးဘကျူးနှင့် ဦးစံလင်း ရှိနေသည်မှာ သေချာသည်

နောင်းနှင့် ပတ်သက်ပြီး ထိုလူကြီးနှစ်ဦးအား
ဆောင်း ... မေးချင်တာတွေ ပြောချင်တာတွေ ရှိနေသည်
ကိုသူရအောင်နှင့် လိုက်သွားပြီး ထိုလူကြီးနှစ်ဦးကို တွေ့ဆုံ
နောင်း စိတ်ကူးရလိုက်ခြင်း ဖြစ်ပါ၏။

"ကျွန်မလည်း ပန်းသီးခြံကို လိုက်ခဲ့မယ် ..."

"ဗျာ ..."

"ကိုသူရအောင် သိပ်သံယောဇဉ်ကြီးမားတဲ့ ပန်းသီးခြံ
တာကို မြင်ဖူးချင်လို့ပါ ..."

"ရပါတယ် မဆောင်း ... ဒါပေမဲ့ ကျွန်တော်က မော်တော်
ဆိုင်ကယ်နဲ့သွားမှာ ... အဲဒီနေရာတွေကို မော်တော်ကား
နဲ့ သွားလို့မရဘူး ... နွားလှည်းမောင်းရင်တော့ ရတယ်
ကျွန်တော့်မော်တော်ဆိုင်ကယ်နောက်က ... မဆောင်း
လိုက်စီးရင် ကောင်းပါ့မလားလို့ပါ ..."

"ဘာလို့ မကောင်းရမှာလဲ ..."

"ဘေးကမြင်တဲ့လူတွေ အမြင်မှားနိုင်မလားလို့ပါ မဆောင်း
ကျွန်တော့်အတွက်က အရေးမဟုတ်ပါဘူး ... မဆောင်း
အတွက်ပါ ..."

"ရပါတယ် ကိုသူရအောင် ... ဒီညောင်သုံးပင်က လူတွေ
ကျွန်မကို အထင်လွဲတော့ ဘာအရေးလဲ ... ကျွန်မအ



ဒီညောင်သုံးပင်ဟာ ပထမဆုံးလာခြင်းနဲ့ ... နောက်ဆုံး
လာခြင်းပဲဟာ ... ဒီညောင်သုံးပင်ကလူတွေ ကျွန်မကို
အထင်လွဲရော ... ရန်ကုန်အထိ စားရိတ်အကုန်ခံပြီး လိုက်
ကဲ့ရဲ့နိုင်ကြမယ် မထင်ပါဘူး ..."

"ဒါဆိုလည်း ရတယ်လေ ... ဒီလို လုပ်ကြတာပေါ့ ...
ကျွန်တော့်မှာ မော်တော်ဆိုင်ကယ် ဘေးတွဲရှိပါတယ် ...
နောင်း မော်တော်ဆိုင်ကယ် မစီးတတ်ခင်က ဒီဘေးတွဲနဲ့
ပဲ လိုက်စီးလေ့ရှိခဲ့တယ်လေ ... ဒီနောက် နောင်း မော်
တော်ဆိုင်ကယ် စီးတတ်သွားလို့ ဘေးတွဲက လိုက်မစီး
တော့လို့ ... ကျွန်တော် အဲဒီဘေးတွဲကို မြန်ဖြုတ်ထားလိုက်
တာပါ ... အခု ပြန်တပ်လိုက်မယ် ... နာရီဝက်လောက်
တော့ ကြာမယ် ထင်တယ် ..."

သူရအောင်သည် ဆောင်းက သူနှင့်အတူ လိုက်ပါ
မည်ဆိုခြင်းအတွက် ဝမ်းသာခြင်းတစ်မျိုး ရင်ထဲတွင် ခံစားရပါ၏။
ရင်ထဲတွင် ပျောက်ဆုံးသွားခဲ့သော စိန်ထုပ်ရွှေထုပ်ကို ပြန်ကောက်
တွေ့သဖြင့် ဝမ်းသာသလို ခံစားမှုမျိုးဟု ဆိုလျှင် မှားမည်မထင်။

"ဒါဆို ... ကိုသူရအောင် ဘေးတွဲတပ်ထားနှင့်လေ ... ကျွန်မ
ဟိုဘက်နား ခဏသွားလိုက်ဦးမယ် ... မကြာပါဘူး ...
ချက်ချင်း ပြန်လာမှာပါ ..."

ဆောင်းသည် အပြင်သို့ ထွက်သွားသည်။ သူရအောင်

www.burmeseclassic.com

www.burmeseclassic.com



က မော်တော်ဆိုင်ကယ်သော့ကို ဆက်ရှာရာ တွေ့ရှိသဖြင့် ဘေးတွဲတပ်ရန် ကားဂိုဒေါင်ဘက်ဆီသို့ သွားပေတော့သည်။

ဆောင်းသည် အိမ်ပေါ်မှ ဆင်းလာခဲ့ပြီး နှောင်း၏ အုတ်ဂူလေးရှိရာ ချယ်ရီသုံးပင်ဆီသို့ လျှောက်လာခဲ့သည်။

ဆောင်းသည် တစ်ယောက်တည်း လာခဲ့သော်လည်း မကြောက်။ နဂိုကတည်းက သရဲတစ္ဆေ နာနာဘာဝတွေကို ဆောင်း မကြောက်တတ်။ အဲဒါတွေ တကယ်ရှိလျှင် တကယ်ပြစမ်း ဗဟုသုတအဖြစ် ကြည့်ပစ်လိုက်မည်ဆိုသည့် စိတ်ထားရှိသည်။

အကယ်၍များ အများတကာ ပြောသလို တမလွန်ဘဝမှနေပြီး နှောင်းက တစ်ခုခုပြမည်ဆိုပါက ဆောင်းသည် ချစ်စွာသော ညီမလေး၏ အရိပ်အယောင်ကို မြင်ချင်စမ်းပါဘိ။

ချယ်ရီသုံးပင်မှ ခရမ်းရောင်ချယ်ရီပွင့်တွေသည် ပင်လုံးညွတ် ဝေဝေဆာဆာ ပွင့်နေဆဲရှိနေပါ၏။

နှောင်း၏အုတ်ဂူလှလှလေးသည် သူ့ဟာသူ ပကတိတည်ငြိမ်စွာ ရှိနေပါ၏။

ဆောင်းသည် အုတ်ဂူနှင့် မဝေးလှသော ရေအိုင်လေးဆီသို့ လာခဲ့ပြန်သည်။ ရောက်သည်နှင့် ရေအိုင်စပ်တွင် ထိုင်ချကာ သူ၏ခြေနှစ်ဖက် ရေအိုင်ထဲချပြီးဘောင်ဘင်ခတ်အောင် ခြေနှစ်ဖက် ရှေ့တိုးနောက်ငင် လှုပ်ရှားလိုက်သည်။ ရေများ နောက်ကိုသွားပြီး တမုဟုတ်ခြင်းမှာပင် ရေအိုင်ထဲရှိ မှော်ပင်ဖတ်တွေ သစ်



ရွက်ခြွေးတွေသည် ဆောင်း၏ ခြေသလုံး ခြေဖမိုးတို့တွင် လာကပ်တော့သည်။

ထို လာကပ်သော အဖတ်လေးတွေအားလုံးကို ခြေနှစ်ဖက်ပြန်သိမ်းပြီး တစ်ဖက်ချင်း စိတ်ရှည်လက်ရှည် ခွာယူကာ သူမ၏ လက်ကိုင်ပဝါတွင်ထည့်ပြီး သေချာခေါက်သိမ်းလိုက်သည်။

ပြီး ... အုတ်ဂူလေးဆီ ပြန်လာကာ ဆောင်း ရေရွတ်ပြောဆိုလိုက်သည်။

"အမြင့်ဆုံးဘုံက ညီမလေး နှောင်းရေ ... မမဆောင်း ညီမလေး နှောင်းအတွက် အတတ်နိုင်ဆုံး အဖြစ်မှန်ကို ဖော်ထုတ်ဖို့ ကြိုးစားနေပါတယ်ကွယ် ... ဒီလို ကြိုးစားတာဟာလည်း မမဆောင်းက ညီမလေးနှောင်းကို ဘယ်လောက်ချစ်တယ်ဆိုတာ သက်သေပြတာပါကွယ် ... "

စိတ်ထဲမှ အားရပါးရ ရေရွတ်ပြောဆိုပြီးနောက် ဆောင်းသည် ချာခနဲ လှည့်ကာ အိမ်ကြီးဘက်သို့ ဖြည်းဖြည်းမှန်မှန်ငင် ပြန်လျှောက်လာခဲ့သည်။

ကိုသူရအောင်က ဘေးတွဲတပ်ဆင်ထားပြီးသား မော်တော်ဆိုင်ကယ်ဘေးတွင် ရပ်စောင့်နေသည်ကို ဆောင်း တွေ့ရသည်။

နှောင်း၏ အုတ်ဂူမှ ဆောင်း ပြန်လာကြောင်းကို ကိုသူရအောင် သိပေသည်။ သို့သော် ဆောင်း အုတ်ဂူဆီသို့ ဘာ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သွားပေသနည်းဟု မေးခွန်းမျိုး မမေးပါလေ။ အခြားမေးခွန်းကိုသာ မေးလိုက်သည်။

"ဘေးတွဲတော့ တပ်ပြီးပြီ ... မဆောင်း စိတ်မပြောင်းသေးပါဘူးနော် ..."

"ဘာကို စိတ်ပြောင်းရမှာလဲ ..."

"ဩော် ... ပန်းသီးခြံတွေကို ကျွန်တော်နဲ့အတူ လိုက်ကြည့်မယ်ဆိုတာ ... စိတ်ပြောင်းသွားသလားလို့ပါ ..."

"အို ... ဘာလို့ ပြောင်းရမှာလဲ ... ကဲ ... လာ ... သွားကြစို့လေ ..."

ဆောင်းက မော်တော်ဆိုင်ကယ်ကို သေချာကြည့်လိုက်သည်။

ဘေးတွဲလေးသည် အဝါပုပ်ရောင်လေး ဖြစ်ပါ၏။ ဘေးတွဲလေးပုံစံမှာ ဆိုဖာအဝါပုပ်ရောင် လှလှလေးပေါ်တွင် အနီရောင် ထိုင်ခုံနှင့် အနီရောင်နောက်မှီတွင် ထိုင်ရမည့်ပုံစံ ရှိနေပေသည်။

အဝါပုပ်ရောင်နှင့် နီရဲရဲအရောင်နှစ်ခုမှာ ညီမလေးနှောင်း အနှစ်သက်ဆုံးအရောင်တွေ မဟုတ်ပါလား။

ဆောင်းက ဘေးတွဲလှလှလေးပေါ် ထိုင်ရန် ဟန်ပြင်လိုက်သည်။

"မဆောင်း ..."

"ရှင် ..."



"ဒီအတိုင်းသွားလို့ မဖြစ်ဘူးထင်တယ် ..."

"ဘာလို့ ..."

"ညောင်သုံးပင် ရာသီဥတုက မိုးရွာချင်ချက်ခြင်း ... နှင်းတွေကျချင်လည်း ချက်ချင်းမို့ပါ ... အခု နေခြည်လေး ရှိနေပေမဲ့ ... တော်ကြာ မိုးရွာချင်ရွာမယ် ... နှင်းကျချင် ကျမယ်၊ ပြီး ... မော်တော်ဆိုင်ကယ်စီးရင် ရှေ့က လေသိပ်တိုက်တာ ... မဆောင်းအတွက် မိုးကာ နှင်းကာ လေကာ အနွေးထည် တစ်ခုခု ဝတ်ခဲ့ဖို့ လိုမယ်လို့ ပြောတာပါ မဆောင်း"

"အင်းလေ ... ဒါဆိုလည်း ဆောင်းမှာ သိုးမွေးဆွယ်တာပါပါတယ် ... သွားဝတ်လိုက်မယ် ..."

ဆောင်းက ဘေးတွဲလေးပေါ် မထိုင်ဖြစ်သေးဘဲ ...ကြီးဆီသို့ ခြေလှမ်းလိုက်သည်။

"မဆောင်း ..."

ကိုသူရအောင်၏ ထပ်မံခေါ်သံကြောင့် ဆောင်း ...ခင်လည်ပြန် ပြန်ကြည့်လိုက်သည်။

"သိုးမွေးဆွယ်တာနဲ့ မရဘူး မဆောင်း ... မိုးရွာရင် သိုးမွေးဆွယ်တာက ဝါတာပရု(ဖ်)မှ မဟုတ်တာ ... ရေစုတ်ပြီး ပိုပြီးတောင် စိုစိုနစ်နစ်ကြီး ဖြစ်သွားမှာဆိုတာကို သတိပေးချင်လို့ပါ ..."

"ဒါဆိုရင်တော့ ... ကျွန်မမှာ တခြားဝတ်စရာ မရှိဘူး ... ကိုသူရအောင် ..."

www.burmeseclassic.com

www.burmeseclassic.com



"နှောင်းမှာ ရှိပါတယ် ... နှောင်းရဲ့ ဗီရိုကို မဆောင်း ဖွင့်ကြည့်ပါ ... ညောင်သုံးပင်ရာသီဥတုနဲ့ ကိုက်ညီတဲ့ နှောင်းရဲ့ ဝတ်စုံတွေကို မဆောင်း တွေ့မှာပါ ... နှောင်းထက် မဆောင်းက ကိုယ်လုံးပိုကျစ်တာပဲ ... နှောင်းရဲ့ဝတ်စုံတွေဟာ မဆောင်းဝတ်လို့ တော်မှာပါ ... "

ဆောင်းက ကိုသူရအောင်ကို ခေါင်းညိတ်ပြပြီး အိမ်ကြီးအပေါ်ထပ်သို့ ဆက်တက်ခဲ့သည်။ အိပ်ခန်းထဲတွင် ဒေါ်လေးသူစာသည် အိပ်မောကျနေဆဲ တွေ့ရပါ၏။

ဆောင်းသည် နှောင်း၏ ဗီရိုကို ပထမဆုံးအကြိမ်အဖြစ် ဖွင့်လိုက်သည်။ ပရုတ်နံ့များ ရှိန်းခနဲ သင်းခနဲ ထွက်လာသည်။ နှောင်း ဆုံးသွားသည့်နေ့မှစပြီး နှောင်း ဗီရိုကို ဘယ်သူမှ မဖွင့်သေးသောကြောင့်သာလျှင် ရက်အကြာကြီး ဗီရိုထဲတွင် ပရုတ်နံ့ ပရုတ်ငွေ့တွေ လှောင်နေပြီး ယခု ဖွင့်လိုက်သည်နှင့် သိသိသာသာကြီး ရှိန်းခနဲ သင်းခနဲ ထွက်ပေါ်လာခြင်း ဖြစ်ပေမည်။

ဤအချက်ကလည်း ... ကိုသူရအောင်အပေါ်တွင် သံသယစိတ် လျော့စေပါ၏။ လင်ယောကျ်ား တစ်ဦးအနေနှင့် ဆုံးသွားသော ဇနီး၏ဗီရိုကို ဤမျှ ရက်ကြာကြာ မဖွင့်သည်က စိတ်စုသောဆန္ဒမရှိဟု ယူမှတ်နိုင်သည်။

စ,ကနဦးကတော့ နှောင်း သေဆုံးမှုနှင့် ပတ်သက်ပြီး ကိုသူရအောင်အပေါ်တွင် သံသယဖြစ်စရာတွေ တွေးထင်သည်။



လုလင်အောင်ကို ရန်ကုန်သို့ နှောင်း ကွယ်လွန်ကြောင်း အကြောင်းကြားခိုင်းသော်လည်း နှောင်းနှင့်ပတ်သက်၍ ဘာမျှ ဆောင်းကို မပြောရဟု နှုတ်ပိတ်ခြင်းကိုလည်းကောင်း၊

နှောင်း၏အလောင်းကို ခွဲစိတ်သော ဆရာဝန်နှင့် အရပ်လူကြီးနှစ်ဦးမှာ ကိုသူရအောင်၏ လူများဖြစ်နေခြင်းသည်လည်းကောင်း၊

နှောင်းနှင့် လက်ထပ်စဉ်ကတည်းက မေတ္တာပိုင်းမပါ၊ သိက္ခာပိုင်းအရသာ လက်ထပ်ခဲ့ခြင်းကိုလည်းကောင်း၊

ဇနီးနှောင်း သေဆုံးသွားသည့်တိုင်အောင် ပူဆွေးသောက လက္ခဏာများ မရှိဟု ဆောင်း ထင်မှတ်ချက်ကြောင့်လည်းကောင်း၊

ထို အချက်များအရ ဖြစ်ခဲ့သော သံသယအစိုင်အခဲကြီးသည် တဖြည်းဖြည်း ဆက်လက်ကြုံတွေ့ရချက်တို့ကြောင့် လျော့နည်းလာသည့်သဘော ရှိနေပါ၏။

နှောင်းကို မြေချရာတွင် သူရအောင် ငိုခဲ့ခြင်း၊ ရက်လည်ဆွမ်းကျွေး အမျှဝေရာတွင် ကိုသူရအောင်၏ အမျှပေးဝေသံ နစ်သွားရခြင်း တို့ကလည်း ဆောင်း၏ သံသယအစိုင်အခဲကြီး လျော့ပါးလာစေခြင်းများ ဖြစ်ခဲ့သည်။

နောက်တစ်ချက် ရှိသေးပါ၏။

နှောင်း၏ အုတ်ဂူလေးတွင် သူကိုယ်တိုင် ဆန္ဒပြုချက်လေး ပါရှိနေပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အမြင့်ဆုံးဘုံသို့ ရောက်ပါစေ"

ဆိုသည့် စာတမ်းလေး ထွင်းထည့်ထားသည်ကပင် နှောင်းအပေါ်တွင် ထားရှိသော သူ၏ စေတနာနှင့် မေတ္တာ အတွင်းစိတ်ကို ပေါ်လွင်စေပြန်သည်။

ယခု မော်တော်ဆိုင်ကယ် ဘေးတွဲလေးမှာလည်း နှောင်း နှစ်သက်သော အရောင်လေးများ ဖြစ်နေပြန်သည်ကို တွေ့ရပြန်သည်။

"အို ... တစ်နေ့ကျရင် အဖြေမှန် ပေါ်ရမှာပဲ ..."

ဟု စိတ်ကို ဆောင်း ပြန်တင်းလိုက်သည်။

နှောင်း၏ ဗီရိုထဲတွင် ရေခံမိုးခံအပေါ်ဝတ်အင်္ကျီကို သာလျှင် ဆောင်း ဆက်၍ရှာတော့သည်။ စိတ်ကြိုက်တွေ့သည်နှင့် ယူဝတ်လိုက်ပြီး မှန်တင်ခုံရှေ့တွင် သူမကိုယ်ကို ရပ်ကြည့်သေးသည်။

ရေခံမိုးခံ အနီရောင်အဝတ်နှင့် မိမိ သနပ်ခါးလိမ်းထားသော မျက်နှာမှာ ဝင်းဝါတောက်ပ လိုက်ဖက်လျက်ရှိသည်ကို မြင်တွေ့ရသည်။

မှန်တင်ခုံမှခွာပြီး ဗီရိုတံခါး ပြန်ပိတ်ရန် လှည့်လိုက်သည်တွင် ဗီရိုအံဆွဲတွေကို မိတ်လျက်သား တွေ့ပြန်သဖြင့် ဘာရယ်မဟုတ် ဖွင့်ကြည့်မိသည်။

အံဆွဲထဲတွင် ပက်လက်လန်နေသော ဓာတ်ပုံတစ်ခု တွေ့လိုက်သည်။



ကန်အကျယ်ကြီးတစ်ကန်ကို နောက်ခံထားပြီး ကန်စပ်တွင် နှောင်းက ရွှေကူးဝတ်စုံအဝါပုပ် ဝတ်ထားသည်။ ကိုဒီပနှင့် ကိုဝဏ္ဏက အပေါ်ပိုင်း ကိုယ်ဗလာဖြင့် အောက်ပိုင်း ရေကူးဘောင်းဘီကိုယ်စီ ဝတ်ထားသည်ကို တွေ့မြင်ရသည်။

သုံးဦးသား ဒူးဆစ်မြုပ် ရေစပ်တွင် ဖိုခနောက်ဆိုင်ရပ်နေကြပြီး လက်မြှောက်ခြေမြှောက် ကိုယ်ဟန်တွေ အယိမ်းအနွဲ့ဖြင့် သုံးဦးစလုံး အပေါ်သို့ မော့ကြည့်နေကြသည်။ သူတို့ မော့ကြည့်ရာအပေါ်တွင် ရေဘောလုံးတစ်လုံး မြောက်နေသည်ကိုလည်း တွေ့မြင်ရပါ၏။ ကန်စပ်ရေထဲတွင် ရေဘောလုံးပုတ် ကစားနေကြသည့်အသွင်ပါပေ။

ဓာတ်ပုံကို ယူကြည့်ပြီး ဆောင်းက ဓာတ်ပုံနောက်ကျောသို့ ကြည့်လိုက်သည်။

"မဟာကန်မှာ တို့ပျော်တာ"

စိုင်းခေါက်

ဟု ဘောပင်လက်ရေးသော့ဖြင့် ရေးထားသည်ကို တွေ့ရသည်။

ကြည့်ရသည်မှာ ဓာတ်ပုံရိုက်သူက ကိုစိုင်းခေါက်ဖြစ်ပြီး ကန်ထဲတွင် ကိုဒီပ၊ ကိုဝဏ္ဏနှင့် နှောင်းတို့ ကစားခန်း ရိုက်ထားသောပုံ ဖြစ်မည်။

ဓာတ်ပုံကို ပြန်ပြီး အံဆွဲထဲအထည့်တွင် အံဆွဲထောင့်အစ်နေရာ၌ ဆေးကတ်ပြားတစ်ခု တွေ့ရပြန်သည်။ ကတ်ပြားပေါ်

www.burmeseclassic.com

www.burmeseclassic.com



တွင်ပါသော့ အင်္ဂလိပ်စာကို ဆောင်း ယူဖတ်ကြည့်လိုက်သည်နှင့် ထိုဆေးသည် နှောင်းကို ပဋိသန္ဓေတားစေသော ပဋိသန္ဓေတားဆေးမှန်း ဆောင်း သိရှိလိုက်ရသည်။

ဆောင်း မျက်လုံးပြူး အံ့ဩရင်း သဘောပေါက်ရတော့သည်။ နှောင်း လက်ထပ်ပြီး ယခု လေးနှစ်ခန့်ကြာသည်အထိ သားသားလေး၊ မီးမီးလေး မရသည်မှာ ဤဆေးကြောင့်ဟူ၍ပင်။

ဟုတ်မဟုတ်တော့ မသေချာ။

သို့သော် ... နှောင်းသည် ကိုသူရအောင်နှင့် ရသောသန္ဓေသားကို မလိုချင်သောကြောင့် ဤဆေးနှင့် တားထားသည်ဟု ယူဆရမလို ဖြစ်နေသည်။

ကိုသူရအောင်အား နှောင်း ကွာရှင်းစကားပြောခဲ့သည်ဟု ဆိုသည်။ နှောင်းတွင် ... နဂိုကတည်းက တစ်နေ့မှာ ကိုသူရအောင်ကို ကွာရှင်းမည်ဟု စိတ်ကူးရှိထားသောကြောင့် ဤပဋိသန္ဓေတားဆေးကို စားသုံးခြင်းပေလား။

ဒါဆိုလျှင် နှောင်းကို လက်ထပ်ခဲ့သောကိုသူရအောင်ခမျာ သနားစရာ ကောင်းနေရှာပေသည်။

"တီ ... တီ ... တီ ... "

အပြင်မှ မော်တော်ဆိုင်ကယ်ဟွန်းတီးသံ ထွက်ပေါ်လာသံကြားမှ ဆောင်း အားလုံးပြန်ထည့် အံဆွဲပိတ် ဗီရိုပိတ် အခန်းတံခါးပိတ်ပြီး ထွက်လာခဲ့သည်။



"ကျွန်မ နည်းနည်းကြာသွားတယ် ... နှောင်း ဗီရိုထဲမှာ သင့်တော်မဲ့ အပေါ်ဝတ်အင်္ကျီ ရှာရွေးနေလို့ ... "

"ရပါတယ် မဆောင်း ... ကျွန်တော်က အပြန်မှာ မိုးမချုပ်စေချင်လို့ ဟွန်းတီးပြီး လောလိုက်တာပါ ... ကျွန်တော်တစ်ယောက်တည်းဆိုရင် ... ဘယ်အချိန် ဘယ်လောက်မိုးချုပ်ချုပ်မှပြန်ပြန် အရေးမကြီးဘူးပေါ့ ... တစ်ခါတလေ ညဥ့်နက်သန်းခေါင်မှ ပြန်တာပဲ မဆောင်း ... "

ဆောင်းသည် ကိုသူရအောင်၏ မျက်နှာကို ကွက်ခနဲ ကြည့်လိုက်မိသည်။ ကိုသူရအောင်သည် ဆောင်းနှင့် ပတ်သက်၍ ပြောလေတိုင်း ဆောင်းအပေါ်တွင် ငဲ့ညှာသော စေတနာမေတ္တာသံတွေ ပါရှိတတ်သောကြောင့် ကွက်ခနဲ ကြည့်မိခြင်း ဖြစ်ပါ၏။

ရေခဲမိုးခံ အပေါ်ဝတ်အင်္ကျီတွင် ခေါင်းစွပ်ပါသော်လည်း မလိုအပ်သေးသောကြောင့် ခေါင်းစွပ်ကို နှစ်ယောက်လုံးစွပ်မထားသေး။

ကိုသူရအောင်၏ ဆံပင်တို့သည် အတော်ကြာသည်အထိ မညှပ်ဘဲ ထားသဖြင့် ရှည်သယောင် ရှိနေသည်။ သူ၏ မည်းနက်တောက်ပြောင်ပြီး အုံကောင်းသောဆံပင်သည် ရှည်လာသည်နှင့် ရှည်လာလေ လှိုင်းတွန့်များထလေနှင့် သူ၏နဖူးစပ်တို့တွင် ဝဲဝဲကျနေသော ဆံပင်ဆံညွန့်များကြောင့် သူ့မျက်နှာ ပိုကြည့်ကောင်းနေသည်။

ကိုသူရအောင် ကာယလေ့ကျင့်ခန်းတွေ လုပ်မယူ

www.burmeseclassic.com

www.burmeseclassic.com



တော့ ဆောင်းမသိ၊ သို့သော် ကိုသူရအောင်၏ အသားအရေမှာ စို ပြေပြီး ကျစ်လျစ်တောင့်တင်းပြီး ကျန်းမာရေး အလွန်ကောင်း ကြောင်း သိသာသည်။

သူ၏ ကျစ်လျစ်သန်မာ အချိုးကျခန္ဓာကိုယ်တွင် သူ၏ မျက်ဝန်းအစုံကတော့ ညောင်သုံးပင်သို့ ဆောင်း စတင် ရောက်ကတည်းက ရီဝေမှိုင်းနေသည်ကို တွေ့ရသည်။

ယခင် ဆရာမကြီးဒေါ်ချိုချို၏ ဘုရားကိုးဆူပူဇော် ပွဲတွင် စတင်တွေ့ခဲ့စဉ်က ကိုသူရအောင်၏ မျက်ဝန်းစုံသည် ယခုလို ရီဝေမှိုင်းဖို့နေနေသာသာ ရှူးရှူတောက်ပပြီး သူ့ကိုယ်နှင့် သူ့မျက်လုံး သူ့မျက်နှာ အလွန်ကြည့်ကောင်းသူတစ်ဦး ဖြစ်ခဲ့ပါ၏။

ယခုမူ အရက်ကြောင့်လား သို့မဟုတ် ဆေးတစ်ခုခု များ မှီဝဲလေသလားမသိ ကိုသူရအောင်၏ မျက်ဝန်းမျက်အိမ်မှာ တောက်ပခြင်း မရှိတော့ဘဲ ရီဝေမှိုင်းနေပါ၏။

"ကဲ ... မဆောင်း ဘေးတွဲပေါ် တက်တော့လေ ... ကျွန်တော်တို့ သွားကြစို့တော့ ..."

ကိုသူရအောင် ပြောလေမှ ဆောင်းသည် ဘေးတွဲ လေးပေါ်သို့ တက်ထိုင်လိုက်သည်။

သူရအောင်က သူ၏ ကျစ်လျစ်မာကျောသော ပေါင်တံ ခြေတံအားဖြင့် မော်တော်ဆိုင်ကယ်၏ ကစ်နင်းတံကို နင်းကာ စက်နှိုးလိုက်ရာ တစ်ချက်တည်းနှင့် စက်နိုးသွားပါ၏။

ဒီနောက်မှာတော့ ... ဘေးတွဲလှလှလေးပေါ်တွင် အလွန်ကျော့ရှင်းလှပချောမောသည့် လုံမပျိုလေးတစ်ဦးက ထိုင်ပြီး အလွန်သန်မာ ယောကျ်ားပီသသော လုလင်ချောကြီးက ခုမောင်း ထွက်လာသည်မှာ မြင်ရသူတိုင်း မြင်တွေ့ပသာဒ ဖြစ်စေပါ၏။



ဆောင်းအဖို့ ထွက်လာသည်နှင့် အမြင်သစ် အတွေး သစ်တွေ ခံစားရတော့သည်။

ညောင်သုံးပင် ရွာလမ်းအတိုင်း ထွက်လာစဉ်က တော့ မြင်နေကျ မြင်ကွင်းတွေသာ ရှိပါ၏။ ရွာစွန်မှ ထွက်လာပြီး သည့်အခါမှာတော့ စိမ်းစိုမြင့်မားသော တောတန်းတွေ၊ ညိုမှိုင်းသော တောင်တန်းတွေကို စတင်မြင်တွေ့ရသည်မှာ ကြည်နူးစရာ ကောင်း လှသည်။ တိုက်ခတ်သော လေကလည်း လတ်ဆတ်လွန်းပါပေ သည်။ တောနံ့တောင်နံ့တွေ ပါရှိသောလေကို ဆောင်း အားရပါးရ ရှူရှိုက်မိတော့သည်။

မောင်းလာရင်းပင် တချို့လမ်းကျတော့ ကျဉ်းလွန်း သည်။ တောင်ကမ္ဘားယံတွင် ကပ်ဖောက်ထားသောလမ်းမို့ လက်ယာဘက် မော်တော်ဆိုင်ကယ်ဘက်တွင် တောင်အမြင့်ကြီး၊ လက်ဝဲဘက် ဆောင်း ထိုင်သည့်ဘေးတွဲဘက်တွင် ချောက်ကမ္ဘား ကြီး ဖြစ်ပြီး ချောက်ကမ္ဘားကြီးအောက်တွင် သစ်ပင်၏ထိပ်တွေ ကို တွေ့မြင်နေရသည်။

ဤလမ်းမျိုးသည် ဘေးတွဲမပါသော မော်တော်ဆိုင် ကယ်အတွက် သွားသာလာသာလမ်းဖြစ်သော်လည်း ယခု ဆောင်း

www.burmeseclassic.com

www.burmeseclassic.com



တို့၏ ဘေးတွဲပါနှင့်ဆိုတော့ လမ်းနှင့် ဖိုဘက်ဒီဘက် လက်ဝဲလက်ယာ ကွက်တိဖြစ်နေပါလေ၏။

"အယ် ... အယ် ... ကိုသူရအောင် ..."

ဆောင်းသည် အထိတ်တလန့်လေးနှင့် မိန်းမသားထုံးစံအတိုင်း ကြောက်လန့်သောအခါ တစ်ခုခု အကိုင်အတွယ် ကိုင်မိ လို သူရအောင်၏ လက်မောင်းအကျီစကို ဆွဲကိုင်ထားမိသည်။

ကြောက်လည်း ကြောက်စရာ။ ဆောင်း ထိုင်သည့်ဘက်မှ ငုံ့ကြည့်လျှင် ဆောင်းသည် လေဟာပြင် အမြင့်ကြီးတွင် ထိုင်နေရသလို ဖြစ်နေပါလေ၏။

"မဆောင်း ... ကြောက်သလား ..."

"ကြောက်တာပေါ့ ... မတော်တဆ ပြုတ်ကျသွားရင် ချောက်ကြီးက အနက်ကြီး ... တစ်ခါတည်း အရိုးအသားတောင် ရှာတွေ့မှာ မဟုတ်ဘူး ..."

အောင်သူရက ရယ်သံပြုပြီး ပြောလိုက်သည်။

"နှောင်းကတော့ ... ဒါမျိုးမှာ မကြောက်တတ်ဘူး မဆောင်း၊ အဲဒီလို မလွတ်မကင်း ကွက်တိလေး သွားရတာကိုပဲ ... နှောင်းက ... လမ်းကျဉ်းရောက်လေ ပျော်လေပဲတဲ့ ... အသည်းတွေ အေးခနဲ အေးခနဲ ဖြစ်သွားရတဲ့အရသာကို နှောင်းက သိပ်နှစ်သက်တယ် ..."

"အိုး ... နှောင်းက နှောင်းပဲ ... ဆောင်းကတော့ ဒါမျိုးကို ဒီတစ်ခါပဲ ကြုံရဖူးလို့လားတော့ မသိဘူး ... ကြောက်တယ်၊ ကိုသူရအောင် ... ဆောင်း ကြောက်တယ် ..."



ဆောင်းသည် အလိုလိုပင် ကြောက်စိတ်ကြောင့်လားတော့ မသိ၊ သူရအောင်ကို "ကျွန်မ"ဟု ပြောခဲ့ရာမှ နာမ်စားပြောင်းကာ သူမကိုယ်ကို "ဆောင်း"ဟု သုံးလိုက်မိသည်။

"မကြောက်ပါနဲ့ မဆောင်း ... မဆောင်းဘေးမှာ ကျွန်တော် တစ်ယောက်လုံး ရှိနေသားပဲဟာ ..."

"ရှင် ..."

ဆောင်းက ဘေးတိုက်အနေအထားမှ စောင်းငဲ့မော့ပြီး သူရအောင်ကို ကြည့်သည်။ ကိုသူရအောင်၏ စကားထဲတွင် အဓိပ္ပာယ်တစ်ခုခုများ ပါဝင်နေလေသလားဟု ကြည့်မိခြင်း ဖြစ်ပါ၏။

"ဩော် ... တလွဲမထင်ပါနဲ့ မဆောင်း ... ကျွန်တော် ဆိုလိုတာက ကျွန်တော်ရဲ့ ကိုယ်အလေးချိန်ဟာ ပေါင်ချိန်တစ်ရာ့ငါးဆယ်ကျော်ပါသေးတယ် ... မဆောင်းရဲ့ ကိုယ်အလေးချိန်ဟာ ... ရှိလှပါမှ ပေါင်ချိန် တစ်ရာကျော်ရုံလေးလောက်ပါ ... နောက်ပြီး မော်တော်ဆိုင်ကယ်ရဲ့ အလေးချိန်ဟာ ဘေးတွဲအလေးချိန်ထက် အများကြီးပိုပါတယ် ... ဒါကြောင့် ဘေးတွဲမှာစီးနေတဲ့ မဆောင်းရဲ့ဘက်ကို မော်တော်ဆိုင်ကယ် စောင်းမကျတာမို့ ချောက်ထဲကျမှာ ဘယ်လိုမှ မစိုးရိမ်မပူပန်ပါနဲ့လို့ ... ကျွန်တော် ဆိုလိုတာပါ မဆောင်း"

www.burmeseclassic.com

www.burmeseclassic.com



တော်သေးတာပေါ့ဟု ဆောင်း စိတ်ထဲတွင် ကျိတ်၍ မှတ်ချက်ပြုမိသည်။

လျှိုမြောင်ချောက်ကမ္ဘားကို ဖြတ်သန်းသွားရသလို လွင်ပိုင်းမြေညီမြေပြန့်ပိုင်းကို ဖြတ်သန်းရသည်များလည်း ရှိပါ၏။ လွင်ပြန့်လမ်းဘေး၌မူ ထင်းရှူးပင်လေးများပေါက်နေသည်ကို တွေ့မြင်ရသည်။

ဆောင်းစိတ်ထဲတွင် လျှိုမြောင်ချောက်ကမ်းပါးကို ဖြတ်ရသည်ရော လွင်ပြန့်လေးများကို ဖြတ်သန်းရသည်ရော စိတ်ထဲတွင် ကြည်နူးမှုလေးတွေ အလိုလို ဖြစ်လာသည်။

ဆောင်းကို အပြစ်တင်ချင်လည်း တင်ပါ။ ညီမလေးနှောင်း သေဆုံးသည်မှာ ရက်လည်ရုံမျှသာ ရှိသေးသည်။ ဆောင်းက ကြည်နူးမှု ခံစားရပြီလားဟူ၍ အပြစ်တင်ပါကလည်း ဆောင်းခံပါမည်။

ဒါမျိုးသည် စိတ်ပိုင်းဆိုင်ရာလေးတွေ ဖြစ်ပါပေ၏။ နှောင်း သေဆုံးခြင်းအတွက် ဆောင်းမှာ မူးမေ့လဲကျသွားသည်အထိ နှလုံးပူဆွေးခဲ့ပါ၏။ ရက်ဆက်ပေါင်းလည်း နေ့စဉ်နှင့်အမျှ ငိုကြွေးခဲ့ရပါ၏။

ပူဆွေးခြင်းတွေ အယိပ်လိပ် အရှိန်နှင့်တက်ပြီးနောက် တအိအိ ပြန်ကျဆင်းလာချိန်တွင် တမ်းတခြင်းမျှသာ ကျန်ခဲ့တတ်သည်။

အချို့ ငွေကြေးပြည့်စုံသူများတွင် ဤသို့သော ပူဆွေးခြင်းမျိုး ခံစားရပြီဆိုလျှင် စိတ်ပြောင်း အာရုံပြောင်း ငွေကြေးအကုန်ခံကာ မရောက်ဘူးသေးသော ဒေသသစ် နေရာသစ်များသို့ ခရီးထွက်ပစ်လိုက်ကြသည်။ ပြည်တွင်းအရပ်ရပ်ရှိ တန်ခိုးကြီးဘုရားများသို့လည်းကောင်း တတ်နိုင်လျှင် အရှေ့အနောက် နိုင်ငံခြားမြို့ကြီးပြကြီးများသို့လည်းကောင်း သွားပစ်လိုက်ကြသည်။

ဤနည်းဖြင့် ပူဆွေးခြင်းသောကကို တဖြည်းဖြည်း လျော့ပါးစေနိုင်ပါ၏။

တမ်းတခြင်း ဆိုသည်ကတော့ ဘယ်နေရာ ဘယ်ဒေသ ဘယ်တိုင်းပြည် ဘယ်မြို့ကြီးပြကြီးများကိုပင် ရောက်ရောက် တမ်းတခြင်းတော့ ရှိနေလေမည်သာ။

ဆောင်းမှာလည်း ထိုပုံစံကို ဝင်သွားပါ၏။ ညောင်သုံးပင်သည် ဆောင်းအဖို့ အရာရာ၌ နေရာသစ် ဒေသသစ် ဖြစ်ပေသည်။ တောကြီးတောင်ကြီးတွေကလည်း ရန်ကုန်သူ ဆောင်းအတွက် အမြင်ဆန်း အမြင်သစ် အတွေ့ဆန်း အတွေ့သစ်တွေ ဖြစ်ခဲ့ရသည်။

ဩော် … သေသောသူ ကြာလျှင်မေ့ဟုပင် ရှေးလူကြီးသူမတွေက ဖြေသိမ့်စကားလေး ထားခဲ့သည်မဟုတ်ပါလား။

"ဟိုရှေ့က သံဆူးကြိုးတွေ ကာထားတာ ကျွန်တော့်ပန်းသီးခြံတစ်ခြံပဲ မဆောင်း … အဲဒီ ဗဟိုခြံကမှတစ်ဆင့် … တခြားခြံတွေကို မြင်းနဲ့ ကျွန်တော် ဆက်သွားတယ် … အဲဒီခြံ



www.burmeseclassic.com

www.burmeseclassic.com



တွေဘက်ကျတော့ မော်တော်ဆိုင်ကယ်နဲ့ သွားဖို့တောင် သိပ်မလွယ်ဘူးလေ ...”

“အခု ... ဆောင်းတို့ ထွက်လာတာ ညောင်သုံးပင်က ... ဒီပန်းသီးခြံအထိ တစ်နာရီလောက် ကြာသလားပဲနော်”

“မိနစ် ငါးဆယ်ပါ မဆောင်း ... မိုင်အကွာအဝေးဆိုရင် ဒီ ပန်းသီးခြံအထိ ရှစ်မိုင်နဲ့ နှစ်ဖာလုံရှိတယ် ... လမ်းတွေက တော်လမ်း တောင်လမ်းပေကိုး ...”

“ဒါဆို ... ပန်းသီးတွေသီးတဲ့အခါ ဘယ်လို သယ်ယူပို့ဆောင် ရေးလုပ်မလဲ ကိုသူရအောင် ...”

“မြည်းတို့ လားတို့ မြင်းတို့မှာ ဘေးအိမ်ဘေးတွဲတွေချပြီး သယ်ယူဖို့ ကျွန်တော် စီစဉ်ထားပါတယ် မဆောင်း ...”

“မလွယ်လိုက်တာနော် ...”

“ဘယ့်နှယ်လုပ်မလဲ မဆောင်း ... ဒီ နိုင်ငံခြားပန်းသီးမျိုးက ဒီနေရာ မြေဩဇာနဲ့ ... ဒီနေရာ ရာသီဥတုကိုမှ ကြိုက်တာ ကိုး ... ဘာပဲဖြစ်ဖြစ်ပေ့ါ မဆောင်း ခက်ခက်ခဲခဲနဲ့မှရတဲ့ ပစ္စည်းဟာ တန်ဖိုးလည်း အင်မတန် ကြီးမြင့်စမြဲမဟုတ် လား ...”

ဆောင်းသည် ကိုသူရအောင်ကို မျက်ဝန်းလှန်မော့ ကြည့်မိပြန်သည်။

ပြောရင်းပင် ... ပန်းသီးခြံတံခါးဂိတ်သို့ ရောက်လာ



ကြသည်။ ဂိတ်ဝတံခါးကြီး ဘေးအတွင်းဝယ် ကင်းတဲအိမ်အမိုး တစ်ဘက်စောင်း ပျဉ်ထောင်သွပ်မိုးလေးရှိသည်။

ထိုကင်းတဲလေးကိုပင် အဝါပုပ်ရောင် ဆေးသုတ် ထားသည့်ကို ဆောင်း တွေ့ရပါ၏။

မော်တော်ဆိုင်ကယ်နှင့် ဘေးတွဲထိုးရပ်လိုသည်နှင့် ကျီးကြည့် ကြောင်ကြည့်မျိုးအကြည့်နှင့် ကြည့်ရင်း ဆင်းလာသော ခြံစောင့်ကို တွေ့ရသည်။

“ဟာ ... ဆရာ ... ဟာ ... ဆရာကတော် ...”

ဂိတ်စောင့် ကင်းစောင့်သည် အူကြောင်ကြောင် အကြည့် အူကြောင်ကြောင်အသံနှင့် နှုတ်ဆက်လိုက်သည်။

“ဟေ့ကောင် ... အိုက်စံ ... မင်း ဘာတွေဖွတ်အော်နေ တာလဲ ... ဘာလဲ ... ကင်းစောင့်ရင်း မင်းအိပ်ငိုက်နေရာက ထလာတာ မဟုတ်လား အိုက်စံ ...”

“ကျွန်တော် ... အိပ်ငိုက်မိတာတော့ အမှန်ပါပဲ ဆရာ ... နောက်ပြီး ... ကျွန်တော် သရဲတစ္ဆေကို ကြောက်လည်း မကြောက်ဘူး ... ယုံလည်း မယုံပါဘူး ... ဒါပေမဲ့ ဆရာ မော်တော်ဆိုင်ကယ် ဘေးတွဲနဲ့ ဝင်လာတဲ့ စက်သံကြား တော့ ... ကျွန်တော် အိပ်မငိုက်တော့ဘဲ ကြည့်လိုက်ပါ တယ် ဆရာ ... ကျွန်တော် သိပ်အံ့ဩသွားပါတယ် ... ဘယ့် နှယ် ... ဆရာကတော်ဟာ သေသွားပြီပဲ ... အခု ဆရာရဲ့ ဘေးတွဲမှာ ဘယ့်လိုပါလာပါလိမ့်လို့ပါ ဆရာ ...

www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်း အိုက်စ် ... မင်း ဒီလိုသာ အိုင်ဒိုက်ပြီး ကယောင်ကတမ်းတွေ ပြောနေရင် ... မင်းကို ဂိတ်စောင့်မထားတော့ဘူး ... ခြံထဲပြန်ပို့မယ် ..."

ပြော၍ပြီး အိုက်စ် ဖွင့်ပေးသော ခြံတံခါးမှ ခြံထဲသို့ သူရအောင် ဆက်မောင်းဝင်လာခဲ့သည်။

ဆောင်းကို အားနာသွားသောကြောင့် အိုက်စ်ကို သူရအောင် ဆူပူငေါက်မိုးခဲ့သော်လည်း အိုက်စ်အား အပြစ်မယူသာဟုတော့ စိတ်ထဲတွင် တွေးလိုက်မိသည်။

ဆောင်းနှင့် နှောင်း ညီအစ်မသည် ချွတ်စွတ်ကြီး မတူညီဟုဆိုစေကာမူ ညီအစ်မ တူညီသော အချက်အလက်တွေ တော်တော်များများ ရှိပေသည်။

မျက်ခုံး၊ မျက်လုံး၊ နှာတံကျ တူညီကြသည်။ မျက်နှာသွယ်ကျပုံခြင်း ဆင်ဆင်တူသည်။ နှောင်းက ဆောင်းလို အသားဖြူဝင်းသည်မဟုတ်စေကာမူ စိတ်ကပ်ကို စွဲစွဲမြဲမြဲ လိမ်းသူမို့ ဆောင်းလိုပင် မျက်နှာလေး ဝင်းပနေသည်။ နှောင်းက ဆံပင်ကို ကျောမှုံးအထိ ဖြတ်ထားသော်လည်း ဆောင်းက ပင်ကိုအရှိဆံပင်ကို အဖြတ်အတောက်မရှိ တင်ပါးဖုံးအထိ အရှည်ထားသည်။

သို့သော် ယခု ဆောင်းက ခေါင်းစွပ်စွပ်ထားသဖြင့် ဆံပင်အတိုအရှည်ကို မမြင်သာနိုင်။

ယခု ဝတ်ထားသည်ကလည်း နှောင်း၏ မိုးကာလေကာခေါင်းစွပ်နှင့် ဂျာကင်ဖြစ်နေသည်။ နှောင်းသည် မော်တော်



ဆိုင်ကယ် မစီးတတ်သေးခင်က ဤသို့ပင် ဤဂျာကင်ကို ဝတ်ဝတ်ပြီး သူရအောင်၏ မော်တော်ဆိုင်ကယ်ဘေးတွဲနှင့် လိုက်ပါနေကျဖြစ်သည်။

နောက်ပြီး ... ဆောင်း ညောင်သုံးပင်သို့ ရောက်လာသည်ကို အိုက်စ်လို ခြံအလုပ်သမားတစ်ယောက်အနေနှင့် မသိနိုင်။

ဒီတော့လည်း ဖြုန်းဆို မော်တော်ဆိုင်ကယ်ဘေးတွဲပေါ်တွင် ပါရှိလာသူ ဆောင်းကို ဆရာကတော် နှောင်း သေပြီးမှ ဘယ်လိုကဘယ်လို ပါရှိလာပါလိမ့်ဟု အိုက်စ် တအံ့တသြဖြစ်ရခြင်းမှာ အိုက်စ်ကို အပြစ်ပေးသင့်သလား။

ခြံကြီးထဲကို မောင်းဝင်လာသည်နှင့် ပန်းသီးပင်တွေသို့ တန်းစီယောဖြင့် အကွက်ချပြီး စိုက်ထားပုံကို တွေ့မြင်ရသည်။ ပန်းသီးပင်တွေ သိပ်မမြင့်မားသေး။ အပင်ပျိုလေးတွေသာ ရှိသေးသည်။ စိမ်းဖန့်ဖန့် သစ်ရွက်သစ်ကိုင်းများတွင် ပန်းသီးတွေ သီးစပြုနေပြီ။ တချို့အသီးတွေဆိုလျှင် အဝါသွေး ပန်းရောင်သွေးသို့ ပြောင်းကာ အလုံးအရွယ် ထွားထွားရှိပြီမို့ ခူးဆွတ်လျှင်ပင် ရလောက်ပြီ။

ခြံကျယ်ကြီး၏ နောက်ပိုင်းကျကျ မြေကွက်တွင် အနုစ်ဆယ်ပတ်လည်ခန့် ပျဉ်ထောင်သွပ်မိုး တစ်ထပ်အိမ်လေး ဆောက်ထားသည်။

ပျဉ်ထောင်သွပ်မိုး အိမ်လေးနှင့် မလှမ်းမကမ်း

www.burmeseclassic.com

www.burmeseclassic.com



နောက်တွင် အလုပ်သမားတန်းလျားရှည်ကြီး ရှိပေသည်။ ပန်းသီးခြံ အလုပ်သမားများနေထိုင်ဖို့ ဆောက်ပေးထားခြင်းဖြစ်မည်။

"အဲဒီ ပျဉ်ထောင်အိမ်လေးမှာ ဦးစံလင်းနဲ့ ဦးဘကျူး နေကြတယ် ..."

"သူတို့နှစ်ယောက် ... ဒီမှာ လာနေတော့ ရပ်ရေးရွာရေး ကိစ္စတွေ ပေါ်လာရင် ဘယ်သူက ဆောင်ရွက်ပေးမတဲ့လဲ"

"ကျေးရွာလူကြီးအဖွဲ့က သူတို့ နှစ်ယောက်ထဲမှ မဟုတ်တာပဲ မဆောင်း ... တခြား ကျေးရွာလူကြီးအဖွဲ့ဝင်တွေလည်း ရှိကြတယ်လေ ... နောက်ပြီး ဦးစံလင်းနဲ့ ဦးဘကျူးက ... ဒီခြံမှာ အမြဲနေတာမှ မဟုတ်တာ ... မနက်လာ ညနေပြန်တဲ့ရက်တွေလည်း ရှိတာပေါ့ ... တကယ်တော့ လမ်းပျောက်သွားမယ်ဆိုရင် ညောင်သုံးပင်နဲ့ ဒီနဲ့က ငါးမိုင် လောက်ရှိတာ ..."

"ဒါနဲ့ ... ရှစ်မိုင်နှစ်ဖာလုံဆို ..."

"အဲဒါက မော်တော်ဆိုင်ကယ် စီးလို့ရတဲ့ လမ်းအတိုင်း လာရလို့ပါ မဆောင်း ... ဦးစံလင်း ... ဦးဘကျူးတို့ကတော့ ... လျှိုလမ်း ဖြတ်လမ်းတွေက ဖြတ်လျှောက်သွားတော့ ခရီးတိုသွားတာပေါ့ ... အခုလည်း ဒီပန်နဲ့ ဝဏ္ဏ ပန်းသီးခြံတစ်ပိုက်မှာ ရစ်သီနေကြလို့ ... ဦးဘကျူး ဦးစံလင်းက လာစောင့်ကြည့်တဲ့သဘောနဲ့ ညအိပ်လာကြတာပါ ..."



ပျဉ်ထောင်အိမ်လေးမှ ဦးစံလင်း၊ ဦးဘကျူးတို့က သူရအောင်ကို ဆီးကြိုကြပေသည်။

အလုပ်တန်းလျားနေ အမျိုးသမီးတွေ ကလေးတွေသည် ဆောင်းကို အိုက်စ်ကဲ့သို့ပင် "နှောင်း"ဟု ထင်မှတ်သော အကြည့်တွေဖြင့် တအံ့တသြ ပြုးတူးပြဲတဲ ထွက်ကြည့်ကြသည်ကိုလည်း ဆောင်း သတိထားတွေ့ရှိရပါ၏။

ပျဉ်ထောင်အိမ်ကလေးထဲ ရောက်သည်နှင့် ... ကိုသူရအောင်သည် လုပ်ငန်းစကား စတင်ပြောတော့သည်။

"ကဲ ... ဒီလိုလုပ်ကြစို့ ... မဆောင်း လိုက်လာတော့ ... ကျွန်တော် မိုးချုပ်ထိ နေလို့မဖြစ်ဘူး ... အခုပဲ ခြံတစ်ခြံလုံး လိုက်စစ်ဆေးကြစို့ဗျာ ..."

"မင်းမှာ သေနတ်ပါတယ် မဟုတ်လား ... ဒီပန်နဲ့ဝဏ္ဏ ခြေရှုပ် ရစ်ဝဲနေတာက ကွေ့ကြီးဘက်နားလောက်မှာ ... အဲဒီဘက်ကို အရင်သွားကြည့်ကြရမှာ ..."

"သေနတ်ပါပါတယ် ... ကွေ့ကြီးဘက်နားမှာ ဆိုတော့ တော်တော် အစွန်အဖျားကျနေတဲ့ နေရာပဲ ..."

"အေး ... နည်းနည်းတော့ အလှမ်းဝေးတယ် ... ဒါပေမဲ့ မင်း မော်တော်ဆိုင်ကယ်နဲ့တော့ မသွားနဲ့ ... စက်သံကြားတာနဲ့ ... ဒီကောင်တွေ လစ်သွားမယ် ... ခဏရှောင်သွားမယ် ..."

သူရအောင် ဘာလုပ်ရမည်ကို စဉ်းစားရင်း ဆောင်း

www.burmeseclassic.com

www.burmeseclassic.com



၏ မျက်နှာရေးကို လှမ်းကြည့်မိသည်။ မော်တော်ဆိုင်ကယ် ဧ
တိုးဒဏ်ကြောင့် ဆောင်း၏ ဝါဝါဝင်းမျက်နှာလေးတွင် ပန်းနုရောင်
လေး သမ်းနေသည်။ ဆိုင်ကယ်ပေါ်မှဆင်းပြီး ခေါင်းစွပ်ချွတ်လိုက်
သောကြောင့် နဖူးပြင်ဝယ် ကျဆင်းနေသော ဆံစလေးတွေသည်
ဖရိုဖရဲနှင့် ရှိနေသည်။ သနပ်ခါးလိမ်းထားသည်ကတော့ နဖူးပြင်မှာ
ရော ပါးပြင်နှစ်ဖက်မှာရော ကွက်တိကွက်ကြားလေးတွေ ကျန်နေ
သေးသည်။

ဘယ်တော့ကြည့်ကြည့် ဆောင်းသည် တစ်မျိုးမျိုး
နှင့် အလှပိုနေသည်သာ။

"ခေါပုပ်နဲ့ ဆတ်သားခြောက် ကျန်သေးလား ဦးစံလင်း ..."

"ကျန်တယ်ကွ ... အများကြီးကို ကျန်သေးတယ် ... သုံး
ရက်အတွင်း ငါတို့ ညောင်သုံးပင်မှာ နှောင်း ကိစ္စနဲ့ အနေ
များတော့ ... ဒီမှာ ခေါပုပ်နဲ့ ဆတ်သားခြောက် ရိက္ခာ ...
အများကြီး ကျန်နေတာ ..."

"ဒါဆို ... ဦးစံလင်း ဒီမှာပဲ နေခဲ့ဗျာ ... မဆောင်းကို ခေါပုပ်
ကြော်နဲ့ ဆတ်သားခြောက်ဖုတ်နဲ့ ညှေ့ခံထားပေးပါ ...
ကျွန်တော်နဲ့ ဦးဘကျူး ကွေ့ကြီးဘက်ကို သွားမယ် ..."

"ဖြစ်မလား မောင်သူရအောင် ... ဒီပတို့ လက်ထဲမှာ
သေနတ်ပုန်းတွေ ရှိနေတယ်နော် ..."

"ရပါတယ် ... ဒီခြံထဲက ဓားကိုင်သမားသုံးယောက် ခေါ်
သွားမယ် ... ဦးစံလင်း နေခဲ့ပါ ..."



ဦးစံလင်း စောဒက မတက်တော့။

သူရအောင်က မဆောင်းကို ထပ်ကြည့်ပြန်သည်။

"ကျွန်တော် သွားလိုက်ဦးမယ် မဆောင်း ... မဆောင်း
ဒီမှာပဲ အဆာပြေ ... အဖျင်းပြေ ခေါပုပ်ကြော်နဲ့ ဆတ်သား
ခြောက်ကြော် စားထားပါ ... ကျွန်တော် အကြာကြီး မနေ
ပါဘူး ... မဆောင်း ပျင်းရင် ဦးစံလင်းကို အဖော်ခေါ်ပြီး
ခြံထဲ လျှောက်လေ့လာပေါ့ ..."

ဆောင်းက ဦးခေါင်းညိတ်ပြပါ၏။ သူရအောင်ကို
လည်ပြန်ကြည့်ကာ ဆောင်းလည်း လိုက်ချင်တယ်ဟု ပြောချင်မိ
သည်။ သို့သော် ဤမျှအထိတော့ မသင့်တော်ဟု ကိုယ့်ဟာကိုယ်
ဆုံးဖြတ်ရပါ၏။ ဤပန်းသီးခြံသို့ လိုက်လာသည်ကပင် လွန်လှပြီ။
နောက်တစ်ချက်က မိမိ ဒီကိုလိုက်လာသော ရည်ရွယ်ချက်မှာ
ဦးစံလင်း၊ ဦးဘကျူးထံတွင် နှောင်းနှင့် ပတ်သက်၍ စုံစမ်းရန်
ဟုတ်ပါလား။ ယခု ဦးစံလင်းကို လွတ်လွတ်လပ်လပ် မိမိ မေးမြန်း
စုံစမ်းခွင့်ရနေပြီပဲ။

"ဩော် ... ဦးစံလင်း ... ခေါပုပ်နဲ့ ဆတ်သားခြောက်ကို
ကိုယ်တိုင် ဝင်လုပ်မနေနဲ့ဗျာ ... မဆောင်းနဲ့ စကားပြောနေ
ပါ ... မဆောင်းတစ်ယောက်တည်း ပျင်းနေမှာစိုးလို့ ..."

"အေး ... အေး ... ငါ မရှမ်းကိုပဲ ခေါပုပ်နဲ့ ဆတ်သားခြောက်
ကြော်ခိုင်းလိုက်မယ် ... မင်း စိတ်ချသွား ... ဟေး ...
မိရှမ်း ဒီကိုခဏလာစမ်း ..."

www.burmeseclassic.com

www.burmeseclassic.com



ဦးစံလင်းက တန်းလျားမှ အလုပ်သမားမလေး မိရှမ်းကို လှမ်းခေါ်နေစဉ်မှာပင် သူရအောင်၊ ဦးဘကျူးနှင့် ခားကိုင် အလုပ်သမားသုံးယောက် ထွက်သွားတော့သည်။

ဆောင်းသည် ကိုသူရအောင်တို့ မြင်ကွင်းမှ ပျောက်သွားသည်နှင့် အချိန်မဆွဲတော့ဘဲ သူမ ပိုက်ဆံအိတ်ထဲတွင် အဆင်သင့် ထည့်ယူလာသော စက္ကူခေါက်ထုပ်လေးကို ထုတ်ယူလိုက်သည်။ ပြီး ... စက္ကူထုပ်အခေါက်ကို ဖြေကာ ဦးစံလင်းကို ပြလိုက်သည်။

"အဲဒါတွေကို ဦးလေးဦးစံလင်း ကြည့်ပါ ... ဘာတွေလဲလို့"

ဦးစံလင်းက သေချာယူ အနီးကပ်ကြည့်သည်။

"မှော်ဖတ်တွေနဲ့ သစ်ရွက်ဆွေးတွေပဲလေ ... အဲဒါ ဘာလို့ ပြတာလဲ မိန်းကလေး ..."

"နှောင်းရဲ့အလောင်းကို ဒေါက်တာစောဒီနဲ့ ခွဲတုန်းက ... ဦးလေးဦးစံလင်း ရှိပါတယ်နော် ..."

"အေး ..."

"နှောင်းရဲ့ အဆုတ်ထဲတို့ ... လည်ချောင်းထဲတို့က မှော်ဖတ်နဲ့ သစ်ရွက်တွေ ထွက်လာတာကိုလည်း ... ဦးလေး ကိုယ်တိုင် တွေ့တာပဲ မဟုတ်လား ..."

"အေး ..."

"သေသေချာချာ ကြည့်ပါနော် ဦးလေး ... အခု ဆောင်း ပြတဲ့ မှော်ဖတ်နဲ့ သစ်ရွက်ဖတ်လေးတွေဟာ ... နှောင်း



ကိုယ်ခန္ဓာအဆုတ်တို့ ဘာတို့ထဲက ရတာတွေနဲ့ အမျိုးအစား ခြင်း အတူတူပဲလားလို့ မေးတာပါ ..."

ဦးစံလင်းက မဆိုင်းမတွ ဖြေပါ၏။

"အတူတူပဲပေါ့ မိန်းကလေး ..."

"သေချာရဲ့လား ဦးလေးရယ် ..."

"အား ... သိပ်သေချာတယ်လေ ..."

ဆောင်းက ... မလွတ်တမ်း ဦးစံလင်း မျက်နှာကို အကဲခတ်ကြည့်နှင့် ကြည့်ရင်း

"နှောင်း ကိုယ်ထဲကရတဲ့ မှော်ဖတ်တွေ ... သစ်ရွက်ဆွေးဖတ်တွေဟာ ... နှောင်း မဟာကန်မှာ ရေနစ်ပြီး ဝင်ခဲ့တာ တွေမဟုတ်လား ..."

"အေးလေ ... ဟုတ်သားပဲ ..."

"ဒီမယ် ဦးလေး ... အခု ဆောင်း ယူလာတဲ့ မှော်ဖတ်နဲ့ သစ်ရွက်ဆွေးဖတ်တွေဟာ ... ညောင်သုံးပင်အိမ်ကြီး ခြံကြီးထဲက နှောင်းအုတ်ဂူနဲ့ ကိုက်နှစ်ဆယ်လောက်အကွာမှာ ရှိတဲ့ ရေအိုင်လေးထဲက ယူလာတာ ..."

"ဟုတ်လား ... အဲဒါ ဘာပြုလဲ မိန်းကလေး ..."

"ဘာပြုရမှာလဲ ... အခုပဲ ဦးလေး ပြောတယ်မဟုတ်လား၊ ဒီမှော်ဖတ်နဲ့ သစ်ရွက်ဆွေးဖတ်တွေဟာ ... မဟာကန်ထဲကဟာတွေဆို ... တကယ်တမ်း ဆောင်းယူလာတာက ခြံထဲက ရေအိုင်လေးထဲက ယူလာတာပဲဟာ ..."

www.burmeseclassic.com

www.burmeseclassic.com



"သြော် ဟော် ... ဒါလား ... "

ဦးစံလင်းက ပြုံးလိုက်ပါ၏။ ထိုနောက် ထိုင်ရာမှ ထရပ်လိုက်သည်။

"လာ ... လိုက်ခဲ့ ... မိန်းကလေးကို ဦးလေးပြမယ် ... "

ပြောပြောဆိုဆို ရှေ့မှ ထွက်သွားသဖြင့် ဆောင်းက နောက်မှ ထလိုက်သွားသည်။

ခြံကြီး၏ ထောင့်တစ်နေရာဆီသို့ ရောက်လာခဲ့သည်။ တောင်ကမ္ဘားမှ ရေတွေကျပြီး နိမ့်ရာမြေကွက်တွင် အိုင်ခလေးသဖွယ် ရှိနေသည့် ရေအိုင်လေးဆီသို့ ရောက်လာသည်။

ဦးစံလင်းက ထိုရေအိုင်စပ်မှ ကုန်းပြီး ရေအိုင်ထဲသို့ လက်တစ်ဖက် နှိုက်ကာ ပြန်ထုတ်လိုက်သည်။ ဦးစံလင်း လက်ထဲတွင် မှော်ဖတ်နှင့် သစ်ရွက်ဆွေးဖတ် တချို့ ပါလာသည်ကို ဆောင်း တွေ့ရသည်။

"ကြည့် ... ဒီအိုင်လေးထဲက မှော်ဖတ်နဲ့ သစ်ရွက်ဆွေးဖတ် တွေဟာလည်း မိန်းကလေး ယူလာတာတွေနဲ့ အတူတူပဲ မဟုတ်လား ... သေချာကြည့် မိန်းကလေး ... "

ဆောင်း သေချာပင် ကြည့်လိုက်ပါ၏။

"ဟုတ်သားပဲ ... "

ဟု ဆောင်း ချက်ချင်း ရင်ထဲက ပြောလိုက်မိသည်။

ဦးစံလင်းက ဆက်ရှင်းပြပါ၏။

"အခု ... ဒါက ညောင်သုံးပင်နှင့် လေးငါးရှစ်မိုင်ကျောတဲ့



ပန်းသီးခြံထဲက အိုင်လေးနော် ... အေး ... ဒီဒေသပဲ ဆိုပါ တော့ကွယ် ... ညောင်သုံးပင်တစ်ဝိုက်မှာရှိတဲ့ ရေအိုင်တွေ ကန်တွေရဲ့အောက်မှာ ပေါက်သရွေ့ မှော်ပင်တွေနဲ့ ... သစ်ပင်တွေက ရေအိုင်ထဲကျတဲ့ သစ်ရွက်ဆွေးတွေဟာ ဒီအမျိုးအစားချည်းပဲဗျွ ... သူ့ဒေသ ရေမြေကိုက အတူတူ ဖြစ်နေတာကိုး ... "

ဆောင်း ဦးခေါင်းညိတ်ပြရတော့သည်။

နောက် ... ဆောင်း၏ ဦးနှောက်ထဲတွင် ရှိနေသော ကွင်းလေးများတွင် အခြားကွင်းတစ်ခုက လာချိတ်လေသလားဟု အတွေးတစ်ချက် ဝင်ပါ၏။ သို့သော် ဤကွင်းဆက်အတွေးကို ယခု စဉ်းစားဆုံးဖြတ်ရန် မသင့်ပါသေး။

နှောင်း၏ အလောင်းကို မဟာကန်ရေနက်ထဲမှ ဆယ်ယူလာခဲ့ပါသည်ဆိုသော တံငါကြီး ဦးကြာဟုန်နှင့် တွေ့ဆုံ ပြောဆိုပြီးမှ ဆုံးဖြတ်သင့်သည်ဟု လောလောဆယ်တွင် ရင်ထဲမှ ဒေါက်ချက်ချလိုက်သည်။

ပြီး ... ရောက်တုန်းရောက်ခိုက်လည်း ဖြစ်နေပြန် ကိုသူရအောင်လည်း မရှိပြန်နှင့် လိုက်လာသည်ကိုက ဦးစံလင်း ဦးဘကျူးထံတွင် နှောင်းအကြောင်း မေးမြန်းရန်မို့ ယခု ဦးစံလင်း ထံမှာပင် ကိုသူရအောင်နှင့် နှောင်းတို့အကြောင်း စုံစမ်းကြည့်ရတော့ သည်ဟုလည်း စိတ်ကူးလိုက်သည်။ ဦးစံလင်းထံမှ သိရှိရမှုလည်း

www.burmeseclassic.com

www.burmeseclassic.com



ဦးဘကျူးကို မေးမြန်းလည်း ဒီလိုပင် ထွက်မည်မှန်းလည်း ဆောင်း သတိထားမိပါ၏။

"ဟုတ်ပါပြီ ဦးလေး ... ဒီဒေသမှာရှိတဲ့ ရေအိုင်နဲ့ ရေကန်တွေမှာ ... ဒီမှော်မျိုးနဲ့ ဒီသစ်ရွက်ဆွေးမျိုးတွေ ရေအောက်မှာ ပေါက်နေ ရှိနေတာကို ဆောင်း ယုံကြည်သွားပါပြီ ... ဒါ့ထက် ... အခု ဆောင်း မော်တော်ဆိုင်ကယ်ဘေးတွဲနဲ့ လိုက်လာတာ လေစိမ်းတွေတိုးပြီး မျက်နှာမှာ စပ်ဖျင်းဖျင်းကြီး ဖြစ်နေတယ် ... ဒါပေမဲ့ နှောင်းတုန်းကလည်း ဒီဘေးတွဲ ဆိုင်ကယ်မှာ စီးခဲ့တာပဲလို့ ပြောတယ် ... နှောင်းလည်း ဒီလိုပဲ ဘေးတွဲစီးတဲ့အခါ မျက်နှာစပ်ဖျင်းဖျင်း ဖြစ်မှာပဲနော် ဦးလေး ... "

ဦးစံလင်းက ဘာမျှပြန်မပြောပေ။ ရှေးဦးစွာ တဟဲဟဲ ရယ်လိုက်သည်။

"ဦးလေး ... ဘာလို့ ရယ်တာလဲဟင် ... ဆောင်းပြောတွဲထဲမှာ ရယ်စရာမှ မပါတာ ... "

"မိန်းကလေးရဲ့ နုနယ်မှုကို တွေးပြီးရယ်တာပါ ... လောကကြီးမှာ ... ညီအစ်မ အရင်းခေါက်ခေါက်မှာတောင် တစ်ယောက်နဲ့ တစ်ယောက် မတူကြတာကို တွေးမိလို့ပါ"

"ဆိုပါဦး ... ဆောင်းနဲ့ နှောင်း ညီအစ်မမှာ ဘာတွေမတူလို့လဲ ဦးစံလင်း ... "

"အခု ... မိန်းကလေးက ပျော့တယ် ... ညင်သာတယ် ...



သိမ်မွေ့တယ် ... လူကြီးသူမ အသက်ကြီးပုဂ္ဂိုလ်တွေကို ဂါရဝထားတယ် ... သူတစ်ပါး နားဝင်အောင် စကားကို ချိုချိုသာသာ ပြောတယ် ... အေး ... မိန်းကလေးရဲ့ ညီမ နှောင်းကတော့ တစ်ဆိတ် ကြမ်းလှတယ်ကွယ် ... "

"နှောင်းက ဘယ်လိုတွေ ကြမ်းဖူးလဲ ဦးလေး ... "

"မိန်းကလေးနဲ့ ယှဉ်ကြည့်ရင် အရာရာမှာ ... နှောင်းက ကြမ်းတယ်လို့ပဲ ပြောရမှာပဲကွဲ့ ... နှောင်းက မော်တော်ဆိုင်ကယ် ဘေးတွဲလိုက်စီးတာ အကြိမ်ကြိမ်ပဲ ... ဒါပေမဲ့ မျက်နှာစပ်ဖျင်းဖျင်း ဖြစ်တယ်လို့ ... တစ်ချက်လေးတောင် မပြောဖူးဘူး ... "

ဟုတ်ပေမည်။ နှောင်းသည် ဘယ်သောအခါမဆို နိုင်ငံခြားဖြစ် မိတ်ကပ်ကို စုံစုံမင်မင် လိမ်းသူမို့ တော်ရုံတန်ရုံ လေဒဏ် မိုးဒဏ်ကို ခံနိုင်ရည်စွမ်း ရှိပေမည်။ သင်္ကြန်ကာလတွင် ယောကျ်ားမိန်းမမဟူ ရေပက်ခံထွက်သူတွေ မိတ်ကပ်လိမ်းကြသည် မဟုတ်ပါလား။

"ဟုတ်တယ် ... ဦးလေး ... နှောင်းကတော့ အပျိုဘဝကတည်းက ... ခပ်ကြမ်းကြမ်းလေး နေလေ့ရှိတယ် ... အသက်ကလည်း ငယ်သေးတယ် မဟုတ်လား ... "

"အင်းပေါ့လေ ... နောက်ပိုင်းကျတော့ နှောင်းဟာ ... သူ့ယောကျ်ားရဲ့ မော်တော်ဆိုင်ကယ် ဘေးတွဲကိုတောင်

www.burmeseclassic.com

www.burmeseclassic.com



မစီးတော့ဘဲ ... သူဟာသူ မော်တော်ဆိုင်ကယ်မောင်းပြီး သူသွားချင်ရာ သွားခဲ့တာပဲဟာ ... ”

“ဦးလေးကို ကြည့်ရတာ ... နှောင်းကို သိပ်သဘောတွေ့ပုံ မရဘူး ထင်ပါရဲ့နော် ... ”

“ပြောရတာတော့ ခက်သားပဲကွဲ့ ... မိန်းကလေးက နှောင်းရဲ့ အစ်မရင်းခေါက်ခေါက် ဖြစ်နေပေသကိုး ... ”

“ပြောပါ ဦးလေး ... ဘာပဲဖြစ်ဖြစ် နှောင်းဟာ သေသွားပြီပဲ ... အသက်ရှင်နေတဲ့ လူတစ်ယောက်အကြောင်း ... မကောင်းပြောရင်သာ ... တစ်ဘက်သား လက်ရှိဂုဏ်သိက္ခာကို ထိခိုက်နစ်နာမှာငဲ့ပြီး မပြောသင့်တာပါ ... သေသွားတဲ့သူရဲ့အကြောင်း ပြောပြတာကတော့ ပြောလို့ရပါတယ် ဦးလေး ... ဆောင်း တကယ်သိချင်တာကလည်း အရှိကို အရှိအတိုင်း ... အမှန်ကို အမှန်အတိုင်း သိချင်တာပါ ... ”

“အင်း ... ပြောရမယ်ဆိုရင်တော့ ... မောင်သူရအောင်ဟာ တကယ်သနားစရာပါ မိန်းကလေး ... ”

“ဘာလို့လဲ ဦးလေး ... ”

“နှောင်းဟာ ... ဒီပတ္တ ဝဏ္ဏတို့နဲ့ အရောတဝင် နေလွန်းတာတောင် မောင်သူရအောင်က ... သူ့ဇနီး စိတ်ဆင်းရဲမှာကို ငဲ့ညှာပြီး မပြောရှာပါဘူး ... မပြောရက်ဘူးဆိုရင်တောင် ပိုမှန်မလားပဲ ... ”



“နှောင်းဟာ အကျင့်စာရိတ္တပိုင်းမှာ အဲဒီလောက်တောင် ချို့ယွင်းခဲ့လို့လား ဦးလေး ... နှောင်း အဲဒီလောက် အကျင့်စာရိတ္တပျက်မယ်တော့ မထင်ပါဘူး ... နှောင်းဟာ အပျိုဘဝမှာကတည်းက ယောကျ်ားလေး မိတ်ဆွေတွေ ထားတတ်ပါတယ် ဦးလေး ... ပေါ့လား ဝါးလားနေတတ်တယ်၊ ဒါပေမဲ့ ... နှောင်းဟာ အပျိုဘဝမှာတောင် သူ့ကိုယ်သူ သိပ်ထိန်းခဲ့တဲ့ မိန်းကလေးပါ ... အဲဒီလို မိန်းကလေးမှန်း အသိဆုံးလူဟာလည်း ကိုသူရအောင်ပါ ... ”

“ဆောင်း မေးပါရစေ ဦးလေး ... နှောင်းဟာ ညောင်သုံးပင်ရောက်မှ ကိုဒီပ ... ကိုဝဏ္ဏ ကိုစိုင်းခက်တို့နဲ့ အရောဝင် ပေါ့လားဖါးလား နေတယ်ဆိုတာ ထားပါတော့ ... သူတို့ထဲက တစ်ယောက်ယောက်နဲ့ နှောင်း ဖောက်ပြန်နေတယ်လို့ ဦးလေးစွပ်စွဲပြောဆိုနိုင်မလားဟင် ... ”

“ဟေး ... ဟေး ... ”

ဦးစံလင်းထံမှ ဘာစကားမှ မပြောခင် ဟေး ... ဟေး ဆိုသည့်အသံ အလျှင်ထွက်ပေါ်လာသည်။

“ဒီမယ် မိန်းကလေးဆောင်း ... ဒီညောင်သုံးပင်ဟာ ... ရန်ကုန်မဟုတ်ဘူးကွဲ့ ... နောက်ပြီး ညောင်သုံးပင်သူ ညောင်သုံးပင်သား တောင်ပေါ်သူ တောင်ပေါ်သားတွေဟာ စနစ်ဆိုရင် ... တစ်ခုတည်းသော စနစ်ကိုသာလိုက်နာကျင့်သုံးတယ် ... အဲဒီ စနစ်ဟာလည်း မိရိုးဖလာ ဘိုးစဉ်

www.burmeseclassic.com

www.burmeseclassic.com



ဘောင်ဆက်က ကျင့်သုံးလိုက်နာရတဲ့စနစ်ပဲ ... ဒီစနစ်ကို မကျင့်သုံးသေ့ဖီတဲ့သူဆိုရင် ... အများစုက ဝိုင်းပယ်ထားလိုက်တယ် ... အေး ... တချို့ကျတော့လည်း နတ်ကိုးကွယ် ယုံကြည်ပြီး ... နတ်မကြိုက်လို့ မလုပ်ဘူးဆိုတာမျိုးလည်း ရှိတယ် ... အေး ... နတ်မကြိုက်လို့ဆိုတာတော့ ဦးလေးက ရှင်းမပြနော့ပါဘူး ... ဒါက ယုံကြည်မှု မယုံကြည်မှုနဲ့ အခြေခံတတ်ရှိထားတဲ့ ပညာဗဟုသုတများလာလေ အငြင်းပွားစရာ ဖြစ်လာလေမျိုးပဲ ...”

“အဓိက ဦးလေးဆိုချင်တာက ညောင်သုံးပင်တောင်ဝေါသူတောင်ပေါ်သားတွေဟာ ... လင်ရှိမယားတစ်ယောက်အနေနဲ့ လင်ရဲ့ကွယ်ရာမှာဖြစ်စေ ... မိဘမောင်ဘွား ကွယ်ရာမှာဖြစ်စေ ... တစိမ်းယောကျ်ားလေးနဲ့ အရောတဝင်မနေရဘူး ... အဲဒီလို နေတဲ့မိန်းကလေးဆိုရင် ငါတို့တောင်ပေါ်သူတောင်ပေါ်သားတွေ အမြင်မှာ ... ဟေး ... ဟေး အပြောရခက်ပါတယ် မိန်းကလေး ...”

ဆောင်းသဘောပေါက်ရသည်။

သူတို့၏ ဘိုးစဉ်ဘောင်ဆက်စနစ်အရ လက်ပူးလက်ကျပ် မြင်တွေ့ရခြင်း မဟုတ်စေကာမူ မိန်းကလေးတစ်ယောက် အနေအထိုင်မတတ်လျှင် အထင်သေး အမြင်သေး ရှိကြသည်ဆိုသည့် သဘောပင် ဖြစ်နေပါ၏။

ဤစနစ်ကြောင့်ပင် သူတို့သည် ညီမလေးနှောင်းကို



အထင်အမြင်သေးသည်နှင့်အမျှ လင်ယောကျ်ားဖြစ်သူ ကိုသူရအောင်အပေါ်တွင် ကရုဏာသက်ခြင်းမျိုး ဖြစ်နေပုံရသည်။

ထိုမျှလောက် ပြောဆိုချိန်နှင့်ပင် ပျဉ်ထောင်အိမ်လေးဆီ ပြန်ရောက်လာပြီမို့ ထိုအကြောင်း ဆက်မပြောဖြစ်ကြပေတော့။

မိရှမ်း ခေါ် အမျိုးသမီးက ခေါပုတ်ကြော်ပူပူနွေးနွေး ဆတ်သားခြောက်ကြော် ပူပူနွေးနွေး ရေနွေးကြမ်းပူပူနွေးနွေးအားလုံး အဆင်သင့်ဖြစ်နေပေပြီ။

“စားပါ မိန်းကလေး ... ဦးလေးတို့အဖို့တော့ ... ခေါပုတ်ကြော်နဲ့ ဆတ်သားခြောက်အကြော် မီးဖုတ်ဆီဆမ်းဟာ ... နတ်သုဒ္ဓါပါပဲ ... မောင်သူရအောင်က သူ့အလုပ်သမားတွေကို လစာငွေ ... အပြည့်အဝပေးတဲ့အပြင် အခုလိုအစားကောင်းတွေကို အခမဲ့ ကျွေးတာကွဲ့ ...”

ဆောင်းက ခေါပုတ်ကြော်နှင့် ဆတ်သားခြောက်ကြော်ကို ပထမတော့ အစမ်းမြည်းကြည့်သဘော စားကြည့်သည်။

အရသာရှိလှပေစွ။ လိုက်ဖက်လှပေစွ။

ဒီနောက်မှာတော့ ဆောင်းသည် ခေါပုတ်ကြော်နှင့် ဆတ်သားခြောက်ကြော်ကို လိုလိုလားလား နှစ်သက်စွာ အားရပါးရ စားပေတော့သည်။

ဒီနေ့မနက် ဆောင်းသည် အိမ်တွင် ဟိုလိုလို ဒီလိုလိုနှင့် နံနက်စာ ထမင်း ဟုတ္တိပတ္တိ မစားဖြစ်ခဲ့။ ရက်လည်ဆွမ်းကျွေး

www.burmeseclassic.com

www.burmeseclassic.com



တွင်လည်း ... ဟင်းအမယ်တွေ ဘယ်လောက်ကောင်းကောင်း ဆောင်း တို့ကနန်းဆိတ်ကနန်းသာ စားဖြစ်သည်။

ဒီတော့လည်း ယခု မော်တော်ဆိုင်ကယ် ဘေးတွဲစီး ခရီးကြမ်းလာခဲ့သည်မို့ ဗိုက်ချောင်သွားလေသလား မသိ။ ယခု ခေါ ပုတ်ကြော်နှင့် ဆတ်သားခြောက်ကြော်သည် ဦးလေးဦးစံလင်းပြော သည့်အတိုင်း ဆောင်းအဖို့လည်း နတ်သုဒ္ဓါ ဖြစ်သွားလေတော့သည်။

စားလေ့စားထမရှိသော တောင်ပေါ်အစားအစာ အသစ်အဆန်းလည်း ဖြစ်နေပေသကိုး။

ဆောင်းသည် တစ်ဝကြီးကို စားပါ၏။

မီးရှမ်းတည်သော ရေနွေးကြမ်းကလည်း အနံ့အရ သာ ကောင်းလိုက်သည့်ဖြစ်ခြင်း။ တောင်ပေါ်ဒေသ ကိုယ်တိုင် ခူး လက်ဖက်ရွက်ညွန့်ခြောက်လေးတွေ ခပ်ထားသဖြင့် အနံ့လည်းမွေး အရသာလည်း ကောင်းလှသောကြောင့် ဆောင်းသည် လေးငါး ခြောက်ခွက်ပင် သောက်မိလိုက်သည်။ တစ်သက်နှင့်တစ်ကိုယ် ရေနွေးကြမ်းကို ဤမျှ ခုံခုံမင်မင် တစ်ကြိမ်တစ်ခါမျှ မသောက်ဖူး ခဲ့။

တစ်ဝကြီး စားသောက်ပြီးစီးသောအခါ ဆောင်း သည် မျက်တောင်ပင် စင်းလာပါ၏။

ဦးလေးဦးစံလင်းကို နှောင်း၏အကြောင်း ဆက်မေး ရန် ဆောင်း စိတ်မကူးတော့ပြီ။

မေးပါလျှင်လည်း နှောင်းမကောင်းကြောင်းတွေ



သာ ပြောပြီး ကိုသူရအောင် ကောင်းကြောင်းတွေသာ ကြားရမည် မှန်း ဆောင်း နားလည် သဘောပေါက်ထားပေပြီ။

ယခုအချိန်ထိ ညောင်သုံးပင်တွင် နေလာတော့ ဆောင်းကိုယ်တိုင်ပင် ကိုသူရအောင်အပေါ်တွင် သံသယစိတ်တွေ နက်ရာက တဖြည်းဖြည်းတိမ်လာပေပြီ။

တစ်ခါတစ်ရံ ဆိုးချင်သော နှောင်းကို စကာနဦး တည်းက ချစ်လှပါသည် မဟုတ်ပါဘဲလျက် လက်ထပ်ခဲ့ပြီးနောက် နှောင်း၏ ဆိုးဒဏ်တို့ သည်းခံနိုင်စွမ်းရှိသော ကိုသူရအောင်အား ကရုဏာသက်မိသလိုလိုပင် ခံစားရပါ၏။

ဆောင်း ဗိုက်ကား ငိုက်မြည်းနေစဉ်မှာပင် ကိုသူရ အောင်တို့ ပြန်ရောက်လာသည်။

သူတို့အချင်းချင်း ပြောစကားအရ သူရအောင် သေနတ်နှင့် ရောက်လာမှန်းသိသောကြောင့် ဒီပတို့အုပ်စု ရှောင် ထွက်သွားကြသည်ဟူ၍ပင်။

"ဩော် ... မဆောင်း ... ကျွန်တော် ပန်းသီးကြီးငါးလုံးခူး လာခဲ့တယ် ... တကယ့် ဂေါ်င်သီးတွေဆိုပါတော့ ... ခြံထဲ မှာ ပန်းသီးတွေ ခူးရင် ရလောက်နေပြီ ... ဒါပေမဲ့ ... ခူးပြီး ရင် ... စနစ်တကျ ရက်ရှည်သိုလှောင်ဖို့ ... မစီစဉ်ရသေးဘူး ဒါကြောင့် သဘက်ခါလောက် ... ကျွန်တော်တောင်ကြီးကို သွားမယ် ... အဲဒီက စိုက်ပျိုးရေးဌာနနဲ့ ညှိနှိုင်းပြီး ဆောင်း

www.burmeseclassic.com

www.burmeseclassic.com



ရှုက်မလို့ ... ကဲ ... ရော့ ... စားစမ်းပါ မဆောင်း ... ဦး ဦးဖျားဖျား ကျွန်တော် သိပ်ကြိုးစားခဲ့ရတဲ့ ပန်းသီးလေ ..."

ပြောပြောဆိုဆိုပင် သူ့စလွယ်အိတ်ထဲမှ ထည့်ယူလာသော ပန်းသီးငါးလုံးကို ဆောင်းလက်သို့ ပေးအပ်လိုက်သည်။

ပန်းသီးများအလုံးထွားအောင်မြင်ကြောင်း ဆောင်း တွေ့မြင်ရသည်။ စိမ်းဖန့်ဖန့်တွင် အဝါအနီရောင်လေးများ သမ်းနေပါ၏။

ဆောင်းက အကြီးဆုံးအလှဆုံး ပန်းသီးတစ်လုံး ရွေးယူလိုက်ပြီး ဦးစံလင်းထံမှ ရေသန့်သန့်တစ်ဖလားတောင်းသောကြောင့် ဦးစံလင်းက ရေသန့်သန့်တစ်ဖလားသွားယူပေးသည်။

ဆောင်းက ရွေးထားသော ပန်းသီးကို ရေဖလားတွင် ကျကျနနဆေးကြောထည့်ပြီး လက်ဖက်ရည်ပန်းကန်ပြားကို ထပ်မံဆေးကြောကာ ပန်းကန်ပြားတွင် ပန်းသီးကို တရိုတသေ လက်နှစ်ဖက်ဖြင့် ထည့်လိုက်သည်။

သူရအောင် ဦးစံလင်းနှင့် ဦးဘကျူးတို့က ဆောင်း ဘာလုပ်မည်ကို ကြည့်နေကြပါ၏။

ဆောင်းသည် သူမ၏ လက်ပတ်နာရီလေးကို ကြည့်လိုက်သည်။

နံနက် (၁၁) နာရီ (၄၅) မိနစ်ရှိနေသည်ကို တွေ့ရသည်။

"တော်သေးတယ် ... မွန်းမလွဲသေးဘူးဟ ..."



သူမဘာသာပြောကာ ... မျဉ်ထောင်အိမ်လေး၏ အိမ်ဦးခန်းရှိ ဘုရားစင်သို့သွားကာ ပန်းသီးပန်းကန်ကို ကပ်ပြီး ဒက်ခုပ်ရှိကန်တော့ကာ ပန်းသီးဆွမ်းကပ်လှူပေးသည်။

ရွတ်ဆိုကပ်လှူပြီးမှ ပန်းသီးများရှိရာသို့ ပြန်လာခဲ့သည်။

ဦးစံလင်းက ဆီးပြီး သာခုခေါ်ပါလေ၏။

"တော်လိုက်တာ မိန်းကလေးရယ် ... သာခုကွယ် ... သာခု သာခု ... ဦးလေးတို့ ... လှူကြိုးပိုင်းတောင် ပထမဆုံး ပန်းသီးကို ဘုရားကို ဦးဦးဖျားဖျား ကပ်ဖို့သတိမထားမိကြဘူး ... တော်ပါပေတယ်ကွယ် ..."

သူရအောင်သည် ပြုံးပြုံးကြီးနှင့် ခေါ်ပုတ်ကြော် ဆတ်သားခြောက်ကြော်ကို စားပေတော့သည်။ စားရင်းသောက်ရင်း ဆောင်း ပြုလုပ်သမျှကို ကြည်နူးပီတိအပြုံး ပြုံးမိသည်။

"သြော် ... အစကနဦးကတည်းက ... ဘုတ်ဆို ... ဘုတ်ကိုသာ မီအောင်ထောင်မိလျှင် အကောင်းသား၊ အခုတော့ ထောင်တုန်းက ဘုတ်ကိုထောင်ပေမဲ့ ... ကြောင်ကိုသာ မိနေသည်ပါလား ..."

..... ❦ .....

www.burmeseclassic.com

www.burmeseclassic.com



## ။ ၈ ။

ဒေါ်လေးသူဇာက နှောင်း၏ဆွဲကြိုးပြတ်လေးကို လုံးဝမတွေ့ လုံးဝမသိမ်းမိဟုဆိုသည်။

ဒါဆို ... ဒီအိပ်ခန်းထဲမှ ဆွဲကြိုးကို မည်သူယူသွားသနည်း။

ပထမ ဒေါ်အဲလစ်။

ဒေါ်အဲလစ် မဖြစ်နိုင် ... ။ နှောင်းအသက်ရှင်စဉ်ကတည်းက ဒေါ်အဲလစ်ကို ကိုသူရအောင်၏ ဘာကီတော်သားဟု ယူဆကာ ကိုသူရအောင်နှင့် အခန်းခွဲအိပ်ကတည်းက နှောင်း၏ အခန်းသို့ သန့်ရှင်းရေး ဗာဟီရများလုပ်ရန် ဒေါ်အဲလစ် လုံးဝခွင့်မပြု နန်းကြာဖြူသာလျှင် လုပ်ဆောင်စေရသည်။ ဒေါ်အဲလစ်က သူရ အောင်၏ အခန်းတွင်း သွားရောက်ဆောင်ရွက်ရသည့်နောက် ယခု



အချိန်ထိ နှောင်း၏ အခန်းသို့ ဒေါ်အဲလစ် လုံးဝအဝင်အထွက်မပြုပေ။

ဒုတိယ နန်းကြာဖြူ ...

နန်းကြာဖြူတော့ ဖြစ်နိုင်တယ် ... ။ ဤအခန်းသို့ နန်းကြာဖြူသာလျှင် ဝင်စေထွက်စေ ရှိနေသည်။

ဆောင်းအကြွေးမထား။ ချက်ချင်းနန်းကြာဖြူတို့ကို ခေါ်ယူစစ်ဆေး စုံစမ်းတော့သည်။

နန်းကြာဖြူရောက်လာသည်နှင့် ဒေါ်လေးသူဇာကို ဆောင်းက အပြင်သွားနေစေသည်။ လုလင်အောင်နှင့် ကိုသူရ အောင်လည်း အိမ်ကြီးပေါ်တွင်မနေ။ ဆောင်းက နှောင်းအခန်း တွင် နေမည်ဆိုကတည်းက ကိုသူရအောင်သည် ခြံကြီးထဲမှ ပျဉ်ထောင်အိမ်လွတ်တစ်လုံးတွင် သွားနေသည်။ လုလင်အောင်က တော့ နဂိုကတည်းက ခြံကြီးထဲက ပျဉ်ထောင်အိမ်သီးသန့်တစ်လုံး တွင် နေပြီးသား ဖြစ်သည်။

"ကဲ ... နန်းကြာဖြူ မမဆောင်းကို မှန်မှန်ပြောနော် ... နန်းကြာဖြူကို မမဆောင်း ဆူဆူပူပူလည်း မလုပ်ဘူး ... အပြစ်တင်စကားလည်း မပြောဘူး ... ကိုသူရအောင်နဲ့ လုလင်အောင်ကိုလည်း မမဆောင်းဒီအကြောင်း လုံးဝ မပြောဘူးလို့ ကတိပေးတယ် ... "

နန်းကြာဖြူက ... ဆောင်းအား တည့်တည့်တဲ့

www.burmeseclassic.com



မျက်နှာ၊ တည်တည်တံ့တံ့ မျက်လုံးတို့ဖြင့် ပြန်ကြည့်နေပါ၏။ တုန်လှုပ်ခြင်း၊ ထိတ်လန့်ခြင်း အမူအရာမျိုး လုံးဝမရှိပါလေ။

"ဟုတ်ကဲ့ … မမဆောင်း … ပြောပါ …"

"အေးကွယ် … ပြောရမှာကတော့ … စွပ်စွဲတဲ့ သဘောသက်ရောက်မလားဘဲ … ဒါပေမဲ့ … ဒီကိစ္စနဲ့ပတ်သက်ပြီး မမဆောင်း သိဝ်သိချင်နေတယ် …"

ဆောင်းက ပြောပြောဆိုဆိုပင် သူမ၏လည်တိုင်တွင် ဆွဲထားသော ဆွဲကြိုးလေးကို ဖြုတ်ယူပြီး နန်းကြာဖြူကို ပြလိုက်သည်။

"အဲဒါ … မမဆောင်းရဲ့ ဆွဲကြိုးလေ …"

"ဟုတ်ကဲ့ … မမဆောင်း …"

"နှောင်းမှာလည်း … ဒီလိုဆွဲကြိုးနဲ့ ဆင်တူတစ်ကုံးရှိတယ်၊ နှောင်းဆွဲကြိုးရဲ့ ဓါးကွက်လော်ကတ်လေးရဲ့ မျက်လုံးကတော့ ပတ္တမြားမျက်လုံးတွေပေါ့ကွယ် … မမဆောင်းဆွဲကြိုးရဲ့ ဓါးကွက်လော်ကတ်မှာတော့ … မဟူရာပေါ့ …"

"နန်းကြာဖြူ မြင်ထားခဲ့ပါတယ် … မမဆောင်း မမနှောင်းရဲ့ ပတ္တမြားဓါးကွက် ဆွဲကြိုးလေးရော မမဆောင်းရဲ့ မဟူရာဓါးကွက်ဆွဲကြိုးကိုရော နန်းကြာဖြူ မြင်ထားပြီးသားပါ မမဆောင်း …"

"အေး … မြင်ထားဖူးရင် … ပြောရတဲ့နေရာမှာ ပိုပြီးလွယ်ကူတာပေါ့ … အဲဒီနှောင်းရဲ့ ပတ္တမြားဓါးကွက် လော်ကတ်



ဆွဲကြိုးပြတ်လေးကို မမဆောင်း အမှတ်မထင် ကောက်ရခဲ့တယ် … အဲဒီကောက်ရတဲ့ ဆွဲကြိုးလေးကို ဟောဒီအိပ်ရာခုတင်ဘေးက စားပွဲပေါ်မှာ တင်ထားပြီး … မမဆောင်း အိပ်ပျော်သွားတယ် … မမဆောင်း ပြန်နိုးလာတော့ … ဆွဲကြိုးလေး မရှိတော့ဘူး … အဲဒါ … နန်းကြာဖြူများတွေ့မိသလား … သိမ်းထားမိသလားလို့လေ …"

နန်းကြာဖြူ ခေါင်းခါ ခေါင်းယမ်းပြသည်။

"မှန်မှန်ပြောပါလား နန်းကြာဖြူ … နန်းကြာဖြူဟာ … ဆယ်ကျော်သက် မိန်းကလေးတို့ထုံးစံအတိုင်း လှချင်ပချင် ဝတ်ချင်စားချင်လိမ့်မယ်ဆိုတာ … မမဆောင်း နားလည်ထားပြီးသားပါ … ဒီတော့ … အလွယ်တကူတွေ့လို့ ယူလိုက်မိတယ်ဆိုလည်း မမဆောင်းကို ပြန်ပေးပါလားကွယ်၊ သေဆုံးသွားတဲ့ ညီမလေးနှောင်းရဲ့ ဆွဲကြိုး … မမဆောင်း အမြတ်တနိုး သိမ်းထားချင်လို့ပါကွယ် … နန်းကြာဖြူကို မမဆောင်းက တခြားဆွဲကြိုးတစ်ကုံး ပြန်ပြီးလက်ဆောင်ပေးပါမယ်နော် …"

ပြောပြောဆိုဆို ဆောင်းသည် သူမပိုင် ရတနာဘူးလေးထဲမှ ငါးမူးသားမကရှိသည့် အမ်(မ်)စီဆွဲကြိုးလေးတစ်ကုံး ထုတ်ယူလိုက်သည်။

"ရော့ … ဒီဆွဲကြိုးလေး နန်းကြာဖြူ ယူပါ … နှောင်းရဲ့ ဆွဲကြိုးဟောင်းအပြတ်လေး … မမဆောင်းကို ပြန်ပေးနော်

www.burmeseclassic.com

www.burmeseclassic.com



နန်းကြာဖြူ ... အဲဒီ ဆွဲကြိုးလေးက မမဆောင်းရဲ့ မေမေ ကိုယ်တိုင် ပန်းထိမ်မှာ တမင်အပ်ပြီး ညီအစ်မနှစ်ယောက် ဖို့ ပေးထားတဲ့ ဆွဲကြိုးမို့ပါကွယ် ... နန်းကြာဖြူ လိမ္မာပါ တယ် ... ပြန်ပေးနော် ... "

"ဟင့်အင်း ... ဟင့်အင်း ... နန်းကြာဖြူ မယူဘူး ... "

နန်းကြာဖြူသည် မတ်တတ်ရပ်နေရာမှ ကြမ်းပြင်တွင် ထိုင်ချကာ ခုတင်တွင် တွဲလောင်းချထိုင်နေသော ဆောင်း၏ ပေါင်ပေါ်သို့ သူမ၏မျက်နှာလေးအပ်ကာ ငိုချတော့သည်။

နန်းကြာဖြူ၏ မျက်အိမ်မှ ထွက်လာသော မျက်ရည် ပူနွေးနွေးကို ပေါင်မှတစ်ဆင့် ဆောင်းခံစားရသည်။

"အခု မမဆောင်း လက်ဆောင်ပေးတဲ့ ဆွဲကြိုးကိုလည်း နန်းကြာဖြူ မယူဘူး ... မမဆောင်း အိပ်ရာဘေးစားပွဲပေါ် က ပျောက်သွားတယ်ဆိုတဲ့ ဆွဲကြိုးကိုလည်း မယူဘူး ... နန်းကြာဖြူတို့ လူမျိုးဟာ ... ဆင်းရဲပေမဲ့ မခိုးတတ်ပါဘူး မမဆောင်းရယ် ... ဒါပေမဲ့ ... အဲဒီဆွဲကြိုးလေးကို ဘယ်သူ ခိုးသွားတယ်ဆိုတာကိုတော့ ... နန်းကြာဖြူ သိတယ် မမ ဆောင်း ... "

"ဟင် ... ဟုတ်လား ... ဒါဆို ပြောစမ်း ... ပြောစမ်း ... နှောင်းရဲ့ ဆွဲကြိုးပြတ်လေးကို ဘယ်သူယူတာလဲဟင်"

ဆောင်းက အငမ်းမရမေးတော့သည်။



"ဟင့်အင်း ... နန်းကြာဖြူ မပြောရဲဘူး မမဆောင်း ... အို လုံးဝ နန်းကြာဖြူ မပြောရဲတာပါ ... "

"ဘာလို့ မပြောရဲရမှာမလဲ နန်းကြာဖြူ ... တကယ့်အဖြစ်မှန် ကိုသာပြော ... နန်းကြာဖြူဘက်က မမဆောင်း ရပ်တည် ပေးမယ် ... နန်းကြာဖြူရဲ့ တာဝန်တွေအားလုံး မမဆောင်း ယူမယ် ... မှန်တာကိုသာပြော ... "

နန်းကြာဖြူသည် ဦးခေါင်း ယမ်းပြလျက်ကပင် ဆောင်းကို မော့ကြည့်လာသည်။

"မမဆောင်း တကယ်ပဲ နန်းကြာဖြူရဲ့ တာဝန်တွေအားလုံး ကို ယူပေးမှာလားဟင် ... ဒါဆိုရင် ... နန်းကြာဖြူ သိသမျှ အားလုံး မမဆောင်းကို ပြောပြမယ် ... မမနှောင်း သေဆုံး သွားရပုံကိုလည်း နန်းကြာဖြူ သိတာပဲ ... မမနှောင်း သေသွားရပုံကို နန်းကြာဖြူ အသိဆုံးပါ မမဆောင်း ... "

"ပြော ... ပြော ... ပြောပြစမ်း နန်းကြာဖြူ ... နန်းကြာဖြူ ရဲ့ တာဝန်မှန်သရွေ့ မမဆောင်းက တကယ်ယူမယ် ... ပြောစမ်း ... ညီမလေးနှောင်း ဘယ်လို ဘယ်ပုံ သေသွား တာလဲ ... "

"ဒေါက် ... ဒေါက် ... ဒေါက်"

နန်းကြာဖြူ ဘာမျှ မပြောရသေးမီ အပြင်မှ ဆောင်း ၏ အခန်းတံခါးခေါက်သံ ထွက်လာသည်။

နန်းကြာဖြူသည် အထိတ်တလန့် မျက်လုံးပြူး

www.burmeseclassic.com

www.burmeseclassic.com



မျက်စံပြူးဖြင့် တံခါးသို့ လှမ်းကြည့်သည်။ ဆောင်းက မေးလိုက်ပါ၏။

"ဘယ်သူလဲ ... "

"ကျွန်တော်ပါ မဆောင်း ... သူရအောင်ပါ ... "

"အြော် ... ကိုသူရအောင်လား ... ခဏလေး ... "

ဆောင်းက ခုတင်ပေါ်မှ ဆင်းကာ တံခါးသွားဖွင့်ပေးလိုက်ရာ သူရအောင်က အခန်းထဲသို့ မဝင်ဘဲ တံခါးဝမှပင် ရပ်ကြည့်ရင်း ...

"ဟဲ ... နန်းကြာဖြူ နင်ချောက်နေသလား ... "

"ဟုတ် ... ဟုတ် ... ဟုတ်ကဲ့ ... "

နန်းကြာဖြူ အထစ်ထစ်အငေါ့ငေါ့ ဖြစ်နေစဉ်မှာပင် ဆောင်းက ကြားဝင်ပြောလိုက်သည်။

"ဆောင်း စကားကြောတွေတက်လို့ နန်းကြာဖြူကို ခေါ်ပြီး နှိပ်နိုင်းနေတာ ကိုသူရအောင် ... ယန်းသီးခြံက စားခဲ့တဲ့ ခေါပုတ်ကြော်နဲ့ ဆက်သားခြောက်ကြော်က တက်စေ လား မသိဘူး ... "

သူရအောင်က ရယ်လိုက်သည်။

ရယ်လိုက်သော ကိုသူရအောင်၏ မျက်နှာကို ဆောင်း ငေးကြည့်မိသည်။

"အင်းပေါ့လေ ... ဆတ်သားနဲ့ခေါပုတ်ကရော ... မော်တော်ဆိုင်ကယ်ဘေးတွဲလိုက်စီးတာရော ... မဆောင်းအတွက်



အသစ်အဆန်းဖြစ်နေတော့ ... တက်ချင်တက်မယ်လေ ... နောက် ကျင့်သားရသွားတဲ့အခါ ဒီလို အကြောတက်တာ တွေ ဘာတွေ ရှိတော့မှာ မဟုတ်တော့ပါဘူး ... "

"လာပြန်ပြီ ... "

ဟု ဆောင်းရင်ထဲက အသံမထွက် ရွတ်ဆိုလိုက်မိသည်။ ကိုသူရအောင်၏ စကားထဲ၌ နောင် ကျင့်သားရသွားရင်ဆိုသည့် စကားမှာ အဘယ်မျှ အဓိပ္ပာယ် ကျယ်ပြန့်သည်ကို ရည်ညွှန်းပါလေသနည်း။

"ဩ ... ကျွန်တော် တံခါး လာခေါက်တာ မဆောင်းကို အနှောင့်အယှက် ပေးသလို ဖြစ်သွားပြီ ... ညီလေး လုလင်အောင်က ပြောလို့ပါ ... တံငါကြီး ဦးကြာဟုန်ဆီကို သွားချင်တယ်ဆိုတာ လိုက်ပို့ပေးဖို့ ... သူ အဆင်သင့် ဖြစ်နေပါပြီတဲ့ မဆောင်း ... "

"ဟုတ်ကဲ့ ... ဆောင်းအခုပဲ လာခဲ့ပါ့မယ် ... "

ကိုသူရအောင် ပြန်ထွက်သွားသည်။

အရေးကောင်း ဒိန်းဒေါင်းဖျက်ဟု ဆောင်းထင်လိုက်သေးသည်။ နန်းကြာဖြူက နှောင်း သေခဲ့ရပုံကို ပြောတော့မည့်ဆဲဆဲမှာပင် တိုက်တိုက်ဆိုင်ဆိုင် ကိုသူရအောင်က တံခါးလာခေါက်ပေသည်။

ကိစ္စမရှိ ယခု နန်းကြာဖြူကို ဆက်မေးမြန်းနားထောင်ပြီးမှ ဦးကြာဟုန်ဆီ ဆက်သွားမည်။ သနိုာတစ်ပွင့်ပိုသည်

www.burmeseclassic.com

www.burmeseclassic.com



မှာ အပေါင်းအနှုတ် အမြှောက် အစားအားလုံးတွက်လေမှ အဖြေ မှန် ပေါ်စမြဲ မဟုတ်လား။ ဆောင်း နန်းကြာဖြူဘက်သို့ ပြန်လှည့်လိုက်သည်။

"ဟောတော့ ..."

နန်းကြာဖြူ မရှိတော့ပြီ။ ကိုသူရအောင်နှင့် ဆောင်း မျက်နှာချင်းဆိုင် စကားပြောနေစဉ်မှာပင် နန်းကြာဖြူ ရေချိုးခန်းထဲဝင်ပြီး ရေချိုးခန်း ဟိုဘက်တံခါးမှ တိတ်တဆိတ် ထွက်သွားသည်ပဲ ဖြစ်ဖြိမ့်မည်။

ဟင်းခနဲ ဆောင်း သက်ပြင်းချမိတော့သည်။ နန်းကြာဖြူသည် ညောင်သုံးပင် အိမ်သို့ မိမိရောက်လာကတည်းက မိမိကို နန်းကြာဖြူတစ်ခုခု ပြောချင်နေမှန်း ဆောင်း အကဲခတ်ရိပ်မိခဲ့သည်။

သို့သော် ဤရက်ပိုင်းလေး အတွင်းဝယ် ဆောင်းလည်း နှောင်းကိစ္စနှင့်ပတ်သက်ပြီး စိတ်ဆင်းရဲ လူဆင်းရဲဖြစ်။ နန်းကြာဖြူတို့မှာလည်း အလုပ်ရှုပ်နှင့် မျက်နှာချင်းဆိုင် မပြောဖြစ်ခဲ့ပေ။

ယနေ့ဆွဲကြိုးပျောက်သည်ကြောင့် နန်းကြာဖြူကို တမင် ခေါ်တွေ့ မေးမြန်းရာမှ နန်းကြာဖြူက နှောင်းသေဆုံးရပုံ အကြောင်း အားလုံး သိပါသည်။ ပြောပါမည်ဟုဆဲဆဲမှာပင် ကိုသူရအောင်က တံခါးလာခေါက်ခြင်း ဖြစ်ရသည်။

တံခါးခေါက်သံ ထွက်လာစဉ်က ... နန်းကြာဖြူ



အထိတ်တလန့် ဖြူးတူးဖြဲတဲ ဖြစ်သွားသည်ကို ဆောင်းသတိထားမိလိုက်သည်။ နန်းကြာဖြူသည် ဤအိမ်ကြီးထဲမှ တစ်ဦး တစ်ယောက်ကို အမှန်ပင် ကြောက်လန့်နေသည်မှာ အမှန်။

နန်းကြာဖြူသည် နှောင်း သေဆုံးပုံကို အားလုံးသိပါသည်ဟု ဆိုသည်။ ပြီး တစ်စုံတစ်ဦးကိုလည်း ကြောက်လန့်နေသည်။

နန်းကြာဖြူ ကြောက်နေသူမှာ မည်သူပေနည်း။

ကိုသူရအောင်သည်ပင် နန်းကြာဖြူကြောက်လန့်နေသူပေလား။

ညောင်သုံးပင် ဒေသရှိ ရေအိုင်ရေကန်အားလုံးတွင် ဒီလိုမှော်ပင် ဒီလိုသစ်ရွက်ဆွေးများ ရှိသည်ဟူသော ဦးစံလင်း၏ စကား။

နှောင်း၏ ဆွဲကြိုးလေးမှာ ခလုတ်ပြုတ်ခြင်းမဟုတ်ဘဲ အလယ်ကွင်းအဆက်မှ ပြတ်ထွက်သည့်အချက်။

ထိုစကား ထိုအချက်များအရ နှောင်းသည် ရေနစ်သေဆုံးခြင်းတော့ မှန်သည်။ သို့သော် သူ့ဟာသူ ရေနစ်ခြင်း မဟုတ်နိုင် တစ်ပါးသူက ရေနှစ်သတ်သောကြောင့် နှောင်း အသက်ခံရပြီး သေဆုံးခြင်းသာ ဖြစ်ရမည်။

နှောင်းထက် ခွန်အားကြီးသူက နှောင်းရုန်းကန်နိုင်ခြင်း မရှိအောင် ချုပ်ကိုင်ပြီးမှ နှောင်းကို ရေနစ်သေစေခြင်းသာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါဆိုလျှင် နှောင်း၏ ဆွဲကြိုးပြတ်လေးသည် လူသတ်မှုတွင် အရေးပါသော သက်သေပစ္စည်းလေး ဖြစ်လာခြေမည်။

ဟုတ်ပြီ ဟုတ်တာမှ သိပ်ကို ဟုတ်နိုင်သည်။ ဆွဲကြိုးပြတ်လေးသည် အဓိက သက်သေဖြစ်သောကြောင့် လူသတ်သမားသည် ဆောင်းအိပ်ပျော်နေစဉ် ဆွဲကြိုးလေးကို လာရောက်ယူသွားခြင်း ဖြစ်နိုင်သည်။

မိမိ ရေအိုင်လေးထဲမှ ဤဆွဲကြိုးပြတ်လေးကို တွေ့ရှိသည်ကို မြင်သော လူ (၃) ဦး ရှိသည်။

ပထမ ကိုစိုင်းခက်။

ဒုတိယမှာ ကိုသူရအောင်နှင့် လုလင်အောင်တို့ဖြစ်ကြသည်။

ထိုသုံးဦးထဲမှ တစ်ဦးတစ်ယောက်သည် လည်းကောင်း တစ်ယောက်ထက် ပိုလွန်သောသူများသည်လည်းကောင်း ညီမလေးနှောင်းကို သတ်ပစ်သူ ဖြစ်ရမည်။

ထိုလူသတ်သမားသည်ပင်လျှင် ယခု နှောင်း၏ ဆွဲကြိုးပြတ်ကို ပြန်လည်ခိုးယူသူ ဖြစ်ရမည်။

နန်းကြာဖြူ ခိုးယူသည်ဟု ထင်သောအထင်ကို ဦးနှောက်ထဲမှ ထုတ်ပစ်လိုက်သည်။

ဒါဆို နှောင်းကို မည်သူသတ်သနည်း။

ကိုစိုင်းခက်။

ကိုစိုင်းခက်က ဆောင်းဆွဲကြိုးလေး ကောက်ရစဉ်က တွေ့မြင်ပြီး သူ့ကို ထိုဆွဲကြိုးပေးက တန်ကြေးငွေထက်ဝက်ခံမည်ဟု ဆိုခဲ့သည်။ ဆွဲကြိုးကို ပြန်ရယူလိုသည့် သဘောမျိုးပါ၏။ ပြီး ကိုစိုင်းခက်၏ ကာယဗလမျိုးသည် နှောင်းလို မိန်းမသားတစ်ဦးအား ကောင်းကောင်းချုပ်ကိုင်နိုင်စွမ်းရှိနေသည်။

အကယ်၍သာ ကိုသူရအောင်နှင့် လုလင်အောင်တို့ အချိန်မီ ရောက်မလာလျှင် ကိုစိုင်းခက်သည် ဆွဲကြိုးပြတ်လေးကို အတင်းလုယူလေမလား မပြောတတ်။

သို့သော် တစ်ခုတော့ စဉ်းစားသင့်သည်။

ဤဆွဲကြိုးပြတ်လေးကို ညောင်သုံးပင် အိမ်ကြီးအိမ်ပေါ်ထပ် အိပ်ခန်းထဲရှိ စားပွဲတွင်ထားရှိရာ ထိုအိမ်ကြီး ထိုအခန်းထဲသို့ ကိုစိုင်းခက် လူမသိ သူမသိ ဝင်နိုင်ပါမည်တဲ့လား။

ဒါဆို ဒုတိယဖြစ်နိုင်သူကို စဉ်းစားလိုက်လျှင် နှောင်းကို သတ်သူသည် ကိုသူရအောင်ကိုယ်တိုင်ပင် ဖြစ်လေမလား။ ဆွဲကြိုးကို ပြန်ခိုးယူဖို့ ကိုသူရအောင်ကိုယ်တိုင် အိမ်ကြီးရှင်မို့ လွယ်ကူရာပေသည်။

လုလင်အောင်ကတော့ အစ်ကိုလုပ်သူ၏ နောက်မှ ကူညီသူသာလျှင် ဖြစ်ရမည်။

ဘုရား ... ဘုရား ... ဘုရား။

ဆောင်း ဘုရားတာ,မိပါ၏။

ဆောင်းသည် အတွေးတွေကို လက်စသတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တာပဲဖြစ်ဖြစ် မဟာကန်ထဲမှ နှောင်း၏အလောင်းကို ဆယ်ယူလာသော ဦးကြာဟုန်နှင့် တွေ့ဆုံပြောဆိုရလျှင် လိုအပ်သောအချက်များ ပေါ်လွင်လာနိုင်သည်ဟုသာ ဆုံးဖြတ်လိုက်တော့သည်။

သံသယတွေမဟုတ်ဘဲ ... တကယ့်အစစ်အမှန်ကို ပေါ်စေချင်လှပါပြီ ညီမလေး နှောင်းရယ် ... ။



## [ ၉ ]

သူမ၏ ရထားနာရှူးကို ပြန်သိမ်းပြီး ဆောင်း အပြင်သို့ ထွက်လာသည်။

လုလင်အောင် စောင့်နေသည်ကို အသင့်ပင်တွေ့ရသည်။

ဆောင်းက ကောင်းကင်ကို မော့ကြည့်သည်။ နေတော့ မဝင်သေး။ ဆည်းဆာချိန်သာ ရှိသေးသည်။

"ဦးကြာဟုန့်ဆီ သွားရမှာ အဝေးကြီးလားဟင် ... "

"ရွာပြင်မှာတော့ မဟုတ်ဘူး မမဆောင်း ... ဒါပေမဲ့ ... ရွာအနောက်ပိုင်းအစွန်ဆုံးမှာ ... သုံးဖာလုံလောက်တော့ ဝေးတယ် ... မမဆောင်း လမ်းမလျှောက်ချင်ရင် ... ဒေါ်တော်ဆိုင်ကယ် ဘေးတွဲနဲ့သွားမယ်လေ ... အစ်ကိုကြီးက ဘေးတွဲကိုမှ ပြန်မဖြုတ်သေးတာ ... "

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းက လုလင်အောင်နှင့် နှစ်ယောက်တည်း သွားရန် သင့် မသင့် စဉ်းစားသေးသည်။ မိမိကိုယ်တိုင်က နှောင်းကိစ္စကို စုံစမ်းနေသူမို့ လုလင်အောင်နှင့်ပင် နှစ်ယောက်တည်း သွားပြီး ဦးကြာဟုန်ကို တွေ့ဖို့ ဆုံးဖြတ်လိုက်သည်။

ညီမသေတာမှ မကြာသေးဘူး အစ်ကိုနှင့်တစ်လှည့် ညီနှင့်တစ်လှည့် မော်တော်ဆိုင်ကယ် လိုက်တွဲစီးခြင်းမှာ ညောင်သုံးပင်က လူတွေအတွက် မိမိကို အထင်သေးစရာတော့ ဖြစ်သည်။

ကိစ္စမရှိ။

မိမိက ကိစ္စပြီးသည်နှင့် ရန်ကုန်ပြန်မည့်သူ ဖြစ်သည်။ ဒီကလူတွေ ထင်ချင်သလိုထင်၊ မြင်ချင်သလို မြင်ကြပလေစေ။

"ဒါဆိုလည်း ခြေလျင်ပဲ လျှောက်သွားစို့ မမဆောင်း ... မမဆောင်း တစ်နေ့လုံး မော်တော်ဆိုင်ကယ်စီးရတာ ငြီးငွေ့ရောပေါ့ ... ညောင်းရောပေါ့ ... အညောင်းပြေ လမ်းလျှောက်သွားကြစို့ ... မမဆောင်း ..."

နှစ်ဦးသား လမ်းလျှောက်ခဲ့သည်။

ညောင်သုံးပင်သည် ရွာတန်းရှည်ကြီးတော့ မဟုတ်။ သို့သော် ရွာစွန်ပိုင်းရောက်လာလေ သစ်ပင်ကြီးတွေက ပိုမိုကြီးမားဖြောင့်တက်ပြီး သစ်ကိုင်းသစ်ရွက်တွေက လမ်းကို အုပ်မိုးထားသောကြောင့် ပိုမှောင်သွားသလားပင် ထင်မှတ်ရသည်။

"ဟောဟို အနိမ့်ပိုင်းက တဲလေးဟာ ... ဦးကြာဟုန်ရဲ့ တဲ



လေးပဲ မမဆောင်း ... ကျွန်တော်မလိုက်တော့ဘူးလေ ... ကျွန်တော်ပါလာရင် ... မမဆောင်းအနေနဲ့ ဦးကြာဟုန်ကို အမေးခက် ... အပြောခက်တွေ ဖြစ်ချင်ဖြစ်နေမယ် ... ကျွန်တော် ဟောဒီသစ်မြစ်ဆုံကြီးနားမှာပဲ စောင့်ကျန်ခဲ့မယ် ... မမဆောင်း သွားပေတော့ ..."

လုလင်အောင် ပြောပြချက်ကို ဆောင်းက လက်ခံပြီး အနိမ့်ပိုင်းရှိ ဦးကြာဟုန်၏ တဲအိမ်လေးဆီသို့ ဆောင်း ဆင်းလာခဲ့သည်။

ဦးကြာဟုန်၏ တဲအိမ်တွင် ခြံစည်းရိုးမရှိ၊ ခြံတံခါးမရှိ၊ တဲအိမ်ပတ်ဝန်းကျင်မြေကို ပြောင်နေအောင် လှဲကျင်းထားသည်။ တဲပတ်လည်တွင် သစ်ပင်ကြီးတွေတော့ ရှိနေသည်။ တဲအိမ်လေးမှာ ဖက်မိုး ဝါးထရံကာဖြစ်ပြီး အိမ်တံခါးပွင့်နေသည်။

ဦးကြာဟုန်လို အလှန်ဆင်းရဲသော တံငါသည် တစ်ယောက်အဖို့ အိမ်တံခါးပိတ်ထားစရာ မလိုပါလေ။

"ဦးကြာဟုန် ... ဦးကြာဟုန်"

တဲအတွင်းမှ မြန်ထူးသံမထွက်လာ။

ဆောင်းသည် ဝါးလှေကားထစ်လေးများကို နင်းတက်ကာ တဲအိမ်ပေါ်သို့ တက်လာခဲ့သည်။

"ဦးကြာဟုန် ..."

အတွင်းမှ တုတ်တုတ်လှုပ်သံပင် မကြားရ။

ဝါးထရံကာထားသော အတွင်းအိပ်ခန်းသို့ ဆောင်း

www.burmeseclassic.com

www.burmeseclassic.com



ဝင်လာသည်။ အိမ်ရှေ့တွင် မည်သူမျှ မရှိသလို ထရံကာအိပ်ခန်းထဲ တွင်လည်း မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရပေ။

"ဟင် ... အနီတွေ ..."

အိပ်ခန်းထဲတွင် ကြမ်းပေါ်တွင် ခင်းထားသော အိပ်ရာတစ်ခု တွေ့သည်။

သင်ဖြူးဖျာပေါ်တွင် မွေ့ရာပါးပါးလေး ခင်းကာ ခေါင်းအုံးတစ်ထည် ... စောင်တစ်ထည်ကို တွေ့ရသည်။

ထိုခေါင်းအုံး မွေ့ရာ စောင်တွင် အနီရောင်တွေ ပေကျံနေသည်ကို ဆောင်းတွေ့ရပါ၏။

အနီရောင်တွေမှာ သွေးတွေပဲဖြစ်မည်မို့ ဆောင်း ချာခနဲ လှည့်ကာ ပြေးထွက်လာခဲ့သည်။ လုလင်အောင်ရှိရာ သစ် မြစ်ဆုံနေရာသို့ ဆောင်း သွက်သွက်လှမ်း ခြေလှမ်းတို့ဖြင့် ပြန် ရောက်လာခဲ့သည်။

"ဟင် ... မမဆောင်း ပြန်လာတာ ... မြန်လိုက် တာ ... ဦးကြာဟုန်နဲ့ စကားမပြောခဲ့ဘူးလား ... မမဆောင်း"

"ဟင့်အင်း ... တဲထဲမှာ ဦးကြာဟုန် မရှိဘူး ... ဘယ်သူမှလည်း မရှိဘူး လုလင်အောင် ..."

လုလင်အောင်က မျက်ခုံးနှစ်ဖက်ပင့်တင်ပြီးဆောင်း ကို အံ့ဩသလို ကြည့်လိုက်သည်။

"ဟုတ်ပါ့မလား မမဆောင်း ... ဦးကြာဟုန်ဟာ ... တဲ အပြင်မှာ မရှိရင် ... သူ့ အိပ်ခန်းလေးထဲမှာ အိပ်ပျော်ချင် အိပ်ပျော်နေမှာပေါ့ ..."



"ဟင့်အင်း ... ဘယ်သူဆို ဘယ်သူမှမရှိဘူး ... သူ့အိပ်ခန်းထဲ က အိပ်ရာ ခေါင်းအုံးနဲ့စောင်တွေမှာလည်း အနီရောင်တွေ ပေကျံနေတာတွေ့လို့ ... မမဆောင်းကြောက်ပြီး ... ပြန် ပြေးလာတာ ..."

"မဖြစ်နိုင်တာဘဲ မမဆောင်းရာ ... ဦးကြာဟုန်ဟာ သူ့တဲ အပြင်မှာ မရှိရင် သူ့အိပ်ခန်းထဲမှာ ရှိရမှာပေါ့ ..."

ထိုစဉ်မှာပင် ဆောင်းနှင့်လုလင်အောင်နောက်မှ အသံတစ်ခု ထွက်လာသည်။

"ဦးကြာဟုန်ဟာ ... သူ့အိပ်ခန်းလေးထဲမှာ မရှိတော့ဘူး လုလင်အောင် ... ဘာလို့လဲဆိုတော့ ဦးကြာဟုန်ဟာ ... တောင်ကြီးက ဖြည်သူ့ဆေးရုံကြီးကို ပို့လိုက်ရလို့ပဲ ..."

"ဟိုက် ..."

အသံထွက်ပေါ်လာရာသို့ ဆောင်းရော လုလင် အောင်ရော နောက်သို့ လှည့်ကြည့်လိုက်ကြသည်။

ကိုစိုင်းခက်ကို တွေ့ရပါ၏။

ကိုစိုင်းခက် ပုံစံမှာ ယခင်ကပုံစံမျိုး မဟုတ်ပါလေ တော့။ ကာကီရောင်ရဲဝတ်စုံကို ဝတ်ဆင်ထားသည်။ ရဲယူနီဖောင်း ဝတ်စုံဖြစ်ပါ၏။ အင်္ကျီပခုံးဒေါက်တွင် ငွေရောင်ကြယ်တစ်ပွင့်စီ တပ် ဆင်ထားသည်။ ခါးတွင် ခြောက်လုံးပြူးသေနတ်ပြောင်းတိုလေးကို သားရေအိတ်နှင့် ထည့်ချိတ်ထားသည်။

ကိုစိုင်းခက်နှင့်အတူ ရဲဝတ်စုံယူနီဖောင်းဝတ်ဆင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



လက်မောင်းအကျီတွင် အပြာရောင်သုံးရစ်နှင့် စတင်းဂန်းကိုင်ထား
သော ရဲကြပ်ကြီးက လုလင်အောင်ကို စတင်းဂန်းဖြင့် ချိန်ထားပ
လေ၏။

"ဟာ ... ကိုစိုင်းခက် ..."

"ဟုတ်တယ် ... လုလင်အောင် ... ငါ စိုင်းခက်ပါပဲ ..."

ရဲကြပ်ကြီးက ရှေ့သို့တိုးလာတာ လုလင်အောင်၏ လက်နှစ်ဖက်ကို သွက်လက်ကျင်လည်စွာ လက်ထိတ်ခတ်လိုက် တော့သည်။

"ခင်ဗျား ... ခင်ဗျား ... ကိုစိုင်းခက် ... အဲ ... ဒါဘာလု
တာလဲ ... ဘာသဘောလဲ ..."

ကိုစိုင်းခက်က တည်တည်တံ့တံ့ပင် လုလင်အော ရှေ့သို့ တိုးလာပြီး မတ်မတ်ရပ်သည်။

"ငါ ... မင်းကို ဖမ်းလိုက်တာပဲ လုလင်အောင် ... မင်း
တံငါကြီး ဦးကြာဟုန်ကို ဓားနဲ့ထိုးသတ်မှုကြောင့် ငါ ဖ
တာ ..."

"ဘာဗျ ..."

"ဟောဒီ ရန်ကုန်က မဆောင်းက ... သူ့ညီမကို မဟာထ
ထဲက ဆယ်ယူခဲ့တဲ့ ဦးကြာဟုန်ကို တွေ့ချင်တယ်လို့ ပြေ
ခဲ့တာ ... ငါ နေ့ခင်းထဲက မင်းတို့အိမ်မှာ ကြားခဲ့တယ်လေ
အဲဒီအချိန်က ... နှောင်းအတွက် ရက်လည်ဆွမ်းကျွေ
ညှိပရိသတ်ကို နံနက်စာ ထမင်းကျွေးချိန်ပေါ့ ... ဆော



က ပြောလို့ ... ကိုသူရအောင်က ထမင်းကျွေးပွဲမှာ တံငါ
ဦးကြာဟုန် ရှိသေးလား ... သွားကြည့်စမ်းလို့ မင်းကို ခိုင်း
တယ်လေ ... မင်းက ချက်ချင်းပဲ ... ကိုသူရအောင်နဲ့ ဆောင်း
ကို ပြန်ပြောလိုက်တယ် ... ဦးကြာဟုန် စားသောက်ပြီး
ပြန်သွားတာ နာရီဝက်လောက်တောင် ရှိနေပြီ ... အခုဆို
စားပိုးနင့်ပြီး တရေးတမော ပြန်အိပ်လိုက်ဦးမယ်လို့တောင်
မင်းတို့ဟာသပြောသွားသေးတယ်လို့ မင်းက ပြန်ပြော
လိုက်တယ် ... အေး ... မင်းပြောတဲ့ ... အချိန်မှာ ...
ဦးကြာဟုန်ဟာ ... ခြံကြီးထဲက ထမင်းဝိုင်းတစ်ခုမှာ
ထမင်းစားနေတာ ... ငါ မြင်ခဲ့တာပဲ ..."

လုလင်အောင်၏ မျက်နှာမှာ တင်းမာခြင်း ရှေ့ရဲလာပြီး ထိတ်လန့်သော အသွင်သို့ ကူးပြောင်းသွားမှန်း ဆောင်း တွေ့နေရသည်။

"ကိုသူရအောင်ကတော့ ... သူ့ဇနီး သေသွားရတာကြောင့်
မှုန်နေတဲ့လူပဲ ... နောက်ပြီး နှောင်းရဲ့ အုတ်ဂူဆီက ဆောင်း
နဲ့အတူ ပြန်လာတာမို့ ... ခြံထဲက ထမင်းဝိုင်းတွေဆီ အာရုံ
မရောက်ဘူးပေါ့ကွာ ... ဒီတော့ မင်း ဦးကြာဟုန်နဲ့ပတ်
သက်ပြီး ပြန်ပြောတာကို ... ကိုသူရအောင်က ယုံကြည်
သွားပုံပဲ ... ဒါတောင် ... ကိုသူရအောင်က မဆောင်းဟာ
ဦးကြာဟုန်နဲ့ တွေ့ချင် စကားပြောချင်နေတယ် ... အဲဒါကို
မင်း စီစဉ်ပေးလိုက်လို့ မင်းကို ပြောသေးတယ် ..."

www.burmeseclassic.com

www.burmeseclassic.com



လုလင်အောင်က ဘာမှပြန်မပြောနိုင်ဘဲ ဦးခေါင်း ငိုက်စိုက်ကျသွားပါ၏။

ဆောင်းက ဝင်ပြောလိုက်သည်။

"အခု ... ကိုစိုင်းခက် ပြောတာတွေ သူတို့ညီအစ်ကိုချင်း ပြောတာ ... ကျွန်မလည်း ကြားခဲ့သားပဲ ... အဲဒါ ... ဘာ ဖြစ်လဲ ကိုစိုင်းခက် ..."

"အဲဒါ ... ဘာဖြစ်လဲဆိုတော့ ... ကျွန်တော့်စိတ်ထဲမှာ လုလင်အောင်ကို မသင်္ကာဖြစ်ရတာပေါ့ ... ဘယ်နှယ် ဦးကြာဟုန် မြို့ကြီးထဲက ထမင်းဆိုင်းတစ်ခုမှာ ရှိနေပါလျက်နဲ့ ဘာကြောင့် လုလင်အောင်က ဦးကြာဟုန် ပြန်သွားပြီလို့ ပြောရတာလဲလို့ပေါ့ ... မဆောင်းကတော့ ဦးကြာဟုန်ကို မြင်ဖူးတာမှ မဟုတ်ဘဲ ... ဦးကြာဟုန်ကို တွေ့တောင် ဦးကြာဟုန်မှန်းမှ မသိတာ ... ကိုသူရအောင်ကလည်း မှုန် နေတော့ ... လုလင်အောင်ပြောတဲ့အတိုင်း ယုံလိုက်တာ ပေါ့ ..."

ဆောင်း လုလင်အောင် ဘာများ ကို စိုင်းခက်ကို ပြန်ပြောမလဲဟု နားစွင့်ထားသည်။ လုလင်အောင်သည် ဘာမျှ ပြန် မပြောနိုင်ဘဲ ဦးခေါင်းငိုက်စိုက်သား ရှိနေပါ၏။

ကိုစိုင်းခက်က ဆက်ပြောပြသည်။

"ကိုသူရအောင်နဲ့ ဆောင်း မော်တော်ဆိုင်ကယ်ဘေးတွဲနဲ့ ထွက်သွားချိန်ကစပြီး ... ကျုပ် ... လုလင်အောင်ကို မသိ မသာ စောင့်ကြည့်ခဲ့တယ် ... လုလင်အောင်ဟာ ... ဦးကြာ ဟုန်ရဲ့ တဲအိမ်ဆီကို သွားတော့တာပဲ ... ကျုပ်တွက်ကိန်း မှားတယ် မဆောင်း ... လုလင်အောင်လို ငွေကြေးချမ်းသာ သူဟာ ... ဦးကြာဟုန်လို တံငါသည်တစ်ယောက်ကို သတ် ပစ်မယ်လို့ လုံးဝမထင်ခဲ့ဘူး ... ကျွန်တော့်စိတ်ကူးက ဦးကြာဟုန်နဲ့ လုလင်အောင် စကားပြောစရာရှိတာတွေ ပြောကြပစေ ... လုလင်အောင် ပြန်သွားမှ ဦးကြာဟုန်ကို အကျိုးအကြောင်းမေးရင် ကောင်းမယ်လို့ စိတ်ကူးအတွက် မှားသွားတယ် ... စောင့်ကြည့်နေတုန်းမှာပဲ ... တဲအိမ်ဆီက ဦးကြာဟုန် အသံနက်ကြီးနဲ့ အထိတ်တလန့် အော်သံကြားမှ တစ်ခုခုတော့ ဖြစ်ပြီဆိုပြီး တဲအိမ်ဆီ ကျုပ်ပြေးသွားတယ်၊ လုလင်အောင်ကို ကျုပ်မမှီလိုက်ဘူး ... ကျုပ်မရောက်ခင် သူက လစ်ပြေးသွားနိုင်ခဲ့တယ် ... လောလောဆယ်မှာ လုလင်အောင်နောက်ကို ကျုပ်လိုက်လို့ မဖြစ်ဘူး ... ဓား ဒဏ်ရာနဲ့ ဦးကြာဟုန်ကို တောင်ကြီးဆေးရုံ အမြန်ဆုံး ရောက်အောင် ပို့ပေးဖို့က အရေးပေါ်လိုအပ်နေတာမို့ ... ဦးကြာဟုန် ဆေးရုံရောက်ရေးကိုပဲ စီစဉ်ရတယ် ..."



ကိုစိုင်းခက်က ... စကားကိုတစ်ထောက်နားကာ လုလင်အောင်၏ ပခုံးကို ကိုင်လိုက်သည်။

"တဲ ... မဆောင်းကိုပဲ အသိသက်သေထားပြီး ဒီကောင့်ကို ကျုပ်ရှာဖွေမယ် ..."

www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ် ... ကိုစိုင်းခက် ... ခင်ဗျား ကျုပ်ကိုလက်ထိပ်ခတ်တယ် ... အခု ... ကျုပ် ကိုယ်မှာရှာဖွေဦးမယ် ပြောပြန်တယ် ... ခင်ဗျား ရဲယူနီဖောင်းဝတ်ထားတိုင်း ခင်ဗျားကို ကျုပ်က ရဲအရာရှိလို့ယုံရမှာလား ... တကယ်ဆို ခင်ဗျား ကျုပ်ကို ဖမ်းတာတွေ ရှာဖွေတာတွေဟာ အရပ်လူကြီးတွေ ရှေ့မှာ လုပ်ရမှာ ... "

"မင်း ... နုပါသေးတယ် လုလင်အောင် ... လူသတ်တရားခံ တစ်ယောက်ကို ဖမ်းတဲ့နေရာ ရှာဖွေတဲ့နေရာမှာ အရပ်လူကြီးတွေခေါ်ဖို့ ဘယ်အချိန်ရပါ့မလဲကွာ ... "

"ဘာဗျ ... ကျုပ် လူသတ်တရားခံ ဟုတ်လား ... "

"အဲဒီလိုဖြစ်သွားပြီ လုလင်အောင် ... ဦးကြာဟုန် မသေရင်တော့ ... မင်းကို လူသတ်တရားခံလို့ မပြောနိုင်ဘူးပေါ့... မသကာ ပြင်းထန်စွာ ဒဏ်ရာရစေမှုပဲဖြစ်မှာ ... အခုတော့ တောင်ကြီးဆေးရုံမှာပဲ ဦးကြာဟုန်ဟာ မင်းထိုးတဲ့ ဓား ဒဏ်ရာသုံးချက်ကြောင့် သေသွားတယ် ... အဲဒီတော့ ... မင်းက လူသတ်တရားခံ ဖြစ်သွားပြီကွာ ... ဒီမှာကြည့် လုလင်အောင် ဟောဒါ ငါဟာရဲအရာရှိဖြစ်ကြောင်း ငါ့ရဲ့ အိုင်ဒင်ဘီဒီကတ်ပဲ ... "

ဆောင်းရော လုလင်အောင်ရော လှမ်းကြည့်သည်။ မှန်ပေသည်။ ကိုစိုင်းခက်သည် ပြည်သူ့ရဲတပ်ဖွဲ့မှ ဒုရဲအုပ်တစ်ဦးဖြစ်နေပေသည်။



"တကယ်တော့ ငါဟာ ... ညောင်သုံးပင်ကိုရောက်လာတာ ဘုတ်ကိုလာထောင်တာပါ ... ဒီညောင်သုံးပင်နယ်မြေမှာ ရာဇဝင်လူဆိုးနှစ်ယောက်ဖြစ်တဲ့ ... ဒီပနဲ့ဝဏ္ဏကို ခြေရာခံလိုက်ဖို့ တာဝန်ပေးအပ်ခြင်း ခံရတဲ့ စုံထောက်ဒုရဲအုပ်ပါ ... အခုတော့ ဘုတ်ဖြစ်တဲ့ ဒီပနဲ့ဝဏ္ဏကိုလည်း ငါ ဖမ်းပြီးပါပြီ၊ ဒီကြားထဲ ကြောင်ကိုပါ မိသလို မင်းလူသတ်မှုကိုလည်း ငါမိတယ် လုလင်အောင် ... "

"အို ... ဘာဖြစ်ဖြစ် ... ဦးကြာဟုန်ကို ကျုပ်သတ်စရာ အကြောင်း နိုးတစ်(မ်)ဘာမှ မရှိဘူး ... ခင်ဗျားကိုယ်တိုင် ကျုပ် ဦးကြာဟုန်ကို သတ်တယ်လို့ မြင်တာလည်း မဟုတ်ဘဲနဲ့ ... "

"အေး ... အဲဒါတွေ့တော့ မင်းတရားရုံးရောက်ရင် ... အကောင်းဆုံး ရှေ့နေငှားပြီး ထုချေပေါ့ကွာ ... အခုတော့ မင်းကို ငါဦးကြာဟုန်သတ်မှုနဲ့ ဖမ်းတယ် ... "

ဆောင်းစဉ်းစားသည်။ လုလင်အောင်က ဦးကြာဟုန်အား ဘာကြောင့် သတ်ရသလဲဆိုသည်ကတော့ လုလင်အောင်ကို ဖမ်းဆီးပြီး စစ်ဆေးမည်ဟု ကိုစိုင်းခက် စိတ်ကူးထားပုံရသည်။ ယခု လုလင်အောင်ကို ဖမ်းခြင်းမှာ ဦးကြာဟုန်အား လုလင်အောင် သတ်မှန်းသေချာ၍သာ ဖမ်းခြင်းဖြစ်စေကာမူ အဘယ်ကြောင့်သတ်သည်ဆိုသည့် နိုးတစ်(မ်)ရှာဖွေစစ်ဆေးစုံစမ်းရဦးမည် ဖြစ်သည်။

အကယ်၍သာ ...

www.burmeseclassic.com

www.burmeseclassic.com



လုလင်အောင်ကို ရဲအရာရှိကရှာဖွေရာ၍ နှောင်း၏ ဆွဲကြိုးပြတ်လေးသာ လုလင်အောင်ထံ၌ တွေ့ရှိလျှင် နှောင်းကို လုလင်အောင် သတ်သည်ဟု ကွင်းဆက်လာမိနေသည်။ ထို့ကြောင့် သာလျှင် သက်သေခံပစ္စည်းအဖြစ် ခိုင်မာနေသော ဆွဲကြိုးကိုလုလင် အောင် ဆောင်း အိပ်ရာဘေးမှ ခိုးယူသွားခြင်း ဖြစ်ရမည်။

ညောင်သုံးပင် အိမ်ကြီးပေါ်သို့ သွားရောက်နိုင်သူမှာ လုလင်အောင်ပင် မဟုတ်ပါလား။ ဆောင်းက ဒုရဲအုပ် စိုးထောက် ကိုစိုင်းခက်ကို ပြောလိုက်တော့သည်။

"ကိုစိုင်းခက် ဆောင်းရှေ့မှာပဲ လုလင်အောင်ကိုယ်မှာ ရှာဖွေပေးပါ ... တကယ်လို့ သူ့ဆီမှာ နှောင်းရဲ့ ဆွဲကြိုးပြတ် လေးရှိနေတယ်ဆိုရင် ... ဦးကြာဟုန် လူသတ်မှုရော ... နှောင်း သေဆုံးရတဲ့အကြောင်းရော ... နိုးတစ်(မ်)တွေ ကျွန်မဆက်စပ်ပြီး ပြောနိုင်မယ်ထင်လို့ပါ ... "

"ဗျာ ... နှောင်းရဲ့ ဆွဲကြိုးလေး ဟုတ်လား ... အဲဒီ ဆွဲကြိုး လေးဟာ ... နှောင်း အုတ်ဂူနားက ရေအိုင်ထဲက မဆောင်း ကောက်ရထားတာ မဟုတ်လား ... မဆောင်း ကောက်ရ တာကို ကျွန်တော်ကိုယ်တိုင် တွေ့လို့တောင် ... တမင် မိုက်ကြေးခွဲစကားပြောခဲ့သေးတာပဲ ... အဲဒီအချိန်ထိ ကျွန်တော်က ဒီပ ဝဏ္ဏတို့ရဲ့ အပေါင်းအသင်းပုံစံ ဖြစ်နေ သေးလို့လေ ... "

"ဟုတ်တယ် ... အဲဒီ ဆွဲကြိုးလေးပဲ ... နှောင်းအိပ်ခန်းမှာ



ဆောင်းအိပ်ရင်း စားပွဲပေါ်တင်ထားရာက ပျောက်သွားတာ အဲဒီဆွဲကြိုး ခိုးယူသွားသူဟာ ... ညီမလေးနှောင်း သေဆုံးရ တာနဲ့ တစ်ခုခုပတ်သက်နေလို့ပါပဲ ကိုစိုင်းခက် ... "

ကိုစိုင်းခက် လက်မနှေးပါလေတော့။ လုလင် အောင်၏ အင်္ကျီ ဘောင်းဘီအိတ်များတွင် ရှာဖွေတော့သည်။

"ဟော ... တွေ့ပြီ ... တွေ့ပြီ ... ဒီမှာလေ ဆွဲကြိုးပြတ် လေး ... စိမ်းကွက်မျက်လုံးနီ လော်ကက်နဲ့ဆွဲကြိုးလေး"

ဆောင်းသည် လုလင်အောင်ရှေ့သို့ တိုးသွားပြီး မျက်နှာချင်းဆိုင် ရပ်လိုက်သည်။

"ဩ ... ညီမလေး နှောင်းကို ခြံကြီးထဲက ချယ်ရီသုံးပင်နား က ရေအိုင်ထဲမှာ နှစ်သတ်တဲ့လူဟာ ... မင်းကို လုလင် အောင်"

"ဘာတွေ ပြောနေတာလဲ မမဆောင်း ... "

"မင်း ငါ့ကိုအကြောင်းရိုက်ဦးမလို့လား ... ကဲ ... ကိုစိုင်းခက် ကို ... ဒါ ... နန်းကြာဖြူနဲ့ တွေ့ပေးလိုက်တော့မယ် ... နန်းကြာဖြူက ဖော်ပြ ပြောဆိုတာတွေကို မင်း ငြင်းနိုင် ရင် တရားဝင်ငြင်းတော့ပေါ့ကွာ ... ကဲ ... စိုင်းခက် လုပ် စရာရှိတာ ဆက်လုပ်ပါတော့ ... "

www.burmeseclassic.com

www.burmeseclassic.com



# ၁၀

သချ်ာဆရာမလေး ဆောင်းက တွက်လိုက်သော ပုစ္ဆာသည် ခက်ခဲသော်လည်း အဖြေမှန်ထွက်လာရပါလေ၏။

နှောင်းကို လုလင်အောင်က ချယ်ရီသုံးပင်အနီးရှိ ရေအိုင်လေးထဲတွင် ဇွတ်ချုပ်ကိုင်ပြီး နှစ်သတ်လိုက်ခြင်းဖြစ်ပါ၏။

ပြီး မော်တော်ဆိုင်ကယ်ဖြင့် နှောင်း၏အလောင်းကို မဟာကန်သို့ သယ်ယူသွားပြီး မဟာကန်ရေလယ်တွင် လှေတစ်စင်းကို မှောက်ကာ နှောင်း၏အလောင်းကို ရေလယ်တွင်ပစ်ချခဲ့သည်။

ယင်းသို့ လုလင်အောင်ပြုမူသည်ကို တံငါသည်ကြီး ဦးကြာဟုန်က တစေ့တစောင်း တွေ့မြင်သည်။

နှောင်းသေဆုံးသဖြင့် ဆောင်း ညောင်သုံးပင်သို့ ရောက်ရှိလာခဲ့ပြီး ချယ်ရီသုံးပင်ရေအိုင်လေးထဲမှ နှောင်း၏ဆွဲကြိုး ပြတ်လေးကို တွေ့ရသည်။



ဘယ့်နှယ့် နှောင်းသေဆုံးခဲ့သည်မှာ မဟာကန်တွင် ရေနစ်သေဆုံးခြင်း ဖြစ်ပါလျက် နှောင်း၏ဆွဲကြိုးပြတ်ကလေးက ချယ်ရီသုံးပင်ရေအိုင်ထဲတွင်ရှိနေပေသနည်း။

ယင်းအချက်ကြောင့်ပင် မဟာကန်ထဲမှ နှောင်း၏ အလောင်းကို ဆယ်ယူခဲ့ပါသည်ဆိုသည့် တံငါဦးကြာဟုန်ကို ဆောင်း တွေ့ဆုံလိုကြောင်း ကိုသူရအောင်ကို ပြောပြသည်။ သူရအောင်က ညီဖြစ်သူ လုလင်အောင်ကို ဆောင်းနှင့် ဦးကြာဟုန်တွေ့ဆုံဖို့ စီစဉ်ပေးလိုက်ဟု ဆိုခဲ့သည်။ အစ်ကိုကြီးသူရအောင်၏အမိန့်ကို လုလင်အောင်က မလွန်ဆန်ရဲ။

သို့သော် ဦးကြာဟုန်ကို လုလင်အောင် စိတ်မချ။ နှောင်းက ကျောင်းဆရာမပီပီ မေးခွန်းတွေကို လှည့်ပတ်မေးလာလျှင် ရိုးရိုးအအကြီး ဦးကြာဟုန်က သူမြင်တွေ့သမျှ ပြောမည်ကို လုလင်အောင်က စိုးရိမ်သည်။

လူသတ်ဖူးပြီးသော လုလင်အောင်သည် နောက်ထပ် ဦးကြာဟုန်အား သတ်ပစ်ရန် ဝန်မလေးပါလေတော့။ ဆောင်းက ဦးကြာဟုန်ကိုမတွေ့မီ ဦးကြာဟုန်အား လုလင်အောင်က သတ်ပစ်ရမည်။

ဤသည်တို့မှာ သချ်ာဆရာမလေး၏တွက်ချက်သည်မှစပြီး ပုစ္ဆာဖြစ်ရရှင်းပင်။

သို့သော် အဓိကအကျဆုံးဖြစ်သည့် နှောင်းအား လု

www.burmeseclassic.com

www.burmeseclassic.com



လင်အောင်က ဘာကြောင့်သတ်ခဲ့သည်ဆိုသည့်အဖြေတော့ ထွက်မလာသေးပေ။

ထိုအဖြေကိုနန်းကြာဖြူတစ်ယောက်သာလျှင်ပြောပြနိုင်မည်ဖြစ်တော့သည်။

သို့သော် နန်းကြာဖြူသည် ဘယ်သူ့ကိုမှ အတွေ့မခံတော့ဘဲ ပုန်းအောင်းနေပေတော့သည်။

ပုန်းအောင်းနေသည်ဆိုရာ၌လည်း နန်းကြာဖြူ အပြင်သို့ ထွက်ပြေးပုန်းအောင်းခြင်းမျိုးမဟုတ်ပါပေ။ နန်းကြာဖြူသည် အဒေါ်ဖြစ်သူ ဒေါ်အဲလစ်ကိုသာ အားကိုးသူဖြစ်သောကြောင့် တခြားပြင်ပတွင်အားကိုးရမည့်သူ ဘယ်သူမျှမရှိ။

ထို့ကြောင့် နန်းကြာဖြူသည် သူသွားနေကျ လုလင်အောင်၏ခြံထဲရှိ ပျဉ်ထောင်အိမ်လေးထဲဝင်ပုန်းနေပြီး အတွင်းမှ တံခါးကလန့်ထိုးထားကာ ပုန်းအောင်းနေခြင်းမျိုးဖြစ်ပါ၏။

နောက်ဆုံး နန်းကြာဖြူ ဒီအိမ်လေးထဲတွင်ရှိနေကြောင်း သိရှိကြရတော့သည်။

အပြင်မှ ဘယ်လိုခေါ်ခေါ် နန်းကြာဖြူအသံလည်း ပြန်မပေး၊ တံခါးလည်း ဖွင့်မပေးဘဲနေနေတော့သည်။

သူရအောင်သည် သူ့ညီလေးလုလင်အောင်၏အဖြစ်သနစ်ကို ကြားသိရသည်နှင့် ရုတ်တရက် ကြောင်သွားသည်။ မယုံနိုင်အောင် အရမ်းအံ့ဩမှုလည်း ဖြစ်သွားရသည်။



"နောင်းကို ညီလေးလုလင်အောင်က ဘာလို့ သတ်ရသတဲ့လဲဗျာ ..."

ဟုလည်း သူ့ဘာသာသူ ညည်းတွားရင်း တတွတ်တွတ်ပြောပေသည်။

"နောင်းကို ဘာလို့သတ်ရတယ်ဆိုတာကို သိသူမြင်သူတွေဟာ နန်းကြာဖြူပဲ ကိုသူရအောင် ... တကယ်တော့ နန်းကြာဖြူဟာ ခင်ဗျားတို့ ညီအစ်ကိုရဲ့ လခစားအိမ်ဖော်မဟုတ်လား ... ဒီတော့ နန်းကြာဖြူဟာ ခင်ဗျားတို့ညီအစ်ကိုကို ကြောက်တယ် ... အခု လုလင်အောင်ကို ကျုပ်ဖမ်းဆီးလိုက်ပြီဆိုတာကို နန်းကြာဖြူမသိသေးဘူး ... အဲဒီတော့ နန်းကြာဖြူတံခါးဖွင့်ပေးပြီး အတွေ့ခံဖို့ကိုသူရအောင်ကိုယ်တိုင်ခေါ်ပေးပါ ... နောက်ပြီး နန်းကြာဖြူမြင်သလောက် သိသလောက်တွေအားလုံးကို ဖွင့်ပြောလာအောင် ခင်ဗျားက နန်းကြာဖြူကို အမိန့်ပေးပါ ..."

သူရအောင်သည် ပြောနေသော ရဲအရာရှိ ကိုစိုင်းခက်ကို ငေးကြည့်နေပါ၏။

"ဒီမယ် ကိုသူရအောင် ... ကျုပ်ကို အာဏာပြတယ်လို့ မထင်ပါနဲ့ ... ကျုပ်က ဥပဒေအတိုင်း တာဝန်အတိုင်း ပြောနေတာပါ ... နန်းကြာဖြူထွက်မလာဘူး ... ခင်ဗျားခေါ်မပေးဘူးဆိုလည်းသက်ဆိုင်ရာအရပ်လူကြီးတွေရှေ့မှာပဲ ဒီ

www.burmeseclassic.com

www.burmeseclassic.com



အိမ်လေးရဲ့တံခါးကို ကျုပ်ဖွင့်ဖွင့်ပြီး နန်းကြာဖြူကို ခေါ်ထုတ်မှာပါ ... နောက်တစ်ချက်က ကိုသူရအောင် ရှေ့မှောက်မှာမို့ နန်းကြာဖြူက ဘာမှမပြောရဲဘူးဆိုလည်း ကျုပ်က နန်းကြာဖြူကို တောင်ကြီးရဲစခန်းခေါ်သွားပြီး စစ်ဆေးမေးမြန်းမှာ ... "

"တော်စမ်းပါ ကိုစိုင်းခက်ရာ ... "

ဟု လေသံမာမာဖြင့် သူရအောင်က ကိုစိုင်းခက်ကို ပြန်ပြောသည်။

"အခုခင်ဗျားပြောပုံက ကျွန်တော့်ညီလုလင်အောင်ကို ကျွန်တော်က အကာအကွယ်တွေပေးချင်လို့ နန်းကြာဖြူကို ခေါ်မပေးတဲ့သဘော သက်ရောက်နေတယ် ... မှန်တာပြောရရင် ကိုယ့်ညီလေးအရင်းခေါက်ခေါက် ဒီလိုအဖြစ်မျိုးဖြစ်နေတာကို သိရကြားရတဲ့အစ်ကိုရင်းတစ်ယောက်အနေနဲ့ ရင်ထဲမှာ ဘယ်လိုခံစားရမယ်ဆိုတာကို ခင်ဗျားကိုယ်ချင်းစာကြည့်ပေါ့ဗျာ ... "

"ကျုပ်စိတ်မကောင်းပါဘူးကိုသူရအောင် ... ကျုပ်ကိုယ်ချင်းလည်း စာပါတယ် ... ဒါပေမဲ့ အခုဟာက ကျုပ်အဖို့ တာဝန်နဲ့ ဝတ္တရားမို့ပါ ... "

"ကျွန်တော် နားလည်ပါတယ် ... ကိုယ့်ညီမပြောနဲ့ ကျွန်တော်ကိုယ်တိုင် ရာဇဝတ်မှုတစ်ခုခုကျူးလွန်မိရင် တာ



ဥပဒေနဲ့ တရားရုံးက ထိုက်တန်တဲ့ အပြစ်ပေးတာကို ခံယူရမယ်ဆိုတာ နားလည်လက်ခံထားသူပါ ... "

စကားအဆုံးတွင် သူရအောင်သည် အိမ်လေး၏တံခါးဝတွင် ရပ်လိုက်သည်။

"ဒေါက် ... ဒေါက် ... ဒေါက် ... ဟဲ့ နန်းကြာဖြူ သေသေချာချာနားထောင်စမ်း ... အခု အစ်ကိုကြီးသူရအောင်ပြောနေတယ် ... အစ်ကိုကြီးကိုလည်း နန်းကြာဖြူ ဘာမှကြောက်စရာမရှိဘူး ... နန်းကြာဖြူကို အစ်ကိုကြီး လုံးဝအပြစ်မတင်ပါဘူး ... အစ်ကိုကြီးပြောတာကိုကြားရဲ့လား နန်းကြာဖြူ ... "

အထဲမှ ဘာအသံမှ ပြန်ထွက်မလာပေ။

"ဒီမယ် နန်းကြာဖြူ ... အခုဆိုရင် တောင်ကြီးရဲစခန်းကို ညီလေးလုလင်အောင်ကို ဖမ်းပို့လိုက်ပြီ ... လုလင်အောင်ကိုလည်း နန်းကြာဖြူကြောက်စရာမလိုတော့ဘူး ... "

"ရှင် ... "

အတွင်းရှိ နန်းကြာဖြူထံမှ ပထမဆုံး ရှင်ဆိုသည့်အသံလေးထွက်လာသည်။

"အစ်ကိုကြီးပြောနေတာ တကယ်လားဟင် ... အစ်ကိုလေးကိုလုလင်အောင်ကို နန်းကြာဖြူ သိပ်ကြောက်တယ် ... "

"သြော် ... ခက်ပါလား နန်းကြာဖြူ ... အခု အပြင်ဘက်မှာ

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အဲလစ်လည်း ရှိတယ် ... ဒေါ်လေးသူဇာလည်းရှိတယ် မခေါင်းလည်း ရှိတယ် ... ရဲအရာရှိလည်းရှိတယ် ... လု လင်အောင်ကိုလည်း ရဲကလာဖမ်းပြီး ထောင်ကြီးရဲစခန်းကို ရောက်သွားပြီ... ကဲ ... တံခါးဖွင့်ပေးပေတော့ နန်းကြာဖြူ "အစ်ကိုလေးလုလင်အောင်ကို ရဲက ဘာလို့ဖမ်းရမှာလဲ အစ် ကိုကြီး ... တကယ်ဆို မမနှောင်းကို အစ်ကိုလေးလုလင် အောင် သတ်ခဲ့တာ နန်းကြာဖြူတစ်ယောက်ကလွဲပြီး ဘယ်သူမှမသိတာ ... မမြင်တာဘဲ ... နန်းကြာဖြူကလည်း အဲဒီအကြောင်း ဘယ်သူ့ကိုမှ ပြောမပြေသေးတာ ... "

နားထောင်ရင်း ရဲအရာရှိကိုစိုင်းခက်က ပြုံးလိုက် သည်။

နန်းကြာဖြူသည် အသက်ငယ်သေးပြီး တကယ်မှ သားသည့် ကရင်အမျိုးသမီးတစ်ဦးဖြစ်မှန်း သိသာလှပေသည်။ ယခု သူမက ပြန်လည်မေးသောမေးခွန်းထဲမှာပင် နှောင်းအား လုလင် အောင်က သတ်ပစ်လိုက်ကြောင်း ပါဝင်နေမှန်း နန်းကြာဖြူ ကိုယ် ဟာကိုယ် သတိထားလိုက်မိဟန်မတူပါလေ။

"အေး ... အခု လုလင်အောင်ကို ရဲကဖမ်းတာ လုလင် အောင်က နှောင်းကိုသတ်တဲ့အမှုကြောင့် မဟုတ်ဘူးဟေ့ တံငါသည်ကြီးဦးကြာဟုန်ကိုသတ်တဲ့အမှုနဲ့ ဖမ်းတာတဲ့ ... ကဲ ... "



"အယ် ... "

ဟုအထဲမှ နန်းကြာဖြူ၏ အသံလေးထွက်လာပေ သည်။

သူရအောင်သည် အိမ်လေး၏ပိန်ပျံချွတ် ဝရန်တာမှ ပင် ပစ်ထိုင်ချလိုက်တော့သည်။ ဘာပဲဖြစ်ဖြစ်၊ ချစ်စွာသော ဇနီး နှောင်းကို သတ်ပစ်သူမှာ ညီလေးလုလင်အောင် ဖြစ်နေကြောင်း ပေါ်ထွက်လာလေပြီ။

အသတ်ခံရသူမှာ ချစ်သော ဇနီး ... ။

သတ်သူမှာ ချစ်သော ညီလေး။

သူရအောင် ရင်ထဲတွင် မည်မျှလောက်ကြီးမားလှ စွာသော ခံစားချက်ကို ခံစားရမည်မှန်း လူတိုင်းသဘောပေါက်စေ လောက်ပါ၏။

"မမခေါင်း ... မမခေါင်း ... "

နန်းကြာဖြူ၏အိမ်တဲမှ ခေါ်သံထွက်လာပါလေ၏။ နန်းကြာဖြူခေါ်သံကြောင့် ခေါင်းတံခါးဆီသို့ ကပ်သွားကာ ချို သာစွာ ပြောလိုက်သည်။

"မမခေါင်းအပြင်မှာရှိနေတယ်နန်းကြာဖြူ ... နန်းကြာဖြူ တံခါးဖွင့်ထွက်လာကွယ် ... နန်းကြာဖြူအတွက် ဘာမှ မဖြစ်အောင် မမခေါင်းတာဝန်ယူတယ် ... "

"ဟုတ်ကဲ့ မမခေါင်း ... နန်းကြာဖြူတံခါးဖွင့်ပါမယ် ... အပြင်ကို ထွက်ခဲ့ပါမယ် ... နန်းကြာဖြူမြင်တွေ့တာတွေ

www.burmeseclassic.com

www.burmeseclassic.com



သိတာတွေ အားလုံးကို ပြောပြပါမယ် ... နန်းကြာဖြူကို မမဆောင်း ပစ်မထားပါနဲ့နော် ... ”

“စိတ်ချ နန်းကြာဖြူ ... အစကတည်းက နန်းကြာဖြူကို မမဆောင်း အားလုံးတာဝန်ယူမယ်လို့ ကတိပေးထားတာပဲ ကွယ် ... ”

တံခါးပွင့်လာပါတော့၏။

တံခါးပွင့်လာသည်နှင့် နန်းကြာဖြူသည် ဆောင်းကို ကလေးငယ်တစ်ဦးလို အတင်းပြေးဖက်တော့သည်။ ဆောင်းကလည်း နန်းကြာဖြူကို ယုယစွာ ပြန်လည်ထွေးပိုက်ထားလိုက်ပါလေ၏။

အိမ်ကြီး၏ဧည့်ခန်းဆီသို့ အားလုံးပြန်လည်သွားကြသည်။

ဒေါ်လေးသူဇာ၊ ဆောင်းနှင့် ကိုစိုင်းခက်တို့က ဆိုဖာဆက်တီများပေါ်တွင် အသီးသီးထိုင်ကြသည်။

နန်းကြာဖြူက ဆောင်းထိုင်သော ဘေးကြမ်းပြင်တွင် ဆောင်း၏ပေါင်ကို ဖက်ထားရင်း ထိုင်ချပါ၏။

ဒေါ်အဲလစ်သည် ဘာမှမပြောဘဲ မီးဖိုထဲဝင်သွားသည်။

သူရအောင်သည် မထိုင်သေးဘဲ မတ်တတ်ရပ် မျက်ရည်တွေကျလာရင်း ကိုစိုင်းခက်ကို ပြောလိုက်သည်။

“ကျွန်တော့်ကို ခွင့်လွှတ်ဗျာ ကိုစိုင်းခက် ... ကျွန်တော့်



ရင်ထဲမှာ တော်တော်အထိနာတယ် ... နန်းကြာဖြူရဲ့ ထွက်ဆိုချက်ကို ကျွန်တော် နည်းနည်းပါးပါး သောက်ရှင်းသ နားထောင်မယ်ဗျာ ... ကျွန်တော့်ကို ခွင့်လွှတ်ပါ ... ”

“အာ ... လုပ်ပါ ကိုသူရအောင် ... ကျုပ်မှာ ယူနီဖောင်းဝတ်ကြီးနဲ့ တာဝန်ဝတ္တရားကြီးနဲ့မို့သာ ... နို့မို့ရင် ခင်ဗျားနဲ့ တစ်ခွက်တစ်ဖလားတောင် ဝင်နိပ်ချင်နေတာ ... ကျုပ်လည်း လူမောစိတ်မော ဖြစ်ရပါတယ်ဗျာ ... ”

ကိုစိုင်းခက်က လိုက်လျောညီထွေစွာ ပြန်ပြောပါ၏။

ဆောင်းသည် သူမ၏ ရီဝေသော မျက်ဝန်းစုံဖြင့် မတ်တတ်ရပ်နေသော ကိုသူရအောင်ကို ကြင်နာသောအကြည့်ဖြင့် မော့ကြည့်ရင်း ဦးခေါင်းကို မသိမသာလေး ညိတ်မိပါ၏။

သူရအောင်သည် ထမင်းစားခန်းသို့ ဝင်ရောက်သွားကာ ရေခဲသေတ္တာထဲမှ ဝိုင်လေဘယ်ပုလင်းအသစ်နှင့် ဖန်ခွက် ရေခဲရေပုလင်းကို ယူလာကာ ဆက်တီဝိုင်းတွင် ဝင်မထိုင်ဘဲ အနီးရှိ စားပွဲတွင် ထိုင်ကာ ပုလင်းဖောက်တော့သည်။

“ကဲ ... နန်းကြာဖြူ ... ကိုစိုင်းခက်နဲ့ မဆောင်းကို ... နင် မြင်တာတွေ သိထားတာတွေ အားလုံးသာ ဖွင့်ပြောပြလိုက် ... ငါ့ကို ဘာမှမကြောက်နဲ့ ... ”

နန်းကြာဖြူ စတင်ပြောဆိုပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ ... အစ်ကိုလေးဟာ သစ္စာမရှိပေမဲ့ ... အစ်ကိုကြီးကိုတော့ တကယ်သိပ်ကြောက်တာပါ ..."

ဆောင်းက ပြန်မေးသည်။

"လုလင်အောင်ဟာ ... သူ့အစ်ကိုကြီးကို တကယ် သိပ်ကြောက်တာပါဆိုတာ နန်းကြာဖြူ ဘာကို ရည်ညွှန်းပြောတာလဲကွယ် ..."

"မမနှောင်းက ... အစ်ကိုကြီးကို ငှစောင့်ရင်း ချယ်ရီပင်တွေအောက်မှာ နေတယ် ... အစ်ကိုလေးက မမနှောင်းကို သွားပြီး မဟားဒယား ကြံစည်တယ် ... မမနှောင်းက အတင်းရုန်းကန်ပြီး အစ်ကိုလေးကို ပါးချလိုက်တယ် ... အဲဒီနေ့က အစ်ကိုကြီး ဝန်းသီးခြံကို သွားတာ တော်တော်မိုးချုပ်တဲ့အထိ ပြန်ရောက်မလာဘူး ..."

ကိုစိုင်းခက်က နန်းကြာဖြူကို လက်ဝါးကာပြရင်း ပြောလိုက်ပါ၏။

"ဒီလိုလုပ်စို့ နန်းကြာဖြူ ... အဲဒီနေ့က နန်းကြာဖြူတွေ့ကြုံမြင်တွေ့တာတွေကို အစကနေပြီး ပြောပြပါလား ... ဒါမှ အစဉ်အတိုင်း ငါတို့ နားရှင်းမှာပေါ့ ..."

နန်းကြာဖြူက ခေါင်းညိတ်ပြရင်း ၎င်းနေ့က အဖြစ်အပျက် တွေ့မြင်သမျှ ကြုံဆုံရသမျှကို ပြောပြသည်။

၎င်းနေ့သည် ဒီဇင်ဘာလ (၁၆)ရက် အင်္ဂါနေ့ဖြစ်ပါ၏။



သူရအောင်သည် နေ့လယ်ကတည်းက ပန်းသီးခြံဘက်သို့ ထွက်သွားသည်။ မော်တော်ဆိုင်ကယ်နှင့် သွားခြင်းဖြစ်ပါ၏။

လုလင်အောင်သည် ကျောင်းတစ်နှစ်နားသဖြင့် ညောင်သုံးပင်အိမ်တွင် လာနေသောအချိန် ဖြစ်ပေသည်။

သူရအောင်ကို ပန်းသီးခြံသို့ သွားရာ၌ လိုအပ်လျှင် ညီလုလင်အောင်ကို ခေါ်သွားပြီး မလိုအပ်လျှင် ခေါ်မသွားပေ။

သူ့အစ်ကိုကြီးက သူ့ကိုမခေါ်ဘဲ ဝန်းသီးခြံသို့ထွက်သွားတိုင်း ညစိုင်း ခေါ်အဲလစ် အိပ်ပျော်သည်နှင့် နန်းကြာဖြူနှင့် လုလင်အောင်သည် သူ၏ခြံထဲက အိမ်လေးထဲတွင်ချိန်းတွေ့နေကြခြင်း ဖြစ်ပေသည်။

ယခုနှစ် လုလင်အောင် ကျောင်းမှတစ်နှစ်နားသည်ဆိုကာ ညောင်သုံးပင်အိမ်သို့ပြန်လာပြီးနောက် နန်းကြာဖြူကို လုလင်အောင် ချစ်ရေးဆို သိမ်းသွင်းခဲ့သည်။

နန်းကြာဖြူသည် ငြင်းဆန်ပါသေး၏။ သို့သော် လုလင်အောင်၏ ဖွတ်အမွှေပြုကျင့်မှုတွင် အသက်ငယ်သေးသော ဆယ်ကျော်သက်မလေးဗီဗီ သာယာသွားပေသည်။

သို့တစေ လုလင်အောင်သည် အစ်ကိုအား သိပ်ကြောက်သည်။ အစ်ကိုကြီးသူရအောင် အိမ်မှာရှိနေလျှင် နန်းကြာဖြူအနီးသို့ကပ်ဖို့ ဝေးစွ၊ သူကိုယ်တိုင်ကပင် နန်းကြာဖြူကို ရှောင်နေလေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ့်ကို မခုတ်တတ်သော ကြောင်အသွင် နေပါလေ၏။

အဲ ... အစ်ကိုကြီး သူရအောင် အိမ်တွင်မရှိဘူးဆိုလျှင်တော့ မခုတ်တတ်သောကြောင်သည် အစွယ်တကားကားနှင့် ကျားအသွင် ပြောင်းသွားပါ၏။

ဒီလိုနှင့် လုလင်အောင်နှင့် နန်းကြာဖြူတို့ ချိန်းတွေ့ကြသည်မှာ အကြိမ်ပေါင်းမနည်းတော့ပြီ။ ကိုသူရအောင် ပန်းသီးခြံသွားလျှင် အပြန်မိုးချုပ်တတ်ကြောင်းကိုလည်း ဓာတ်သိဖြစ်နေပါ၏။ တစ်ခါတလေ သူရအောင် မမျှော်လင့်ဘဲ စော၍ ပြန်လာလျှင်လည်း အရေးမကြီး သူရအောင်၏ မော်တော်ဆိုင်ကယ် စက်သံကို လုလင်အောင် ကောင်းကောင်းကျက်မိသည်။ ထိုသို့ ချိန်းတွေ့နေစဉ် မော်တော်ဆိုင်ကယ် လာသောစက်သံကြားလျှင်

"သွား ... သွား ... နန်းကြာဖြူ ... မတော်တဆ အစ်ကိုကြီး တွေ့သွားရင် ... ငါ့ကို တီးလိမ့်မယ် ... သွား ... မြန်မြန်သွား ... "

ဟု ပြောပြီး နန်းကြာဖြူကို သူကိုယ်တိုင် တွန်းထိုးထွက်သွားစေသည်။

ရင်းနေ့ ...

လွန်ခဲ့သော ... ဒီဇင်ဘာလ (၁၆)ရက် အင်္ဂါနေ့ကလည်း ကိုသူရအောင် ပန်းသီးခြံ ထွက်သွားပြီးနောက် မိုးချုပ်ချိန်



ဒေါ်အဲလစ် အိပ်သွားသည်နှင့် နန်းကြာဖြူသည် လုလင်အောင်နေထိုင်ရာ အိမ်လေးဆီသို့ မှောင်ရိပ်ခို ရောက်ရှိလာခဲ့သည်။

ယခုတစ်ကြိမ် ... နန်းကြာဖြူ လုလင်အောင်ထံသို့ လာခဲ့သည်မှာ ယခင်ကလို နှစ်ဦးသား အကြည်ဆိုက်ရန် သက်သက်အတွက် မဟုတ်ပါလေ။ လုလင်အောင်အား မပြောလျှင်မဖြစ်တော့ပြီဖြစ်သော စကားပြောစရာရှိသောကြောင့် ဖြစ်ပါ၏။ နန်းကြာဖြူသည် လုလင်အောင်နှင့် ယှဉ်ပါးခဲ့သမျှ အကောင်အထည်ပေါ်လာပြီဖြစ်သောကိစ္စကို ပြောပြရန် ဖြစ်ပါ၏။

သို့သော် ... အိမ်လေးအနီးသို့ ရောက်သည်နှင့် လုလင်အောင်သည် အိမ်လေးပေါ်မှ ဒယီးဒယိုင် ခြေလှမ်းတို့ဖြင့် ချယ်ရီသုံးပင်ဆီသို့ လျှော(?)သွားသည်ကို နန်းကြာဖြူ မြင်တွေ့ရသည်။

နန်းကြာဖြူက လုလင်အောင်၏ နောက်သို့ လိုက်မသွားဘဲ အစ်ကိုလေး ပြန်အလာကို အိမ်လေးထဲမှပင် စောင့်မည်ဟုတွက်ကာ အိမ်လေးထဲ ဝင်ခဲ့သည်။

အစ်ကိုလေး လုလင်အောင်၏ စာရေးစားပွဲပေါ်တွင် ဝီစကီလေဘယ်အရက်ပုလင်းနှင့် ဖန်ခွက်တို့ကို တွေ့ရသည်။

အစ်ကိုကြီး သူရအောင် အလစ်တွင် အစ်ကိုလေး လုလင်အောင်သည် ဤသို့ပင် အရက်ခိုးသောက်လေ့ရှိပါ၏။

ယခုလည်း အရက်မူးပြီး ချယ်ရီသုံးပင်ဆီသို့ သွားသော အစ်ကိုလေး လုလင်အောင်ကို နန်းကြာဖြူ စိတ်ပူမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခင်အကြိမ်များကမူ အစ်ကိုကြီး ထွက်သွားသည်နှင့် အရက်ခိုးသောက်ရင်း နန်းကြာဖြူအလာကို အစ်ကိုလေးက စောင့်မျှော်နေလေ့ရှိသည်။

ယခုမူ မစောင့်ဘဲ အဘယ်ကြောင့် ချယ်ရီသုံးပင်ဆီသို့ သွားသည်ဆိုခြင်းကို နန်းကြာဖြူ သိချင်သောကြောင့် နောက်မှ မှောင်ရိပ်ခိုကာ တိတ်တိတ်လေး လိုက်သွားသည်။

ချယ်ရီသုံးပင်အနီးသို့ ရောက်သည်နှင့် နန်းကြာဖြူ အသံတစ်ခု ကြားလိုက်ရသည်မို့ သစ်ပင်ကွယ်ရပ်ကာ နားစွင့်လိုက်သည်။

"ဘာလဲ ... လုလင်အောင် ... မင်းက ငါ့ကို ချစ်ရေးလာဆိုနေတာလား ဟင် ..."

"အဲဒီသဘောပါပဲ မမနှောင်း ... အခု လက်ရှိအခြေအနေက မမနှောင်းက အစ်ကိုကြီးကို စွန့်ခွာလိုက်ပြီ မဟုတ်လား၊ အတူတူတောင် မအိပ်ဘဲ ... အခန်းခွဲအိပ်တာ ကြာသွားပြီလေ ..."

"အဲဒါ ... မင်းနဲ့ ဘာမှမဆိုင်ဘူး ... ငါနဲ့ မင်းအစ်ကိုကြီး ပြဿနာက သီးခြားပြဿနာ ... မင်းနဲ့ ဘာဆိုင်လို့လဲ"

"အိုဗျာ ... မမနှောင်းက အစ်ကိုကြီးကို အပြတ်ခွာထုတ်ပြီးတဲ့နောက် ... ကိုဒီပတို့ ကိုဝဏ္ဏတို့နဲ့ တွဲနေတာပဲ မဟုတ်လား ..."



"အေး ... ငါ သူတို့နဲ့တွဲတာဟာ မင်းအစ်ကိုကြီးက မနာလိုစိတ်တွေ ဝင်လာအောင် တမင် တွဲပြနေတာ ..."

"ဒါဆို ဘာထူးမှာလဲ မမနှောင်း ... ကိုဒီပ ကိုဝဏ္ဏတို့လို အဆင့်နိမ့်လူတွေနဲ့တောင် တွဲသေးတာ ... ကျွန်တော်နဲ့လည်း တွဲလိုက်ပေါ့ မမနှောင်းရာ ..."

"သွားစမ်း ... လုလင်အောင် ... အရက်ကလေး မှိုန်မှိုန်သောက်လာပြီး အရူးစကားတွေ ငါ့ကို လာမပြောနဲ့ ... မင်း သေချာနားလည်ပြီး သေချာမှတ်ထား ... ငါနာမည် နှောင်း ... နှောင်းဟာ လုပ်ချင်တာလုပ်ပေမဲ့ သစ္စာမဲ့တဲ့ အလုပ်မျိုး ဘယ်တော့မှ မလုပ်ဘူး ... ငါကာယကုဋ္ဌနဲ့ ငါ့သိက္ခာကို ဘယ်တော့မှ အထိနိုက်မခံဘူး ..."

"အပိုတွေ မပြောနဲ့ မမနှောင်း ... မမနှောင်းဟာ ကိုယ်လုံးပေါ် ရေကူးဝတ်စုံဝတ်ပြီး ... ကိုဒီပ ကိုဝဏ္ဏတို့ အပေါ်ပိုင်း အင်္ကျီမပါ ဗလာကိုယ်တွေနဲ့တွဲခဲ့တာ ကျွန်တော် မြင်သားပဲဟာ ..."

"မင်း ဘာမြင်သလဲ ... မင်းသေချာမှတ်ထား ... ခုချိန်ထိ ငါဟာ ငါ့လင်ကလွဲပြီး ဘယ်ယောကျ်ားနဲ့မှ ဘာအဖြစ်မှ မခံဘူး သိလား ... သွား ... သွား ... လုလင်အောင် အခုလည်း ငါ့လင်ကို ဒီချယ်ရီသုံးပင်အောက်က တမင်စောင့်နေတာ မင်းသွားတော့ ..."

"မမနှောင်းကို ကျွန်တော်ချစ်လို့ပါဗျာ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဖြန်း ... "

နှောင်းက လုလင်အောင် ပြော်လေကဲလေမို့ စိတ်မရှည်တော့ဘဲ ပါးချလိုက်သည်။

"မင်းဟာ ငါရဲ့ မတ်တော်တယ် လုလင်အောင် ... တခြားယောက်ျားတွေက ငါ့ကိုစော်ကားလာရင်တောင် မင်းက ငါ့ကိုကာကွယ်ပေးရမှာ အခု မင်းကပါ ငါ့ကိုစော်ကားတယ် ... အေး ... မင်း ... အစ်ကိုကြီးပြန်လာရင် မင်း ငါ့ကိုလာစော်ကားတာ တိုင်ပြောလိုက်မယ် ... "

"မတိုင်နဲ့ အစ်ကိုကြီးကို လုံးဝမတိုင်နဲ့ ... "

လုလင်အောင်၏ပြောလိုက်သံမှာ အထိတ်တလန့် အာခေါင်သံကြီးခြစ်ပြီး ပြောလိုက်သံ ဖြစ်ပါလေ၏။

နှောင်းသည် အခြေအနေမဟန်တော့မှန်းသိ၍ နေရာမှထကာ အိမ်ကြီးဆီသို့ပြေးသွားရန် ကြိုးစားသည်။ သို့သော် လုလင်အောင်က နှောင်းကို အလွတ်မပေးဘဲ ဆွဲထားလေတော့သည်။

"မတိုင်ရဘူး ... ခင်ဗျား ကျုပ်အစ်ကိုကြီးကို ပြန်မတိုင်ရဘူး"

"တိုင်မယ်ကွာ ... တိုင်ကိုတိုင်မယ် ... "

နှောင်း၏ စိတ်ဓာတ်ကလည်း တစ်မျိုးဖြစ်ပါ၏။ အရှုံးပေးရမည်ဆိုလျှင် အရှုံးမပေးချင်တတ်။ လုလင်အောင်က မတိုင်နဲ့ပြောလေ နှောင်းက တိုင်မယ်ဟုပြောလေ ဖြစ်နေတော့သည်။



အကယ်၍သာ နှောင်းက အေး မတိုင်ဘူး မင်းငါ့ကို ဘာမှမလုပ်နဲ့ဟုဆိုလျှင် ကြေအေးသွားကောင်း သွားလေသည် လားမသိ။

ယခုမူ ...

လုလင်အောင်သည် နှောင်းကိုရေအိုင်လေးရှိရာသို့ ရွတ်အတင်းဆွဲခေါ်သည်။ နှောင်း ရုန်းပါ၏။ မရပါသေး ရေအိုင်သို့ ဒရွတ်တိုက်ပါသွားသည်။

ရေအိုင်လေး အရောက်တွင် နှောင်း၏လည်ကုတ်ကိုကိုင်ကာ နှောင်းမှောက်လျက်သား မျက်နှာကို ရေအိုင်ထဲသို့ နှစ်ချပေတော့သည်။ နှောင်းရုန်းသည်မှ အတင်း ရုန်းသည်။ ဤမှာပင် ဆွဲကြိုးပြတ်ကျန်ခဲ့ခြင်း ဖြစ်ပါလေ၏။

ထိုသို့ ရေနှစ်သတ်ရင်း လုလင်အောင်နှုတ်မှ ...

"ကဲ ... တိုင်ချင်ဦး အစ်ကိုကြီးကို တိုင်လေ ... တိုင်လေ"

ဟုလည်း တတွတ်တွတ်ရွတ်ဆိုနေသေးသည်ကို နန်းကြာဖြူက ကြားကြောင်း မြင်ကြောင်းတွေအားလုံး ပြောပြပြီး ဆက်ပြောပြသေးသည်။

နှောင်း လုံးဝအလှုပ်အရှားမရှိတော့မှ လုလင်အောင်က ရေအိုင်ထဲမှာပင် ခြေပစ်လက်ပစ် ထိုင်ချတော့သည်။

နန်းကြာဖြူမှာ ပုန်းအောင်းကြည့်နေရာမှ လုံးဝ မလှုပ်ရဲ။ ကြောက်လွန်းအားကြီးသဖြင့် တစ်ကိုယ်လုံး အေးစက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ...

လုလင်အောင် ထိုင်ရာမှထသည်။ အိမ်ကြီးဘက်သို့ လျှောက်သွားသည်။ ထိုအခါကျမှ နန်းကြာဖြူသည် ပုန်းအောင်းရာမှ သစ်ပင်ကွယ်တွေဖြင့် ပြန်ထွက်လာခဲ့ရတော့သည်။ ထိုသို့ ပုန်းလျှိုးကွယ်လျှိုးလာရာတွင် လုလင်အောင်စီးလာသော မော်တော်ဆိုင်ကယ်ကို တွေ့ရပြန်သောကြောင့် နန်းကြာဖြူ မြေကြီးတွင် ပြားပြားဝပ် နေလိုက်ရသေးသည်။

ယင်း ဒီဇင်ဘာလ(၁၆)ရက် အင်္ဂါနေ့ ညဥ့်နက်ပိုင်းတွင် တံငါကြီး ဦးကြာဟုန်က နှောင်း၏ အလောင်းကို မဟာကန်တော်ကြီးမှ ဆယ်တင်ခဲ့သည် ဖြစ်တော့သည်။

နန်းကြာဖြူမှာ ထိုအဖြစ်ကို မည်သူ့ကိုမျှ ပြန်မပြောရဲ။ အစ်ကိုလေး လုလင်အောင်က မိမိကိုလက်ထပ်အတည်ယူမည်ဟုလည်း နန်းကြာဖြူ မယုံကြည်လေတော့။

အစ်ကိုကြီး သူရအောင်အား မိမိတွင် အစ်ကိုလေးလုလင်အောင်နှင့် ကိုယ်ဝန်ရှိနေပြီဟု ဖွင့်ပြောပါက အစ်ကိုလေးလုလင်အောင်က မမနှောင်းကို သတ်သလို မိမိအားသတ်မည်ကို နန်းကြာဖြူ ကြောက်လှသည်။

မိမိနှင့် တွေ့ဆုံဆက်ဆံနေရသည့်ကြားကပင် မမနှောင်းကို သွားရောက်ကြံစီဖို့ ကြိုးစားသည်ကပင် အစ်ကိုလေးလုလင်အောင်၏ ရက်စက်ယုတ်မာသော စိတ်ဓာတ် ထင်ရှားနေသည်။



အစ်ကိုလေးလုလင်အောင်ကို နန်းကြာဖြူ ကြောက်လှပါပေ၏။

မမဆောင်း ညောင်သုံးပင်သို့ ရောက်လာသောအခါတွင် မမဆောင်း၏ အပြောအဆို အနေအထိုင် အပြုအမူအားလုံးနှင့် နန်းကြာဖြူနှင့် ဒေါ်အဲလစ်တို့အပေါ် သိမ်မွေ့နူးညံ့စွာ ဆက်ဆံခြင်းတို့ကြောင့် နန်းကြာဖြူစိတ်တွင် မိမိကိုယ်ဝန်ကိစ္စ၌ မမဆောင်းအား အားကိုးချင်စိတ်တွေ တဖွားဖွားပေါ်မိသည်။

မမဆောင်းကိုယ်တိုင်ကလည်း သူ့ညီမ မမနှောင်း သေဆုံးခြင်းအပေါ်တွင် သံသယစိတ်ရှိပြီး စုံစမ်းနေမှန်း နန်းကြာဖြူ သိပေသည်။

ထို့ကြောင့် မမဆောင်းကို မမနှောင်းသေဆုံးရပုံကို အားလုံးဖွင့်ပြောပြပြီး မိမိကို မမဆောင်းက ရန်ကုန်ခေါ်သွားစေပြီး ကိုယ်ဝန်ချောချောမောမော မွေးလာဖို့ စီစဉ်ပေးစေလိုကြောင်း ပြောရန် နန်းကြာဖြူစိတ်ကူးရမိသည်။

"အဲဒီတုန်းမှာပဲ မမဆောင်း အိပ်ရာဘေးစားပွဲပေါ်က မမနှောင်းရဲ့ ဆွဲကြိုးပြတ်လေးကို အစ်ကိုလေး လုလင်အောင်က မမဆောင်းအိပ်ပျော်နေတုန်း တိတ်တိတ်ဝင်ခိုး ယူသွားတာ ထပ်ပြီး တွေ့ရပြန်တာပဲ မမဆောင်း... နန်းကြာဖြူက ကိုယ်ဝန်ကိစ္စကြောင့် အစ်ကိုလေး လုလင်အောင်ကို အမြဲမျက်ခြေမပြတ် စောင့်ကြည့်နေခဲ့လို့ပါ ... ဒါပေမဲ့ အစ်ကို

www.burmeseclassic.com

www.burmeseclassic.com



ကြီး တံခါးလာခေါက်တာတွေ့တော့ နန်းကြာဖြူ တအား ကြောက်သွားပြန်ရော ... ဒါကြောင့် မမ ဆောင်းကို ပြောစရာရှိတာတွေ ဆက်မပြောတော့ဘဲ နန်းကြာဖြူ ပြန်လစ်ထွက်သွားခဲ့တာပါ မမဆောင်း ...”

နန်းကြာဖြူစကားအဆုံးဝယ် သူရအောင်မှာ အရက်ပုလင်းပြောင်ကာ စားပွဲမှာပင် ခေါင်းငိုက်စိုက် ကျသွားပေတော့သည်။



## ၁၁

ဘယ်လိုမှ လုလင်အောင်မလွတ်နိုင်တော့ပေ။

ငယ်ရွယ်သေးသော တက္ကသိုလ်ကျောင်းသားတစ်ဦးအနေနှင့်လည်းကောင်း၊

နှောင်းကို သတ်စဉ်က သတ်မည်ဆိုသော ဆန္ဒနှင့် ည်ရွယ်ချက်မပါ။ ကြိုတင်ပြင်ဆင်သွားခြင်းမဟုတ်၊ အစ်ကို့ကို ကြောက်လွန်ခြင်းကြောင့်သာဟုလည်းကောင်း၊

အရက်ရှိန်တက်ကာ သွေးသားဆန္ဒနောက်သို့ လိုက် ခြင်းသာဖြစ်သောကြောင့်လည်းကောင်း၊

ယင်းအချက်များအပြင် ဦးကြာဟုန်ကိုသတ်ပါသည် ရာ၌ မျက်မြင်သက်သေမရှိသောကြောင့်လည်းကောင်း။

သူရအောင်က အကောင်းဆုံးနှင့်အတော်ဆုံး အကျိုးဆောင်ကို ငှားရမ်းပြီး တုချေခြင်းကြောင့်လည်းကောင်း။

www.burmeseclassic.com

www.burmeseclassic.com



ငှင်းအချက်များကို ထောက်ထားငဲ့ညှာဖွယ်ရှိသော်လည်း ပြစ်မှုကျူးလွန်ခြင်းမှာ ထင်ရှားနေသဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ဆယ့်ငါးနှစ်ကျခံစေဟူသော စီရင်ချက်ဖြင့် ထောင်ကျသွားပေတော့သည်။

အမှုကို တောင်ကြီးတရားရုံးမှာပင် တင်သောကြောင့် ဆောင်းနှင့် ဒေါ်လေးသူဇာတို့မှာ အမှုရက်အတွင်း ရန်ကုန်သို့ ပြန်ခွင့်မရသေးဘဲ တောင်ကြီးရှိ သူရအောင်၏ရေထွက်ဦးလမ်းရှိ တိုက်အိမ်ကြီးမှာပင်နေထိုင်ပြီး ရုံးချိန်းရက်များတွင် တရားရုံးသွားရခြင်းများ ပြုမူနေရပေသည်။

ဆောင်းအတွက် သွားရေးလာရေးလွယ်ကူစေရန် သူရအောင်က လင့်ရိုဗာကားနှင့် မောင်းသူပေးထားသည်။

သူရအောင်ကတော့ ဘေးတွဲမဖြုတ်ရသေးသော မော်တော်ဆိုင်ကယ်ကိုပင် အသုံးပြုပေသည်။

ညောင်သုံးပင်ရှိ သူရအောင်အလွှန်သံယောဇဉ်ထားသည့် ပန်းသီးခြံကြီးများကို ဦးစံလင်းနှင့် ဦးဘကျူးတို့အား အမှုရက်အတွင်း စီမံခန့်ခွဲလုပ်ဆောင်စေပေသည်။

အမှုစီရင်ချက်ချပြီးသွားလေပြီ။

ဆောင်းတို့လည်း ရန်ကုန်သို့ ပြန်နိုင်ပြီ။

ဆောင်းသည် တိုက်အိမ်ကြီးအပေါ်ထပ်မှ အောက်သို့ဆင်းလာပြီး သူရအောင်ကို ရန်ကုန်သို့ မိမိတို့ပြန်တော့မည်ဖြစ်ကြောင်း နှုတ်ဆက်စကားပြောရန်ဖြစ်ပါ၏။



ထမင်းစားခန်း စား
သောက်နေသည်ကို တွေ့မြင်ရသည်
လုလင်အောင်ကို ရဲအ
အောင်သည် အရက်တွေကိုသောက်နေ
မိသည်။

"ကိုသူရအောင် ... "

"ဩ ... မဆောင်း ... "

ဆောင်းသည် တမင်ဝ
သို့ သူနှင့် တွေ့ဆုံရန် လာမှန်းသိသည်
ဖန်ခွက်စသည်တို့ကို စားပွဲအောက်
ဆောင်းသည် ဘယ်
သည်ဆိုစေဦးတော့ ကိုသူရအောင်ကို
တွေ့ဆုံရပါ၏။

ကိုသူရအောင်သည်
လျှင် အလွန်စောင့်စည်းတတ်မှန်း ခေ
ကြောင့်ပါပေ။

ယခုလည်း မိမိ သူ့
အရက်ပုလင်းနှင့် ဖန်ခွက်ကို တခြားသို့
ဤသည်ပင်လျှင် ဆောင်
၏ဂုဏ်သိက္ခာကို လေးစားကြောင်း၊ ဒ
ကိုယ်သူ စောင့်စည်းကြောင်း ထင်ရှား

www.burmeseclassic.com

www.burmeseclassic.com



းသည် ကိုသူရအောင်၏အဖြစ်ကို တွေ့မြင်ရ
ကောလှိုင်းထစေပေသည်။

အောင်၏ဆံပင်တွေ ဖွာလန်ကျဲနေသည်။
း နားထင်တွေ ချောင်နေသည်။ မျက်နှာမှာ
သွားသည်။ ရိတ်ထားလျှက် စိမ်းဖန့်ဖန့်ရောင်
ားထင်ပါးပြင် မေးစေ့တစ်ဝိုက်သည် ယခု
ပါးသိုင်းမွေး၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး
ကာ တကယ့် တောပုန်းကြီးရုပ်ပေါက်နေရှာ

ကိုသူရအောင် သိပ်သောက်တာပဲနော် ...
ို တစ်ခါတလေတောင် သောက်တာသိပ်
"

ဆောင်း ... ကျွန်တော့်ရဲ့မျက်လုံးတွေ အိပ်
ရက်မူးအောင် သောက်ရင်း အိပ်ပျော်သွား
သာကတွေ ပင်လယ်ဝေနေတဲ့အခါမျိုးမှာ အိပ်
းဟာ တဒင်္ဂ စိတ်သက်သာစေတာမို့ ... ကျွန်
အိပ် ပုံစံနဲ့သောက်နေတာပါ ... ဒါပေမဲ့
ားတော့လည်း အရက်ယဥ်သွားသလား မပြော
မူးတာသာ မူးတာပဲ ... အိပ်လို့တော့ မပျော်
ပါဘူး မဆောင်းရယ် ..."



"အင်း ... ကိုသူရအောင်က ညီတော်
ကို သိပ်ချစ်တာပဲနော် ... နှောင်း
အခုလောက် စိတ်ထိခိုက်ပုံမရ
"မဆောင်းပြောတာမမှန်ပါဘူး ...
အခုနေ တကယ်လို့သာ နှောင်းဟာ
တော့်နားမှာ ရှိနေမယ်ဆိုရင် ... ညီလေ
ထောင်ကျသွားတာကို ကျွန်တော် ဒ
ခိုက်မှာမဟုတ်ဘူး ..."
"ဒီမယ် မဆောင်း ... လင်ကို ရ
စွန့်ချီတာမျိုးလောက်ဆိုရင် မပ
မဟုတ် လင်က မြွေကိုက်လို့
ရင်လည်း မပဥ္စာ မရှူးနိုင်ပါဘူး
ရတာဟာ လင်သေ သားဆုံး
ပါ ..."

ဆောင်းသည် ကိုသူရအော
လေး ငေးကြည့်နေရှာသည်။
"မဆောင်း စဉ်းစားကြည့်ပေါ့ဗျာ
တဲ့အနက် တကယ်လို့ တစ်လုံးကန်း
ဖြစ်ရပေမဲ့ ... ကျန်တဲ့တစ်လုံးရှိနေသေ
မယ်ပေါ့ ... အဲ ကျန်တဲ့မျက်လုံးပါ ထ

www.burmeseclassic.com

www.burmeseclassic.com



ပြီး တအားစိတ်ထိခိုက်ရပြီပေါ့ ... ဒါ
ချမ်းစိတ်ထိခိုက်တာဟာ စုံလုံးကန်း
ရပြောတာ မဆောင်းသဘောပေါက်
အေ

း ဖြတ်ပြပါ၏။ သဘောလဲည်း ပေါက်
ျက်မှာ သဘာဝလည်း အင်မတန်ကျ

ာင်း ... နှောင်းဟာ ကိုးဆယ့်ခြောက်
ာကုန် ဆီခန်း သေသွားရတာမျိုး ...
လည်း သူဟာသူ အကျင့်ပျက်ပြား
ကိုးဘွဖြစ်လာလို့ ... နှစ်ရှည်လများ
ို ယည်း ကျွန်တော် အခုလောက်
" ဘူးဗျာ ... အခုတော့ မြင်ရက်
ဆေး ... ကျွန်တော်ချစ်တဲ့ဓနီးနှောင်း
ရည်အရင်း လုလင်အောင်က မဟား
သာဂးပြီး နှောင်းကို သတ်ပစ်လို့ နှောင်း
ုးဟဒလးလည်း ထောင်ဆယ့်ငါးနှစ်ကျ
"

ည် မချိုတင်ကဲပြောနေသော ကိုသူရ
ားထောင်ပြီး မျက်ရည်ဝဲလာရပါ၏။



"ကဲပါ ကိုသူရအောင် ... ဘယ်လိုခံစားနေရတယ်ဆိုတာ ကိုသူရအောင်ပြောပြချက်များအရ ဆောင်းသိပ်ကိုသဘော ပေါက်ပါတယ် ... ဆောင်းက လူတတ်ကြီးလုပ်ပြီး တရားချ တရားပြတဲ့သဘောတော့ မဟုတ်ဘူးနော် ... တကယ်လို့ ကိုသူရအောင် ပညာရှိသတိဖြစ်ခဲ့ဖြစ်နေရင်သာ ဆောင်းက သတိပေးတဲ့သဘောပါပဲ ... "

"ပြောပါ မဆောင်း ... အခုလောလောဆယ်မှာ ကျွန်တော် ဟာ စိတ်ဖြေနိုင်စရာ စကားမျိုးတွေကို အကြားချင်ဆုံးပါ"

"လွယ်လွယ်လေး တွက်ကြည့်ပါ ကိုသူရအောင် ... နှောင်း ကတော့ သေရာက ပြန်ရှင်မလာနိုင်တော့ဘူး ... ဗုဒ္ဓဘာသာ ဝင်တစ်ယောက်အနေနဲ့ သေချိန်တန်လို့ သေရတာလို့ပဲ သဘောထားလိုက်ပေါ့ ... အဲ လုလင်အောင်နဲ့ ပတ်သက်လို့ တော့ ဆောင်းပြောပြမယ် ... "

"လုလင်အောင်ဟာ အခုရှိလုပါမှ အသက်နှစ်ဆယ် ... နှစ် ဆယ့်တစ်ပေါ့ ... သူထောင်ကလွတ်လာတဲ့အချိန်မှာ အသက်သုံးဆယ့်ငါး ... သုံးဆယ့်ခြောက်ပဲရှိသေးတာပဲ ... ဒါတောင် ထောင်ထဲမှာ သူထောင်စည်းကမ်းတွေလိုက်နာ ပြီး ကျိုးကျိုးနွံနွံနေရင် လျော့ရက်တွေ ဘာတွေနဲ့ အသက် ဒီထက် ငယ်နိုင်သေးတယ် ... အသက်သုံးဆယ်ကျော်ဆို တာ ဘဝမှာ ယောကျ်ားသားတစ်ယောက်အနေနဲ့ အရွယ်

www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံးအရွယ်ပါ ... လုလင်အောင်အတွက် အလားအလာတွေ အများကြီးကျန်ပါသေးတယ် ... အဲ ... အစ်ကိုကြီးစကားကို နားထောင်သူတစ်ယောက်မို့ မင်းထောင်ထဲမှာ ကောင်းကောင်းနေ ... မကောင်းတဲ့စိတ် ... မကောင်းတဲ့အလုပ်တွေကို မလုပ်နဲ့တော့လို့သာ ကိုသူရအောင်က စာနဲ့ဖြစ်ဖြစ် ... လူကိုယ်တိုင်သွားတွေ့တဲ့အခါမှာဖြစ်ဖြစ် ဆုံးမပေးပါ ... တကယ်တော့ ဆယ့်လေးငါးနှစ်ဆိုတာ ဘာသောကမှမထားဘဲ မေ့မေ့လျော့လျော့ နေလိုက်ရင် ဖွင်လှည့်ခေါင်းလှည့်နဲ့ ခဏတာလေးပါ ကိုသူရအောင် ... ”

“အား ... ဟုတ်တယ် မဆောင်း ... သိပ်ကိုမဆောင်းပြောတာတွေ ဟုတ်နေတာပဲ ... ဒီကောင့်အတွက် အလားအလာတွေ အများကြီးကျန်နေ ရှိနေသေးတာပဲ ... ကြည့်စမ်း ... အဲဒီလောက် အရှည်ကိစ္စ ကျွန်တော့်ခေါင်းထဲမှာ အတွေးမဝင်ဘူး ... လှမ်းမမြင်မိဘူး ... သောကတွေသာ ရင်ထဲမှာထားမိတယ် ... ”

“ကိုသူရအောင်မျက်လုံးနှစ်လုံး မကန်းပါဘူး ... မပဉ္စာ အဖြစ်မျိုးလည်း မဟုတ်ပါဘူး ... တစ်နေ့မှာ လုလင်အောင် ပြန်လာမှာပဲဟာ ... ”

သူရအောင်မျက်ဝန်းအိမ်ဝယ် အရက်နီးတွေ ပြယ်လွင့်သွားသည်ကို ထင်ရပါ၏။



ညှိုးနေသောမျက်နှာမှာ မျှော်လင့်ချက်တွေကြောင့် လားမသိ ပိုရှုလန်းလာသည်။

“မဆောင်း ... ”

လေးလေးတွဲတွဲကြီးပင် ကိုသူရအောင်က မဆောင်းရယ်ဟု ရေရွတ်လိုက်ပါ၏။

“ကျွန်တော် တရားနာပြီး သံဝေဂရတာမျိုးမဟုတ်ပါဘူး ... တကယ့် အစစ်အမှန်ကို မဆောင်းထောက်ပြလို့ လပ်နေတဲ့ အကွက်လေးကို ဖြည့်ပေးလိုက်သလိုပါ မဆောင်း ... ဟုတ်တယ် ဒီကောင့်ကို ထောင်ထဲမှာ လိမ်လိမ်မာမာ ကျိုးကျိုးနွံနွံနေစေရမယ် ... ”

“ဆောင်းအနေနဲ့လည်း လုလင်အောင် ကျန်းမာပါစေလို့ ဆုတောင်းပေးမှာပါ ... ဘာလို့လဲဆိုတော့ လုလင်အောင် ထောင်ဆယ့်ငါးနှစ်ကျသွားစေတာဟာ ဆောင်းရဲ့ပယောဂလည်း မကင်းလို့ဘဲ ... ”

“ဗျာ ... ”

“ညီမလေးသေဆုံးရပုံကို မကျေနပ်လို့ ဆောင်းစူးစမ်းမှုတွေ လုပ်တာကြောင့် ... နောက်ဆုံးတရားခံအစစ်ဟာ လုလင်အောင် ဖြစ်ရမယ်လို့ ဆောင်းလုံးဝမမျှော်လင့်ထားဘူး ... ညီမလေးနောင်းသေရတာကို မကျေနပ်လို့ တရားခံရှာတာ သက်သက်ပါ ... ကိုသူရအောင် ... ဆောင်းပုဂ္ဂိုလ်ရွေးသဘောနဲ့ စူးစမ်းရှာဖွေတာတော့ မဟုတ်ပါဘူး ... ”

www.burmeseclassic.com

www.burmeseclassic.com



သူရအောင်က ဆောင်းအား သေချာကြည့်ပြီး မေးစ်ခုမေးလိုက်သည်။

"မဆောင်းကို တစ်ခုမေးပါရစေ ... နှောင်းသေဆုံးသွားရတဲ့အတွက် မဆောင်းမှာကော ဘယ်လိုခံစားမှုတွေ ခံစားရသလဲဆိုတာကိုပါ ... "

"ကိုယ့်ညီမလေးအရင်းခေါက်ခေါက် သေဆုံးသွားတာကို ဆောင်းရင်ထဲမှာ အလူးအလဲခံစားရပါတယ် ကိုသူရအောင် အဲဒီလို အလူးအလဲခံစားရတဲ့အချိန်မှာ ... ဆောင်းရင်ထဲမှာ ဘာသံသယမှမရှိရင်တော့ ပူဆွေးခြင်းဟာ ရက်တရက် မဖြေသာနိုင်တဲ့ ပူဆွေးခြင်းပါပဲ ... ဒါပေမဲ့ ဆောင်းစိတ်ထဲ ညီမလေးသေဆုံးရပုံကို မကျေနပ်သံသယဖြစ်တာမို့ တရားခံအစစ်အမှန်ကို စူးစမ်းရှာဖွေဖို့ ကြိုးစားတာ ... တရားခံအစစ်ပေါ်ထွက်လာတယ်လေ ... အဲဒါကို ဆောင်းဟာ ညီမလေးအတွက် တာဝန်ကျေတယ်ဆိုတဲ့စိတ်နဲ့ ပူဆွေးခြင်းကို ဖြေသာပြီး တမ်းတတဲ့အပိုင်းလောက်သာ ကျန်ခဲ့တယ် ... ကိုသူရအောင် ... "

"ဟုတ်တယ်နော် ... မဆောင်းအတွက် ဖြေသာနိုင်လောက်ပါတယ် ... အဲ ... ကျွန်တော့်အဖို့တော့ ညီလေးအတွက် မဖြေသာနိုင်တာလေးတွေရှိတယ်ပေါ့လေ ... အထူးသဖြင့် ဒီကောင် နှောင်းကိုသတ်မိတာဟာ အစ်ကိုကိုကြောက်လွန်းတဲ့ စိတ်အရင်းခံပြီး သတ်မိရှာတာပါလားဆိုတဲ့ အတွေးမျိုး



[illegible]င်လာလေ ... ဒီကောင့်ကို ကျွန်တော်သနားလေဖြစ်ပြီး မဖြေသာနိုင်တာပါ ... "

"အဲဒါကိုလည်း ဆောင်းစဉ်းစားမိတယ် ... ဘာဖြစ်လို့ လုလင်အောင်ဟာ အစ်ကိုကြီးဖြစ်တဲ့ ကိုသူရအောင်ကို သိပ်ကြောက်တာလဲ ... ဒီလောက်ကြောက်တဲ့ကြားက အစ်ကိုလစ်တာနဲ့ မဟုတ်တာတွေ ကြံစည်လုပ်ကိုင်ရတာလဲဆိုတာလေ ... "

"ဒီကောင် ကျွန်တော့်ကို သိပ်ကြောက်တာဟာ အစ်ကိုနဲ့[illegible] သိပ်အသက်ကွာလွန်းနေတယ် ... သူ့ကို ကျွန်တော်[illegible]က်ဆံခဲ့တာ အဂ်ကိုလိုရော ... အဖေလိုရော ဆက်ဆံခဲ့[illegible]တယ် ... ငေါက်စရာရှိ ငေါက် ... ရိုက်စရာရှိ ရိုက်ဆုံးမပုံစံပေါ့လေ ... ဒီကြားထဲ အမေက သီလရှင်ဝတ် ... အဖေက [illegible]ဆုံးသွားတော့ ကျွန်တော့်ကို လုံးလုံးလျားလျား အားကိုးစိတ်တွေဖြစ်သွားလေလေ ... ပိုကြောက်လေလေ သဘော[illegible]မျိုးပါပဲ မဆောင်း ... "

"[illegible]အဲဒါတော့ ဆောင်းသိထားပြီးပြီလေ ... ဒီပြင့်အကြောင်း[illegible]ကော ... "

"ဒီပြင့်အကြောင်းကတော့ ညီအစ်ကိုအရင်းဖြစ်ပေမဲ့ စိတ်နေသဘောထားချင်းရော ... ကိုယ်ကျင့်သိက္ခာပိုင်းရော သိပ်ကွာနေတယ် ... ဒါကြောင့် သူမကောင်းမှုလုပ်တိုင်း

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို သိပ်ရှိန်တယ် ... သိပ်ကြောက်တယ်လို့ ယူဆ
ရပါပဲ ... မဆောင်း လုလင်အောင်က စိတ်ထားဆိုးချင်
တယ် ... အကျင့်လည်း ဆိုးတယ် ... အထူးသဖြင့် မိန်းမ
နဲ့ပတ်သက်ပြီး တော်တော်လေး အကျင့်ဆိုးတယ် ... ”
“အဲဒါ သိပ်ဟုတ်တာပေါ့ ... ”
“တကယ်တော့ ကျောင်းကတစ်နှစ်အနားယူပြီး အစ်ကို့လုပ်
ငန်းတွေကို လာကူပေးနေတယ်ဆိုတာ ... ဘေးလူကြာ
ဂေ ာင်းအောင်ပြောရတာ ... အမှန်က တက္ကသိုလ်အုပ်
ရေးအဖွဲ့က သူ့ကိုတစ်နှစ်ကျောင်းထုတ်ပစ်လိုက်တာ
“ကြီးမားတဲ့အပြစ်ဒဏ်ပဲ ... ဘာလို့လဲဟင် ... ”
“ကျောင်းမှာ သူနဲ့အတန်းတူတက်နေတဲ့ ကျောင်းသူအ
သမီးတစ်ဦးကို သူက ချစ်ရေးဆိုတယ်လေ ... ဟိုက
ကလေးက ငြင်းတယ် ... ကိုယ့်ကိုငြင်းတယ်ဆိုမှ
နောက်ဆုတ်ပေးလိုက်ရုံပေါ့ ... ရှောင်နေလိုက်ပေါ့
ကိုယ့်မေတ္တာကို လက်မခံလို့ ငြင်းတာဘဲဟာ ... အဲဒါ
ဒီကောင် ဇွတ်တိုးတယ် ... ကောင်မလေးက ကျောင်း
ချုပ်ရေးအဖွဲ့ကို တိုင်တော့တာပါ ... လုလင်အောင်ကြေ
နောက်ဆုံးနှစ် ဖိုင်နယ်ဖြေဖို့ရာမှာ အနှောက်အယှက်ဖြစ်
တယ် ... သူ့မိဘဟာ ဆင်းရဲသူတွေမို့ စာမေးပွဲတစ်နှစ်
ရင် နောက်တစ်နှစ်ဆက်ထားနိုင်ဖို့ မလွယ်ပါဘူးဆိုတဲ့



တန်းချုက်အရကျောင်းအုပ်ချုပ်ရေးအဖွဲ့က စစ်ဆေးမေးမြန်း
ပြီး ကျောင်းသူလေး ဖိုင်နယ်တန်းတက်နေတဲ့ကာလ
အတွင်း ဒီကောင့်ကို ကျောင်းကတစ်နှစ်ထုတ်ပယ်လိုက်
တာပဲ မဆောင်း ... ”
“ဪ ... ဪ ... ဒီညောင်သုံးပင်ပြန်ရောက်တော့လည်း
နန်းကြာဖြူနဲ့ ဖြစ်ပြန်သေးတယ် ... နောက်ပြီး နှောင်းကို
တောင် ကြံစည်လိုက်သေးတယ် ... ”
“ဒီလိုလူမျိုးမှာ ဒီအကျင့်မျိုးရှိတတ်တာပဲ မဆောင်း ... အစ်
ကိုရှေ့မှာ ကြောက်လို့ငြိမ်နေရသမျှ အစ်ကိုကွယ်ရာမှာ စိတ်
ကိုလွှတ်ပေးပြီး မိုက်မဲယုတ်မာတဲ့စိတ် ... မိုက်မဲယုတ်ညံ့တဲ့
အပြုအမူတွေ လုပ်တော့တာ ... ”

ဆောင်းက သူရအောင်၏စကားကို ခေါင်းညိတ်
ထောက်ခံပါ၏။ အဖိခံထားရသော စပရိန်သည် အဖိကင်းလွတ်သွား
ည်နှင့် ရှိန်းထွက် ကန်ထွက်လာသည့်သဘောမျိုးပါပေ။

“ကဲ ... ကိုသူရအောင် ... အခု ဆောင်း ကိုသူရအောင်ဆီ
လာတာ နှုတ်ဆက်ဖို့ တမင်လာတာပါ ... နက်ဖြန်မနက်
ဟဲဟိုးကတစ်ဆင့် လေယာဉ်နဲ့ ရန်ကုန်ကိုပြန်တော့မလို့ပါ”
“တကယ်ပြန်တော့မှာလား မဆောင်း ... လေယာဉ်လက်
မှတ်တွေ ဘာတွေတောင် ကျွန်တော်လုပ်မပေးလိုက်ရပါ
လား ... ”

www.burmeseclassic.com



"လေယာဉ်လက်မှတ်သုံးစောင် ဆောင်းဝယ်ပြီးပါပြီ
အောင် ... ကိုစိုင်းခက်ကပဲ ဆောင်ရွက်ပေးပါတာ
ကိုသူရအောင်မှာ သောကတွေဝေနေတာမို့ ကိုစိုင်းခ
ဝယ်နိုင်းလိုက်ရတာပါ ... "

"ဟာဗျာ ... ကျွန်တော် ဘာကြီးပဲဖြစ်နေနေ ... မ
ရန်ကုန်ကိုပြန်ဖို့ကိစ္စဟာ ကျွန်တော့်မှာ လုပ်ပေးရ
ရှိနေတာပဲ ... "

"ရပြီလေ ... အခု အဲဒီကိစ္စပြီးသွားပြီပဲ ကိုသူရ
စိတ်အေးအေးထားလိုက်ပါ ... အဲ နက်ဖြန်မ
သွားဖို့အတွက်သာ ကိုသူရအောင်ဆီက လင့်ရှိ
"ကျွန်တော်ကိုယ်တိုင် လိုက်မောင်းပို့ပေးပါရစေ မ

ဆောင်းက ခေါင်းညိတ်ပြမေသည်။

ပြီး ... အိမ်ပေါ်ထပ် ပြန်တက်ရန် ဆိုဖာတွ
မှ ထရပ်လိုက်သည်။

"ခဏလေး မဆောင်း ... အခုန မဆောင်းပြေ
လေယာဉ်လက်မှတ်သုံးစောင်ဝယ်ပြီးပြီလို့ ပြော
သလားလို့ပါ ... တကယ်တော့ မဆောင်းနဲ့ ဒေါ်
တို့နှစ်ယောက်ပဲ ပြန်ကြမှာမဟုတ်လား ... လက်
စောင်ဆိုတော့ ... နောက်တစ်ယောက်က ဘ
မဆောင်း ... "



"နန်းကြာဖြူပေါ့ ... ကိုသူရအောင် ... "

"ဗျာ ... "

"နန်းကြာဖြူရဲ့တာဝန်အားလုံး ဆောင်းယူလိုက်တယ်
ဒါကြောင့် နန်းကြာဖြူကို ရန်ကုန်ခေါ်သွားတယ် ... န
ကြာဖြူမွေးဖွားဖို့ ဆောင်းသေချာစီစဉ်ပေးမယ် ... ဆော
ရဲ့ပတ်ဝန်းကျင်အမေးအမြန်းတွေကို သူ့ယောကျ်ားထော
ကျသွားလို့ ဆောင်းကတာဝန်ယူခေါ်လာတာလို့ပြောမ
ပေါ့ ကိုသူရအောင် ... "

သူရအောင်သည် ဖျတ်ခနဲပင် သူ၏နဖူးကို သူ့လက
ဝါးဖြင့် ရိုက်လိုက်သည်။

"ဟုတ်ပါရဲ့ ... ကြည့်စမ်း ကျွန်တော်က ကိုယ့်သောက
ကိုယ် အတ္တဆန်မိပြီး နန်းကြာဖြူရဲ့ကိစ္စကို လုံးလုံးခေါင်း
ဝင်မလာဘူး ... အင်း ကောင်းပါတယ် မဆောင်း ... န
ကြာဖြူကို မဆောင်းခေါ်သွားတာ အကောင်းဆုံးဖြစ်မှာ
နန်းကြာဖြူအတွက်ကလည်း ညောင့်သုံးပင်နဲ့ ဝေးတဲ့နေရ
မှာသွားနေပြီး မွေးဖွားတာအကောင်းဆုံးပါ ... သူမျာ
အကဲ့ရဲ့လွတ်တာပေါ့ ... မကြာခင်အတွင်းမှာပဲ ကျွန်တေ
ရန်ကုန်လိုက်လာပြီး နန်းကြာဖြူအတွက် အကောင်းဆုံးဖြ
အောင် ကျွန်တော် လာဆောင်ရွက်ပေးပါ့မယ် မဆောင်း
"နန်းကြာဖြူအတွက် အကောင်းဆုံးဖြစ်မှာကတော့ နန်

www.burmeseclassic.com



ကြာဖြူမွေးလာမဲ့ကလေးကို ကျကျနန လူလိုသူလိုထား... လုလင်အောင် ထောင်ကလွတ်လာတဲ့အချိန်မှာ ဟောဒါ မင်းရဲ့ဇနီးနဲ့ မင်းရဲ့ကလေးပဲလို့ပြောပြီး အကောင်းဆုံးအစီ အစဉ်လုပ်ပေးဖို့ပါပဲ ကိုသူရအောင် ... အဲဒါဟာ တရားအမျှ တဆုံးနဲ့ အမှန်ကန်ဆုံးပါ ... "

သူရအောင် ဆောင်းကိုမော့ကြည့်ပြန်သည်။

ဆောင်းဆိုသောမိန်းကလေးသည် နှောင်းဆိုသည့် မိန်းကလေးမဟုတ်ပါလေတကားဟု ... ။

တကယ်တော့ မိမိ၏မေတ္တာလမ်းကြောင်းသည် ဆရာမကြီး ဒေါ်ချိုချို၏ဘုရားကိုးဆူပွဲတွင် စစ်မှန်သော မေတ္တာဆီ သို့ ပို့ပေးပါလျက် မိမိ၏အတွေ့အကြုံကြောင့် နှောင်းဆီသို့ ရောက် သွားခြင်းပါတကား။

---



# ၁၂

ဤနေရာ ဤဒေသသို့ ပြန်ရောက်လာတော့လည်း ဤဓာတ်ပြားဟောင်းဖွင့်သံကို ကြားရသည်သာ။

ဒေါက်တာကိုဝင်းထွတ်သည် ယဉ်ကျေးနုနယ်သော စကားလုံးလေးတွေဖြင့် ဆောင်းကိုလက်ထပ်လိုပြီဖြစ်ကြောင်း စီကာပတ်ကုံးပြောလာတော့သည်။

ညောင်သုံးပင်မှ ရန်ကုန်သို့ ဆောင်းပြန်ရောက်လာ သည်မှာ လေးလပင်ရှိသွားပြီ။

ညောင်သုံးပင်သို့ရောက်သွားသည်မှာ ဒီဇင်ဘာလ ကဖြစ်သည်။

အမှုတွင် ဆောင်းရော၊ နန်းကြာဖြူရော သက်သေ ပါဝင်နေသဖြင့် အမှုစီရင်ချက်ချပြီးသည်အထိ တောင်ကြီးရှိ ကိုသူရ

www.burmeseclassic.com

www.burmeseclassic.com



အောင်တိုက်အိမ်ကြီးတွင် ဇန်နဝါရီလ တတိယပတ်အထိ နေရသေးသည်။

ရန်ကုန်မှ မိမိတာဝန်ထမ်းဆောင်သော အ.ထ.က ကျောင်းသို့ ကြေးနန်းဖြင့်လည်းကောင်း၊ ရိုးရိုးခွင့်တိုင်ဖြင့်လည်းကောင်း၊ တောင်ကြီး တရားရုံးနှင့် ရဲစခန်းထောက်ခံစာပူးတွဲပြီး ကျောင်းအုပ်ဆရာမကြီးထံသို့ တင်နိုင်သဖြင့် အခက်အခဲမရှိခွင့်ရပေသည်။

ယခုဆိုလျှင် မေလထဲရောက်ပြီမို့ နွေကျောင်းပိတ်ရက်ပင် ကုန်ဆုံးတော့သည်။

ဘာလိုလိုနှင့် နှောင်းဆုံးသွားသည်မှာ ငါးလထဲပင် ရောက်ပေပြီ။

နန်းကြာဖြူ၏ ကိုယ်ဝန်ဗိုက်လေးပင် စူစူပူပူထွက်လာပေပြီ။ နန်းကြာဖြူအား ဒက်ဖရင်အမျိုးသမီးသားဖွားဆေးရုံတွင် တာဝန်ထမ်းဆောင်ပြီး ပြင်ပတွင် အချိန်ပိုင်းနှင့် ဖွင့်ထားသည့် ဆရာဝန်မကြီးထံ အပ်နှံခဲ့သည်။ ပထမဆုံး စတင်ပြသစမ်းစဉ်က သုံးဆယ့်နှစ်ကျပ်ပေးရပြီး တစ်ပတ်လျှင် တစ်ကြိမ်သွားရောက်စမ်းသပ်ရာ၌ ဆယ့်ခြောက်ကျပ်ပေးရသည်။ ပြသရက်တိုင်း ဆောင်းကိုယ်တိုင် ကားမောင်းက ဆရာဝန်မကြီး၏ဆေးခန်းသို့ ပို့ပေးသည်။

ဗိုက်ပြသရာတွင် မွေးဖွားဖို့ကိစ္စအတွက် ခင်ပွန်း



သည်နာမည်ပေးရသည်ဖြစ်ရာ ကိုသူရအောင်ထံ သဘောတူညီချက်တောင်းပြီး ကိုသူရအောင်၏ခွင့်ပြုချက်အရ မွေးဖွားမည့်ကလေး၏ ဖခင်နေရာတွင် လုလင်အောင်ဟု ရေးမှတ်စေသည်။

နန်းကြာဖြူသည် ညစဉ်အိပ်ရာဝင်တိုင်း ဆောင်းကို လက်အုပ်ချီကန်တော့သည်။ အစ်မရင်းထက်ပင် သူမအပေါ် ကောင်းလှကြောင်းတွေ နန်းကြာဖြူကပြောလေ့ရှိပါ၏။ ၉

ညောင်သုံးပင်နှင့် တောင်ကြီးမှ ရန်ကုန်သို့ပြန်လာပြီးနောက် လေးလအတွင်း ကိုသူရအောင်ထံမှ ဆောင်းထံသို့ စာတိုက်မှ စာလေးစောင်ရောက်ရှိလာပေသည်။

စာထဲတွင်ပါရှိသောအကြောင်းအရာများမှာ ...

မန်းသီးခြံကို လုပ်သားပိုင်အဖြစ် ဦးစံလင်းနှင့် ဦးဘကျူးကို လွှဲအပ်၍လည်းကောင်း၊ သက်ဆိုင်ရာ စိုက်ပျိုးရေးဌာနနှင့် ညှိနှိုင်းပြီး လွှဲအပ်လျှင်လည်းကောင်း ဘယ်လိုလုပ်ဆောင်ရမည်ဆိုသည်ကို ဆောင်းထံ၌ အကြံဉာဏ်တောင်းသောစာဖြစ်ပါ၏။

သူ့ဘဝသည် ... ယခု အထီးကျန် ဆန်လွန်းပြီး ယောကျာ်းအရင့်အမာကြီး ဖြစ်ပါလျက် တစ်ခါတစ်ရံ အားငယ်မိကြောင်းလည်း ပါရှိသည်။

မိဘ၏လက်ငုတ်လက်ရင်းဖြစ်သော သနပ်ဖက်ခြံ လက်ဖက်စိုက်ခင်းတွေကိုရောင်းပြီး သူ့တွင်ချမ်းသာသမျှသောငွေဖြင့် ရန်ကုန်သို့ဆင်းလာကာ ရန်ကုန်မှာပင်လုပ်ငန်းတစ်ခုခုလုပ်

www.burmeseclassic.com

www.burmeseclassic.com



လျှင် ကောင်းပါမည်လားဟူသော အကြံဉာဏ်တောင်းခံခြင်းများ ပါရှိပေသည်။

သို့တစေ ...

ဆောင်းသည် ယနေ့ထိ ကိုသူရအောင်ထံသို့ ဘာစာတစ်စောင်မျှ ပြန်မရေးသေးပေ၊ ဘာအကြံမှလည်း မပေးသေး။

ကိုသူရအောင်ထံမှ စာရလေတိုင်း ဆောင်းမှာ ငူငူငိုင်ငိုင်လေးဖြစ်သွားရသည်ကလည်း အမှန်။

ကိုသူရအောင်၏ စာတစ်စောင် ရောက်လာ၍ ဖောက်ဖတ်လိုက်လေတိုင်း ဆောင်း၏ရင်ထဲဝယ် ကိုသူရအောင်အပေါ်တွင် ကရုဏာစိတ်ကလေးများ စာတွေဖတ်လေတိုင်း တိုး၍တိုး၍သွားသည်မျိုးလည်း ဖြစ်နေမိသည်။

ဆောင်း ... ကိုယ့်ဟာကိုယ် ပြန်စဉ်းစားပေတော့သည်။ ဆောင်း၏အကြောင်းကို ဆောင်း၏ကိုယ်စောင့်နတ်က အသိဆုံး။

ဆောင်းတွင် တစ်လျှောက်လုံး ချစ်သူရှိခဲ့ဖူးပါသလား။

ယေဘုယျသဘော အကြမ်းဖျဉ်းသဘောအရ ဖြေရပါလျှင် ဆောင်းတွင် ချစ်သူမရှိခဲ့ဖူးပါဟု ဖြေရမည်။

ဆောင်းသည် ကျောင်းသူဘဝတစ်လျှောက်လုံး ဘွဲ့ရပြီးသည်အထိ ရည်းစားမထားခဲ့ဖူးပါပေ။



ကျောင်းသူဘဝကလည်း ကျောင်းစာတွေ အပတ်တကုတ်ကြိုးစားရင်း ကျောင်းစာနှင့်ပင် ပျော်မွေ့ကာ တစ်နှစ်တစ်တန်းအောင်ဖို့သာ စိတ်အားထက်သန်သည်။ သချာသမားမို့ အချိန်ရှိသလောက် ပုစ္ဆာတွေထဲတွင်သာ စိတ်တွေအာရုံတွေ နစ်မြုပ်ထားသည်။

ကျောင်းသူတစ်ဦးအဖို့ ဟိုက်စကူးကျောင်းသူဘဝမှာပင် အပျိုဖော်ဝင်တတ်သည်။

ဆောင်း အပျိုဖော်ဝင်ချိန်မှစပြီး တစ်နှစ်ထက်တစ်နှစ် ပို၍ပို၍သာ မျက်နှာလေး နုမွတ်ချောလှလာသည်။ ခန္ဓာကိုယ်မှာလည်း အစို့အမို့ အတင်းအမာ အကွေ့အကောက်လေးများဖြင့် အချိုးကျချင်တိုင်းကျ၊ ကျော့ရှင်းချင်တိုင်း ကျော့ရှင်းလှပသေသည်။

ဟိုက်စကူးကျောင်းသူ အပျိုဖော်ဝင်စအချိန်မှစ၍ ယနေ့တိုင် ဆောင်းအား ချစ်ချင်သူတွေ ဝိုင်းဝိုင်းလည်ခဲ့သည်။

မိမိအား ချဉ်းကပ်သူတွေကို အရေအတွက်အားဖြင့် မှတ်ပင် မမှတ်မိတော့။ ချဉ်းကပ်လာသူတွေကို ရုပ်တွေလည်း မျက်စိထဲတွင် ရှာမတွေ့ပါလေတော့။

ကျောင်းသူတစ်ဦး၏အများဆုံးစိတ်လှုပ်ရှားချိန်သည် တက္ကသိုလ်သို့ ပထမနှစ် ဒုတိယနှစ်ရောက်ချိန်ပင်ဖြစ်ပါ၏။ ထိုအချိန်မျိုး၌ မိမိနှစ်သက်သဘောကျတစ်ဦးဦးနှင့် တွေ့မိချိတ်မိပါက တွဲစေချိန်စေပါလေတော့။ ထိုကာလကို ကျော်လာသည်အထိ မချိတ်မိ တွဲမိစေလျှင် အတန်းပိုကြီးလာခြင်း၊ အသက်လေး ပိုကြီးလာခြင်း

www.burmeseclassic.com

www.burmeseclassic.com



တို့နှင့်အမျှ အစဉ်းစား၊ အဆင်ခြင်လေးတွေကလည်း တဖြည်းဖြည်း ပိုရှိပိုရှိ ရင့်ကျက်လာသည်။

ဆောင်းသည် မည်သည့်ပုရိသနှင့်မျှ မတွဲမချိတ်ဘဲ ဘွဲ့ရခဲ့သူဖြစ်ပါ၏။

ဆောင်း၏ခံယူချက်မှာ မိန်းကလေးတစ်ယောက်သည် ကုံလုံပြီးမြောက်သောတစ်နေ့တွင် အိမ်ထောင်ပြုမည်သာ။

ကိုယ့်ဘက်က ကုံလုံပြီးမြောက်ပြီးလေပါက ကိုယ်နှင့် အထိုက်တန်ဆုံးဖြစ်မည့်သူကို ကိုယ့်အားချဉ်းကပ်လာသူအများထဲမှ ရွေးထုတ်ပြီး အိမ်ထောင်ပြုမည်ဟု ဆောင်းခံယူချက်ထားခဲ့သည်။

မှားသွားပြီ ဆောင်း။

မှားသွားပြီမှန်းလည်း ယခု ဆောင်းစဉ်းစားနေသောအချိန်မှာပင် ဆောင်း၏ကိုယ်စောင့်နတ်က ဆောင်းကို ထောက်ပြသည်။

တကယ်တော့ ဆောင်း၏ ပထမခံချက်ယူချက်တို့သည် ချစ်ခြင်း၏နှလုံးသားမေတ္တာလုံးဝထည့်မတွက်ဘဲ ထိုက်တန်သော အိမ်ထောင်ရေးကိုသာ ခံယူထားခဲ့ခြင်းဖြစ်နေပါ၏။

တကယ်တော့ ဆောင်းသည် ကိုသူရအောင်ကိုကျတော့ ဆောင်း၏ခံယူချက်ဦးနှောက်အလစ်တွင် နှလုံးသားက ဝင်ရောက်စစ်ဆင်လိုက်ခြင်းကို ခံရလိုက်ပါ၏။

ဆရာမဒေါ်ချိုချို၏ ဘုရားကိုးဆူပူဇော်ပွဲတွင် တစ်



စားပွဲတည်း အတူထိုင်ခဲ့ရာမှ ဆောင်း၏ငုပ်လျှိုးအိပ်မောကျနေသော နှလုံးသားထဲမှ အချစ်ငှက်ကောင်လေးသည် သူရအောင်ကို ဖျတ်ခနဲ ခေါင်းထောင်ကြည့်လိုက်ပေပြီ။

ထို့ကြောင့်လည်း ဆောင်း၏အိမ်သို့ အဝင်အထွက် ပြုပါရစေဟု ဆိုလာသော ကမ်းလှမ်းချက်ကို ဆောင်း ထိုဘုရားကိုးဆူပွဲမှာပင် ခေါင်းညိတ်လက်ခံလိုက်သည်မဟုတ်လား။

တကယ်လည်း ကိုသူရအောင်သည် ဘုရားကိုးဆူပွဲပြီးသည်မှစ၍ ဆောင်းနှောင်းရိပ်မြုံသို့ အဝင်အထွက်တွေရှိခဲ့ပါ၏။

ထိုစဉ်မှာပင် ...

ညီမလေးနှောင်းက သူမသည် ကိုသူရအောင်နှင့် လက်ထပ်ရတော့မည်ဟု လုံးဝမမျှော်လင့်သောစကားကို ဆောင်းအား ပြောလိုက်သည်နှင့် ဆောင်းရင်ထဲတွင် တုန်လှုပ်ချောက်ချားသွားပြီး နာကျင်လှသော ဝေဒနာတစ်မျိုးကို ကျိတ်၍ခံစားလိုက်ရပါ၏။

မတတ်သာသည့်အဆုံး ကိုသူရအောင်ကို လုံးဝ မိမိနှလုံးသားထဲက ထုတ်ပစ်လိုက်ခဲ့ရပေသည်။

နှောင်းကိစ္စနှင့်ပတ်သက်ပြီး ညောင်ဗ်သုံးပင်နှင့်တောင်ကြီးတွင် တစ်လခန့် နေခဲ့စဉ်က ညီမလေးနှောင်း၏ဖော ကပ်ပူလောင်နေသောကြောင့် မိမိ၏နှလုံးသားက နောက်ဆုတ်ပေးပြီး ငြိမ်သက်နေခဲ့သည်။

ယခု ပူလောင်သောကတွေ လျော့နည်းသွားသော

www.burmeseclassic.com

www.burmeseclassic.com



အခါတွင်မူကား ကိုသူရအောင်၏ ကိုယ်ကျင့်တရားနှင့် သိက္ခာသမာဓိတွေကို တွေးလေတိုင်း လေးစားနေမိတော့သည်။ ပြီး ကိုသူရအောင်အား ကရုဏာစိတ်လေးတွေ ပို၍ ပို၍သက်ဝင်ခဲ့ပြန်သည်။

ညောင်သုံးပင်၊ တောင်ကြီးမှ ပြန်လာခဲ့စဉ်မှာ ယခုဆို လေးလကြာမြင့်သွားသည့်တိုင်အောင် ညောင်သုံးပင်နှင့် တောင်ကြီးကို ဆောင်း တမ်းတမ်းတတရှိနေသေးသည်။ ဒီကြားထဲ ကိုသူရအောင်ထံမှ စာလာလေတိုင်း ဆောင်းသည် အတွေးယဉ်ကြောတွင် မျှော်မှီသလိုလေးတွေ ဖြစ်ရပြန်သည်။

ကိုသူရအောင်က သူ၏ဘဝသည် သိပ်ကို အထီးကျန်ဖြစ်သွားပြီး ယောကျ်ားကြီးတန်မဲ့ အားငယ်ကြောင်းတွေကို ဆောင်းထံသို့ အဘယ်ကြောင့် ရေးသားဖွင့်ဟခြင်းပြုပေသနည်း။

သူ၏ခြံလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းတွေနှင့် ပတ်သက်ပြီး ဘာဆက်လုပ်ရမည်နည်းဟု အဘယ်ကြောင့် ဆောင်းထံသို့ အကြံဉာဏ်တောင်းခံပေသနည်း။

ရှင်းနေပါ၏။

ဆောင်းအား သူသည် လိုလားလျက်ရှိနေကြောင်း ရဲရဲဝံ့ဝံ့ကြီး ဖွင့်မပြောဝံ့ခြင်း၊ ဆောင်း၏သိက္ခာ၊ လိမ္မာပါးနပ်စွာ အသားလို၍ အရိုးတောင်းလာခြင်းဖြစ်ပေသည်။

"မမဆောင်း ... ညွှန်ခန်းမှာ ညွှန်သည် ... လာနေကျ ညွှန်သည်ကြီးလေ မမဆောင်း ..."

ဆောင်းက သူမ၏အိပ်ခန်းတွင် ကိုသူရအောင်နှင့်



ပတ်သက်၍ အတွေးတွေ ပလုံစီနေစဉ်မှာပင် နန်းကြာဖြူက အိပ်ခန်းတံခါးဝသို့ ရောက်လာပြီး အကြောင်းကြားခြင်းဖြစ်ပါ၏။ နန်းကြာဖြူ၏အကြောင်းကြားသောလေသံတွင်ယခုလာသောညွှန်သည်ကို မလိုလားသောအရိပ်အယောင်အသံပါဝင်နေပါ၏။

နန်းကြာဖြူပြောလိုက်သည့် လာနေကျညွှန်သည်ဆိုသည်မှာ ဒေါက်တာဝင်းထွတ်ပင်ဖြစ်ကြောင်း ဆောင်းနားလည်ရသည်။

"အေးကွယ် ... လာမယ်လို့သာ ပြောလိုက်ပါ နန်းကြာဖြူ"

နန်းကြာဖြူ ထွက်သွားသည်။

ဆောင်းသည် အိပ်ရာတွင် လဲလျောင်းလူးလွန့်ထားသောကြောင့် တွန့်ကြေနေသည့် ထဘီအင်္ကျီတွေကို လက်ဝါးဖြင့်ဆန့်စေပြီး မှန်တင်ခုံတွင် မှန်တစ်ချက်မကြည့်ဘဲ ပကတိအရှိအတိုင်း ထွက်လာခဲ့သည်။

"ဟော ... ဆောင်း ... အခု ကျွန်တော်လာတာကတော့ ဆောင်းကို ဝမ်းသာစရာစကားလက်ဆောင်ပါးချင်လို့ပဲ ဆောင်း ..."

"ဆိုပါဦး ... ဘာစကားမို့လဲ ကိုဝင်းထွတ် ..."

ဆောင်းသည် ပြန်မေးရင်း ဆိုဖာတွင်ဝင်ထိုင်သည်။ ဒေါက်တာဝင်းထွတ်နှင့် ဟိုဘက်သည်ဘက် အလှမ်းကွာ မျက်နှာချင်းဆိုင်ထိုင်လိုက်ခြင်းဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"အခုလာမဲ့ ရှုလိုင်လထဲမှာ အင်္ဂလန်ကိုလွှတ်ပြီး ပါရဂူဘွဲ့ယူဖို့ အထက်က အတည်ပြုအမိန့်ချလိုက်ပြီလေ ဆောင်း"

"သိပ်ကောင်းပါတယ် ... ကွန်ကရက်ကျူလေးရှင်းပါ ကိုဝင်းထွတ် ..."

"ဟုတ်တယ် ဆောင်း ... ဒီအခွင့်အရေးဟာ ကျွန်တော့်အတွက် အင်မတန်ကြီးမားတဲ့ မဟာမင်္ဂလာအခွင့်အရေးကြီးပဲ ... အဲဒီမဟာမင်္ဂလာအခွင့်အရေးကြီးနဲ့ တစ်ဆက်တည်း မဆောင်းကို ကျွန်တော်ပြောပါရစေ ... အခုမှ မေလဆန်းပဲရှိသေးတော့ ... ရှုလိုင်အထိ တစ်လခွဲလောက်အချိန်ရသေးတယ် ဆောင်း ..."

"အဲဒါ ဘာဖြစ်လဲ ကိုဝင်းထွတ် ..."

"နောက်ထပ်ဆင့် မဟာမင်္ဂလာစကားကို ထပ်ပြောချင်တာပါ ... အင်္ဂလန်မသွားခင် ဆောင်းနဲ့ ကျွန်တော် လက်ထပ်လိုက်ပါစို့ဆိုတဲ့ မင်္ဂလာစကားပါ ဆောင်း ..."

ဆောင်းသည် ဒေါက်တာဝင်းထွတ်ကို စေ့စေ့ကြည့်လိုက်သည်။ ဒေါက်တာဝင်းထွတ်ကလည်း ဆောင်းကို မျက်စိမမှိတ်မျက်တောင်မခတ် ကြည့်နေပါ၏။

"ဆောင်းတစ်ခုပဲပြောမယ် ကိုဝင်းထွတ် ..."

"ဘာများလဲ ... ပြောပါ ဆောင်း ..."

"အင်္ဂလိပ်လိုတော့ ဆောရီး ... မြန်မာလိုတော့ ဝမ်းနည်းပါ-



တယ်ပေါ့လေ ... အဲဒီ အင်္ဂလိပ်လိုရော ... မြန်မာလိုရော ပြောလိုက်တဲ့စကားဟာ တစ်ဖက်သားရဲ့တောင်းဆိုချက်ကို ငြင်းဆန်လိုက်တာပါပဲ ကိုဝင်းထွတ် ..."

"ဒါဆို ဆောင်းက ကိုယ့်ကို ဆောရီးလို့ ပြောလိုက်တာလား ဆောင်း ..."

"ဟုတ်ကဲ့ ... ဆောရီးရော ... ဝမ်းနည်းပါတယ်ရောပေါ့"

ဒေါက်တာဝင်းထွတ်၏မျက်နှာတွင် ရုတ်ခြည်း မခံချင်စိတ်၊ ဒေါသစိတ်၊ အရိပ်အယောင်တွေ ပေါ်လာပါ၏။

"ဆောင်းဟာ သချ်ာသမားပါနော် ..."

"ဟုတ်သားပဲ ကိုဝင်းထွတ် ..."

"ဆောင်းတွက်သွမျှ ပုစ္ဆာထဲမှာ အခု ကျွန်တော်နဲ့ပတ်သက်ပြီး တွက်လိုက်တဲ့ပုစ္ဆာကတော့ အဖြေမှန်ထွက်မလာဘူးလားလို့ပါ ..."

ဆောင်းက ပြုံးလိုက်သည်။

"ဆောင်းတွက်တာ ဘယ်နေရာမှာ မှားနေပြီလို့ ကိုဝင်းထွတ်က ဆိုချင်တာလဲ ..."

"သချ်ာမှာ၊ အပေါင်းလက္ခဏာနဲ့ အမြှောက်လက္ခဏာဟာ ကိန်းဂဏာန်းတွေ ပိုမိုပွားများလာသည်ထက် ပိုမိုပွားများလာစေတဲ့ လက္ခဏာနှစ်ခုပါ ... အနှုတ်လက္ခဏာနဲ့ အစားလက္ခဏာကတော့ ပိုမိုလျော့နည်းသွားစေတယ်မဟုတ်လား ဆောင်း ..."

www.burmeseclassic.com

www.burmeseclassic.com



ကိုဝင်းထွတ် ဘာကိုပြောလိုသည်မှန်း ဆောင်းကောင်းကောင်းသိပါ၏။

ကိုဝင်းထွတ်ဆိုလိုသည်မှာ ...

သူသည် ချမ်းသာသောမိဘ၏တစ်ဦးတည်းသောသား။

သူသည် ပညာအရာ၌ အမြင့်ဆုံး ဆရာဝန်ဘွဲ့ကို ရယူထားသူဖြစ်သည်။

ယခုတစ်ဖန် အင်္ဂလန်သို့ သွားရောက်ပြီး ပါရဂူဘွဲ့ယူဦးမည့်သူဖြစ်သည်။

ယင်းအချက်အရ သူသည် ပင်ပျိုရွက်စိမ်းတစ်ပင်ဖြစ်သည်ဟု ဆိုလိုချက်များဖြစ်နေသည်မို့ သူ့ကို ငြင်းလျှင် ဆောင်းမှားသွားမည်ဟု ဆိုလိုလိုက်ခြင်းဖြစ်ပါလေ၏။

ဆောင်းသည် ကိုဝင်းထွတ်က မိမိပုဏ္ဏအတွက်များနေပြီဆိုခြင်းကို ကျေကျေနပ်နပ်ပင် ပြုံးလိုက်သည်။

ယင်းအပြုံးလေးနှင့်ပင် ဆောင်းက ကိုဝင်းထွတ်ကို ပြန်ပြောလိုက်ပါ၏။

"သစ်္စာသမားတစ်ယောက်အနေနဲ့ တကယ်တွက်ချက်တာဟာ ပုဏ္ဏရဲ့အဖြေမှန်ရဖို့သာ အဓိကပါ ကိုဝင်းထွတ် ... သစ်္စာသမားစစ်စစ်ဟာ ဘက်မလိုက်ရဘူး ... ကိန်းဂဏန်းတွေပွားများလာစေချင်တိုင်း အပေါင်းနဲ့ အမြှောက်တွေကိုချည်း ဦးစားပေးတွက်လို့ ဘယ်ရမလဲရှင့် ... ပုဏ္ဏသဘော



အရ နှုတ်သင့်တဲ့ နေရာမှာနှုတ်ရမယ် ... စားသင့်တဲ့နေရာမှာ စားရမှာပဲ ..."

"ဩ ... ဩ ... ဒါဆိုရင် ဆောင်းတွက်တဲ့အိမ်ထောင်ရေးပုဏ္ဏမှာ အဓိကအဖြေဇှန်က ထွက်နေပြီမို့လား ဆောင်း"

"ဟုတ်ကဲ့ပါ ... ကိုဝင်းထွတ် ... ဖိုနဲ့မ လက်ထပ်ကြတယ်ဆိုတဲ့အပိုင်းကဏ္ဍမှာ ကိုယ်လက်ထပ်မဲ့သူဟာ ချမ်းသာကြွယ်ဝတာ ... ပညာတတ်တာတွေ ... ရုပ်ချောတာတွေချည်းသက်သက် ထည့်တွက်လို့မရပါဘူး ... မိမိနှလုံးသားထဲကရော ချစ်ရဲ့လားဆိုတာကိုပါ ထည့်တွက်ရပါတယ် ... ကိုဝင်းထွတ်လိုလူမျိုးဟာ မိန်းကလေးတစ်ယောက်အတွက်အပေါင်းလက္ခဏာနဲ့ အမြှောက်လက္ခဏာတွေချည်းပဲဆိုတာ မှန်ပါတယ် ... ဒါပေမဲ့ ဆောင်းရှင်းရှင်းပဲ ပြောပါရစေ ကိုဝင်းထွတ်ကို ဆောင်းရဲ့နှလုံးသားထဲက ချစ်လို့ကို မရပါဘူး ... ဒါကြောင့် ဆောရီးနဲ့ ဝမ်းနည်းပါတယ်လို့ပဲ ဆိုပါရစေ ..."

"ဒါဆိုရင် အခု ဆောင်းမှာ ဆောင်းရဲ့နှလုံးသားနဲ့ချစ်တဲ့သူကို တွေ့ထား ... ရထားပြီဆိုပါတော့ ဟုတ်လား ... အဲဒီလူဟာ ဘယ်သူတဲ့လဲဗျာ ... မင်းကုသနဲ့ ဒသဂီရိတော့ မဟုတ်တန်ကောင်းပါဘူး ..."

"အဲဒါကိုတော့ ဆောင်းမဖြေတတ်သေးပါဘူးရှင့် ... ဒီကိစ္စ

www.burmeseclassic.com



ဟာ ဆောင်းရဲ့ကိုယ်ရေးကိုယ်တာပိုင်း သက်သက်ဖြစ်သွားပါပြီ ကိုဝင်းထွတ် ... "

ဒေါက်တာဝင်းထွတ်သည် ထိုင်ရာမှ ဆိုးဆိုးဆတ်ဆတ်ပင် ထရပ်လိုက်သည်။ သွားမယ်ဟု အသံပြတ်နှင့် နှုတ်ဆက်သည်။ နောက်သို့တစ်ချက်ပင် လှည့်မကြည့်တော့ဘဲ ဆောင်းနှောင်းရိပ်မြုံ၏ဧည့်ခန်းမှ ထွက်သွားလေတော့သည်။

အိမ်ရှေ့ဆင်ဝင်အောက်တွင် ရပ်ထားသော ကိုဝင်းထွတ်၏မော်တော်ကားစက်နိုးသံကို ကြားရသည်။

ဝူးခနဲ မောင်းထွက်သွားသံကိုလည်း ဆောင်းကြားရသည်။

ဆောင်းကိုယ်တိုင်ကလည်း အိမ်ရှေ့သို့ တစ်ချက်ကလေးပင် စောင်းငဲ့မကြည့်တော့ဘဲ ဧည့်ခန်းမှထကာ အိပ်ခန်းဆီသို့ ခြေလှမ်းလိုက်သည်။

"ဟင် ... မမဆောင်း ... မမဆောင်း ... ဟိုမှာ ... ဟိုမှာ"

နန်းကြာဖြူက အိမ်ရှေ့ခြံတံခါးဆီသို့ လှမ်းကြည့်ရင်း မမဆောင်း ... ဟိုမှာ ... ဟု ဝမ်းသာအယ်လဲအသံလေးနှင့် ပြောသံခေါ်လိုက်သံကြောင့် ဆောင်းသည် နန်းကြာဖြူအပြင်သို့ လှမ်းကြည့်နေသည့် ပြတင်းပေါက်သို့သွားပြီး ဆောင်းကိုယ်တိုင် ခြံတံခါးဆီသို့ လှမ်းကြည့်လိုက်သည်။

ဆောင်းနှောင်းရိပ်မြုံ၏ ခြံတံခါးဝယ် ကားနှစ်စီး



သည် တစ်စီးက အထွက်၊ တစ်စီးက အဝင်ဖြင့် ပွတ်ကာသီကာ ရှောင်ဝင်ထွက်ပြုနေသည်ကို ဆောင်း လှမ်းမြင်ရပေသည်။

ထွက်နေသောမော်တော်ကားသည် ဆန့်နီဆလွန်း အနီရောင် ကိုဝင်းထွတ်၏ကားဖြစ်သည်။

ဝင်လာသောကားမှာ အစိမ်းရောင်လင့်ရိုဗာကားဖြစ်ပါလေ၏။ လင့်ရိုဗာကား၏ရှေ့မှန်က မှန်ပြန့်ပြီးဖြစ်ပြီး ပို၍မြင့်မားသဖြင့် အထဲက မောင်းသူကိုလည်း ထင်းခနဲ မြင်တွေ့ရပေသည်။

"မမဆောင်း ... မမဆောင်း ... အဲဒီကားကို မှတ်မိမှာပေါ့နော် ... တောင်ကြီးတုန်းက မမဆောင်းစီးဖို့ ပေးထားတဲ့ အစ်ကိုကြီးဦးသူရအောင်ရဲ့ကားလေ ... မောင်းလာတဲ့သူကလည်း အစ်ကိုကြီးဦးသူရအောင်ပဲဟာ ... ကြည့် ... အစ်ကိုကြီး မမဆောင်းဆီကို လိုက်လာတယ်နော် ... နော် ..."

ဆောင်းသည် အပြင်မှဝင်လာသော လင့်ရိုဗာကားကိုကြည့်လိုက်၊ နန်းကြာဖြူကိုပြန်ကြည့်လိုက်ဖြစ်နေပါ၏။

ဆောင်း၏ အကြည့်များတွင် မျက်ဝန်းမျက်အိမ်သည် ... အရောင်လက်တောက်ပလာပြီး နှုတ်ခမ်းစုံလေးက ပြုံးယောင်သမ်းနေပါ၏။

"မှတ်မိတာပေါ့ နန်းကြာဖြူ ... အဲဒီကားကိုလည်း မမ မမေ့ဘူး ... အဲဒီကားပေါ်က လူကိုလည်း မမဆောင်း မေ့မှ မမေ့တာ ..."

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို ဆောင်းသည် ပြတင်းပေါက်မှခွာ ကာ အိမ်ရှေ့တံခါးမကြီး၏ လှေကားထစ်သို့ဆင်းပြီး ရပ်လိုက်ပါ၏။

အခိုပွါယ်မှာ ကိုသူရအောင်ကို ဆောင်းက ဆီးကြို ခြင်းပါတည်း။

ဤသည်ပင် ဆောင်း၏ပုစ္ဆာအဖြေမှန်ထွက်လာခြင်း ပါတည်း။

"ဩော် ... ဩောင်းရွက်ကို လေချိုခြင်းသည်သာ သဘာဝ အမှန်ကန်ဆုံးမဟုတ်ပါလား ..."

နားကြားဦးရှို့ ...

တက္ကသိုလ်တင်မြင့်

BURMESE CLASSIC

www.burmeseclassic.com